http://www.dhammadownload.com



http://www.dhammadownload.com



# ရတနသုတ်

သုခ

http://www.dhammadownload.com

သုခ

# ရတနသုတ်

ပါရမီ

တပေ

http://www.dhammadownload.com

# မာတိကာ


သပြေကန်ဆရာတော်ဘုရားကြီး၏ထုတ်ပြန်ချက် ၅

ရတနသုတ်နိဒါန်း ၇

၁။ ရတနာဆိုတာ နှစ်သက်စရာ, မြတ်နိုးစရာ ၄၁

၂။ သုံးပါးလောက ဗုဒ္ဓရတနာ ၅၅

၃။ ရဟန္တာသာဝက သံဃာ့ရတနာ ၇၁

၄။ မဂ်,ဖိုလ် ပထမ သောတာပန္န ၈၅

၅။ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ကင်းစင်ကွာ

ရတနာသောတာပန် ၁၀၀

၆။ အကုသိုလ်ဟူသမျှ မြုမြစ မူလသောတာပန် ၁၁၇

၇။ ခိုင်ပန်းစုံ မှုံမာလာ ဓမ္မရတနာ ၁၃၁

၈။ ဓမ္မဝရုံ ရတနံ ၁၄၁

http://www.dhammadownload.com

၉။ အာသဝေါတို့ ကြာတောမိုးရေ ကွာလျှောကြွေ ၁၅၄

၁၀။ ဗြဟ္မာ,သိကြား မေတ္တာပွား အများချမ်းသာစေ ၁၆၈

၁၁။ အာဝေဏိကဂုဏ်တော်နိဒါန်း ၁၇၈

၁၂။ အာဝေဏိကဂုဏ်တော် ၁၉၃

၁၃။ အာဝေဏိကဂုဏ်တော်အဖွင့်(၁) ၂၀၇

၁၄။ အာဝေဏိကဂုဏ်တော်အဖွင့်(၂) ၂၁၈

http://www.dhammadownload.com

# သပြေကန်ဆရာတော်ဘုရားကြီး၏ ထုတ်ပြန်ပတ္တနာ

၁။ ယထာ ကဝိ သုခေါ လောက–
မသာဒ ကရမာနယော။
တထာ ဇန် သခမ္မေပိ၊
တောနာသုံ ဓမ္မဂန္ထကာ။

ကဝိ=စာပေ,ရုပ်ရှင်၊ နယ်တစ်ခွင်၌၊ တည်ထွင်ဆန်းမှု၊ အနုပညာ လူ့စဉ်လာကို၊ ကောင်းစွာသိသူ၊ ကဝိတစ်ဆူဖြစ်သော။ သုခေါ= စာရေးဆရာ၊ ဒါရိုက်တာ တစ်သွယ်၊ အကယ်ဒမီတွင်၊ ရွှေစင်ရုပ်တု၊ ဆုရခါခါ၊ 'သုခ' ခေါ်တဲ့ဆရာသည်။ လောကံ= သာယာဖွယ် အချက်၊ မက်မောဖွယ်ရာ၊ အာရုံမှာပျော်ကြ၊ လူ့လောကကို။ အဿာဒ ကရံ= ပီတိတက်လျက်၊ နှစ်သက်ခြင်းကဲ၊ စွဲမြဲအောင် ပြုလျက်။ အာနယေ– အာနယတိယထာ=ပျော်လည်း ပျော်ကာ၊ ပညာ တစ်ခုခု၊ ရအောင်ပြု လျက်၊ ကိုယ့်ဘက်ပါအောင်၊ ဆွဲဆောင်ဘိသကဲ့သို့။ တထာ= ထိုနည်း ထားယူ၊ အလားတူပင်။ သ–သော သုခေါ=နည်းသစ် တစ်ဖုံ၊ ပုံသစ် ထွင်မှု၊ အနု, အလှ ဖော်လာ၊ 'သုခ' ခေါ် ထိုဆရာသည်။ ဓမ္မေပိ= ကာမဂုဏ်အကြိုက်၊ အာရုံလိုက်သူ၊ လူများအတွက်၊ နှစ်သက်ဖို့ခက်၊ နက်နဲများစွာ၊ တရားအရာ၌လည်း။ အဿာဒ ကရံ= ရသာစုံဆင်၊ တီထွင်,ဆန်းသစ်၊ နှစ်သက်ဖွယ်ရာ၊ သာယာဖွယ်မှု၊ တကယ်ပြုလျက်။ ဇန်=ဓမ္မဖက်တွင်၊ အခက်မြင်လျက်၊ မခင်မက်သူ၊ လူအပေါင်းကို။ အာနယေ–အာနယတိ = ကိုယ့်ပညာစု၊ ဗဟုသုတ၊ အသုံးချလျက်၊

http://www.dhammadownload.com



နှစ်သက်ဖွယ်ပြင်၊ ခံ့မင်လာအောင်၊ ဆွဲဆောင်နိုင်ခဲ့ပါပေ၏။ တေန= ထိုသို့ ဓမ္မဖက်တွင်၊ သက်ဝင်လာအောင်၊ စွဲဆောင်နိုင်သောကြောင့်ပင်။ ဓမ္မဂန္ထကာ=ရတနသုတ်တိုင်အောင်၊ များ,မြောင် အစားစား၊ တရား စာအုပ်တို့သည်။ အာသုံ=လစဉ်ရေးသား၊ ဆောင်းပါး အစောင်စောင်၊ မြားမြောင်လှစွာ၊ ဒေသနာတစ်ခေတ်၊ အသစ်သစ်ဖော်၊ ဖြစ်ပေါ်လာ ကြရကုန်သတည်း။

၂။ ကလျာဏ မိတ္တော သော သုခေါ၊
ဇနာနံ ဟိတ မာဝဟော။
ဓမ္မဂန္ထေ ဗဟူ ကတွာ၊
စိရံ ဇီဝတု နာမယော။

သော သုခေါ= ကိုယ်လည်းချမ်းသာ၊ သူချမ်းသာအောင်၊ အခါခါ ပြု၊ အမှုလှစွာ၊ သုခမည်သော ထိုဆရာသည်။ ဇနာနံ=ဓမ္မဖက်တွင်၊ သက်ဝင်ကြသူ၊ မသက်သူဟု၊ မူအစားစား၊ လူအများတို့၏။ ဟိတ မာဝဟော= ဓမ္မအရာ၊ သိမြင်လာလျက်၊ ပညာတိုးအောင်၊ အကျိုး ဆောင်တတ်သော။ ကလျာဏမိတ္တော= သိစေ,မြင်စေ၊ နားလည်စေဟု၊ စိတ်နေမပြောင်း၊ မိတ်ဆွေကောင်းဖြစ်လျက်။ ဓမ္မဂန္ထေ= ဒေသနာကို၊ ဝေဆာအောင်ဆင်၊ သိချင်အောင်ဆွဲ၊ ထူးကဲ လမ်းမှန်၊ ကျမ်းဂန် အစား စား၊ တရားစာအုပ်တို့ကို။ ဗဟုံကတွာ=ဆက်ကာ, ဆက်ကာ၊ ပွားလာ သမှု၊ များစွာပြုလျက်။ အနာမယော= ရောဂါဝေဒနာ၊ ကင်းရှင်းစွာ။ စိရံ ဇီဝတု=ကြာကြာ ဆက်တည်၊ အသက်ရှည်ပါစေသတည်း။

သမြေကန်ဆရာတော်
အ ရှင် ဝါသေဋ္ဌာဘိဝံသ

http://www.dhammadownload.com

# ရတနသုတ်နိဒါန်း

"ဘဘကို ကျွန်တော် တစ်ခုလောက် မေးပါရစေ"

"တစ်ခုတည်း မနည်းလွန်းဘူးလားကွ၊ မေးစမ်းပါဦး"

"ပရိတ်ကြီး ၁၁ သုတ်မှာ မင်္ဂလသုတ်က စ,တာနော်"

"ဟုတ်ပါတယ်"

"မင်္ဂလသုတ်ပြီးတော့ ရတနသုတ်နော် ဘဘ၊ ရတနသုတ်ပြီးတော့ မေတ္တာသုတ်"

"အေး..၊ ဟုတ်တယ်၊ မေတ္တာသုတ်ပြီးတော့ ဘာတုံး"

"မေတ္တာသုတ်ပြီးတော့ အဲ ..အဲ"

မောင်လှအေးမှာ ရတ်တရက် မဆက်နိုင်ဘဲ "မေတ္တာသုတ်ပြီးတော့" ဟုထပ်၍ ဆိုနေသဖြင့် ကျွန်တော်ကပြုံးလိုက်ရပါသည်။

"မေတ္တာသုတ် ပြီးတော့ 'ခန္ဓသုတ်' ပေါ့ကွ"

"အစီအစဉ် ဖြုန်းခနဲ မမှတ်မိဘူး ဘဘရဲ့"ဟု ရှက်ရွံ့ရွံ့ ပြောနေပါသည်။

"အများအားဖြင့်တော့ ဒီလိုပါပဲကွာ၊ အစီအစဉ်အတိုင်း ၁၁ သုတ်လုံးကို ဖြုန်းခနဲ မမှတ်မိကြပါဘူး၊ အဲသည်လိုမှတ်မိအောင် ဆိုရင် မြင်းခြံ ၉ ဆောင်တိုက် ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့တဲ့ ပရိတ် ဂါထာစဉ်နဲ့ လင်္ကာကလေးကို ကျက်ထားရတယ်ကွ"

"ဒါဖြင့် ကျွန်တော့်ကို သင်ပေးပါ ဘဘ"

http://www.dhammadownload.com



“မင်္ဂလ, ရတန, မေတ္တံ၊
ခန္ဓ, မောရ, ဝဋ္ဋ, ဓဇ။
အာဋ္ဌာနာဋိယ, အင်္ဂုလိ၊
ဗောဇ္ဈင်္ဂ, ပုဗ္ဗ သုတ္တံတိ”
တို့လာရှိသား၊ ပါဠိဘာသာ
ဂါထာဖွဲ့ရစ်၊ သုတ်ဆယ့်တစ်ကို
လေး-ရစ်-ဆယ်ပါး၊ နယ်သွား ပတ်ယုက်
ရပ်ထက်ဝန်းကျင်၊ ဘေးများဖြင်တို့
မဝင်စိမ့်ငှာ၊ တံတိုင်းကာသို့
ကောင်းစွာဆို့ပိတ်၊ ထိုနိမိတ်ကြောင့်
‘ပရိတ်’ပညတ်၊ ဘွဲ့ထူးတပ်၏”

“အဲဒါကို နှုတ်တက်ရထားရင် အားလုံး မှတ်မိရောပေါ့ကွာ၊ ဒါ တင်မကဘူး၊ ‘ပရိတ်’ ဆိုတာ ဘာဖြစ်လို့ခေါ်သလဲ ဆိုတာပါ သိသွားပြီ၊ သူ့ထဲမှာ ပါတယ်လေ၊ “လေး-ရစ်-ဆယ်ပါး၊ နယ်သွား ပတ်ယုက်၊ ရပ်ထက်ဝန်းကျင် = အရပ်လေးမျက်နှာ၊ အရပ် ရှစ်မျက်နှာ၊ အရပ် ဆယ်မျက်နှာတို့မှ ဘေးအန္တရာယ်များစွာကို မဝင်ရောက်နိုင်စေခြင်းငှာ တံတိုင်းကာထားဘိသကဲ့သို့ ဆို့ပိတ်ထားနိုင်သော တံခိုးအာနိသင်ကြောင့် ပရိတ္တံ-ပရိတ်ဟု အမည်ရှိသည်”၊ အဲဒါကိုပါ တစ်ခါတည်း သိသွားရော”

မောင်လှအေးက ဝမ်းသာအားရ သူ့မှတ်စုစာအုပ်ထဲတွင် လောဘတကြီး ရေးချနေပါသည်။ ရေးပြီးသည့်အခါ သူက စကား ဆက်ဆိုပြန်၏။

“ဘဘက မေတ္တသုတ်ကို ပထမ စ,ရေးတယ်နော်”

“အေး ...”

“မေတ္တသုတ်ပြီးတော့ မင်္ဂလသုတ် ရေးတယ် ဟုတ်လား”

http://www.dhammadownload.com



"အင်း ... မင်းမေးချင်တာ ငါရိပ်မိပြီ၊ ပရိတ်ကြီး အစဉ်အလာ အတိုင်းဆိုရင် မင်္ဂလသုတ်ကို ပထမ စ,ရေးရမယ်၊ မင်္ဂလသုတ် ပြီးရင် ရတနသုတ် ရေးရမယ်၊ ရတနသုတ်ပြီးမှ မေတ္တသုတ် ရေးရမယ်၊ အခုတော့ ဘဘက မေတ္တသုတ်ကို စ,ရေးတယ်၊ မေတ္တသုတ်ပြီးမှ မင်္ဂလသုတ်ကို ရေးတယ်၊ အဲဒါဘာဖြစ်လို့လဲလို့ မေးချင်တာ မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ၊ အဲဒါကိုမေးချင်လို့ စကားစ,ခဲ့တာပါ"

"ဟုတ်ပြီ ...ဟုတ်ပြီ၊ ဒီလိုဆိုတော့လည်း ငါက ပြောရတော့မှာပေါ့၊ ဒီလိုကွာ၊ ငါ့ရည်ရွယ်ချက်က 'ပရိတ်ကြီး အစဉ်'ကဲ့သို့ ရည်ရွယ်ခဲ့တာမှ မဟုတ်ဘဲကလား၊ အကြောင်းဆိုက်ရာ စကားစပ်မိရာက မေတ္တာမပို့မီ ဆည်းပူးထားရှိရမယ့် 'အခြေခံကျင့်ဝတ်'တရားများကို သုံးသပ်ဆင်ခြင်မိလို့ ရေးခဲ့တာကိုးကွ၊ အမှန်ကို ဝန်ခံရမယ်ဆိုရင် မေတ္တာပို့တယ်ဆိုတာ 'သဗ္ဗေသတ္တာ အဝေရာ ဟောန္တု' ဆိုတဲ့ စကားပါရင် လုံလောက်တယ်လို့ ငါကိုယ်တိုင် ထင်ခဲ့မိတယ်။ နောက်ပြီး မေတ္တသုတ်မှာ အစဖြစ်တဲ့ 'ကရဏီယ မတ္ထ ကုသလေန' ဆိုတဲ့ ပါဠိတွေကိုလည်း ပရိတ်တရားလောက် ဘုရားရှိခိုးဂါထာများလောက်သာ သဘောထားပြီး ရွတ်ခဲ့မိတာ အမှန်ပဲကွ ..

တစ်နေ့တော့ ကျောက်တန်းမြို့က ဆရာဦးစောမောင်နဲ့အတူ ကျိုက္ကမော့တောင်ပေါ်မှာ မေတ္တာဘာဝနာအကြောင်း စကားစပ်မိတာနဲ့ သူက အရိပ်အမြွက် ပြောပြတယ်၊ သတ္တဝါအများကို မေတ္တာပို့မယ့် သူဟာ မိမိကိုယ်တိုင် မေတ္တာပို့နိုင်တဲ့ 'ပဋိပဒါ' တရားများ စွမ်းအားရှိသမျှ ပြည့်စုံထားရမည့် အကြောင်း၊ သို့မှသာ မိမိ၏ မေတ္တာဟာ ထက်မြက် စူးရှနိုင်မည့် အကြောင်းတွေပေါ့...

အဲဒီမှာတင် ငါသဘောပေါက်လာပြီး 'မေတ္တသုတ်' ကို တစ်ပိုဒ်ချင်း ဆင်ခြင်လာမိတယ်၊ နက်နက်နဲနဲ သုံးသပ်လာမိတယ်၊ (ကိုယ့်

http://www.dhammadownload.com



ညဏ် အတိုင်းအတာနဲ့ပေါ့ကွာ) အဲဒီနောက် ကိုယ်ဖတ်ဖူးသမျှ၊ မှတ်ဖူးသမျှ၊ ကြားနာခဲ့ဖူးသမျှ စကားတွေ စာတွေနဲ့ နုနယ်ငယ်ရွယ်သူတွေ သဘောပေါက်အောင် ငါသိသလောက်သိကြရအောင် ဆွေးနွေးခန်းတွေ ရေးခဲ့တာပါပဲ ...

ဒါ့ကြောင့်မေတ္တသုတ်ကိုပထမရေးခဲ့တာဖြစ်တယ်။ အဲဒီနောက် 'မင်္ဂလသုတ်' ကိုလည်း ခေတ်လူငယ်တွေ နားလည်အောင် ရေးစမ်းပါဦး–လို့ တိုက်တွန်းကြပြန်တာနဲ့ ရေးဖြစ်တာပါပဲ၊ အဲဒီ သုတ္တန်နှစ်ခုစလုံးဟာ လူ့ကျင့်ဝတ်၊ ကိုယ်ကျင့်တရားနှင့် စိတ်ကျင့်တရားတို့ကို ဖော်ပြထားတာဖြစ်တယ်၊ ကျင့်ဆောင်သူမှန်သမျှမှာ လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာများ ရရှိကြမှာ သေချာပါတယ်။ သိပ္ပံနည်းကျတယ်လည်း ဆိုရမှာပေါ့ကွာ၊ ဘယ်ပါရဂူကြီးတွေ ဖြစ်ဖြစ် ဝန်ခံကြပါလိမ့်မယ်"

"ဟုတ်ကဲ့ ဘဘ၊ ရတနသုတ် အကြောင်းကျတော့ကော"

"ရတနသုတ်ကျတော့ တစ်မျိုးကွ၊ သူက 'ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ' ဆိုတဲ့ ရတနာသုံးပါး ဂုဏ်ကျေးဇူးတို့ကို ဖော်ပြပြီး သစ္စာဆိုတာ ဖြစ်တယ်၊ "ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါများ ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာကြပါစေ" ပေါ့။ အဲဒီမှာလည်း နှုတ်ကရွတ်ရုံနဲ့ သစ္စာစကား အစစ်အမှန်ဖြစ်ဖို့ မလုံလောက် ဘူးကွ"

"မှန်ရာပြော သစ္စာ– ဆိုတဲ့ စကားတော့ ရှိတယ် မဟုတ်လား ဘဘ"

"ရှိပါတယ်၊ သို့ပေမယ့် တို့တစ်တွေ ပြောတဲ့ စကားဟာ ဘယ်လောက်အထိမှန်သလဲ၊ မှန်ပါတယ်လို့ တို့ကိုယ်တိုင်ကော ဘယ်လောက်အထိ ခိုင်ခိုင်မာမာ ယုံကြည်ထားသလဲ၊ အဲဒါ အရေးကြီးဆုံးပေါ့။ မင်းတို့ ငါတို့ ဗုဒ္ဓဘာသာတစ်ယောက် အနေနဲ့ ရတနာ

http://www.dhammadownload.com



၃ ပါးဆိုတာကို ဘယ်လိုနားလည်ထားသလဲ၊ ဘယ်လောက် လက်ခံထားသလဲ၊ ဘယ်အထိ နှစ်သက်လိုလား နေသလဲ၊ အဲဒီအတိုင်းကိုပဲ တွေးကြည့်ကြရအောင်၊ ကဲ ... 'ရတနာ' ဆိုတဲ့ အဓိပ္ပာယ်ကဘာလဲ၊ မင်းပြောစမ်း"

"'ရတနာ' ဆိုတာ လူတိုင်း နှစ်သက်မြတ်နိုးအပ်တဲ့ ပစ္စည်းလို့ ကြားဖူးထားပါတယ် ဘဘ"

"အေး .. ဟုတ်ပြီ၊ ယေဘုယျအားဖြင့် 'ရတနာ' ဆိုတာ သက်ရှိ၊ သက်မဲ့ ရယ်လို့ နှစ်မျိုး နှစ်စား ရှိတယ်၊ မင်းသိမှာပေါ့။ သက်ရှိဆိုတာ ဆင်ရတနာ,မြင်းရတနာ, သားသမီးရတနာ အပါအဝင်ပေါ့၊ သက်မဲ့ဆိုတာကတော့ ရွှေ,ငွေ,စိန်,ကျောက်,တိုက်တာ,အဆောက်အအုံ ပေါ့ကွယ်၊ ဒီလိုမဟုတ်လား"

"ဟုတ်ကဲ့ ဘဘ"

"ကဲ .. အဲဒီ သက်ရှိ,သက်မဲ့ အလုံးစုံသော ရတနာ ရတနာတွေထက် ဗုဒ္ဓရတနာ, ဓမ္မရတနာ, သံဃာရတနာ အဲဒီ ရတနာ ၃ ပါးတို့က တို့တစ်တွေ အတွက် အနှစ်သက်ဆုံး,အမြတ်နိုးဆုံး,အကျိုးအပေးဆုံး, အတုမရှိရတနာများ ဖြစ်ကြပါပေတယ်–လို့ နှစ်နှစ် ကာကာ စွဲစွဲမြဲမြဲ အသွေးထဲ အသားထဲကပါ သိထားကြရဲ့လား၊ လက်ခံထားကြရဲ့လား၊ တထစ်ချ ယုံကြည်ထားကြရဲ့လား၊ ပထမအဆင့်အနေနဲ့ ရတနာ ၃ ပါးကို ယုံကြည်ပြီးမှ ထိုရတနာ ၃ ပါးတို့၏ ဂုဏ်ကျေးဇူးကို ယုံကြည်နိုင်မှာ၊ အဲသလို ယုံကြည်ပြီး ပြောဆို, ရွတ်ဖတ်မှ 'မှန်ကန်သော သစ္စာစကား' ဖြစ်မယ်ပေါ့၊ သို့ကလို "မှန်ကန်သော သစ္စာစကား" ဖြစ်မှ "သတ္တဝါများချမ်းသာကြပါစေ" ဆိုတဲ့ ဆန္ဒအတိုင်း ချမ်းသာကြမှာပေါ့၊ ပရိတ်တော်က ဆိုထားတယ်လေ။

ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံဝါ၊

http://www.dhammadownload.com



သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
မြန်မာလိုအနက်က ...

လူ့ပြည်, နဂါး, ဂဠုန် စသော ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ရှိသမျှသော မြတ်သော ရတနာတို့တွင် မြတ်စွာဘုရားနှင့် တူသော ရတနာကား မရှိနိုင်သည်သာ၊ ဘုရားမြတ်၌ ဤ ရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်ကား ထူးခြား ကောင်း မြတ်လှပါပေသည်။

ဤမှန်သောသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း တဲ့၊ ကဲ ..."

"ဟုတ်ပါရဲ့ ဘဘရယ်၊ အဲသလို ယုံကြည်ဖို့က အရေးကြီးဆုံး ဖြစ်မှာပဲနော်၊ ဒါ့ကြောင့်မို့လည်းပဲ ကိုးဆောင်ဆရာတော် ဘုရားကြီးက 'ရတနံ = ပစ္စုပ္ပန်နှင့် သံသရာကောင်းကျိုး တိုးထက်တိုးအောင် မြတ်နိုးဖွယ်ရာ ကိုးကွယ်ရာသော မင်္ဂလာကြီးအစစ် လောကုတ္တရာ ရတနာတော်ကြီး ဖြစ်ပါပေ၏' လို့ ဆိုထားတာပေါ့။ အခု ဘဘနဲ့ စကားစပ်မိတာနဲ့ပဲ ရတနသုတ်ကို တစ်ပိုဒ်ချင်း တစ်ပိုဒ်ချင်း ကျွန်တော် သိချင်လာပြီ"

"မင်းတို့ ဝတ်အသင်းမှာ ဥပုသ်နေ့တိုင်း ပရိတ်ရွတ်ကြတာပဲ မဟုတ်လား"

"ရွတ်တော့ရွတ်ကြတာပဲ ဘဘရဲ့၊ ကျွန်တော်တို့ ရွတ်ကြတာက ပါဠိလိုချည်း ရွတ်ကြတာ၊ ဒီအထဲ ကျွန်တော်အပါအဝင် လူအချို့က စာအုပ်ကို ကြည့်ပြီး ရွတ်ကြရသေးတယ်၊ အပိုဒ်တိုင်း အပိုဒ်တိုင်းရဲ့ အနက် အဓိပ္ပာယ်ကိုတော့ လုံးစေ့ ပတ်စေ့ မသိကြတာက များတယ်"

http://www.dhammadownload.com



"ဒီလိုဆိုတော့လည်း နေရာမကျသေးပါဘူးကွာ။ မင်းစဉ်းစား ကြည့်လေ၊ ကိုယ်ရွတ်နေတဲ့စကားကို ကိုယ်နားမလည်ဘူးဆိုရင်၊ ကိုယ် အဓိပ္ပာယ်မသိဘူးဆိုရင် ကိုယ်ပြောတာ အမှန်တွေပါပဲလို့ ဘယ်လိုလုပ်ပြီးပြောဝံ့တော့မှာလဲ၊ ဒီလို မပြောဝံ့ရင် 'ဧတေန သစ္စေန = ဤမှန်ကန်သော သစ္စာစကားကြောင့်ဆိုတာ ဘယ် ဖြစ်နိုင်မလဲ"

"ဟုတ်တယ်နော် ဘဘ"

"မြန်မာပြန် အနက်အဓိပ္ပာယ်ကို သိထားပြီးမှ ပါဠိသက်သက် ကို ရွတ်ဆိုကြတာမျိုးဆိုရင်တော့ ကိစ္စမရှိပါဘူး။ ပရိတ်ရွတ်ရာ အင်္ဂါသုံးပါးဆိုတာကို ကြည့်လေ။

(၁) အနက်သဒ္ဒါကိုသိရမယ်။

(၂) ပုဒ်၊အဖြတ်အတောက်မှစ၍ ဌာန်,ကရိုဏ်းကျရမယ်။

(၃) လာဘ်လာဘကို မျှော်ကိုးခြင်းမရှိ၊ မေတ္တာကို ရှေးရှု ရမယ်။

သဒ္ဒါအနက်၊ မှန်လျက်ရှိစေ၊

ကျေအောင် လေ့လာ၊ မေတ္တာရှေ့ထား၊

ရွတ်သူအား၊ ကျိုးများ ပရိတ်မြွတ် - တဲ့"

"ကျွန်တော်တို့မှာ ငယ်ငယ်ကတည်းက ဘုန်းကြီးကျောင်းမှာ မနေခဲ့ရဘူး။ ကျွန်တော်တို့နေခဲ့တဲ့ ကျောင်းတွေကလည်း ပရိတ်ကြီး ကို သင်မပေးခဲ့ကြဘူး။ အခု အသက်အရွယ်ရောက်လာလို့ သိချင် တတ်ချင်လာတော့ ခက်နေတာပေါ့ ဘဘရယ်..."

"သိချင်ရင် လေ့လာရမှာပေါ့ကွ၊ 'ပညာလို-အိုသည်မရှိ' -ဆို တာ မဟုတ်လား၊ ငါတို့လည်း ငယ်ငယ်က သင်ခဲ့ရတာ မဟုတ်ပါ ဘူး။ ဒီလိုပဲ လေ့လာယူရတာပေါ့၊ ပရိတ်ကြီးနဲ့ပတ်သက်လျှင် တို့ တစ်တွေ နားလည်အောင် ရွတ်ပုံ ရွတ်နည်း၊ ဆိုပုံ ဆိုနည်း အသံ ထွက်မှအစ အနက်အဓိပ္ပာယ် အကြောင်းအရာ ဝတ္ထု သာဓကများ

http://www.dhammadownload.com



ပါ အတော်ပြည့်စုံအောင် ဖော်ပြရေးသားထားတဲ့ 'ပရိတ်ကြီး နိဿယ သစ်' စာအုပ်ကောင်းကြီးတစ်အုပ်ရှိပါတယ်၊ ရေးသားပြုစုတော်မူတဲ့ ကျေးဇူးရှင်က သပြေကန် ဆရာတော် 'အရှင်ဝါသေဋ္ဌာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ' ဖြစ်ပါတယ်၊ ပရိတ်ဝတ်အသင်းတိုင်း ဆောင်ထားဖို့ ကောင်းတဲ့ ကျမ်းတစ်စောင်ပါ၊ ဝတ်အသင်းမှာ ပါတဲ့ စာတတ်, ပေတတ် ပုဂ္ဂိုလ်များက တစ်နေ့လျှင် တစ်သုတ်ဖြစ်စေ ပရိတ် မရွတ်မီ ဖတ်ပြ ဟောကြားဖို့ကောင်းပါတယ်၊ ဗဟုသုတလည်း ရမယ်၊ သဒ္ဓါကြည်ညိုစိတ်လည်း ဖြစ်ကြမယ်၊ ပရိတ်တော်များရဲ့ ဂုဏ်တော် ကျေးဇူးတို့ကိုလည်း အားကိုးလာကြလိမ့်မယ်"

"ဟုတ်ကဲ့ ဘဘ၊ ကျွန်တော်တို့ ဝတ်အသင်းကို ဒီလိုဖြစ်အောင် ကျွန်တော်ကြိုးစားပါ့မယ်။ အခု ပြောလက်စ 'ရတနသုတ်' အကြောင်းကို ဆက်ပြောပါဦး ဘဘ"

"အေး ... ပရိတ်ကြီး ၁၁ သုတ်မှာ ရတနသုတ်ရဲ့ ထူးခြားတာ တစ်ခုကို စ,ပြောရလိမ့်မယ်၊ အဲဒါက ဘာလဲဆိုတော့ ရတနသုတ်ရဲ့ အမွှမ်းပဲကွ၊ အမွှမ်းဆိုတဲ့သဘောက မိမိရွတ်ဆိုလတ္တံ့သော ပရိတ်တော်မြတ်ရဲ့ဂုဏ်အင်္ဂါတို့ကို ချီးမွမ်းထားတာဖြစ်ခြင်းကြောင့် အမွှမ်းလို့ ခေါ်နေတာကိုတော့ မင်း သိနေမှာပါ"

"ဟုတ်ကဲ့ ... ဘဘ"

"အဲဒီအမွှမ်းများကို ကျေးဇူးရှင် ရှေးရှေးဆရာကြီးများက ရေးစပ်ကြည်ညိုတော်မူခဲ့ကြတာဖြစ်တယ်။ အဲသလို ကြည်ညိုပြီးမှ 'ပရိတ္တံ တံ ဘဏာမဟေ- ဟေ=သူတော်ကောင်းတို့။ ပရိတ္တံ= ပရိတ်တော်မြတ်ကို။ မယံ=ငါတို့သည်။ ဘဏာမ = ရွတ်ကြကုန်အံ့'လို့ နှိုးဆော်လိုက်တာ ဖြစ်တယ်လေ"

"နေပါဦး ဘဘ၊ ဒီနေရာမှာ ကျွန်တော်မေးချင်တာလေး တစ်ခု ရှိနေတာ ကြာပါပြီ၊ အခုမှ သတိရတယ်"

http://www.dhammadownload.com



"ဘာများတုံးကွ"

"ပရိတ်ဝတ်အသင်းတိုင်းမှာ အများနဲ့ရွတ်ကြသလို မကြာမကြာ ကျွန်တော်တစ်ယောက်တည်း ရွတ်ခဲ့တာများလည်း ရှိပါတယ်။ အဲဒီလို ကျွန်တော်တစ်ယောက်တည်း အိမ်မှာ ရွတ်တဲ့အခါကျတော့ 'ပရိတ္တံ တံ ဘဏာမဟေ' ဆိုတဲ့အပိုဒ်ကျလျှင် ငါတစ်ယောက်တည်း ရွတ်နေတာမို့ 'တံ ဘဏာမဟေ' ဆိုတဲ့ အစိပ္ပာယ်နဲ့များ လွဲနေရော့သလား–လို့ စဉ်းစားမိလို့ပါ ဘဘရယ်"

"အဲဒီတော့ မင်း ဘယ်လိုလုပ်မလဲ"

"ကျွန်တော် မလုပ်တတ်ဘူး ဘဘ"

"အခုမင်းမေးတဲ့အချက်ဟာ အကောင်းဆုံးသောမေးခွန်း၊ အသုံးကျဆုံးသော မေးခွန်းကြီးဖြစ်နေတယ် ဆိုတာကို မင်းကိုယ်တိုင် မသိသေးလို့ပါကွာ၊ သိပြီးပြီ ဆိုရင် မင်းမှာ ဘယ်လောက် ကုသိုလ်တွေပွားလာနိုင်တယ်ဆိုတာ တရှိန်းရှိန်း ခံစားလာနိုင်လိမ့်မယ်၊ မင်းပြောခဲ့တာက မင်းတစ်ယောက်တည်း ရွတ်တဲ့အခါ မင်းက နှိုးဆော်ရမယ့်လူတွေ မရှိဘူးလို့ ထင်တာကြောင့် သဘာဝမကျသလို ရှိနေတာပေါ့၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ၊ ဒီအတိုင်းပါပဲ"

"အဲသလိုဆိုရင် စိတ်စေတနာတစ်ခု အခုလို ထားကြည့်လိုက်စမ်းပါကွာ၊ ငါ့ ကိုယ်စောင့်နတ်များက အစ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ တောစောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာမှာ ရှိနေသမျှသမ္မာဒေဝ နတ်ကောင်း, နတ်မြတ်များ ခင်ဗျား၊ အသင်တို့၏ နတ်သက်တမ်းအရဆိုလျှင် ယခု ကျွန်ုပ်ရွတ်ဆိုလတ္တံ့သော ပရိတ်ဒေသနာ သုတ္တန်များကို မြတ်စွာဘုရားထံတော်မှောက်မှာ သင်တို့ကိုယ်တိုင် ကြားဖူး နာဖူး ကြမှာ ဧကန် ဖြစ်ပါတယ်။ သို့ဖြစ်ရကား

http://www.dhammadownload.com



ထို 'မုက္ခပါဠိ'တရားတော်မြတ်များကို ယခု ကျွန်ုပ်နှင့်အတူ ကြည်ဖြူ ရှိသေစွာ ရွတ်ဖတ် သရဇ္ဈာယ်ကြပါစို့"

"ခဏ နေပါဦး ဘဘရဲ့၊ နတ်သက်တမ်းအရ မြတ်စွာဘုရားရဲ့ တရားတော်ကို ကိုယ်တိုင်နာကြားရလိမ့်မယ်ဆိုတာ ကျွန်တော် နည်းနည်းမှ မရှင်းလို့ပါ ဘဘရယ်၊ တစ်ဆိတ်လောက် ပြောပါဦး"

"ဒီလိုလေကွာ..စတုမဟာရာဇ်၊ တာဝတိံသာ..အစရှိတဲ့နတ်ပြည် ခြောက်ထပ်က နတ်များဟာ သူတို့သက်တမ်းနှင့် သူတို့ နှစ်ပေါင်း တစ်သောင်း, တစ်သိန်း အဆင့်ဆင့် ရှိကြတယ်၊ တို့လူ့ပြည်က နေ့၊ ရက်၊ လ၊ နှစ် အတိုင်းအတာနဲ့ဆိုရင် လူ့ပြည်က နှစ်ပေါင်း ၅၀ ဟာ သူတို့ဆီမှ တစ်ရက်ပဲ ရှိသေးသတဲ့၊ ဒီတော့ သူတို့ရဲ့ တစ်နှစ်ဆိုရင် တို့လူ့ပြည်မှာ နှစ်ပေါင်းဘယ်လောက်ရှိမလဲ၊ တွက်ကြည့်ပေါ့၊ မှန်းဆ ကြည့်ပေါ့"

"ဟာ .. အကြာကြီးမှ အကြာကြီးပဲ ဖြစ်နေမှာပဲ"

"အေး ... တို့လူ့ပြည်မှာ မြတ်စွာဘုရား ပွင့်တော်မူပြီး ၄၅ ဝါ ပတ်လုံး တရားဒေသနာများစွာကို ဟောတော်မူပြီးသည့်နောက် သက်တော် ၈၀ မှာ ပရိနိဗ္ဗာန် ပြုတော်မူခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ဒီတော့ လူတို့ရဲ့နှစ်ပရိစ္ဆေဒအားဖြင့် နှစ်ပေါင်း ၂၆၀၀ လောက် ကြာလွန်ခဲ့ပြီ ဆိုရပေမယ့် သူတို့သက်တမ်းနှင့်ပြောရရင် မနေ့ တစ်နေ့က ပရိနိဗ္ဗာန် စံတော်မူတာ ဖြစ်နေလိမ့်မယ်"

"ဟာ ... ဟုတ်တာပေါ့"

"ဒီတော့ ပရိနိဗ္ဗာန်စံတော်မမူမီ ဗုဒ္ဓမြတ်စွာက တရားဟောတော်မူတိုင်း သူတို့တစ်တွေ ကိုယ်တိုင်ကိုယ်ကျ သွားရောက်နာယူနိုင်ကြတာပေါ့။ သူတို့သက်တမ်းနှင့်ဆိုလျှင် ဒီတရားတွေကို ဟောတော်မူခဲ့တာ တစ်လတောင်ကြာဦးမှာ မဟုတ်သေးဘူး။ ဒါ့ကြောင့် နတ်

http://www.dhammadownload.com



သက်တမ်းအရ မြတ်စွာဘုရားရဲ့တရားတော်ကို ကိုယ်တိုင် နာကြားခဲ့ဖူးမှာ ဧကန်ဖြစ်ပါတယ်။ သို့ဖြစ်ရကား ထိုမုက္ခပါဠိ တရားတော်မြတ်များကို ယခု ကျွန်ုပ်နှင့်အတူ ကြည်ဖြူ ရိုသေစွာ ရွတ်ဖတ်သရဇ္ဈာယ် ကြပါစို့။

အဲသလို စိတ်ထားနဲ့ ဖိတ်ကြားနှိုးဆော်လိုက်ရင် အမွှမ်းမှာပါတဲ့ ဗဟုဝုစ်ကိန်းနဲ့လည်း ညီရော၊ သူတို့တစ်တွေကိုလည်း သတိပေးနှိုးဆော်ရာလည်း ရောက်ရော၊ အဲဒီစကား အဓိပ္ပာယ်ကို စိတ်တစ်ခဏ အတွင်းမှာပဲ ရည်စူးလို့ ရပါတယ်။ စိတ်ဆိုတာ မြန်တယ် မဟုတ်လား၊ ကဲ .. ဘယ်လောက် အဖိုးတန်သလဲ"

"ဟုတ်ပြီ ဘဘရေ၊ ကျွန်တော် သဘောပေါက်သွားပြီ၊ ကျွန်တော် ရွတ်နေတဲ့အချိန်မှာ သူတို့လည်း သူတို့နည်း၊ သူတို့ဟန်နဲ့ လိုက်ရွတ်နေကြမှာပေါ့နော်"

"အေး .. သူတို့နဲ့ အတူတူ ရွတ်တဲ့အခါ ပါဠိ ပါဠိသား၊ သဒ္ဒါဌာန်၊ ကရိဏ်း ပီပြင်ကျနဖို့ အများကြီး လိုလာပြီ။ အဲသလိုလည်း မှတ်ထားဦးကွ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"မင်းကကြားဖောက်လိုက်တာနဲ့ ရတနသုတ်အမွှမ်းကို မရောက်သေးဘူး"

"ကျွန်တော်ကြားဖောက်လိုက်လို့ အကျိုးအမြတ် အများကြီး ရသွားပြီလေ ဘဘရဲ့"

"ထားပါတော့၊ ထားပါတော့၊ ရတနသုတ် အမွှမ်းကို ဆက်ပြောပါ့မယ်၊ အခြားသော ပရိတ်အမွှမ်းများမှာ ထိုပရိတ်တော်များရဲ့ အကြောင်းကို အကျဉ်းချုံးပြီး ရေးထားတာက များပါတယ်။ ရတနသုတ် အမွှမ်းကျတော့ ဘုရားအလောင်းတော်ကြီး သုမေဓာ ရှင်ရသေ့ဘဝက ဒီပင်္ကရာမြတ်စွာဘုရားထံတော်မှောက်မှာ နိယတဗျာဒိတ်

http://www.dhammadownload.com



ဆင်မြန်းတော်မူပုံမှ အစပြု၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလ ပတ်လုံး ပါရမီအမျိုးမျိုး ဖြည့်ကျင့်ခဲ့ပုံ၊ အဆုံးစွန်သော ဘဝအဖြစ် မယ်တော်မဟာမာယာဒေဝီ၏ဝမ်းကြာတိုက်မှာ ပဋိသန္ဓေယူခဲ့ပုံ၊ထိုမှ မွေးဖွားတော်မူခဲ့ပုံ၊ အရွယ်တော်ရောက်လာသည့်အခါ မဟာနိက္ခမ တောထွက်တော်မူပုံ၊ အလွန်ဆင်းရဲ ငြိုငြင်စွာ ၆ နှစ်ကြာမျှ ဒုက္ကရ စရိယ ကျင့်တော်မူခဲ့ပုံ၊ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်တော်မူခဲ့ပုံ၊ ဓမ္မစက္ကပဝတ္တနသုတ်ကို တရားဦးအဖြစ်ဟောတော်မူခဲ့ပုံတို့ကို အရှင် အာနန္ဒာမထေရ်က ဆင်ခြင်ကြည်ညိုမိသည့်အတိုင်း ရှေးဆရာတော် ကြီးများက ဗုဒ္ဓဝင် အကျဉ်းချုပ်ကဲ့သို့ ရေးသားထားတော်မူတာဟာ ရတနသုတ်အဖွင့်တစ်ခုမှာသာ ဖတ်ရ ကြည်ညိုရပါတယ်။

အဲသည့်နောက်မှာ ဝေသာလီပြည်၌ဖြစ်သော ဘေး ၃ ပါးတို့ကို လွတ်ကင်းစိမ့်သောငှာ အရှင်အာနန္ဒာအား ညဥ့် ၃ ယံပတ်လုံး ရတနာ ၃ ပါးတို့၏ဂုဏ်ကျေးဇူးတော်တို့ကိုသစ္စာဆိုမြွက်စေကြောင်း ရေးသားထားပါတယ်။ အဲဒီအဖွင့်ကို ရွတ်ဆိုတိုင်း ဗုဒ္ဓဝင် အကျဉ်း ချုပ်ကို ကြည်ညိုရှိခိုးနေရသလိုခံစားနိုင်ကြပါတယ်၊ အဲဒါဟာ ရတန သုတ်အဖွင့်ရဲ့ ပထမထူးခြားချက်ပါပဲ"

"ဟုတ်ပြီဘဘ၊ ဟုတ်ပြီ၊ ကျွန်တော်အမှတ်ရပြီ၊ ဘဘတို့ ပါရမီ ရပ်ကွက်က 'ပါရမီ ဝတ်ရွတ်စဉ်' စာအုပ်ကလေး အလှူခံရ ဖူးတယ်၊ ဓမ္မဒါနလုပ်သူကဝင်းမောက်ပုံနှိပ်တိုက်ဦးလှသောင်းနှင့်မိသားစုပေါ့"

"အေး ... ဟုတ်တယ်၊ ရတနသုတ်အဖွင့်မှာ –

ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ–လို့ အစချီထားတယ်၊ အဲဒီအဖွင့်ပါဠိကို မြင်းခြံမြို့ ၉ ဆောင်တိုက် ကျေးဇူးရှင် ဆရာတော် ဘုရားရဲ့ အနက်မြန်မာပြန်အဖွင့်အတိုင်း ထည့်သွင်းရိုက်နှိပ်ထားပါ တယ်၊ အဲသည် မြင်းခြံ ၉ ဆောင်တိုက် ဆရာတော်ဘုရားကြီးဟာ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးနှင့် ခေတ်ပြိုင် ကျမ်းတတ်

http://www.dhammadownload.com



အကျော်အမော် ဆရာတော်ကြီး ဖြစ်တော်မူပါတယ်။ဆရာတော်ကြီးရဲ့ အနက် မြန်မာပြန်အဖွင့်ဟာ ဘယ်လောက် အနှစ်သာရရှိတယ်လို့ တို့က မပြောဝံ့လောက်အောင် ဖြစ်ပါတယ်။ မင်းကွန်း တိပိဋကဓရ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ မဟာဗုဒ္ဓဝင် ပဉ္စမတွဲ၊ ဓမ္မရတနာအခန်း၊ ရတနသုတ် အပိုင်းမှာ ပြန်လည်ဖော်ပြ ထည့်သွင်း ရေးသားတော်မူတာကိုပဲ ချင့်ကြည့်ပါတော့၊ အဲဒီ ပရိတ်ကြီး ပါဠိအနက် ဝတ်ရွတ်စဉ်ဟာ 'မြင်းခြံ ၉ ဆောင်တိုက်မှူ မဟာပရိတ်တော်ကြီး နိဿယသစ်'ရယ်လို့ ထင်ရှားတယ်။ ကဲ ...ရတနသုတ် အမွှမ်းအနက်မြန်မာပြန်ကို အသံထွက်ပြီး ဖတ်ပြစမ်းပါ။ အဲဒီ အထဲက ငါသိသမျှ အဓိပ္ပာယ်တို့ကို ပြောနိုင်သလောက် ပြောပြရုံနဲ့ 'ကဗျာအရသာ၊ အနက်အဓိပ္ပာယ်အရသာ၊ သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ ရသာများကို ခံစားရပါလိမ့်မယ်"

"ဟုတ်ကဲ့ ဘဘ၊ ကျွန်တော် ဖတ်ပြပါ့မယ်"

ပဏိဓာနတော=သာရမဏ္ဍာ၊ ကမ္ဘာ့မ,ထက်၊ စတုတ္ထမင်းတရားကြီး၏ ရွှေဖဝါးတော်မြတ်အောက်၊ လျှားမှောက်ဝပ်စင်း၊ ကိုယ်ဖြင့်ခင်း၍၊ တျင်းတျင်းသန်စွမ်း၊ မှုထမ်းအားကြီး၊ အရင်းနီးခဲ့သဖြင့်၊ ချီးမြှောက် ပေးသနားတော်မူအပ်သော နိယတ ဗျာဒိတ်ပန်းကို၊ မွှမ်းမွှမ်းထိပ်ပြင်၊ ပန်ဆင်တော်မူပြီးသည်မှ။ ပဋ္ဌာယ=စ၍။ တထာဂတဿ = ဂင်္ဂါ ဝါဠု၊ သဲစုအတူ၊ လွန်တော်မူသော၊ တစ်ဆူမကြွင်း၊ တရားမင်း တို့ကဲ့သို့၊ လာခြင်း ကောင်းတော်မူသော အစိန္တေယျ မြတ်စွာဘုရား၏။ ဒသပါရမိယော=ဥစ္စာ, သား, မယား၊ ပြည်တိုင်းကားတို့ကို၊ ပယ်ရှားစွန့်လှူ၊ ဖြည့်ကျင့်တော်မူသော ဒသပါရမီတော် တို့လည်းကောင်း။ ဒသဥပပါရမိယော=မျက်စိ, နား, နှာ၊ အင်္ဂါ, ခြေ, လက်တို့ကို၊ ရက်ရက်စွန့်လှူ၊ ဖြည့်ကျင့်တော်မူသော ဒသဥပပါရမီတော်

http://www.dhammadownload.com



တို့လည်းကောင်း။ ဒသ ပရမတ္ထ ပါရမိယော= အသက်ကိုစင်၊ မခင်မမက်၊ ရက်ရက်စွန့်လှူ ဖြည့်ကျင့်တော်မူသော ဒသ ပရမတ္ထပါရမီတော်တို့ လည်းကောင်း။ ဣတိ=ဤသို့။ သမတ္တိံသ ပါရမီယော = ဆယ်ပါး ၃ လီ၊ အမျှ ၃၀ သော ပါရမီတော်တို့ကို လည်းကောင်း။ ပဥ္စမဟာပရိစ္စာဂေ=ကိုယ်ခန္ဓာနှင့်၊ ပြည်, ရွာ, သား,မယား၊ ဥစ္စာ အားဖြင့်၊ ငါးပါးသော စွန့်ခြင်းကြီးတို့ကို လည်းကောင်း။ လောကတ္ထစရိယံ=သတ္တလောကဓာတ်၊ သူကျိုးမြတ်စေခြင်းငှာ၊ ရိုးမတ်စွာ ကျင့်တော်မူခြင်း လည်းကောင်း။ ဉာတတ္ထစရိယံ=ဆွေတော်မျိုးတော်၊ သူ ကျိုးမျှော်၍၊ ကျင့်တော်မူခြင်း လည်းကောင်း။ ဗုဒ္ဓတ္ထစရိယံ= ကိုယ်ကျိုးစင်စစ်၊ ဘုရားဖြစ်စေခြင်းငှာ၊သစ်သစ်အားယူ၊ကျင့်တော်မူခြင်းလည်းကောင်း။ ဣတိ = ဤသို့။ တိဿော စရိယာ ယော = သုံးပါး သင့်လျော်၊ အကျင့်တော် တို့ကို လည်းကောင်း။ ပစ္ဆိမဘဝေ=ပဋိစ္စသမုပ္ပါဒ်၊ ရဟတ်စက်ကြီး၊ ပျက်စီးယုတ်သိမ်း၊ ချုပ်ငြိမ်းရာခေတ်၊ အဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌။ ဂဗ္ဘ ဝေါက္ကန္တိံ= ဖလ်သား မှန်သား၊ ရံတား သိင်္ဂီ၊ စေတီတော်တွင်း၊ ရွှေဆင်းတုသွင်းသကဲ့သို့၊ သနင်းတောင်ညာ၊ မယ်မာယာ၏၊ ရတနာပလ္လင်၊ တိုက်ဝမ်းဝင်၍၊ မြန်းရွှင်သန္ဓေ၊ တည်စံနေခြင်းကိုလည်းကောင်း။ ဇာတိံ = လုမ္ဗနီဟု၊ ဂုဏ်ဆီသင်းကြိုင်၊ အင်ကြင်းမြိုင်၌၊ တစ်ပြိုင်စက္ကဝါ၊ ဘဝဂ်ငြာထိ၊ ထောမနာကြီး၊ ဩဘာချီးလျက်၊ မီးရှူးသန့်စင်၊ ဖွားမြော်မြင်ခြင်းကို သည်းကောင်း။ အဘိနိက္ခမန် = သံယောဇဉ်နှင့်၊ မယှဉ်မစပ်၊ အစဉ် ဖြတ်လျက်၊ မြတ်သော တောထွက်တော်မူခြင်းကိုလည်းကောင်း။ ပဓာနစရိယံ=တစ်နေ့စာတွက်၊ သစ်တစ်ရွက်နှင့်၊ နှစ်သက်စေပြီး၊ သစ်တစ်သီးမျှ၊ ကြီးလျှင် တစ်ခြမ်း၊ နှမ်းတစ်စေ့ ဆန်တစ်စေ့၊ ရံခါလည်း မတွေ့ရဘဲ၊

http://www.dhammadownload.com



နေ့ဆက် ရက်ဆက်၊ ထက်မြက်သော ဥဿာဟ၊ ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာပင်၊ငြိုငြင်စွာကျင့်တော်မူခြင်းကိုလည်းကောင်း။ ဗောဓိပလ္လင်္ကေ= ရတနာ ပလ္လင်၊ ဗောဓိပင်၌။ မာရဝိဇယံ=ဒေဝပုတ္တ၊ စသည် အပြား၊ မာရ်ငါးပါးကို၊ လုံ, ဓား မဖက်၊ ဉာဏ်လက်နက်ဖြင့်၊ ပယ်ဖျက် ကုန်စင်၊ ပြီးအောင်မြင်ခြင်းကို လည်းကောင်း။ သဗ္ဗညုတညာဏပ္ပဋိဝေဓံ=သစ္စာလေး၀၊ ဉေယျငါးပါး၊ တရားမူလ၊ ဟူသမျှကို၊ မြူမျှ မကျန်၊ ဘူသယံဖြင့်၊ သူမဆံဘိ၊ ထိုးထွင်း၍ သိတော်မူခြင်းကို လည်းကောင်း။ ဓမ္မစက္ကပ္ပဝတ္တနံ = မိဂဒါဝုန်၊ တောရဂုံ၌၊ ဘုံ ပထဝီ၊ သုန်သုန်ဟီအောင်၊ ဂုဏ်ဆီပြည့်နှက်၊ ပဥ္စဝဂ်တို့အား၊ ဓမ္မစက်ထူး၊ တရားဦးကို၊ ဖြန့်ဖြူးဟောကြားတော်မူခြင်းကိုလည်းကောင်း။ နဝ လောကုတ္တရ ဓမ္မေ =မဂ်,ဖိုလ် ရှစ်တန်၊ နေရဗ္ဗန်နှင့်၊ ဝေဖန်ပိုင်းခြား၊ ၉ ပါးသော လောကုတ္တရာ တရားတော်တို့ကိုလည်းကောင်း။ ဣတိဧဝ မာဒိကေ=ဤသို့ အစရှိကုန်သော။ သဗ္ဗေပိ=အလုံးစုံလည်း ဖြစ်ကုန်သော။ ဣမေ ဗုဒ္ဓ ဂုဏေ=ဤစရိယာဂီ၊ ပါရမီ အဆင့်ဆင့်၊ ရင့်ထက်ရင့်၍၊ ပွင့်ခြင်းသို့ ရောက်တော်မူသော အစိန္တေယျမြတ်စွာဘုရား၏၊ များစွာသော ကျေးဇူးတော် ဂုဏ်တော်တို့ကို။ အာဝဇ္ဇေတွာ= ဉာဏ် သမ္ပဇဉ်၊ ကြံဆင်ခြင်တော်မူ ၍။ ဝေသာလိယာ=တံတိုင်း သုံးရပ်၊ ထပ်လျက်, ထပ်လျက်၊ ပတ်ယှက်ဆူဝေ၊ လူနေ အိမ်ခြေ၊ မရေ မတွက်သာ၊ ကျယ်ဝန်းဖွံ့သောကြောင့်၊ ဝေသာလီ အမည်ရှိသော ပြည်ကြီး၌။ တိသုပါ ကာရန္တရေသု= မီးတားရံဆိုင်း၊ ထပ်ထပ်ဝိုင်းသား၊ တံတိုင်းသုံးရပ်တို့၏အကြားတို့၌။ တိယာမရတ္တိံ=ညဉ့်ဦးသန်းခေါင်၊ သောက်ရောင်ဝိုးဝင်း၊ မိုး အလင်း ဟူသော ယင်း ညဉ့်သုံးယံ ကာလပတ်လုံး။ ပရိတ္တံ= ရတနသုတ်၊ ရွှေနှုတ်မြွက်ဖော်၊ ပရိတ်တော်ကို။ ကရောန္တော=

http://www.dhammadownload.com



သဒ္ဒါမပျက်၊ အနက်မမှား၊ သနားရေးရှု၊ ဟောရှုတ်တော်မူပေ သော။ အာယသ္မာ အာနန္ဒတ္ထေရောဝိယ= ဗဟုသုတ၊ စသည် ဇတဒဂ်၊ ပွားတက်အစဉ်၊ ငါးချက်တင်သော အရှင်အာနန္ဒာ မထေရ်မြတ်ကဲ့သို့။ ကာရုညစိတ္တံ= ဒုက္ခိတသတ္တဝါ၊ ဝေနေယျာ တို့အား၊ ကြင်နာသနားခြင်းနှင့် ယှဉ်သောစိတ်ကို။ ဥပဋ္ဌ ပေတွာ = ဖြစ်စေ၍။ ။

ကောဋိသတ သဟဿေသု=ထောင်, သောင်း,သိန်း,သန်း၊ ဂဏန်းခြေပေါင်း၊ မရေကောင်းမျှ၊ ကုဋေပေါင်း တစ်သိန်း ကုန် သော။ စက္ကဝါဠေသု=ယူဇနာပေါင်း၊ ရှစ်သောင်း နှစ်ထောင်၊ အမြင့်ဆောင်သား၊ တောင်စကြဝဠာ၊ ကာရံကျောက်စိုက်၊ ဝန်း၍ ဝိုက်သော၊ တိုက်လောကဓာတ်တို့၌။ ဝသန္တာ=ဘုံအသီးသီး၊ ကြီးကြီး, ငယ်ငယ်၊ သွယ်သွယ် ဝဝ၊ နေထိုင်ကြကုန်သော။ ဒေဝတာ = အာဏာလွှမ်းမိုး၊ တန်ခိုး ကြီးမြတ်၊ အနတ်နတ်တို့ သည်။ ယဿ=အကြင် ရတနသုတ်၊ ရွှေနူတ် မွက်ဖော်၊ ပရိတ် တော် ၏။ အာဏံ=သိန်းကုဋေကုန်၊ ဘုံစက္ကဝါ၊ တုန်သွက်ခါ မျှသော အာဏာတော် စက်ရိပ်ကို။ ပဋိဂ္ဂဏှန္တိ=ဝမ်းသာရွှင်မြူး၊ လွန်ကြည်နူးလှ၍၊ ဦးဖြင့် ခံယူကြ ကုန်၏။ ယဉ္စ ယံဧဝ ပရိတ္တံ =အကြင်ရတနသုတ်၊ ရွှေနူတ် မွက်ဖော်၊ ပရိတ်တော်သည် သာ လျှင်။ ဝေသာလိယာ= ဝေသာလီ အမည်ရှိသော။ ပုရေ= ရာဇ ဌာနီ၊ ကျုံးသီအောင်စည်၊ မင်း နေပြည်၌။ ရောဂါမနုဿဒုဗ္ဘိက္ခ သမ္ဘူတံ=ရောဂါသောင်းကျန်း၊ ဘီလူးဖမ်းနှင့်၊ ကုန်ခန်း ခေါင်း ပါးသော ထမင်းကြောင့် ဖြစ်သော။ တိဝိဓံဘယံ = ကပ်ကြီး သုံးကပ်၊ မရပ်တည်နိုင်၊ အပြိုင် တိုက်ရေး၊ သုံးပါးအပြားရှိသော ဘေးကို။ ခိပ္ပံ=အလျင်အမြန်။အန္တရဓာပေသိ=ကွယ်စေ, ပျောက် စေ, ငြိမ်းချမ်းစေ၏။

http://www.dhammadownload.com



တံ ပရိတ္တံ=ထိုမဟာပွလမျိုး၊ အကျိုးအာနိသံသ၊ ကြီးမားလှသော၊ ရတနသုတ်၊ ရွှေနှုတ်မြွက်ဖော်၊ ပရိတ်တော်ကို။ ဟေ= သီတင်းသုံးဖက်၊ သမဂ္ဂပေါင်း၊ သူတော်ကောင်းတို့။ မယံ=ငါတို့သည်။ ဘဏာမ=သဒ္ဒါမပျက်၊ အနက်မယိမ်း၊ ဘေးခပ်သိမ်းတို့၊ ကင်းငြိမ်းစိမ့်ငှာ၊ ရွတ်ဖတ် သရဇ္ဈာယ်ကြပါကုန်အံ့။

ကဲ.. ဒီနေ့တော့ အဲဒီအမွှမ်းနဲ့ပဲ ရပ်ကြဦးစို့ကွာ၊ နောက်နေ့မှ အဲဒီအမွှမ်းထဲက အရသာကလေးတွေကို ဖောက်သည်ချပေးပါ့မယ်"

=======

"ကဲ ... ဆရာတော်ကြီးရဲ့အနက် မြန်မာအဖွင့်ကို တတ်နိုင်သမျှ ဖောက်သည် ချပါ့မယ်၊ အမွှမ်းမှာ "ပဏိဓာနတော ပဋ္ဌာယ"လို့ စ,ခဲ့တယ် မဟုတ်လား၊ အတိုဆုံး အဓိပ္ပာယ်က "ဘုရားဆုကို တောင်းတော်မူခဲ့သည့်အချိန်ကစ,၍"လို့ ဘာသာပြန်ရမှာ ဖြစ်တယ်။ အဲဒီက တစ်ဆင့် နည်းနည်းထပ်၍ ဖွင့်ရမယ်ဆိုရင် "အလောင်းတော်ကြီးသည် ဒီပင်္ကရာ မြတ်စွာဘုရား ထံတော်ရင်း၌ 'နိယတ' ဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူချိန်ကစ၍" လို့ ဖွင့်ရင် လုံလောက်နိုင်ပါတယ်။ အဲဒါကို ဆရာတော်ကြီးက ဘယ်လို သဒ္ဒါကွန့်ပြီး ဖွင့်ထားသလဲ၊ မင်း ပြန်ဖတ်လိုက်စမ်းပါ"

"ပဏိဓာနတော=သာရမဏ္ဍာ၊ ကမ္ဘာမ,ထက်၊ စတုတ္ထ မင်းတရားကြီး၏ ရွှေဖဝါးတော်မြတ်အောက်၊ လျှားမှောက်ဝပ်စင်း၊ ကိုယ်ဖြင့်ခင်း၍၊ တျင်းတျင်းသန်စွမ်း၊ မှုထမ်းအားကြီး၊ အရင်းနီးခဲ့သဖြင့်၊ ချီးမြှောက် ပေးသနားတော်မူအပ်သော နိယတ ဗျာဒိတ်ပန်းကို၊ မွှမ်းမွှမ်းထိပ်ပြင်၊ ပန်ဆင်တော်မူပြီးသည်မှ။ ပဋ္ဌာယ =စ၍။"

http://www.dhammadownload.com



"အေး...အဲဒီမှာ ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူတဲ့ ကမ္ဘာကို ဆရာတော်ကြီးက ညွှန်ပြထားလိုက်ပြီ၊ သာရမဏ္ဍ ကမ္ဘာမှာ ပွင့်တော်မူခဲ့တဲ့ အကြောင်းကိုပေါ့၊ မင်းနားလည်အောင် ထပ်၍ ပြောရမယ် ဆိုရင် ကမ္ဘာ့ ကမ္ဘာတွေ အသင်္ချေ အသင်္ချေ ဖြစ်လိုက် ပျက်လိုက်နဲ့ ရှိခဲ့ဖူးတယ်၊ နောင်လည်း ဒီလိုပဲ ဖြစ်လိုက်,ပျက်လိုက် နဲ့ ရှိနေကြဦးမယ် ...

အဲဒီအထဲက ကမ္ဘာများစွာမှာ 'ဘုရား' ရယ်လို့ တစ်ဆူမှ မပွင့်ခဲ့တဲ့ ကမ္ဘာတွေကို သုညကမ္ဘာ=အချည်းနှီးသော ကမ္ဘာ ဟု ဆိုကြတယ်။ အဲသည်နောက် တစ်ကမ္ဘာမှာ ဘုရား တစ်ဆူတည်း သာ ပွင့်တော်မူတဲ့ သာရကမ္ဘာ၊ အနှစ်သာရရှိသော ကမ္ဘာပေါ့။ နောက် မဏ္ဍကမ္ဘာ တဲ့၊ ဘုံသုံးပါးတွင်ကြည်လင်စေသောကမ္ဘာ၊ အဲဒီ ကမ္ဘာမှာ ဘုရားနှစ်ဆူပွင့်တော်မူတယ်။ နောက် ဝရကမ္ဘာ=မြတ်သော ကမ္ဘာတဲ့၊ အဲဒီကမ္ဘာမှာ ဘုရားသုံးဆူ ပွင့်တယ်။ သာရမဏ္ဍ ကမ္ဘာ= အနှစ်သာရရှိ၍ ကြည်လင်စေသော ကမ္ဘာ၊ အဲဒီကမ္ဘာမှာ ဘုရား လေးဆူ ပွင့်တော်မူတယ်။ အခု တို့ ဘဒ္ဒကမ္ဘာကျတော့ ကောင်းမြတ်သော ကမ္ဘာ၊ အဲဒီကမ္ဘာမှာ ဘုရား ငါးဆူ ပွင့်တော်မူတယ်"

"သြော်... ကျွန်တော်သတိရပြီ၊ ဒါ့ကြောင့် ဆရာကြီးဦးပြုံးချိုက 'တေဘုမ္မာ' သီချင်းထဲမှာရေးထားတာကိုး၊ "ငါးဆူရှင် × ပါရမီတော်ရင့်သည် × ပွင့်တော်မူရာ × ဘဒ္ဒည်ကမ္ဘာ × ဗုဒ္ဓုပ္ပါ ငါးကြိမ်ဆင့်တောင် ကျွတ်ခွင့်မပါ × လွဲလျှင် မှန်စွာ × ရှည်လျားတဲ့ သုည ကမ္ဘာတွေမှာ" ...တဲ့"

"အဲ...မင်း ဘယ်ဆိုးလို့လဲကွ၊ 'ကျိုက်လတ်သား' ပီသတယ်၊ ကဲ .. ဆက်ပြောပါ့မယ်ကွာ"

"လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလက 'သာရမဏ္ဍ' ကမ္ဘာမှာ ဖြစ်ပေါ်ခဲ့တယ်၊ အဲဒီမှာ တဏှင်္ကရာ, မေဓင်္ကရာ,

http://www.dhammadownload.com



သရဏင်္ကရာ, ဒီပင်္ကရာ ဟူ၍ ပွင့်တော်မူခဲ့သော ဘုရားလေးဆူ အနက် ဒီပင်္ကရာမြတ်စွာဘုရားဟာ နောက်ဆုံး ပွင့်တော်မူခဲ့တဲ့ ဗုဒ္ဓ သခင် ဖြစ်တယ်၊ ဒါကို ဆရာတော်ဘုရားက 'သာရမဏ္ဍ၊ ကမ္ဘာ မ, ထက်၊ စတုတ္ထမင်းတရားကြီး'လို့ရေးသားတော်မူခဲ့တာဖြစ်တယ် ...

'အလျားမှောက်စင်း၊ တျင်းတျင်းသန်စွမ်း၊ မှုထမ်းအားကြီး၊ ရင်း နီးခဲ့သဖြင့်' ဆိုတာက တောင့်တင်းခိုင်မာသော၊ သဒ္ဓါတရား ကြီးမား ထက်သန်သော စိတ်စေတနာပြဋ္ဌာန်း၍ မိမိကိုယ်ကို ဘုရားနင်းကြွ ရန် တံတားခင်းချသကဲ့သို့ အလျားစင်းပြီး သဗ္ဗညုတ၊ သမ္မာ သမ္ဗုဒ္ဓ ဆုကြီးအတွက် ပါရမီကုသိုလ်အရင်းအနှီးပြုခဲ့တာကို ဆိုလိုပါတယ်။ ဇာတ်မင်းသားကြီးဦးစိန်ကတုံးဆိုခဲ့တဲ့သီချင်းထဲမှာတော့ 'ပထဝီ ပြင် မှာ အလျားမှောက်တယ်၊ ဒီပင်္ကရာဘုရား လျှောက်ဖွယ်' လို့ ရေးစပ် ထားတယ်လေ၊ ဆက်ဖတ်ပါဦးကွာ၊ မင်း နားလည်နိုင်သမျှတွေကို ချန်ထားပြီးတော့ သိသင့်သိထိုက်တာတွေကိုသာ ပြောကြရအောင်"

"တထာဂတသ= ဂင်္ဂါ ဝါဠု၊ သဲစုအတူ၊ လွန်တော်မူသော၊ တစ်ဆူမကြွင်း၊ တရားမင်းတို့ကဲ့သို့၊ လာခြင်းကောင်းတော်မူသော အစိန္တေယျ မြတ်စွာဘုရား၏။

အဲ.. အဲဒီနေရာမှာ 'လာခြင်းကောင်းတော်မူသော' ဆိုတာကို သိပါ ရစေ ဘဘ"

"အဲဒီစကားက 'တထာဂတ' ဆိုတဲ့ ဗုဒ္ဓ၏နာမတော်ကို ဖွင့်တော် မူတာဖြစ်တယ်၊ ဘုရားရဲ့ နာမတော်တွေကို ဖွင့်လို့ မကုန်နိုင်ခဲ့တဲ့ အကြောင်း ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက–

'အစိန္တေယျ၊ အပ္ပမေယျ၊ သေဋ္ဌဇေဋ္ဌ၊ အတုလပရမံ၊ အရဟံ ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရမာရဇိ၊ တိလောကန္တဂူ၊ သယမ္ဘူ ဘဝိဿရ၊ ဤသို့ စသား၊ အသင်္ချေယျ၊ နာမတံဆိပ်၊ ဂုဏ် ဝိသိဋ္ဌဖြင့်၊ ဇမ္ဗူဒိပ်မှ တက်၍ ဘဝဂ်တိုင် ကြေညာလျက်' လို့

http://www.dhammadownload.com



ပကိဏ္ဏကက အစိန္တေယျ ဘုရားရှိခိုးကြီးမှာ ရေးခဲ့တဲ့အတိုင်း အဲဒီ ဂုဏ်တော် အသချေ်ာအနက် က 'တထာ ဂတ' ဆိုတာလည်း တစ်ခုသော ဘွဲ့နာမတော်ဖြစ်တယ်။ ဒါ့ကြောင့် ၉ ဆောင်တိုက် ဆရာတော်က ဖွင့်ထားပါတယ်။ 'ဂင်္ဂါဝါဠူ၊ သဲစုအတူ၊ လွန် တော်မူသော၊ တစ်ဆူ မကြွင်း၊ တရားမင်းတို့ကဲ့သို့၊ လာခြင်း ကောင်းတော်မူသော 'အစိန္တေယျ ဘုရားရှင်' တဲ့၊ အဓိပ္ပာယ်က 'ဂင်္ဂါမြစ်ထဲက သဲလုံးနှင့်အမျှ ပွင့်တော်မူခဲ့သော ဘုရားရှင်တို့ နည်းတူ ပွင့်တော်မူသောမြတ်စွာဘုရား'လို့ဆိုလိုတာဖြစ်တယ်"

"သြော် ... ရှင်းပါပြီ ဘဘ"

"ကဲ .. ဒါဖြင့် ဆက်ဖတ်ကွာ"

"ဒသပါရမိယော=ဥစ္စာ,သား,မယား၊ ပြည်တိုင်းကားတို့ကို၊ ပယ်ရှားစွန့်လှူ၊ ဖြည့်ကျင့်တော်မူသော ဒသပါရမီတော် တို့ လည်းကောင်း။ ဒသဥပပါရမိယော=မျက်စိ,နား,နှာ၊ အင်္ဂါ, ခြေ,လက်တို့ကို၊ ရက်ရက်စွန့်လှူ,ဖြည့်ကျင့်တော်မူသော ဒသ ဥပပါရမီတော်တို့လည်းကောင်း။ ဒသပရမတ္ထပါရမိယော= အသက်ကိုစင်၊ မခင်မမက်၊ ရက်ရက်စွန့်လှူ၊ ဖြည့်ကျင့်တော် မူသော ဒသပရမတ္ထပါရမီတော်တို့ လည်းကောင်း။ ဣတိ=ဤ သို့။ သမတ္တိံသ ပါရမိယော=ဆယ်ပါး ၃ လီ၊ အမျှ ၃၀ သော ပါရမီတော်တို့ကိုလည်းကောင်း။"

"ကဲ .. အဲဒီမှာ ခဏ ရပ်လိုက်ပါဦး၊ တို့တစ်တွေ ပြောနေကျ စကားရှိတယ်။ 'ပါရမီဆယ်ပါး၊ အပြားသုံးဆယ်' တဲ့။ အဲဒါကို ဆရာတော်က ရှင်းပြထားတာ ဖြစ်တယ်။ ပါရမီဆယ်ပါး ဆိုတာ 'ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, မေတ္တာပါရမီ, အဓိဋ္ဌာန်ပါရမီ, ဥပေက္ခာ ပါရမီ' အဲသလို ရှိတယ် မဟုတ်လား"

http://www.dhammadownload.com



"ဟုတ်ကဲ့ ဘဘ"

"သာမန်အားဖြင့် ပါရမီဖြည့်ကျင့်တော်မူတာကို ဒသပါရမီ လို့ ခေါ်တယ်။ ဒသဥပပါရမီနဲ့ ဒသပရမတ္ထပါရမီတော်တို့ကိုတော့ ဆရာတော်ကြီးက ရှင်းပြထားပြီပဲ၊ အဲဒီ ပါရမီ ဆယ်ပါးကို သုံးမျိုး သုံးစားနဲ့ ကြည့်လိုက်ရင် ပါရမီ 'သုံးဆယ်' ဖြစ်တာပေါ့။

ဥပမာကွာ–ဒါနပါရမီ တစ်ခုတည်းကိုပဲ မူတည်ပြီး ပြောမယ်။ အပြင်အပ ရှိသမျှ သက်ရှိ, သက်မဲ့ ပစ္စည်းတို့ကို လှူတာဟာ 'ဒါန ပါရမီ' ဆိုပါတော့။ အဲဒါ ဒါနမှာ ... အပြင်အပက သက်ရှိ, သက်မဲ့ တင် မကတော့ဘဲ မိမိ၏မျက်စိ, နား, နှာခေါင်း, အင်္ဂါ, ခြေ, လက် တို့ လှူတာကို ဒါနဥပပါရမီလို့ခေါ်တယ်။ အဲ–ယုန်မင်းဝတ္ထုထဲက လို ကိုယ့်အသားကို လှူရအောင် မီးပုံတွင်းခုန်ဆင်းပေးတဲ့ အသက် စွန့်တာမျိုးကျတော့ ဒါနပရမတ္ထပါရမီလို့ ခေါ်တယ်။ သို့ကလို သို့ကလို ဒါနပါရမီ၊ သီလပါရမီ အစရှိတဲ့ ဆယ်ပါးစလုံးကို သုံးမျိုး, သုံးစား အထိ အဆင့်သုံးဆင့် ဖြည့်ကျင့်တော်မူခဲ့တာကြောင့် 'ပါရမီ အပြား သုံးဆယ်' လို့ ဖြစ်လာတယ်၊ ဟုတ်ပလား"

"ကျွန်တော် ရှင်းပါပြီ ဘဘ"

"ပဉ္စမဟာ ပရိစ္စာဂေ=ကိုယ်ခန္ဓာနှင့်၊ ပြည်,ရွာ,သား,မယား၊ ဥစ္စာ အားဖြင့် ငါးပါးသော စွန့်ခြင်းကြီးတို့ကိုလည်းကောင်း ... ။

အဲဒါက စွန့်ခြင်းကြီးငါးပါးကို ဆိုတယ်ကွဲ့၊ ဓနပရိစ္စာဂ=ပစ္စည်း များကို စွန့်ခြင်း။ ပုတ္တပရိစ္စာဂ=သား,သမီးတို့ကိုစွန့်ခြင်း။ ဘရိယ ပရိစ္စာဂ=ဇနီး,မယားကို စွန့်ခြင်း။ အင်္ဂပရိစ္စာဂ= အင်္ဂါ, ခြေ, လက် တို့ကို စွန့်ခြင်း။ ဇီဝိတ ပရိစ္စာဂ=အသက်ကို စွန့်ခြင်း ... တဲ့"

"အဲဒီမဟာပရိစ္စာဂဆိုတာလှူဒါန်းတာကိုပဲပြောတာလား ဘဘ"

"လှူဒါန်းတာမျိုး မဟုတ်ဘူးကွ၊ စွန့်လွှတ်တာ၊ စွန့်ပယ်တာ၊ စွန့်ပစ်, ဖယ်ခွာတာလို့ အဘိဓာန်မှာ ပြတယ်။ သုမေဓာ ဘဝမှာ

http://www.dhammadownload.com



ကြည့်၊ ရှိသမျှ စည်းစိမ်တွေ အားလုံးလိုချင်တဲ့လူ ဘယ်သူယူယူ ယူကြရော့..လို့ စွန့်ပစ်ခဲ့တာမျိုး။ ဇနကမင်းကြီးဘဝတောထွက်တုန်းကလည်း အဲသလို စွန့်ပစ်ခဲ့တာ မဟုတ်လား၊ အလှူခံတို့ကို လှူတယ်လို့ တိုက်ရိုက်ဆိုလိုတာ မဟုတ်ဘူးကွ။ ဒါ့ကြောင့် 'ပါရမီ ဆယ်ပါး အပြားသုံးဆယ်' ဆိုပြီးတဲ့နောက် 'မဟာပရိစ္စာဂ' ရယ်လို့ သီးသန့်ရှိနေတာပေါ့။ ကဲ ... ဆက်ဖတ်ပါကွယ်"

"လောကတ္ထစရိယံ=သတ္တလောကဓာတ်၊ သူကျိုးမြတ်စေခြင်းငှာ၊ ရိုးမတ်စွာကျင့်တော်မူခြင်းလည်းကောင်း။ ဉာတတ္ထစရိယံ=ဆွေတော် မျိုးတော်၊ သူကျိုးကိုမျှော်၍၊ ကျင့်တော်မူခြင်း လည်းကောင်း။ ဗုဒ္ဓတ္ထစရိယံ=ကိုယ်ကျိုးစင်စစ်၊ ဘုရားဖြစ်စေခြင်းငှာ၊ သစ်သစ် အားယူ၊ ကျင့်တော်မူခြင်း လည်းကောင်း။ ဣတိ=ဤသို့။ တိဿော စရိယာယော=သုံးပါးသင့်လျော်၊ အကျင့်တော်တို့ကိုလည်းကောင်း။..."

"အဲဒါက စရိယာသုံးပါးကို ပြတာဖြစ်တယ်။ ဘုရားအလောင်းတော်ကြီးများဟာပရဟိတအလုပ်ကိုရှေ့တန်းတင်တော်မူခဲ့ကြတယ်။ အဲဒီမှာလည်း ဂုဏ်, ပကာသန အစစကို ရည်ရွယ်ခြင်းမဟုတ်ဘဲ သဗ္ဗညုတဉာဏ်တော်ကြီးကို အထောက်အပံ့ ဖြစ်စေခြင်းအလို့ငှာ ရိုးသားဖြောင့်မတ်စွာ ဖြည့်ကျင့်တော်မူခဲ့တာ ဖြစ်လို့ ဆရာတော်ဘုရားက 'သူကျိုးမြတ်စေခြင်းငှာ ရိုးမတ်စွာ ကျင့်တော်မူခြင်း' လို့ ဆိုတာဖြစ်တယ်။ လောကအကျိုးပြီးမှ မိမိ အမျိုးသားများရဲ့ ကောင်းကျိုးချမ်းသာကို ပြုတော်မူတယ်၊ ၎င်းနောက်မှ 'ဗုဒ္ဓတ္ထစရိယ' ဘုရားဖြစ်အောင် အကျင့်တော်များကို 'အားသွန်၊ခွန်စိုက်' ကျင့်တော်မူခဲ့ပါသတဲ့၊ ရှင်းရဲ့လားကွဲ့"

"ရှင်းပါပြီ ဘဘ–

ပစ္ဆိမဘဝေ=ပဋိစ္စသမုပ္ပါဒ်၊ ရဟာတ်စက်ကြီး၊ ပျက်စီးယုတ်သိမ်း၊ ချုပ်ငြိမ်းရာခေတ်၊ အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်၌ ... "

http://www.dhammadownload.com



"ကဲ...ဒီနေရာမှာ ငါပြောချင်ပါတယ်ကွယ်၊ 'ပစ္ဆိမဘဝေ=နောက်ဆုံး အဆုံးစွန်သောဘဝ ဆိုလျှင် လုံလောက်ပါလျက်နှင့် ဆရာတော်ဘုရားက 'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ' အစရှိတဲ့ ပဋိစ္စသမုပ္ပါဒ် တရား ၁၂ ပါးတည်းဟူသော သံသရာစက်ရဟတ် တစ်ပတ် မလည်အောင် ချုပ်ပြတ် ရပ်တန့်စေတော်မူသည့် အခါတော်ကြီး ရောက်တော်မူလာခြင်းကြောင့်'လို့ ဖွင့်ဆိုထားတော်မူတာကို ကြည်ညိုရပါတယ်ကွယ်၊ ကဲ .. နောက်အပိုဒ်က ပို၍ကြည်ညိုစရာ ကောင်းပါသေးတယ်၊ ဆက်ဖတ်ပါဦး"

"ဂဗ္ဘဝေါက္ကန္တိ= ဖလ်သားမှန်သား၊ ရုံတားသင်္ဂီ၊ စေတီတော်တွင်း၊ ရွှေဆင်းတုသွင်းသကဲ့သို့၊ သနင်းတောင်ညာ၊မယ်မာယာ၏၊ ရတနာပလ္လင်၊ တိုက်ဝမ်းဝင်၍၊ မြန်းရှင်သန္ဓေ၊ တည်စံနေခြင်းကို လည်းကောင်း။..."

"ကဲ...ကဲ...ကဲ ကြည့်စမ်းပါဦးကွာ၊ အလောင်းတော်ကလေး မယ်တော်မာယာ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေ တည်နေပုံကို စပ်ဆိုထားလိုက်တာ သဒ္ဒါလင်္ကာရ, အတ္ထာ လင်္ကာရ အပြည့်အဝပါပဲ၊ ကဗျာဝစန လှပဆန်းကြယ်ရုံ မကပါဘူး၊ အနက်အဓိပ္ပာယ် သိစရာအကြောင်းအရာတွေ အပြည့်အစုံလောက် ပါနေပါတယ်။ မြတ်စွာဘုရား အလောင်းတော် ပဋိသန္ဓေ စံတော်မူနေတဲ့အခါမှာ သားတော်လေးဟာ မယ်တော်မာယာ၏ ဝမ်းကြာတိုက်အတွင်း၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် ဈာန်,ကမ္မဋ္ဌာန်း စီးဖြန်းနေတာကို တိုးလျှိုးထွင်းဖောက် မြင်နေကြရပါသတဲ့။

ပဋိသန္ဓေ နေတော်မူတဲ့အခါ လောကအားလုံး မဖြစ်စဖူး ထူးထူးကဲကဲ အဖြစ်မျိုးတွေ အများကြီး ရှိပါသေးတယ်၊ ပရိတ်ကြီး နိဿယသစ်မှာ 'သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ' က မြန်မာစကားပြေဖြင့် နိမိတ်ကြီး ၇ ပါးကို သို့ကလို ပြထားပါတယ်–

http://www.dhammadownload.com



(၁) ဘုရားအလောင်းသည် တုသိတာ နတ်ပြည်မှ သတိသမ္ပဇဉ် မကင်းဘဲ မယ်တော်၏ ဝမ်းတိုက် သက်ရောက်ခဲ့ခြင်း။

(၂) ပဋိသန္ဓေ နေသောအခါ ကမ္ဘာလောကဌ် နတ်တို့၏ အာနုဘော်ကိုပင် လွှမ်းသော၊ အလွန်ထူးကဲသော အရောင်အလင်း ပေါ်လာခြင်းနှင့် စကြဝဠာ တစ်သောင်း အမျိုးမျိုး အဖုံဖုံ တုန်လှုပ်ခြင်း။

(၃) ဘုရားလောင်းနှင့် မယ်တော်တို့ကို နတ်သား လေးယောက် အရပ်လေးမျက်နှာမှ စောင့်ရှောက်လာခြင်း။

(၄) ဘုရားအလောင်း ပဋိသန္ဓေတည်သည်မှစ၍ မယ်တော်မှာ ပကတိအားဖြင့် သီလနှင့် ပြည့်စုံခြင်း။

(၅) ယောကျ်ားတစ်ပါး၌ ကာမစိတ် မဖြစ်ခြင်းနှင့် ယောကျ်ားတစ်ပါးက မကျူးလွန်နိုင်ခြင်း။

(၆) ဝတ္ထုအာရုံတွေလိုလေသေးမရှိ ပြည့်စုံ,ပျော်ရွှင်ရခြင်း။

(၇) မယ်တော်မှာ ရောဂါလုံးဝကင်းလျက် မပင်မပန်း ချမ်းသာ၍ မိမိ၏ဝမ်းတွင်းက အလောင်းတော်ကလေးကို အပြင်မှ မြင်လျက်ရှိခြင်း။

အဲဒီ နောက်ဆုံးထူးခြားချက်ကို ကိုးဆောင်တိုက်ဆရာတော်က 'ဖလ်သား မှန်သား၊ ရုံတားသိင်္ဂီ၊ စေတီတော်တွင်း၊ ရွှေဆင်းတု သွင်းသကဲ့သို့.." လို့ ရေးထားတာ ဖြစ်တယ်။ ဖလ်စေတီအတွင်းမှာ ရွှေဆင်းတုကလေး ဌာပနာထားသလိုတဲ့လေ။ ကဲ... ဘယ်လောက်ကောင်းသလဲကွာနော်"

"ကြည်ညိုစရာကောင်းလိုက်တာ ဘဘရယ်"

"အေး ...ငါလည်း ဖတ်ဖူး,မှတ်ဖူးခဲ့သမျှတွေကို မှိန်းပြီး ကြည်ညိုခဲ့ရတာပါ။ နောက် ... ဆက်ပါဦး"

http://www.dhammadownload.com



"ဇာတိ=လုမ္ဗိနီဟု၊ ဂုဏ်ဆီသင်းကြိုင်၊ အင်ကြင်းမြိုင်၌၊တစ်ပြိုင်စက္ကဝါ၊ ဘဝဂ်ဗြဟ္မာထိ၊ ထောမနာကြီး၊ ဩဘာချီးလျက်၊ မီးရှူး သန့်ရှင်၊ ဖွားမြော်မြင်ခြင်းကို လည်းကောင်း ..."

"ဇာတိ ဆိုတာ မွေးဖွားတော်မူခြင်းကို မှတ်ပါကွာ၊ အဲသလို ဖွားတော်မူတဲ့အခါမှာလည်းနိမိတ်ကြီး အမျိုးမျိုး ထူးခြားချက်တွေ ရှိပါတယ်-

မယ်တော်က အင်ကြင်းကိုင်းကိုကိုင်၍ မတ်တတ်ရပ်လျက် မွေးဖွားတော်မူခြင်း၊ မယ်တော်၏ဝမ်းမှ ထွက်လာသော အလောင်းတော်ကိုနတ်တို့က ပထမခံယူပြီးမှ လူတို့ကခံယူခြင်း၊ အညစ်အကြေး မလူးဘဲ သန့်ရှင်းစွာ ဖွားမြင်ခြင်း၊ ဘုရားအလောင်း နှင့် မယ်တော် သုံးသပ်ဖို့ အပူ, အအေး ရေအယဉ်နှစ်ခု ကောင်းကင်မှ ကျရောက်လာခြင်း၊ မွေးခါစမှာပင် ဘုရားအလောင်းတော်က မြောက် အရပ်သို့ မျက်နှာမူလျက် ခုနစ်ဖဝါးလှမ်းပြီးလျှင်'ဤလောက၌·ငါသာ အမြတ်ဆုံး၊ အကြီးဆုံး၊ ချီးမွမ်းအပ်ဆုံး'ဟု ကြွေးကြော်ခြင်း၊ ထူးခြား လွန်ကဲသော အရောင်အဆင်းများ ပေါ်လာခြင်း၊ လောကဓာတ် တစ်သောင်း တုန်လှုပ်ခြင်း၊ အဲဒီ အဲဒီ ထူးခြားချက်တွေကို ပြလိုတော်မူတဲ့အတွက် "တစ်ပြိုင်စက္ကဝါ၊ ဘဝဂ်ဗြဟ္မာထိ၊ ထောမနာကြီး၊ ဩဘာချီးလျက်'လို့ ရေးသားတော်မူခဲ့တာဖြစ်တယ်၊ ကဲ ... နောက်ဆက်ပါဦး"

"အဘိနိက္ခမန်=သံယောဇဉ်နှင့်၊ မယှဉ်မစပ်၊ အစဉ်ဖြတ်လျက်၊ မြတ်သော တောထွက်တော်မူခြင်းကိုလည်းကောင်း။ ပဓာနစရိယံ= တစ်နေ့စာအတွက်၊ သစ်တစ်ရွက်နှင့်၊ နှစ်သက်စေပြီး၊ သစ်တစ်သီးမျှ၊ ကြီးလျှင်တစ်ခြမ်း၊ နှမ်းတစ်စေ့, ဆန်တစ်စေ့၊ ရံခါလည်း မတွေ့ရဘဲ၊ နေ့ဆက်ရက်ဆက်၊ ထက်မြက်ဥဿာဟ၊ ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာပင်၊ ငြိုငြင်စွာ ကျင့်တော်မူခြင်းကို လည်းကောင်း။"

"ဒါလည်း မင်းသိသာလောက်ပါပြီကွာ၊ တောထွက်တော်မူပုံနှင့်

http://www.dhammadownload.com



ဒုက္ကရစရိယ ခြောက်နှစ်ကြာအောင် ပြင်းပြင်းထန်ထန် ကျင့်ကြံခဲ့ရတဲ့ အကြောင်း ပေါ့၊ ကဲ ဆက်ဖတ်ကွာ"

"ဗောဓိပလ္လင်္ကေ=ရတနာပလ္လင်၊ ဗောဓိပင်၌။ မာရဝိဇယံ=ဒေဝပုတ္တ၊ စသည့်အပြား မာရ်ငါးပါးကို၊ လုံ့ဝ မဖက်၊ ဉာဏ် လက်နက်ဖြင့်၊ ပယ်ဖျက်ကုန်စင်၊ ပြီးအောင်မြင်ခြင်းကို လည်းကောင်း ..."

"အဲဒီမှာ မာရ်ငါးပါးကိုတော့ မင်းသိမှာပါ–

(၁) ဒေဝပုတ္တမာရ် – ကိုယ်တိုင် ထင်ရှား လာတိုက်ခိုက်သော မာရ်နတ်။

(၂) ကိလေသမာရ် – တစ်ထောင့်ငါးရာ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်တော်မူနိုင်ခြင်း။

(၃) ခန္ဓမာရ် – ဘဝအသစ်, ခန္ဓာအသစ် မဖြစ်အောင် ပယ်ဖျက် နိုင်နင်းတော်မူခြင်း။

(၄) မစ္စုမာရ် – နောင်တစ်ဘဝ ခန္ဓာအစဉ်မရှိတော့၍ သေခြင်းကို အနိုင်ရယူခြင်း။

(၅) အဘိသင်္ခါရမာရ် – ပြုပြင်မှု သင်္ခါရတရားတို့ကို နိုင်နင်းတော်မူလိုက်ခြင်း။

အဲသလိုသာ အကျဉ်းအဖြစ် မှတ်ပေါ့ကွာ"

"ဟုတ်ကဲ့ ဘဘ–

သဗ္ဗညုတ ညာဏပ္ပဋိဝေဓံ = သစ္စာလေး၀၊ ဥေယျငါးပါး၊ တရားမူလ၊ ဟူသမျှကို၊ မြူမျှမကျန်၊ ဘူသယံဖြင့်၊ သူမဆံဘိ၊ ထိုးထွင်း၍ သိတော်မူခြင်းကိုလည်းကောင်း။"

"သဗ္ဗညုတ ညာဏ်တော်ဆိုတာ ပရမတ်ပညတ် အရပ်ရပ် အလုံးစုံကို အကုန်အစင် သိမြင်တော်မူခြင်းကို ဆိုတယ်။ ဉေယျ ငါးပါးဆိုတာကတော့ သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ် –တို့ကို သိတော်မူခြင်း ဖြစ်တယ်။ ထိုတရားတို့ကို မြူမှုန်လောက်မှ မကျန်ဘဲ

http://www.dhammadownload.com



အရင်းအမြစ်နှင့်တကွ သုတကာနှင့်မတူအောင် ဆရာမကူ သယမ္ဘူဉာဏ် ဖြင့် သိတော်မူခဲ့တယ်လို့ ဖွင့်ဆိုတော်မူတာ ဖြစ်တယ်"

"ဩော် ... ဘူသယံ ဆိုတာ 'သယံဘူ' ဆိုတဲ့ စကားလုံးကို ရှေ့နောက် ပြောင်းထားတာပေါ့နော် ဘဘ"

"ဟုတ်လှချည်ပေါ့ဗျာ၊ အဲဒါ အလင်္ကာပညာပါပဲ၊ ကာရန်ကို လိုက်ပြီး သုံးထားတော်မူတာလေ၊ ကြည့်ပါဦး၊ 'တရားမူလ၊ ဟူသမျှကို၊ မြူမျှမကျန်၊ ဘူသယံဖြင့်၊ သူမဆံဘိ၊ ထိုးထွင်း၍ သိတော်မူခြင်း" တဲ့၊ ကဲ ... ဆက်ဖတ်ပါဦး"

"ဓမ္မစက္ကပ္ပဝတ္တန်=မိဂဒါဝုန်၊ တောရဂုံ၌၊ ဘုံပထဝီ၊ သုန်သုန်ဟီအောင်၊ ဂုဏ်ဆီပြည့်နှက်၊ ပဉ္စဝဂ်တို့အား၊ ဓမ္မစက်ထူး၊ တရားဦးကို၊ ဖြန့်ဖြူး ဟောကြားတော်မူခြင်းကို လည်းကောင်း ..."

"အဲဒါကတော့ မင်းသိပါတယ်ကွယ်။ သားတို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးပါးအား တရားဦး ဓမ္မစကြာကို ဟောတော်မူတယ်ပေါ့၊ အဲသည်မှာ 'ဘုံပထဝီ၊ သုန်သုန် ဟီအောင်' ဆိုတဲ့ စကားအနက်ကို ဖွင့်ကြည့်ရအောင်လား၊ မြတ်စွာဘုရား ဓမ္မစကြာတရားဟောတော်မူတဲ့အခါမှာ တစ်သောင်းသောလောကဓာတ်တို့ဟာ တုန်လှုပ်သွားပါသတဲ့၊ အဲဒါထက် မင်းပိုသိချင်သေးရင်တော့ "ဓမ္မစကြာ တရားဟောရာတွင် ဖြစ်ပေါ်သော နိမိတ်ကြီး ၃၂ ပါး"ဆိုတာကို ဟောဒီ မှတ်စုစာအုပ်ထဲမှာ ရှာဖတ်ကြည့်ကွာ ...ရော့"

(၁) လောကဓာတ် တစ်သောင်း တုန်လှုပ်ခြင်း။

(၂) အပူ, အအေး မျှတခြင်း။

(၃) တစ်သောင်းသော လောကဓာတ်၌ ရုတ်တရက် အသံတိတ်၍ ငြိမ်သက်သွားခြင်း။

(၄) လေပြင်း,မုန်တိုင်း မလာခြင်း။

(၅) လေပြည်, လေညင်း တိုက်ခတ်ခြင်း။

http://www.dhammadownload.com



(၆) မြစ်အပေါင်းတို့၌ ရေမစီးဘဲ တန့်ရပ်ခြင်း။
(၇) ပန်း,သစ်ပင် အပေါင်းတို့ တစ်ပြိုင်နက် ပွင့်ခြင်း။
(၈) ကောင်းကင်၌ တည်သော အာကာသဋ္ဌရတနာတို့ ရောင်ဝါဖြင့် ကွန့်မြူးခြင်း။
(၉) လူ့ပြည်, နတ်ပြည် တို့၌ ရှိသော တူရိယာ အပေါင်း တို့ တစ်ပြိုင်နက် အလိုလို မြည်ခြင်း။
(၁၀) ကောင်းကင်မှ နက်ပန်းမိုး ရွာချခြင်း။
(၁၁) တစ်ပြိုင်နက် ပဲ့တင်ဟည်းခြင်း။
(၁၂) ငရဲကြီး ရှစ်ထပ်၌ ငရဲမီးငြိမ်းခြင်း။
(၁၃) အညစ်အကြေးကင်းစင်လျက် ကောင်းကင်ကနေဝန်း အထူးသဖြင့် ထွန်းလင်းခြင်း။
(၁၄) နေ့အခါ၌ ကြယ်တာရာတို့ကို မြင်ရခြင်း။
(၁၅) မိုးမရွာဘဲ ကောင်းကင်မှ နတ်ရေစင် သွန်းချခြင်း။
(၁၆) ဂြိုဟ်ကြီး ခုနစ်လုံး ကြည်လင် ထင်ရှားစွာ ပေါ်လာ ခြင်း။
(၁၇) သတ္တဝီသနက္ခတ်များလည်း ထင်ရှားစွာ ပေါ်လာ ခြင်း။
(၁၈) လဝန်းသည် ပြုဗ္ဗာသဠ္ဍ နက္ခတ်နှင့် ယှဉ်၍ ပေါ်လာ ခြင်း။
(၁၉) တွင်း,ဂူ,လိုဏ်ခေါင်း အောင်း၍ နေသောသတ္တဝါ တို့ ထွက်လာခြင်း။
(၂၀) လူအပေါင်းတို့ အလိုခပ်သိမ်းငြိမ်း၍ ရောင့်ရဲခြင်း။
(၂၁) ကိုးဆယ့်ခြောက်ဖြာ ဝေဒနာ စွဲကပ်နေသူတို့ ပျောက် ကင်းခြင်း။
(၂၂) ဆာလောင် မွတ်သိပ်မှု ပြေခြင်း။

http://www.dhammadownload.com



(၂၃) ပြိတ္တာအပေါင်း ဝ,ပြောခြင်း။
(၂၄) ကိလေသာတရားငြိမ်းခြင်း။
(၂၅) အပါယ်လေးပါး၌ ဒုက္ခဘေး ကင်းခြင်း။
(၂၆) တစ်လောကလုံး၌ မြူ,အညစ်အကြေး ကင်း၍ သန့်ရှင်း,ကြည်လင်ခြင်း။
(၂၇) မကောင်းသော ရနံ့ပျောက်ခြင်း။
(၂၈) နတ်ပန်း,နံ့သာ ကြိုင်လှိုင်ခြင်း။
(၂၉) နတ်ပြည် ခြောက်ဘုံနှင့် ရူပဗြဟ္မာ ၁၆ ဘုံကို အကုန်မြင်ရခြင်း။
(၃၀) ငရဲကြီးရှစ်ထပ်၌ ခံနေသော သတ္တဝါအလုံးစုံကို အကုန်မြင်ရခြင်း။
(၃၁) မြို့တံခါး, အိမ်တံခါးမှ စ,၍ ပိတ်ထားသမျှ အလုံးစုံ အကုန်ပွင့်ခြင်း။
(၃၂) သတ္တဝါအပေါင်းတို့၌ သေမှု,ပဋိသန္ဓေနေမှု,ဖွားမြင်မှု မရှိခြင်း။

"အဲ ... ဟုတ်ပြီ။ ကဲ ... အမွှမ်းကို ဆက်ဖတ်ပါဦး"

"နဝလောကုတ္တရဓမ္မေ=မဂ်,ဖိုလ် ရှစ်တန်၊ နေရဗန်နှင့်၊ ဝေဖန်ပိုင်းခြား၊ ၉ ပါးသောလောကုတ္တရာတရားတော်တို့ကိုလည်းကောင်း။ ဉာတိစဝ မာဒိကေ=ဤသို့ အစရှိကုန်သော။ သဗ္ဗေပိ=အလုံးစုံလည်းဖြစ်ကုန်သော။ ဉာမေဗုဒ္ဓဂုဏေ=ဤစရိယာစာဂီ၊ ပါရမီအဆင့်ဆင့်၊ ရင့်ထက်ရင့်၍၊ ပွင့်ခြင်းသို့ ရောက်တော်မူသော အစိန္တေယျ မြတ်စွာဘုရား၏ များစွာသော ကျေးဇူးတော်ဂုဏ်တော် တို့ကို။ အာဝဇ္ဇေတွာ =ဉာဏ်သမ္ပဇဉ်၊ ကြံဆင်ခြင်တော်မူ၍ ..."

"ကဲ ... အဲဒီနေရာမှာ တစ်ပိုင်းခွဲရအောင်။ ဘာဖြစ်လို့လဲ ဆိုတော့ တို့ပြောခဲ့သမျှ အထက်ပါစကားများဟာ 'အရှင်အာနန္ဒာ

http://www.dhammadownload.com



မထေရ်က ဘုရားသခင်၏ဗုဒ္ဓဝင်ကို ဆင်ခြင်ကြည်ညိုတဲ့အကြောင်း အရာများဖြစ်ပေတယ်။ နောက်ဆုံးဖတ်လိုက်ရတဲ့စာပိုဒ်ရဲ့ အဓိပ္ပာယ်ကို မင်းသိလောက်ပါတယ်"

"'နေရဗန်' ဆိုတဲ့ စကားလုံးက နိဗ္ဗာန်ကို ပြောတာလား ဘဘ"

"ဟုတ်ပါတယ်။ ကဲ ... ရှေ့ဆက် ဖတ်ရအောင်ကွာ"

"ဝေသာလိယာ=တံတိုင်းသုံးရပ်၊ ထပ်လျက်ထပ်လျက်၊ ပတ်ယှက်ဆူဝေ၊ လူနေ အိမ်ခြေ၊ မရေတွက်သာ ကျယ်ဝန်းစွာသောကြောင့်၊ ဝေသာလီအမည်ရှိသော ပြည်ကြီး၌။"

"ဝေသာလီပြည်ဆိုတာ တိုင်းသူပြည်သား လူနေအိမ်ခြေ များပြား စည်ကားလွန်းလို့ ဝေသာလီမြို့ ဝေသာလီပြည်-လို့ ခေါ်ပါသတဲ့၊ မြို့တည်စက မြို့ရိုးတံတိုင်းကို အလွန်ကျယ်လွန်းစွာ ဝိုင်းရံဆောက် တည်ထားနိုင်ပေမယ့်လည်း နှစ်များ မကြာမီ မြို့နဲ့ လူဦးရေ မဆံ့နိုင်လောက်အောင် တိုးတက်များပြားလို့ ဒုတိယတံတိုင်းတစ်ခု ချဲ့ထွင် လိုက်ရပြန်တယ်။ သို့ပေမယ့်လည်း နှစ်ပရိစ္ဆေဒကြာလာတဲ့ အခါ လူဦးရေက တိုးသည်ထက်သာ တိုး၍ လာပြန်တာကြောင့် တတိယ မြို့ရိုး တိုး၍ ဆောက်လုပ်ရပြန်ပါတယ်၊ ဒါကြောင့် မြို့ရိုးတံတိုင်း သုံးကြိမ်သုံးခါ ပတ်ရံတည်ဆောက်ရတဲ့ မြို့လို့လည်း အသိအမှတ် ပြုကြရပါတယ်။

ဒါ့ကြောင့် 'တီသုပါကာရန္တရေသု = မီးတားရံဆိုင်း၊ ထပ်ထပ်ဝိုင်းသား၊ တံတိုင်းသုံးခုတို့၏အကြားတို့၌။ 'လို့ ပြတော်မူပါတယ်၊ ကဲ ... ရှေ့ ဆက်ဖတ်ပါဦး"

"တိယာမရတ္တိံ = ညဉ့်ဦးသန်းခေါင်၊ သောက်ရောင်ဝိုးဝင်း၊ မိုးအလင်း ဟူသော ယင်း ညဉ့်သုံးယံ ကာလပတ်လုံး။ ပရိတ္တံ=ရတနသုတ်၊ ရွေနှုတ်မြွက်ဖော်၊ ပရိတ်တော်ကို။ ကရောန္တော=သဒ္ဒါမပျက်၊ အနက်မမှား၊ သနားရေးရှု၊ ဟောရွတ်တော်မူပေသော။ အာယသ္မာ

http://www.dhammadownload.com



အာနန္ဒတ္ထေရောဝိယ = ဗဟုသုတ၊ စသည်ဇာတဒဂ်၊ ပွားတက်အစဉ်၊ ငါးချက်တင်သော အရှင်အာနန္ဒာ မထေရ်မြတ်ကဲ့သို့။ ကာရုည စိတ္တံ =ဒုက္ခိတသတ္တဝါ၊ ဝေနေယျာတို့အား၊ ကြင်နာသနားခြင်းနှင့် ယှဉ်သောစိတ်ကို။ ဥပဋ္ဌပေတွာ=ဖြစ်စေ၍။ ။

ကောဋိသတ သဟဿေသု = ထောင်, သောင်း, သိန်း, သန်း၊ ဂဏန်းခြေပေါင်း၊ မရေကောင်းမျှ၊ ကုဋေပေါင်းတစ်သိန်းကုန်သော။ စက္ကဝါဠေသု=ယူဇနာပေါင်း၊ ရှစ်သောင်းနှစ်ထောင်၊ အမြင့်ဆောင်သား၊ တောင်စကြဝဠာ၊ ကာရံ ကျောက်စိုက်၊ ဝန်း၍ဝိုက်သော တိုက်လောကဓာတ်တို့၌။ ဝသန္တာ=ဘုံအသီးသီး၊ ကြီးကြီး,ငယ်ငယ်၊ သွယ်သွယ်ဝဝ၊ နေထိုင်ကြကုန်သော။ ဒေဝတာ= အာဏာလွှမ်းမိုး၊ တန်ခိုးကြီးမြတ် အနတ်နတ် တို့သည်။ ယဿ=အကြင် ရတနသုတ်၊ ရွှေနှုတ် မြွက်ဖော်၊ ပရိတ်တော်၏။ အာဏံ=သိန်းကုဋေကုန်၊ ဘုံစက္ကဝါ၊ တုန်သွက်ခါမျှသော အာဏာတော် စက်ရိပ်ကို။ ပဋိဂ္ဂဏှန္တိ= ဝမ်းသာရွှင်မြူး၊ လွန်ကြည်နူးလှ၍၊ ဦးဖြင့် ခံယူကြကုန်၏။"

"ကဲ ... အဲဒီစာပိုဒ်ကို မြန်မာလို ပြန်ပြောရအောင်၊ မြို့တံတိုင်းသုံးထပ်အထိ လူနေများပြားတဲ့ဝေသာလီပြည်မှာ ဇာတဒဂ်ငါးပါး ရတော်မူသော အာနန္ဒာ မထေရ်က ဘုရားဟောပြောတော်မူတဲ့ ရတနသုတ်တော်ကို ညဉ့်သုံးယံပတ်လုံး လှည့်လည်၍ ပရိတ်ရွတ်ဖတ်ရာ အင်္ဂါသုံးပါးနဲ့ ညီညွတ်အောင် ရွတ်ဆိုတော်မူတယ်။ ထိုအခါ တစ်သောင်းသော စကြဝဠာမှာရှိတဲ့ နတ်ဒေဝတာအားလုံးက ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြု၍ ရှိခိုးဦးညွှတ် ခံယူကြပါသတဲ့။

"ဗဟုသုတ၊ စသည်ဇာတဒဂ်၊ ပွားတက်အစဉ်၊ ငါးချက်တင်သော အရှင်အာနန္ဒာ မထေရ်မြတ်ကဲ့သို့ "– ဆိုရာမှာ အရှင် အာနန္ဒာ မထေရ် ဇာတဒဂ် ငါးပါးရတဲ့ အကြောင်းကို ပြတော်မူတာဖြစ်တယ်။ အဲဒီ ဇာတဒဂ် ငါးပါးက

http://www.dhammadownload.com



(၁) အဓိမတ္တသတိ–ဘုရား ဟောကြားတရားတော်များကို အလွန် လျင်မြန်စွာ မှတ်ယူနိုင်ခြင်း၊
(၂) အဓိမတ္တဂတိမာ–အလွန်လျင်မြန်စွာရွတ်ဆိုနိုင်ခြင်း၊
(၃) အဓိမတ္တဓိတိမာ – မှတ်မိသမျှတို့ကို မမေ့ မပျောက်ခြင်း၊
(၄) ဗဟုသုတ–အကြားအမြင်များခြင်း၊
(၅) ဥပဋ္ဌာက– ဘုရားကို လုပ်ကျွေးရာ၌ အလိုတော်ကို သိကာ သိမ်မွေ့စွာ ပြုစုနိုင်ခြင်း။

အဲသည် ဧတဒဂ်ငါးပါးဖြစ်တယ်၊ အဲဒီ ဧတဒဂ်ငါးပါးရတဲ့ အာနန္ဒာ မထေရ်ကဲ့သို့ နတ်ဒေဝတာ အပေါင်းတို့ကလည်း ဦးညွှတ် ရှိသေကြတာကို ဖော်ပြတာဖြစ်တယ်၊ ကဲ ဆက်ဖတ်ပါဦးကွာ"

"ယဥ္စ ယံဇေ ပရိတ္တံ=အကြင်ရတနသုတ်၊ ရွှေနှုတ် မြွက်ဖော်၊ ပရိတ်တော်သည်သာလျှင်။ ဝေသာလိယာ = ဝေသာလီအမည်ရှိသော။ ပုရေ=ရာဇဌာနီ၊ ကျုံးသီအောင်စည်၊ မင်းနေပြည်၌။ ရောဂါမနုဿဒုဗ္ဘိက္ခသမ္ဘူတံ=ရောဂါသောင်းကျန်း၊ ဘီလူးဖမ်းနှင့်၊ ကုန်ခန်း ခေါင်းပါးသော ထမင်းကြောင့် ဖြစ်သော။ တိဝိဓံ ဘယံ=ကပ်ကြီး သုံးကပ်၊ မရပ်တည်နိုင်၊ အပြိုင်တိုက်ရေး၊ သုံးပါးအပြားရှိသောဘေးကို ။ ခိပ္ပံ=အလျင်အမြန်။ အန္တရဓာပေသိ=ကွယ်စေ, ပျောက်စေ, ငြိမ်းချမ်းစေ၏။"

"အဲဒါက ရတနသုတ် ဖြစ်ပေါ်လာရခြင်းရဲ့အကြောင်းရင်းပဲကွဲ့၊ နိဒါန်းလို့လည်း ခေါ်နိုင်တာပေါ့၊ 'ဝေသာလီ' ဆိုတဲ့ အမည်ကိုက လူဦးရေ အလွန် ထူထပ်, များပြားတဲ့ မြို့လို့ ပြောခဲ့ပြီလေ။ ဘုရင်တစ်ပါးတည်းက အာဏာရှင်စနစ်နဲ့ မဟုတ်ဘဲ ဂိုဏ်းဂဏ အဖွဲ့နှင့် လိစ္ဆဝီမင်းများက အုပ်ချုပ်ကြတယ်၊ တစ်ရံရောအခါမှာတော့ မိုးခေါင်၍ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်ပြီး အစာရေစာ ခေါင်းပါး ငတ်

http://www.dhammadownload.com



မွတ်ကြတယ်၊ အာဟာရ ချွတ်ယွင်းတော့ ရောဂါဘယ ထူပြော လာကြတယ်၊ အဲဒီအခါမှာ အစိမ်းသရဲ, မိစ္ဆာဘီလူးများက မြို့ထဲဝင်ပြီး 'မသေ,မရှင်လူများ'ကို စားသောက်ကြတယ်၊ တစ်ပြည်လုံးမှာလူသေအလောင်းတွေ ပုပ်နံ့နေကြတယ်၊ မကောင်းသောအနံ့အသက် တွေကလည်း ပုပ်ဟောင်နေကြတယ်၊ တစ်တိုင်းတစ်ပြည်လုံးသုသာန်ကဲ့သို့ဖြစ်နေကြတယ်၊ ပြည်သူ,ပြည်သားတွေမှာလည်း ထိတ်ထိတ် လန့်လန့် ရှိနေကြတယ်၊ အဲဒီအခါမှာ 'ရတနာသုံးပါးဂုဏ်'ကို သိတဲ့ပညာရှင်များက ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးတော်မူနေတဲ့ မြတ်စွာဘုရားကိုပင့်ပြီး အကာအကွယ်ပြုနိုင်ရန် လိစ္ဆဝီမင်းတို့အား လျှောက်ထားကြတယ်။ ဒီတော့မှ လိစ္ဆဝီမင်းနှစ်ပါးက ဦးဆောင်ပြီး ကြီးစွာသော အခြံအရံ ပူဇော်သမှုဖြင့် သွား၍ ပင့်ကြရတယ်။ ဂင်္ဂါမြစ်တစ်လျှောက် ဖောင်တော်များနှင့် ပင့်လာခဲ့ရာ ဝေသာလီပြည်ဆိပ်ကမ်းရောက်တယ်ဆိုရင်ပဲ တစ်ခဲနက်သောမိုးကြီး သည်းထန်စွာရွာ၍ လူသေအလောင်းများနှင့် တကွ အနံ့ အသက်, အညစ်အကြေးတို့ပါ ဆေးကြောသုတ်သင်သလို ဖြစ်သွားတယ်၊ ဗုဒ္ဓ စံတော်မူရာမဏ္ဍပ်ကြီးထဲ ရောက်တဲ့အခါ မြတ်စွာဘုရားက အာနန္ဒာ မထေရ်အားရတနသုတ်ကို သင်ပေးတော်မူပြီး ညဉ့်သုံးယံပတ်လုံး တံတိုင်း ၃ ခုအတွင်းမှာလှည့်လည်၍ ရတနသုတ်တော်ကို သရဇ္ဈာယ်တော်မူစေတယ်၊ အဲဒီတော့မှ မြတ်စွာဘုရား၏တရားတော်ကို လာရောက်နာယူကြတဲ့ တန်ခိုးကြီးသောဒေဝတာအပေါင်းတို့၏ အရှိန် အဝါကြောင့် ဘီလူးများ ထွက်ပြေးကြရတယ်၊ အခု ငါပြောတာဟာ အကျဉ်းဆုံးသော 'နိဒါန်း'ပါပဲ၊ အကျယ်ကိုသိချင်ရင် မဟာဗုဒ္ဓဝင်တတိယတွဲမှာ ရှာကြည့်ပေရော့၊ ကဲ ... ဆက်ဖတ်လိုက်ပါဦး"

"တံ ပရိတ္တံ=ထိုမဟာပ္ပလမျိုး၊ အကျိုးအာနိသံသ၊ ကြီးမား လှသော၊ ရတနသုတ်၊ ရွှေနှုတ်မြွက်ဖော်၊ ပရိတ်တော်ကို။ ယော=

http://www.dhammadownload.com



သီတင်းသုံးဖက်၊ သမဂ္ဂပေါင်း၊ သူတော်ကောင်းတို့။ မယံ= ငါတို့သည်။ ဘဏာမ=သဒ္ဒါမပျက်၊ အနက်မယိမ်း၊ ဘေးခပ်သိမ်းတို့၊ ကင်းငြိမ်းစိမ့်ငှာ၊ ရွတ်ဖတ် သရဇ္ဈာယ်ကြပါကုန်အံ့။"

http://www.dhammadownload.com



# ရတနာဆိုတာ နှစ်သက်စရာ, မြတ်နိုးစရာ

"ကဲ ... 'ရတနသုတ် နိဒါန်း' ပြီးခဲ့ပြီ။ အခု 'တရားကိုယ်' ကို ကောက်ကြစို့ရဲ့။ ဆက်ဖတ်ပါကွာ"

"ဘုမ္မာနိ=နိမ္မာန်ဘုံဆောင်၊ ဂုဏ်ရောင်ကျက်သရေ၊ ဘုန်းမိုးဝေ လျက်၊ မြေ၌တည်ကုန်သော။ ယာနိဘူတာနိဝါ = အကြင် ဘုမ္မစိုး, ရုက္ခစိုး၊ တန်ခိုးကြီးမြတ်၊ စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့ သည် လည်းကောင်း။ အန္တလိက္ခေ = တန်ခိုးဂုဏ်ရောင်၊ ဘုံဆောင်ကွန့်ဝဲ၊ ပန်းဆိုင်းဆွဲသကဲ့သို့၊ လွန်ကဲက္လဒ္ဒိပါဒ်၊ ကောင်းကင်ရပ်၌။ ဠိတာနိ= အာကာလွှမ်းမိုး၊ အုပ်စိုးတည်နေကြကုန်သော။ ယာနိဘူတာနိဝါ= အကြင် ယာမာ အစ၊ အကနိဋ္ဌ အဆုံး၊ ပေါင်းရုံးများစွာ၊ နတ်, ဗြဟ္မာ တို့သည် လည်းကောင်း။ က္လမ = ဤ ပရိတ်တော်မြတ် ရွတ်ဖတ် သရဇ္ဈာယ်ရာ အရပ်သို့။ သမာဂတာနိ=အညီအညာ စည်းဝေးလာ ကြကုန်၏။"

"အဲဒီနား ခဏရပ်ဦးကွယ်။ မြတ်စွာဘုရားသခင်က အာနန္ဒာ မထေရ်ကို ရတနသုတ်ပရိတ် ဟောပြ,သင်ပေးတော်မူသည့်အခါ နတ်, ဗြဟ္မာအပေါင်းတို့ ညီညာဖြဖြ ရောက်လာကြခြင်းကို ဟော တော်မူတာဖြစ်တယ်။ အဲဒီမှာ တို့တစ်တွေ ဗဟုသုတ မှတ်သားစရာ တစ်ခုကို ကောက်ယူနိုင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ နတ်ပြည် ခြောက်ထပ်ဆိုလျှင် ကောင်းကင်မှာချည်းပဲရှိကြတာချည်းပဲ လို့ ထင် တတ်ကြတယ်လေ။ စင်စစ်အားဖြင့်တော့ စတုမဟာရာဇ်နှင့် တာ ဝတိံသာ ဆိုတဲ့ နတ်ပြည်နှစ်ထပ်က မြင်းမိုရ်တောင်ပေါ်မှာ ရှိကြတာ

http://www.dhammadownload.com



မို့ မဟာပထဝီမြေကြီးနဲ့မကင်းတဲ့အလျောက် ဘုမ္မစိုးနတ်တို့ အတွင်းမှာ ပါဝင်ပါတယ်တဲ့။ စတုမဟာရာဇ်လို့လည်း ခေါ်တယ်။ စတုလောကပါလ လို့လည်း ခေါ်တယ်။ အဲဒီသိကြားမင်းရဲ့ နတ် စစ်သူကြီး လေးယောက်တို့၏ ဘုံဗိမာန်များဟာ မြင်းမိုရ်တောင် ခါးပန်းမှာ တည်ရှိကြပါတယ်။ မြင်းမိုရ်တောင်ရဲ့ အရှေ့မျက်နှာမှာ 'ဓတရဋ္ဌ နတ်မင်းကြီး' နေပါတယ်။ မြင်းမိုရ်တောင်ရဲ့ တောင်ဘက်အရပ်မှာတော့ 'ဝိရုဠ္ဟက နတ်မင်းကြီး' နေပါတယ်။ အနောက်မျက်နှာ အရပ်မှာတော့ 'ဝိရူပက္ခ နတ်မင်းကြီး' နေပါတယ်။ မြောက်ဘက် မျက်နှာမှာ 'ကုဝေရ နတ်မင်းကြီး' နေပါသတဲ့။ အဲ ... မြင်းမိုရ်တောင်ထိပ်မှာတော့ သိကြားမင်းစံရာ တာဝတိံသာ နတ်ပြည် ရှိပါတယ်"

"ကျွန်တော် သတိရပြီ ဘဘ၊ ဘဘ တစ်ခါပြောခဲ့ဖူးတယ်၊ မြတ်စွာဘုရားဟာ မယ်တော်မိနတ်သားကို အဘိဓမ္မာတရားဟောဖို့ ကြွရာမှာ မြင်းမိုရ်တောင်ကြီးက မြတ်စွာဘုရားရဲ့ ခြေဖဝါးအောက် ငုပ်လျှိုးပြီးပင့်ချီပေးလိုက်တာနဲ့တာဝတိံသာနတ်ပြည်ရဲ့တံခါးဝ ရောက်သွားတယ် ဆိုတာလေ"

"အေး ..ဟုတ်တယ်။ 'သက်မရှိသည့်၊ ဂီရိဗဟို၊ တောင်မြင်းမိုရ်မှ လည်း၊ လိုတော်လိုက်ကာ၊ ညွတ်ငိုက်လာရခြင်းတည်း ဟူသောယတ္တကာမဝသာယိတာ' ဆိုတဲ့ တန်ခိုးတော်တစ်ပါးပေါ့။ ဒါ့ကြောင့် တာဝတိံသာ နတ်ပြည်ဟာ မဟာပထဝီမြေကြီးရဲ့ အသိုက်အဝန်းမှာ ရှိနေတာမို့ 'ဘုမ္မစိုး' ဆိုတဲ့ 'ဘုမ္မာဒေဝ' အမည်နာမထဲမှာ အကျုံးဝင်နေပါသတဲ့။ ကျန်တဲ့ 'ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီ' ဆိုတဲ့နတ်ပြည်လေးထပ်နှင့် အကနိဋ္ဌဗြဟ္မာဘုံတို့ကတော့ မဟာပထဝီမြေကြီးနှင့် အငြိအစွန်းမရှိ၊ အတွယ်အတာ မရှိတဲ့ (အန္တလိက္ခေ)ကောင်းကင်မှာ မိမိတို့၏တန်ခိုးအာနုဘော်ဖြင့် ပန်းဆိုင်းဆွဲသကဲ့သို့ အသီးသီး ရပ်တည်နေကြပါသတဲ့။ အကနိဋ္ဌ ဗြဟ္မာဘုံ

http://www.dhammadownload.com



လည်း ထိုနည်းလည်းကောင်းပဲ။ ဒါ့ကြောင့် သူတို့ကိုတော့ အာကာသစိုး=အာကာသဒေဝလို့ မှတ်ယူကြရမှာဖြစ်တယ်တဲ့။ ဟုတ်ပလား"

"ဟုတ်ကဲ့ပါ ဘဘ"

"ဒါဖြင့် ဆက်ဖတ်ကွာ"

"သဗ္ဗေဝ = အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘူတာ=ထိုဘုမ္မစိုး,ရုက္ခစိုး,အာကာသစိုး၊ တန်ခိုးကြီးမြတ်၊ အနတ်နတ်တို့သည်။ သုမနာ=နှစ်သက် ရွှင်ပျ၊ ဝမ်းမြောက်ကြကုန်သည်။ ဘဝန္တု = ဖြစ်ပါစေကုန်သတည်း။

အထောပိ= ထိုမှတစ်ပါး၊ အထူးအားဖြင့်လည်း။ ဘာသိတံ = ရှင်တော်ဘုရား၊ ဟောကြားမြွက်ဖော်၊ ပရိတ်တော်ကို။ သက္ကစ္စ= အရိအသေ အလေးအမြတ်ပြု၍။ သုဏန္တု= အာရုံတစ်ပါး၊ စိတ်မသွားစေဘဲ၊ မှတ်သား နာခံကြစေကုန်သတည်း။"

"အဲဒါ ပတ်ဝန်းကျင်မှာ ရောက်လာကြတဲ့ နတ်,ဗြဟ္မာ တို့ကို မြတ်စွာဘုရားက နှုတ်ခွန်းဆက်သ,တဲ့ သဘောပဲ ဖြစ်တယ်။ ဗုဒ္ဓ ဟောကြားမည့် တရားတော်ကို ရိုရိုသေသေ, လေးလေးနက်နက် အာရုံစိုက်၍ နာကြားကြရန် သတိပေးနှိုးဆော်တာလည်း ဖြစ်တယ်၊ တစ်ခါတစ်ရံ ဗုဒ္ဓကိုယ်တော်ဟာ တရားမဟောခင် 'ယခု ငါဟောမယ့် တရားတော်ကို အထူးဂရုစိုက်၍နာယူကြကုန်လော့'လို့ သတိပေးတာမျိုးလည်း ရှိပါတယ်"

"ကျွန်တော် သဘောပေါက်တယ် ဘဘ၊ ဆရာသမား မိဘများက အရေးကြီးတဲ့ ဩဝါဒစကားမျိုး ပြောတော့မည့်အခါ ကျွန်တော်တို့ကို 'သေသေချာချာ နားထောင်ကြဟဲ့' လို့ ကြိုပြီး ပြောတာမျိုး ပေါ့နော်"

"အေး ... ဟုတ်တယ်၊ လေးလေးနက်နက် စူးစူးစိုက်စိုက် နားမထောင်ဘဲ မိမိအာရုံက ဟိုသည် တခြား လွင့်ပါးနေလျှင် အဖိုးတန်

http://www.dhammadownload.com



တဲ့ ဆုံးမစကားတွေကို မှတ်မိနိုင်တော့မှာ မဟုတ်ဘူးလေ။ ဒီသဘော ကို ပြချင်လို့ ဆရာတော်ဘုရားက 'အာရုံတစ်ပါး မထွေပြားဘဲ မှတ် သား နာယူကြကုန်လော့ 'လို့ အနက်ဖွင့်ထားတော်မူတာပါပဲ။ ကဲ ... နောက်ဆက်ရအောင်"

"ဘူတာ=တန်ခိုးဣဒ္ဓိပါဒ်၊ ကြီးမြတ်ထင်လင်း၊ အိုနတ်မင်းတို့။ တုမှေ= သင် နတ်မင်းတို့သည်။ ဓမ္မသဝနတ္ထံ=ရှိသေသော စိတ်ထား ဖြင့်၊ ပရိတ်တရားတော်မြတ်ကိုနာခြင်းငှာ။ ယသ္မာ=အကြင်ကြောင့်။ သမာဂတာ= အညီအညာ စည်းဝေးလာကြကုန်၏။ တသ္မာဟိ– တသ္မာ ဧဝ=ထို့ကြောင့်သာလျှင် ။ သဗ္ဗေ=ခပ်သိမ်းကုန်သော။ တုမှေ =သင်နတ်မင်းတို့သည်။ ဘာသိတံ=ရှင်တော်ဘုရား၊ ဟောကြား မြွက်ဖော်၊ ပရိတ်တော်ကို။ နိသာမေထ = ရိုရိုသေသေ၊ လေးလေး မြတ်မြတ်၊ စွဲကပ်အာရုံ၊ မှတ်သား နာခံကြပါကုန်လော့။

မာနုသိယာ=စိတ်စေတနာ၊ သဒ္ဓါမညှိုး၊ မြင့်မြတ်သော လူမျိုး ၌ ဖြစ်သော။ ပဇာယ=သိတတ်လိမ္မာ၊ သတ္တဝါအား။ မေတ္တံ= အေး ကြည်လှစွာ၊ ရေမေတ္တာကို။ ကရောထ=ညီညာဝိုင်းအုံ၊ သွန်းဖျန်းကြ ပါကုန်လော့။ ယေမနုဿာ=စိတ်စေတနာ၊ သဒ္ဓါပြောထူ၊ အကြင်လူ တို့သည်။ တုမှေ= သင်နတ်သားတို့ကို။ ဥဒ္ဒိဿ= ရည်ရော်သမှု၊ အာရုံပြု၍။ ဒိဝါစ=နေ့၌လည်းကောင်း။ ရတ္တော စ= ညဥ့်၌ လည်း ကောင်း။ ဗလိံ=ဗလိနတ်စာ၊ ပူဇော်သက္ကာကို။ ယသ္မာ = အကြင့် ကြောင့်။ ဟရန္တိ= ပူဇော်ပ,သ၊ တင်မြှောက်ကြကုန်၏။ တသ္မာဟိ = တသ္မာဧဝ–ထို့ကြောင့်သာလျှင်။ တုမှေ=သင်နတ်မင်းတို့က။ နေ မနုဿေ=ထိုလူတို့ကို။ အပ္ပမတ္တာ= နေ့နေ့ညည၊ မမေ့ကြကုန်သည် ဖြစ်၍။ ရက္ခထ=အန္တရာယ်ဘေးဘျမ်း၊ မျှေးမသန်းဘဲ၊ အေးချမ်းစေ ကြောင်း၊ မေတ္တာလောင်း၍၊ အပေါင်းညီညာ စောင့်ရှောက်ကြပါ ကုန်လော့။"

http://www.dhammadownload.com



"အဲဒါက ကြွရောက်လာကြတဲ့ နတ်အပေါင်းကို မြတ်စွာဘုရားက တိုက်တွန်းတော်မူတာ ဖြစ်တယ်။ ဘယ်လို တိုက်တွန်းတော်မူသလဲ။ ပရိတ်တော်ကို ရိုရိုသေသေ လေးလေးမြတ်မြတ် မှတ်သားကြပါတဲ့။ စိတ်စေတနာ သဒ္ဓါတရားနှင့် ပြည့်စုံသော သိတတ်လိမ္မာသူတို့အား မေတ္တာထားကြပါတဲ့။ ဒါ့ကြောင့် သူတို့၌ ဘေးအန္တရာယ်ကင်းအောင် စောင့်ရှောက်ပေးကြပါတဲ့"

"ဒီလိုဆိုတော့ စိတ်စေတနာ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ သိတတ်လိမ္မာသူတွေကိုသာ မေတ္တာထားကြပါလို့ ပြောသလို ဖြစ်နေတယ်နော်"

"အေးလေ၊ စိတ်စေတနာ သဒ္ဓါတရားမရှိတဲ့ အကုသိုလ်သမား ဒုစရိုက်သားတို့ကို မေတ္တာထားဖို့က အခက်သားပဲ။ တို့ရပ်ထဲ, ရွာထဲ တောင်ကြည့် လူမိုက် လူရမ်းကား ဆိုရင် လူတွေက ရှောင်ချင်ကြတယ် မဟုတ်လား။ နတ်ဒေဝတာများကလည်း သူတော်ကောင်း များကိုသာ မေတ္တာထားချင်တာပေါ့။ 'သူတော်ကောင်း နတ်ကောင်းမ' ဆိုတဲ့ စကားတောင် ရှိသေးတယ် မဟုတ်လား။ အဲဒီစကားနဲ့ ပတ်သက်ပြီး ပြောစရာတစ်ခုရှိသေးတယ်။ ပရိတ်ရွတ်သူရဲ့ အင်္ဂါသုံးပါး ဆိုတာ ပြောခဲ့ပြီးပြီနော်။ အဲသလိုပဲ ပရိတ်နာသူမှာလည်း အင်္ဂါ လေးရပ် နဲ့ ပြည့်စုံရမယ်တဲ့"

(၁) အပြစ်ကြီးလေးသော ပဉ္စာနန္တရိယကံ မဖြစ်ခြင်း။

(၂) နိယတ မိစ္ဆာဒိဋ္ဌိ မဟုတ်ခြင်း။

(၃) ပရိတ်တော်ဂုဏ်ကျေးဇူးကို သက်ဝင်,ယုံကြည်ခြင်း။

(၄) ပရိတ်ပါဠိတော်ကို ရိုသေ လေးစားစွာ နာယူခြင်း။

အကျဉ်းမှတ်ဖို့ကတော့

'အာနန္တရိ၊ ကံပဋိ၊ မရှိ တစ်အင်္ဂါ။

နိယတဒိဋ္ဌိ၊ ကိလေသိ၊ မရှိ တစ်အင်္ဂါ။

http://www.dhammadownload.com



သဒ္ဓါတရား၊ ပြည့်စုံငြား၊ မှတ်သား တစ်အင်္ဂါ။

ရှိသေလေးစား၊ နာယူငြား၊ မှတ်သား တစ်အင်္ဂါ။

ဤသည်လေးပါး၊ ပြည့်စုံငြား၊ နာကြား ဘေးကင်းစွာ' တဲ့..။

ဒါက မင်းကွန်းတိပိဋကဆရာတော်၏ မဟာဗုဒ္ဓဝင်မှာ ပြထား တာပါ"

"ဟုတ်ပါပြီ ဘဘ၊ နောက်တစ်ခုက သူတို့ကို နေ့စဉ်ညတိုင်း ဗလိနတ်စာ ကျွေးနေပါတယ်လို့ ဆိုတဲ့စကားနဲ့ညီအောင် မပြုနိုင်ရင် မစောင့်ရှောက်ကြတော့ဘူးလား"

"ဒါက ဒီလိုရှိတယ်ကွ။ ဗလိနတ်စာဆိုတာ သူတို့ကို အပြစ် ကင်းသော စားဖွယ် သောက်ဖွယ်များနှင့် ပူဇော်ပသတာမျိုး လည်း ရှိတယ်။ မိမိတို့ ပြုလုပ်နေမြဲဖြစ်တဲ့ ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်များကို သူတို့အား အမျှအတန်း ပေးဝေတာမျိုး လည်း ရှိတယ်။ အဲဒီပော့ မိမိတို့က နေ့နေ့ညည ကောင်းမှု ကုသိုလ် ပြုလုပ်ပြီး အမျှအတန်းပေးဝေရင်လည်း ဗလိနတ်စာထဲမှာ အကျုံး ဝင် ပါတယ်။ မင်းသဘောပေါက်ပါတယ် နော်"

"သဘောပေါက်ပါပြီ ဘဘ"

"ကဲ...မြတ်စွာဘုရားက ဤကဲ့သို့ စကားမျိုးဟောကြားပြီးသည့် နောက် အာနန္ဒာမထေရ်အား သစ္စာစကားဆိုရန် ဟောပြသင်ကြား ပေးပုံကို ဖတ်ကြည့်ပါဦးကွာ"

"ဣခဝါ=ဤလူ့ပြည်၌လည်းကောင်း။ ဟုရံဝါ=နဂါးပြည်,ဂဠုန် ပြည် စသည်၌ လည်းကောင်း။ သဂ္ဂေသုဝါ = မဟာပုညဝန်၊ ဂုဏ် တံခွန်ကြောင့်၊ ဘုံခွန်ရပ်တည်၊ လှပ်ခြည်ပျို့ပျို့၊ နတ်ပြည်တို့၌ လည်းကောင်း။ ယံကိဉ္စိ=အလုံးစုံသော။ ဝိတ္တံ=ပီတိအစွမ်း၊ ဆီထိဂွမ်း သို့၊ ရွှင်လန်းနှစ်သက်၊ စုံမက်မြတ်နိုးခြင်းကို ဖြစ်စေတတ်သော။ ပဏီတံ=ဣဋ္ဌကန္တ၊ မနာပဖြစ်၍၊ ဌာနအလိုက်၊ ဖိုးထိုက်ဖိုးတန်၊

http://www.dhammadownload.com



တန်ခိုး လျှံသား၊ မျိုးမှန်ဇာတိ လောကီမင်္ဂလာ၊ ထူးမြတ်စွာသော။ ယံရတနံ= အကြင် ရွှေ, ငွေ, ပုလဲ, ပတ္တမြား၊ စသောအားဖြင့်၊ များပြားလှစွာ၊ ကာမဘောဂီ၊ သောဘဏီဖြစ်သော လောကီဥစ္စာ ရတနာသည်။ အတ္ထိ=ရှိ၏။

တထာဂတေန=အတိသောဘဏာ၊ မဏိဇောတရ၊ တြိလောက အန္တဂူ၊ သယမ္ဘူဖြစ်၍၊ စံတူပမာ၊ မရှိသာအောင်၊ ရတနာခေါ်ဖို့၊ သမ္မာတော် ပျို့လှသော ငါတို့ကျေးဇူးတော်ရှင် မြတ်စွာဘုရားနှင့်။ သမံ = တူမျှသော။ နံရတနံ=ထိုရွှေ,ငွေ စသော လောကီဥစ္စာ ရတနာ သည်။ နေ‌ာအတ္ထိ=မရှိ။

က္လဒမ္ပိဗုဒ္ဓေ–အယံဇေဝဗုဒ္ဓေါ=ဇာတိ,အာဏာ၊ မဟာဝိသယ၊ တိ ဌာန လောကဓာတ်၊ နတ်နှင့်တကွသော လူအပေါင်းတို့၊ ညွတ် ပြောင်း အဥ္ဇလီ၊ တင်ချီရှိခိုး၊ ပညာတော် ကြို့ရသော၊ ဤငါတို့ ကျေးဇူးတော်ရှင် မြတ်စွာဘုရားသည်သာလျှင်။ ပဏီတံ= ဝိသိဋ္ဌ တရ၊ အတိက္လဋ္ဌမောဠီ၊ သောဘဏီဖြစ်၍၊ လောကီဥစ္စာ၊ ရတနာ တို့ထက်၊ သာလွန်မြင့်မြတ်သော။ ရတနံ = ပစ္စုပ္ပန်နှင့်၊ သံသရာ ကောင်းကျိုး၊ တိုးထက်တိုးအောင်၊ မြတ်နိုးဖွယ်ရာ၊ ကိုးကွယ်ရာ သော မင်္ဂလာကြီး အစစ်၊ လောကုတ္တရာ ရတနာတော်ကြီး ဖြစ်ပါ ပေ၏။

**ဧတေနသစ္စေန=ဤသို့ မဖောက်မပြန်၊ အမှန်ကိုသာ ဆိုရသော** သစ္စာကြောင့်။ ပါဏီနံ=သတ္တဝါတို့အား။ သုဝတ္ထိ=ဘေးရန်ဟူ၍၊ မြူမငွေ့ဘဲ၊ ပြကတေ့ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ၊ လောကီ, လောကုတ္တရာ၊ မင်္ဂလာ အစီးအပွားသည်။ ဟောတု= ဖြစ်ပါစေ သတည်း။"

"မြင်းခြံ ကိုးဆောင်တိုက်ဆရာတော်ကြီးက အနက်ဖွင့်ပေးတော် မူပုံဟာ တို့တစ်တွေ မြန်မာစကားနဲ့ အများနားလည်လောက် ပါ

http://www.dhammadownload.com



တယ်။ မြတ်စွာဘုရား ဟောတာလည်း ကြည့်ဦးလေ၊ လူ့ပြည်, နဂါးပြည်, ဂဠုန်ပြည်,နတ်ပြည်တို့မှာ ရှိသမျှရတနာတို့ထက် ဗုဒ္ဓ ရတနာက အဖိုးတန်တယ်ဆိုတဲ့ စကားမှာ အဆင့်ဆင့် ပြထားပုံကို သတိပြုရမှာ ဖြစ်တယ်။ လူ့ပြည်မှာဆိုရင် သူဌေး, သူကြွယ်တို့ ပိုင်ဆိုင်တဲ့ ကျောက်သံ ပတ္တမြားတွေထက် ဧကရာဇ်, ပဒေသရာဇ်, စကြဝတေး, မန္ဓာတ်မင်းတို့၏ ပတ္တမြားစသော ရတနာများက အတိုင်းမသိ အဖိုးထိုက်တန်တယ်မဟုတ်လား။ အဲသလို လူသား,လူမင်းတို့၏ ရတနာများထက် တန်ခိုးကြီးသောနဂါးမင်းတို့၏ရတနာက ပို၍ အဖိုး ထိုက်တန်ပါတယ်တဲ့။ ထိုနဂါးမင်းတို့၏ ရတနာများထက် ဂဠုန်မင်းရဲ့ ရတနာများက ပို၍,ပို၍ အဖိုးထိုက်တန်ပါတယ်။ နတ်,သိကြားမင်းတို့ရဲ့ ရတနာများကတော့ လူမင်း,နဂါးမင်း,ဂဠုန်မင်း တို့၏ ရတနာများထက် သာလွန် ပိုမို နှစ်သက်စရာ ခုံမင်စရာ အဖိုးတန်များ ဖြစ်ကြပါတယ်။ ထိုကဲ့သို့သော ရတနာ့ရတနာများစွာတို့ထက် ဗုဒ္ဓရတနာသည် အတိုင်းမသိ နှိုင်းယှဉ်မှု မရှိလောက်အောင် ပစ္စုပ္ပန်သံသရာအတွက် အနဋ္ဌရတနာကြီးဖြစ်ပါပေတယ်။ ဤစကားသည် မှန်ပါ၏။ ဤမှန်ကန်သောသစ္စာစကားကြောင့် သတ္တဝါအများ ကျန်းမာ ချမ်းသာကြပါစေ။ အဲသလို နားလည်ရမှာပေါ့ ...

ရတနာ ဟုဆိုရသော သဘောအနက်က ငါးမျိုးရှိပါသတဲ့။

(၁) အကြင်အရာသည် အရှိအသေ အလေးအမြတ် ပြုအပ်၏။

(၂) အဖိုးများစွာလည်း ထိုက်တန်၏။

(၃) အတုလည်း မရှိ။

(၄) တွေ့မြင်ဖို့လည်း ခဲယဉ်း၏။

(၅) မြတ်သောသူတို့သာ သုံးဆောင်ရာလည်း ဖြစ်၏။

အကျဉ်းမှတ်ဖို့က ...

http://www.dhammadownload.com



'လေးစားမြတ်နိုး၊ အဖိုးထိုက်တန်
တုမဲ့ဟန်နှင့်၊ မြင်ရန်ခဲလတ်
သူမြတ်တို့သာ၊ သုံးဆောင်ရာ
ရတနာ အနက်ငါး' လို့ သပြေကန်ဆရာတော်က ပရိတ်ကြီး နိဿယသစ်မှာ ပြထားပါတယ်"

"ဟုတ်ကဲ့ဘဘ။ နားလည်နိုင်လောက်ပါပြီ။ ဆရာတော်ကြီးရဲ့ အဖွင့်စာသားထဲ တချို့ စကားလုံးတွေကို ပို၍ ကြည်ညိုချင်ပါတယ်။ 'ဣဋ္ဌ, ကန္တ, မနာပ ဖြစ်၍' ဆိုတဲ့ အဓိပ္ပာယ်ကို ပြောပေးပါလား ဘဘ"

"ဣဋ္ဌ = ဆိုတာက အလိုရှိအပ်သော။ ကန္တ = ဆိုတာက စုံမက်အပ်သော။ မနာပ = ဆိုတာက ချီးမွမ်းအပ်သော။ သောဘဏာ = ဆိုတာက တင့်တယ်ခြင်းပေါ့။ 'ဇာတိအာဏာ၊ မဟာဝိသယ၊ ဟိဋ္ဌာနလောကဓာတ်' ဆိုတာက 'ဇာတိခေတ်,အာဏာခေတ်,ဝိသယ ခေတ်' ကိုဆိုတာကွဲ့။ အဥ္ဇလီ(အဉ္ဇလိ) ဆိုတာ လက်အုပ်ချီ၍ ရှိခိုးခြင်း။ အဲသလောက်သာ မင်းမသိတာ ရှိမှာပါကွာ၊ ဟုတ်လား၊ ကဲ ... တရားရတနာရဲ့ ဂုဏ်တော်လာတော့မယ်၊ ဆက်ကွာ"

"ခယံ =ကိလေသာစက်မီး၊ ရန်မက်ကြီးတို့၏၊ ပျက်စီး ကုန်ခန်းရာလည်းဖြစ်ထသော။ ဝိရာဂံ = ကာမဂုဏ်တပ်၊ အာရုံငတ်တို့၏ ပြတ်ရာ,ကင်းရာလည်းဖြစ်ထသော။ အမတံ=ဘယ်ခါသမယ၊ ဘယ်ကာလမှာ၊ နာရချည်သေး၊ အိုချည်သေးနှင့်၊ ဘယ်ဘေး ဘယ် ဒဏ်၊ ခံရဦးအံ့၊ မထိတ်မလန့်ရဘဲ၊ ဗိမာန်တရထည်၊ အမြဲတည်လျက်၊ မဖြည်မသွေ၊ အရှည်နေရသဖြင့်၊ စုတေပျက်စီးခြင်းလည်း မရှိထသော။ ပဏီတံ = နိစ္စရူပ၊ ဂူပသမော၊ သဘောဂမ္ဘီ၊ သန္တိလက္ခဏာ ဂုဏ်အင်္ဂါတို့နှင့် စုံလင်စွာ ညီညွတ်၍၊ အထွတ်အမြတ်ဆုံးကြီးလည်း ဖြစ်ထသော။ ယံ နိဗ္ဗာနံ= အကြင်သုံးတဏှာမှ၊ ရုန်းခါလည်း ထွက်

http://www.dhammadownload.com



ဟုန်းခါတက်သော၊ ရာဂဂ္ဂိကြီး၊ ဆယ့်တစ်မီးကိုလည်း၊ အပြီး ငြိမ်းသတ်၊ ထိုသကတ်ကြောင့်၊ ပရမတ်တံဆိပ်၊ ကွင်းကွင်းနှိပ်ရသော၊ နိဗ္ဗာန်တရားတော်မြတ်ကို။သမာဟိတော=မယိမ်းမယိုင်၊ ကျောက်စာတိုင်ကဲ့သို့၊ ကြံ့ခိုင်စွာဘိ၊ တည်ကြည်ငြိမ်သက်သော စိတ်ရှိတော်မူသော။ သကျမုနိ=သာကီဝင်မျိုး၊ တန်ခိုးဘုန်းတမ်း၊ မဆုံးခမ်းသဖြင့်၊ နှုန်းနှုန်းသူတို့၊ ဦးနှိမ်ကြို့ရသော ငါတို့ ကျေးဇူးတော်ရှင် မြတ်စွာဘုရားသည်။ အဇ္ဈဂါ=နိဿရဏတ္ထ၊ စသည်လေးနက်၊ ထွေး မယှက်ဘဲ၊ လက်ဝယ်တင်ထား၊ ပတ္တမြားကဲ့သို့၊ ပိုင်းခြားကုန်စင်၊ သိမြင်တော်မူလေပြီ။

တေန ဓမ္မေန=ထိုအထူးထူး၊ ကျေးဇူးတော်မြတ်၊ ဂုဏ်တော်မြတ်တို့ဖြင့်၊ ကပ်ဆုံးကမ္ဘာ၊ ပတ်လုံးကြာအောင်၊ အံ့အာသရဲ၊ လွန်ကဲချီးမွမ်း၍ မကုန်နိုင်သော နိဗ္ဗာန်တရားတော်မြတ်နှင့်။ သမံ=တူမျှသော။ ကိဥ္စိ=တစ်စုံတစ်ခုသော တရားသည်။ န-အတ္ထိ=မရှိ။

ဣဒမ္ပိဓမ္မေ-အယံဇဝဓမ္မော = ဤ သုံးတဏှာမှ၊ ရုန်းခါလည်းထွက်၊ ဟုန်းခါတက်သော၊ ရာဂဂ္ဂိကြီး၊ ဆယ့်တစ်မီးကိုလည်း၊ အပြီးငြိမ်းသတ်၊ ထိုသကတ်ကြောင့်၊ ပရမတ်တံဆိပ်၊ ကွင်းကွင်းနှိပ်ရသော နိဗ္ဗာန်တရားတော်သည်သာလျှင်။ ပဏီတံ=ဝိသိဋ္ဌတရ-အတိဣဋ္ဌမောဠိ၊ သောဘဏီ ဖြစ်၍ လောကီဥစ္စာ၊ ရတနာတို့ထက်၊ သာလွန်မြင့်မြတ်သော။ ရတနံ=မင်္ဂလာကြီးအစစ်၊ လောကုတ္တရာရတနာတော်ကြီး ဖြစ်ပါပေ၏။

ဧတေနသစ္စေန= ဤသို့မဖောက်မပြန်၊ အမှန်ကိုသာ ဆိုရသောသစ္စာကြောင့်။ ပါဏိနံ = သူတော်ကောင်းတို့အား။ သုဝတ္ထိ=လောကီလောကုတ္တရာ၊ မွန်မြတ်သော မင်္ဂလာအစီးအပွားသည်။ ဟောတု=ဖြစ်ပါစေသတည်း။"

"မြတ်စွာဘုရားသခင် ထုတ်ဖော်,ဟောကြားခဲ့သမျှ တရားတော်

http://www.dhammadownload.com



တို့ဟာ 'သုတ်, ဝိနည်း, အဘိဓမ္မာ' ဟူ၍ ပိဋကတ်အားဖြင့် ၃ ပုံ ရှိခဲ့ပါတယ်။ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင်ရှိခဲ့ပါတယ်။ အဲသလို အကျယ် ဝိတ္ထာရအားဖြင့် များပြားကျယ်ဝန်းစွာ ဟောတော်မူခဲ့တဲ့ ရည်ညွှန်းချက်ကတော့ 'ဧကော ဓမ္မော' တစ်ခုတည်းသော တရားအရသာကို ရည်ညွှန်းတော်မူခဲ့ပါကယ်။ အဲဒီတစ်ခုတည်းသော တရားအရသာဆိုတာက နိဗ္ဗာန်ဆိုတဲ့ တရားတော်မြတ်ပါပဲ။

ဂင်္ဂါဝါဠု သဲလုံးနှင့်အမျှ ဗုဒ္ဓအသချေ်တို့ ရည်ညွှန်းဟောကြားတော်မူတဲ့ တရားကလည်း နိဗ္ဗာန်ဆိုတဲ့ တစ်ခုတည်းသော ဓမ္မရသ ဖြစ်ပါတယ်။ အဲဒီတော့ စဉ်းစားကြည့်လိုက်စမ်းပါကွယ်။ 'ဂင်္ဂါဝါဠု သဲစုမက ပွင့်သွားတော်မူကြတဲ့ သဗ္ဗညုတ ဘုရားရှင်ဆိုတာ အရေအတွက် အားဖြင့် ဘယ်လောက်များမလဲ။ တွေးကြည့်လိုက်ပါဦး။ ကာလ, ဒေသ, ပုဂ္ဂလအနေနဲ့ အချိန်ကာလချင်းလည်း မတူကြဘူး။ အရပ်, ဒေသ, ပတ်ဝန်းကျင်ချင်းကလည်း မတူကြဘူး။ သက်တော်အားဖြင့်သော်လည်းကောင်း၊အမျိုး,ဇာတိအားဖြင့်သော်လည်းကောင်း တစ်ဆူနဲ့တစ်ဆူ မတူကြဘူး မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီလို တစ်ဆူနဲ့တစ်ဆူ မတူကွဲပြား, ခြားနားကြပေမယ့် ဖြည့်တော်မူခဲ့တဲ့ပါရမီချင်းကလည်းတူတယ်။ ကျင့်တော်မူခဲ့ကြတဲ့ ဗုဒ္ဓစရိယချင်းကလည်း တူတယ်၊ ရတော်မူခဲ့ကြတဲ့ အမြိုက်တရား ကလည်း တူတယ်။ အဲဒီအမြိုက်တရားက ဘာလဲဆိုတော့'နိဗ္ဗာန်'ပဲ။ 'နိဗ္ဗာန်'ဆိုတဲ့ တစ်ခုတည်းသော ပရမတ္ထတရားစစ်စစ်ကို တွေ့, သိ, ဆိုက်ရောက်, မျက်မှောက် ပြုတော်မူကြတာဟာ ဘုရား အဆူဆူတို့မှာ ထပ်တူထပ်မျှပဲ မဟုတ်လားကွယ်"

"ဟုတ်တယ်နော် ဘဘ"

"အဲသလိုစဉ်းစားကြည့်တော့မှ'နိဗ္ဗာန်'ဆိုတဲ့တရားဟာ 'မဖောက်

http://www.dhammadownload.com



မပြန်, အမှန်စင်စစ်' ဘယ်ခေတ် ဘယ်ကာလမှာမှ ပျောက်ကွယ်, ဆိတ်သုဉ်းသွားခြင်းမရှိတဲ့ တစ်ခုတည်းသော အမှန်တရားဆိုတာ ထင်ရှား နေတာပေါ့"

"ဟုတ်တယ် ဘဘရေ၊ သချာအယူအဆနဲ့ ပြောရင် အဖြေမှန် ဆိုတာဟာတစ်ခုတည်းပဲရှိတယ်၊ အဲဒီအဖြေဟာမှန်နေပြီဆိုရင်တော့ ဘယ်တက္ကသိုလ်က၊ ဘယ်ပုဂ္ဂိုလ်၊ ဘယ်ပါရဂူကြီးတွေကဘယ်နည်း မျိုးနဲ့ ဝိုင်းတွက်တွက် အဲဒီအဖြေပဲထွက်မှာပဲ၊ အံ့သြစရာကြီးနော်"

"အေး...ဟုတ်တာပေါ့။ ဒါကြောင့် နိဗ္ဗာန်ကို ပရမတ္ထသစ္စာ လို့ ခေါ်တာပေါ့။ ဗုဒ္ဓအဆူဆူတို့က 'ဓမ္မရတနာ' ရယ်လို့ မြတ်နိုးတော် မူခဲ့ကြတာပေါ့။ ဗုဒ္ဓရဲ့ဂုဏ်ကျေးဇူးတော်နဲ့ ဘွဲ့,နာမတော်တို့ကို လူ, နတ်,ဗြဟ္မာ,မဟာကဝိန်,သုခမိန် တို့မပြောနဲ့၊ ဗုဒ္ဓတစ်ပါး၏ ဂုဏ်ကို ဗုဒ္ဓတစ်ပါးက ဖွင့်ဆိုလို့တောင် မကုန်နိုင်ဘူးတဲ့။ အဲသလိုပဲ 'ဓမ္မ ရတနာ' ဆိုတဲ့ နိဗ္ဗာန်ရဲ့ ဂုဏ်ကျေးဇူး, ဘွဲ့, နာမ တို့ဟာ အများ အပြားရှိနေကြသည့်တိုင်အောင် ပြည့်စုံပြီလို့ မဆိုနိုင်ပါဘူး – တဲ့"

"အခု ရတနသုတ်မှာ ဖော်ပြထားသလောက်ပဲ ကြည့် ...

ခယ–ဆိုတာ ကိလေသာကုန်ခန်းပျက်စီးခြင်း။ ဝိရာဂ–ကာမ ဂုဏ်တည်းဟူသော ကိလေသာ မြူကင်းခြင်း။ အမတ – သေမှုကင်း ခြင်း။ ဝူပသမ–ငြိမ်းချမ်းခြင်း။ တဲ့"

"ဟုတ်ပါပြီဘဘ။ ကျွန်တော်သဘောပေါက်ပါပြီ။ ဒါနဲ့'အကြင် သုံးတဏှာမှ၊ ရန်းခါလည်းထွက်' ဆိုတာရယ်၊ 'ရာဂဂ္ဂိကြီး၊ ဆယ့် တစ်မီး' ဆိုတာရယ် အဲဒီအဓိပ္ပာယ်တွေကို ရှင်းပေးပါလား ဘဘ"

"သုံးတဏှာ – ဆိုတာဟာ 'သမုဒယသစ္စာ'ရဲ့ တဏှာသုံးမျိုးကွဲ့၊ ကာမတဏှာ,ဘဝတဏှာ,ဝိဘဝတဏှာ ဆိုတဲ့ တဏှာ သုံးမျိုးပေါ့။ ဓမ္မစကြာထဲမှာ ပါတယ်လေ။

ရာဂဂ္ဂိကြီး ဆယ့်တစ်မီး' ဆိုတာ မီးဆယ့်တစ်ပါးပေါ့ ....

http://www.dhammadownload.com



(၁) လောဘမီး = တပ်နှစ်သက်ရသဖြင့်ပူလောင်ခြင်း။
(၂) ဒေါသမီး = စိတ်ဆိုးရသဖြင့် ပူလောင်ခြင်း။
(၃) မောဟမီး = အဟုတ်,အမှန်ကို မသိရသဖြင့် ပူလောင်ခြင်း
(၄) ဇာတိမီး = ဘဝသစ်၌ဖြစ်ရသဖြင့်ပူလောင်ခြင်း။
(၅) ဇရာမီး = အိုမင်းရသဖြင့် ပူလောင်ခြင်း။
(၆) မရဏမီး = သေပျက်ရသဖြင့် ပူလောင်ခြင်း။
(၇) သောကမီး = စိုးရိမ်,ကြောင့်ကြရသဖြင့် ပူလောင်ခြင်း။
(၈) ပရိဒေဝမီး = ငိုကြွေးရသဖြင့် ပူလောင်ခြင်း။
(၉) ဒုက္ခမီး = ဒုက္ခဆင်းရဲကြောင့် မသာယာခြင်းဖြင့် ပူလောင်ခြင်း
(၁၀) ဒေါမနဿမီး = စိတ်ကိုမှီ၍ မသာယာသဖြင့် ပူလောင်ခြင်း။
(၁၁) ဥပါယာသမီး = စိတ်ပင်ပန်း,ဆင်းရဲရသဖြင့် ပူလောင်ခြင်း .. တဲ့"

"သြော် ... ဒါ့ကြောင့် ဆရာကြီး ဦးပြုံးချိုက 'တေဘုမ္မာ' သီချင်းထဲမှာ 'မီးဆယ့်တစ်ငြိမ်းရာ,ချုပ်ရာ× × နိဗ္ဗာန်ရောက်နိုင်ရာ × × မဂ်, ဖိုလ် ကြိုးစား ရအောင်ရှာ' လို့ ရေးခဲ့တာပဲကိုး။ အဲ ... 'အဇ္ဈဂါ နိဿရဏတ္ထ' ဆိုတာကော ဘာဘာ"

"သံသရာဝဋ်မှ လွတ်မြောက်ရာတွင် အကြီးအမှူးဖြစ်သော"

" 'ဝိသိဋ္ဌတရ အတိက္ကဋ္ဌ မောဠိ သောဘဏီ ဖြစ်၍' ဆိုတာကော ဘာဘာ"

" ဝိသိဋ္ဌတရ – ဆိုတာက အလွန်မြင့်မြတ်သော, အလွန်လိုလားဖွယ်ဖြစ်သော–တဲ့။

http://www.dhammadownload.com



အတိ ဣဋ္ဌ မောဋ္ဌိ၊ သောဘဏ–ဆိုတာ ဦးစွန်းဦးသျှောင် သင်းကျစ်သဖွယ် အလွန်လိုလားအပ်သည်ဖြစ်၍ တင့်တယ်လှသော – လို့ ဆိုလိုတယ်။ ကဲ .. ကျန်တဲ့ 'ဧတေနသစ္စ ဝဇ္ဇေန' အထိတော့ မင်းသိပြီး ဖြစ်ရောပေါ့"

http://www.dhammadownload.com

ရတနသုတ်
(၂)

## သုံးပါးလောက
## ဗုဒ္ဓရတနာ

"ဗုဒ္ဓသေဋ္ဌော = သမ္မာဗုဒ္ဓ၊ သမ္ဗုဒ္ဓတို့ထက်၊ ဥက္ကဋ္ဌဂုဏ်ကြီး၊ အစုံပြီးသဖြင့်၊ ချီးမွမ်းအံ့သြ၍၊ မဆုံးကုန်နိုင်သော၊ သုံးဘုံလုံးနတ်၊ အစိန္တေယျဘုရားမြတ်သည်။ ယံသမာဓိံ = အကြင်အထက်ရပ်၊ မဂ်အရဟတ်နှင့်၊ ဖက်စပ်လာဘိ၊ သမာဓိကို။ သုစိံ = ကိလေသာဟူ လျှင်၊ မြူမဝင်သဖြင့်၊ ဖြူစင်သန့်ရှင်းလှ၏ဟူ၍။ ပရိဝဏ္ဏယီ = ဂုဏ်ထူးထုတ်၍၊ ရွှေနှုတ်လှစ်ကြူ၊ ဟောကြားတော်မူလေပြီ။ ယံ သမာဓိံ= အကြင်သမာဓိကို။ အညံ=ပထမာဓိဂုဏ်း၊ မဂ်သိတိုင်း သား၊ အပိုင်းအခြားကို မလွန်ဘဲ သိသည်ဖြစ်၍။ အာနန္တရိကံ=မိမိ ကွယ်ပ၊ အခြားမဲ့ကာလဌ်၊ မုချဆတ်ဆတ်၊ အကျိုးကိုပေးတတ်၏ ဟူ၍။ ဗုဒ္ဓါ = အဆူဆူသော ရှင်တော်ဘုရားတို့သည်။ အာဟု = သဘောသွားတူ၊ ဟောကြားတော်မူကုန်ပြီ။ တေနသမာဓိနာ=ထိုမဂ် အရဟတ်၊ ဖက်စပ်လာဘိ၊ သမာဓိနှင့်။ သမော=ရူပ, အရူပ ဟူသမျှ သော၊ တူရစွာဘိ၊ သမာဓိသည်။ နဝိဇ္ဇတိ=မရှိ။ ဣဒမ္ပိဓမ္မေ-အယံ ဇဝဓမ္မော=ဤအထက်ရပ်၊ မဂ်အရဟတ်နှင့်၊ ဖက်စပ်လာဘိ၊ သမာဓိ သည်သာလျှင်။ ပဏီတံ= လောကီဥတ္တာ ရတနာတို့ထက်၊ သာလွန် မြင့်မြတ်သော။ ရတနံ=ပစ္စုပ္ပန်နှင့် သံသရာကောင်းကျိုး၊ တိုးထက် တိုးအောင်၊ မြတ်နိုးဖွယ်ရာ၊ ကိုးကွယ်ရာသော လောကီ, လောကုတ္တ ရာ မွန်မြတ်စွာသော မင်္ဂလာ အစီးအပွားသည်။ ဟောတု= ဖြစ်ပါ စေသတည်း။"

http://www.dhammadownload.com



"အဲဒါက မြင်းခြံ ကိုးဆောင်တိုက် ဆရာတော်ဘုရားရဲ့ အနက်၊ မြန်မာပြန်ပေါ့ကွယ်။ အဲဒီမြန်မာပြန်မှာ 'ဗုဒ္ဓသဒ္ဒေါ' ဆိုတဲ့ အဓိပ္ပာယ် ဖွင့်ထားတာကိုက 'သမ္မာဗုဒ္ဓ၊ သမ္ဗုဒ္ဓတို့ထက်၊ ဥက္ကဋ္ဌကြီး၊ အစုံပြီးသဖြင့်၊ ချီးမွမ်း၊အံ့ဩ၍ မဆုံးကုန်နိုင်သော၊ သုံးဘုံလုံးနတ်၊ အစိန္တေယျ ဘုရားမြတ်သည် .. ' တဲ့၊

အဲသည်နေရာမှာ ဗုဒ္ဓလေးမျိုးရှိတာကို သတိပြုရမှာ ဖြစ်တယ်။

(၁) သုတဗုဒ္ဓ–ပိဋကတ်သုံးပုံနှင့်တကွ ဂန္ထန္တရ ပရိယတ္တိ တတ်ကျွမ်းသိရှိတော်မူသောပုဂ္ဂိုလ်။ (တိပိဋကဓရ ဆရာတော်များသည်လည်း သုတဗုဒ္ဓများ ဖြစ်ပါတယ်။)

(၂) အနုဗုဒ္ဓ– မြတ်စွာဘုရား ဟောကြားသဖြင့် သစ္စာလေးပါး သိပြီးသော ရဟန္တာပုဂ္ဂိုလ်။

(၃) ပစ္စေကဗုဒ္ဓ – မိမိ ကိုယ်တိုင် ဆရာမရှိဘဲ သစ္စာလေးပါးကို သိတော်မူသောပုဂ္ဂိုလ်၊ ဘုရားငယ်။ (သူများကို မဟောပြနိုင်သော သီးခြားဗုဒ္ဓ)

(၄) သမ္မာသမ္ဗုဒ္ဓ –ဆရာမကူ၊ သယမ္ဘူဉာဏ်ဖြင့် သစ္စာလေးပါးကိုသိလျက်၊ အများသော သတ္တဝါတို့ကို ဟောပြနိုင်သော အမြတ်ဆုံးသော ဗုဒ္ဓ ကိုယ်တော်။

အဲဒါကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ထိုဗုဒ္ဓသုံးပါးထက် 'ဥက္ကဋ္ဌ' ဖြစ်တော်မူတယ်လို့ ဖွင့်ထားတာ ဖြစ်တယ်။ ဒီနေရာမှာ 'မြတ်စွာဘုရား'ဆိုတဲ့ တို့ မြန်မာစကားဟာ သိပ်အဓိပ္ပာယ် ရှိပါတယ် ကွယ်"

"ဘာဖြစ်လို့လဲ ဘဘ"

" 'ဗုဒ္ဓ' ဆိုတဲ့ ပါဠိက 'သစ္စာလေးပါးကိုသိသောသူ' လို့ အဓိပ္ပာယ် ပြန်ရမယ် မဟုတ်လား"

http://www.dhammadownload.com



"ဟုတ်ပါတယ် ဘဘ"

"အဲဒီ'ဗုဒ္ဓ'ဆိုတဲ့ ပါဠိကတစ်ဆင့် 'ပုရ'၊ 'ဖုယား' အဲဒါကို မြန်မာအသံထွက်တော့ 'ဘုရား' ဆိုတဲ့ မြန်မာစကား အဖြစ်သို့ ရွေ့လျောလာတယ်လို့ စာပေပညာရှင်ကြီးများက ဆိုကြတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဘဘ၊ ကျွန်တော် ကြားဖူး,ဖတ်ဖူးပါတယ်"

"အဲသလိုဆိုရင် (၁) သုတဗုဒ္ဓ၊ (၂) အနုဗုဒ္ဓ၊ (၃) ပစ္စေကဗုဒ္ဓ၊ ထို ဗုဒ္ဓသုံးပါးတို့ထက် (ဝါ) ထိုဘုရားသုံးမျိုးတို့ထက် ထူးကဲ, မြင့်မြတ်သော သမ္မာသမ္ဗုဒ္ဓဘုရား ကိုယ်တော်မြတ်ကို 'မြတ်စွာဘုရား' လို့ ခေါ်ရတာဟာ အဓိပ္ပာယ် သိပ်ရှိတာပေါ့ကွယ်၊ မဟုတ်ဘူးလား"

"ဟုတ်လိုက်တာနော်၊ ထိုဘုရား သုံးမျိုးတို့ထက် မြတ်လို့ 'မြတ်စွာ ဘုရား' လို့ ခေါ်ရတာဟာ သိပ်အဓိပ္ပာယ် ရှိသွားတာပေါ့၊ လေးလေးနက်နက်လည်း ကြည်ညိုမိပါတယ်"

"အဲဒီနောက် 'ယံသမာဓိံ=အကြင်အထက်ရပ်၊ မဂ်အရဟတ်နှင့်၊ ဖက်စပ်လာဘိ၊ သမာဓိကို။ သုစိံ=ကိလေသာဟူလျှင် မြူမဝင်သဖြင့်၊ ဖြူစင်သန့်ရှင်းလှ၏ ဟူ၍။ ပရိဝဏ္ဏယီ=ဂုဏ်ထူးထုတ်၍၊ ရွေနှုတ်လှစ်ကျူး ဟောကြားတော်မူလေပြီ။' အဲဒါက သမာဓိတရားကို မြတ်စွာဘုရားကိုယ်တော်တိုင် ချီးမွမ်းတော်မူတာ ဖြစ်တယ်။ ဘာကြောင့် ချီးမွမ်းတော်မူပါသလဲ၊ ထိုသမာဓိတရားသည် အရဟတ္တမဂ် ဆိုက်ရာ, ဆိုက်ကြောင်း တစ်ထောင့်ငါးရာ ကိလေသာတို့မှ ကင်းရာ ကုန်ရာ စင်ကြယ်သော သဘောတရား ဖြစ်ခြင်းကြောင့်ပါတဲ့ ...

'မဂ်အရဟတ်နှင့် ဖက်စပ်လာဘိ သမာဓိ'–လို့ ဖွင့်ဆိုရတဲ့ အကြောင်းက သမာဓိနှစ်မျိုး ရှိလို့ပါတဲ့။ အဲဒီနှစ်မျိုးကတော့

(၁) သမထ သမာဓိ–ပညတ်အာရုံဖြစ်သော 'ကသိုဏ်း၊ အသုဘ' စသည့် သမထ ဘာဝနာ အာရုံထဲ၌ စွဲမြဲနေမှု ဗျာန်သဘောများ။

http://www.dhammadownload.com



(၂) ခဏိက သမာဓိ–ရုပ်,နာမ်,ဓမ္မ တို့၏ ခဏမစဲ တသဲသဲ ဖြစ်ပေါ်နေမှု၊ ပရမတ်အာရုံထဲ၌ ဥဒယ ဝယ ဉာဏ် အမြင်စင်ကြယ်နေမှု သဘောတရားများ–

လို့ သရုပ်ပြ အဘိဓာန်ဆရာတော်က အနက်ဖွင့်ထားပါတယ်။ အချုပ်အားဖြင့်တော့ 'ပညတ်ကိုအာရုံပြုသောသမာဓိ'၊ 'ပရမတ်ကို အာရုံပြုသောသမာဓိ' ပေါ့ကွယ်။

အဲဒီ 'ပညတ်ကိုအာရုံပြုတဲ့သမထသမာဓိ' က လောကီစျာန်ရုပ် သမာပတ်တို့ကိုသာ ကျက်စားနိုင်တယ်။ နိဗ္ဗာန်ကို ကိန်းသေ မျက်မှောက်ပြုနိုင်မယ်လို့တော့ မဆိုသာဘူးတဲ့။ 'အရဟတ္တမဂ်နဲ့ ယှဉ်တဲ့ ခဏိကသမာဓိ' ကတော့ လောကုတ္တရာဉာဏ်ပညာနဲ့ အာသဝေါကင်းကွာသည်အထိ အရဟတ္တမဂ်ကို ဆိုက်ရောက်နိုင်တဲ့ 'သမာဓိ' ဖြစ်တယ်။ အဲဒီ 'သမာဓိ'ကို မြတ်စွာဘုရားက ချီးမွမ်းတော်မူတာ ဖြစ်တယ်"

"သြော် ...ဒါ့ကြောင့်'သမထဘာဝနာ','ဝိပဿနာဘာဝနာ' ရယ်လို့ ပြထားတော်မူခဲ့ကြတာကိုး။ ဒီတော့ 'သမထသမာဓိ' နဲ့ 'ဝိပဿနာ သမာဓိ' လို့ခေါ်ရင်လည်း ရမှာပေါ့နော် ဘဘ"

" 'ဝိပဿနာ သမာဓိ' လို့ ခေါ်နိုင်ရုံတင်မကဘူး၊ 'အတုမဲ့ သမာဓိ' လို့တောင် ခေါ်နိုင်ပါသတဲ့ဗျ။"

'မိမိက အလွန်စင်ကြယ်ခြင်း၊ မိမိကဲ့သို့ အလွန်စင်ကြယ်သော ဖိုလ်အကျိုးကို ပေးတတ်ခြင်း၊ သို့ပေးရာ၌ ကာလမခြား တစ်ဆက်တည်း အကျိုးကို ဖြစ်စေနိုင်ခြင်း စသော အကြောင်းတို့ကြောင့် ဤအရိယာမဂ်ကား 'အတုမဲ့သမာဓိ' ဖြစ်ရာ 'သမာဓိနာ တေနသမော နဝိဇ္ဇတိ' ဟု ဂုဏ်ပြုသည်။

ဤအရိယာသမာဓိနှင့် အကျိုးဂုဏ်ရည်တူသော 'ရူပါဝစရ, အရူပါဝစရသမာဓိ' မရှိ။ ဘာကြောင့်နည်း– ထို ရူပ, အရူပ

http://www.dhammadownload.com



သမာဓိ တို့ကို ပွားစေခြင်းကြောင့် ဗြဟ္မာ့ပြည်၌ဖြစ်ရသူပင်
ဖြစ်စေကာမူ နောင် ငရဲ စသည်၌ ဖြစ်နိုင်သောကြောင့် လည်း
ကောင်း၊ ဤ 'အရဟတ္တမဂ်သမာဓိ' ကို ပွားခြင်းကြောင့် အရိ
ယာ ပုဂ္ဂိုလ်မှာ အလုံးစုံသော ပဋိသန္ဓေတို့ကို အရှင်းပယ်သော
ကြောင့် လည်းကောင်း ဤမဂ်နှင့် တူသော သမာဓိမရှိ။'

–ဟု အဋ္ဌကထာကပြဆိုကြောင်း 'သပြေကန်ဆရာတော်'က 'ပရိတ်ကြီး နိဿယသစ်' မှာ ဖွင့်ပြရေးသားတော်မူခဲ့ပါတယ်"

"အင်း ... 'လောကီစျာန်သမာဓိ' ဟာ ဗြဟ္မာ့ဘုံသို့ ရောက်သွားစေကာမူ ငရဲမကင်းသေးဘူးဆိုတော့ 'ဗြဟ္မာ့ပြည် တဝင်းဝင်း၊ ဝက်စာကျင်း တရှုတ်ရှုတ်' ဆိုတဲ့ စကားကို သတိရမိတယ် ဘဘရယ်"

"ဟုတ်လှချည့်ပေါ့ဗျာ။ အခါတစ်ပါး မြတ်စွာဘုရားက ရှင်အာနန္ဒာနှင့်အတူ နိဂုံးတစ်ခုကို ကြွအသွား စားခွက်ထဲက အစာတွေကို တရှုတ်ရှုတ်နဲ့စားနေတဲ့ဝက်မကြီးကိုတွေ့လို့ ပြုံးတော်မူပါသတဲ့။ အဲဒီတော့ အာနန္ဒာမထေရ်က မေးမြန်း လျှောက်ထားတော်မူတယ်။ အဲဒီအခါ မြတ်စွာဘုရားက 'ချစ်သားအာနန္ဒာ....ဤဝက်မကြီးသည် သံသရာဘဝတစ်ခုမှာ 'သမထ သမာဓိ'ဖြင့် ဗြဟ္မာ့ဘုံသို့ ရောက်ခဲ့ဖူးတယ်။ သို့သော်လည်း အရဟတ္တမဂ်သို့ ဆိုက်ရောက်ခြင်း မရှိနိုင်တဲ့အတွက်(သံသရာခရီးအဆုံးသို့မရောက်နိုင်သည့်အတွက်) ကံအားလျော်စွာ ဘဝတစ်ခုမှဘဝတစ်ခုသို့ နိမ့်ဆင်းလာပြီးလျှင် ယခုဘဝမှာ သင်ချစ်သား မြင်ရသည့်အတိုင်း တရှုတ်ရှုတ် အစာစားနေ တဲ့ ဝက်မကြီး ဖြစ်နေရပြီ' လို့ မိန့်ကြားတော်မူပါသတဲ့"

"အဲ ... 'ခရီးပန်းတိုင် × × မရောက်မချင်း × × တစ်ယောက်ဆင်း × × တစ်ယောက်တက်'ဆိုတာ ဒါမျိုးကို ပြောတာကိုး နော် ဘဘ"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

" 'တစ်ယောက်ဆင်း၊ တစ်ယောက်တက်' ဆိုတော့ မီးရထား

http://www.dhammadownload.com



စီးတဲ့ ခရီးသွားတွေ တစ်ယောက်ဆင်းလိုက်၊ တစ်ယောက် တက်လိုက်–ဒီလို သဘောမျိုးလား ဘဘ"

"မဟုတ်ပါဘူးဗျာ။ ဒီဘဝမှာ ဒီခန္ဓာ ဒီတစ်ယောက်ဆင်းသွား၊ နောက်ဘဝမှာ နောက်တစ်ကိုယ် နောက်တစ်ယောက် အဖြစ်နဲ့ တက်လာလိုက်၊ နောက်တစ်ခါ နောက်တစ်ဘဝဖြစ်လာပြန်တော့လည်း နောက်တစ်ကိုယ် နောက်တစ်ခန္ဓာ နောက်တစ်ယောက် အဖြစ်နဲ့ (နောက် တစ်ကောင်ဖြစ်ချင်လည်းဖြစ်လိမ့်မယ်။)အဲသလို'ဆင်းလိုက်', 'တက်လိုက်' ဖြစ်နေတာမျိုးကို ပြောတာ၊ ဒါကို 'ဘဝသံသရာ' လို့ ခေါ်တာပေါ့"

"ဟာ ... ဟုတ်ပြီ ... ဟုတ်ပြီ၊ 'သုံးဆယ့်တစ်ဘုံ × × ဝဋ်အတွင်း ရောက်တော့၊ × × ကရွတ်ကင်းလျှောက်တဲ့တေးဘုမ္မာ× × အဲဒါ၊ အဲဒါ ဘဝသံသရာ' "

"အေး... သို့မို့ကြောင့် 'သမထသမာဓိ' သည် 'ဘဝသံသရာ' အတွက် စိတ်မချရ။ အရဟတ္တမဂ်နှင့်ယှဉ်သော'ခဏိကသမာဓိ' သာလျှင် ဘဝပြတ်စဲရာ အရဟတ္တမဂ်ကို ကိန်းသေဆိုက်ရောက်နိုင်ပါသတဲ့။ ဒါ့ကြောင့် ထိုခဏိကသမာဓိကို မြတ်စွာဘုရားက ချီးမွမ်းတော်မူတာဖြစ်တယ်။ အဆူဆူသော မြတ်စွာဘုရားတို့ကပါ ချီးမွမ်းပါသတဲ့။ ဤမှန်ကန်သောသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ။ – အဲသလောက်ဆိုရင်

'ယံဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိ ကည မာဟု။
သမာဓိနာ တေန သမော နဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။'

ဆိုတဲ့ အပိုဒ်ကို ခြုံငုံမိလောက်ပါရဲ့ကွယ်"

http://www.dhammadownload.com



"ဟုတ်ကဲ့ ဘဘ၊ ကျွန်တော်နားလည်သလောက် ရှိသွားပါပြီ"

"မြန်မာစကားပြေ သက်သက်နဲ့ နားလည်ချင်သေးရင်တော့ သပြေကန်ဆရာတော်ဘုရားရဲ့ 'ပရိတ်ကြီး နိဿယသစ်' မှာ သို့ ကလို ရေးထားပါတယ်။ ရော့ ... ဖတ်ကြည့်ပါဦး။"

"ဗုဒ္ဓရှင်တော်မြတ်သည် ကိလေသာကင်း အလွန်သန့်ရှင်း, ဖြူစင်သော အရိယာမဂ်သမာဓိကို အနည်းနည်း ထုတ်ဖော် ချီး ကျူးတော်မူခဲ့၏။ ယင်း အရိယာမဂ်သမာဓိ ကိုပင် မိမိအခြားမဲ့ ၌ အကျိုးကိုပေးတတ်သည့် အာနန္တရိကသမာဓိ ဟူ၍လည်း ဘုရားရှင်များ မိန့်ကြားတော်မူခဲ့သည်။ ထိုအရိယာမဂ် သမာဓိ နှင့်တူညီသော သမာဓိကား မရှိပေ။ အရိယာမဂ်တရားတော်၌ ရတနာ၏ အဖြစ် နှစ်သက်ဖွယ် ဤဂုဏ်ရည်လည်း ထူးမြတ်လှ ပေသည်။"

"သာဓု–သာဓုဗျာ။ ကဲ နောက်တစ်ပုဒ်တော့ ငါပဲ ရွတ်ပြ ပါမယ် ကွာ"

"သတံ=ဘုရား စသော အရိယာနွယ်ပေါင်း သူတော်ကောင်းတို့ သည်။ ပသတ္ထာ=နှစ်ထောင်းအားရချီးမွမ်းထောမနာအပ်ကုန်သော။ ယေပုဂ္ဂလာ=အကြင်အရိယာပုဂ္ဂိုလ်တို့သည်။ အဋ္ဌ=ရှစ်ယောက် တို့သည်။ ဟောန္တိ=ဖြစ်ကုန်၏။

တစ်နည်းကား၊ ပသတ္ထာ=ဘုရားစသော အရိယာနွယ်ပေါင်း သူတော်ကောင်းတို့၊ နှစ်ထောင်းအားရ၊ ချီးမွမ်း ထောမနာအပ်ကုန် သော။ ယေပုဂ္ဂလာ=အကြင် အရိယာ ပုဂ္ဂိုလ်တို့သည်။ အဋ္ဌသတံ= သော–သ–အ–ခိ၊ ရိယမဂ္ဂါ၊ စဉ်တိုင်းသာလျှင်၊ ဒွါဒ ဒွါဒ၊ ဓောဝီဒွ နှင့်၊ ဇယမဂ္ဂဋ္ဌာန်၊ ပေါင်းပြန်သချာ၊ ဓောပဥ္စာကို။ သဒ္ဓါပညာ၊ နှစ်ဖြာ ဓူရ၊ မြောက်ပွားပြအပ်ရကား၊ တစ်ရာ့ရှစ်ယောက်တို့သည်။ ဟောန္တိ= ဖြစ်ကြကုန်၏။ ဧတာနိ=ထိုရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့

http://www.dhammadownload.com



သည်။ (တစ်နည်းကား)ဧတာနိ=ထို တစ်ရာ့ရှစ်ယောက်သော အရိယာပုဂ္ဂိုလ် တို့သည်။ စတ္တာရိယုဂါနိ=မဂ်ချင်း,ဖိုလ်ချင်း၊ စပ်လျဉ်းသောလျောက်၊ ပေါင်း၍ကောက်ရကား၊ လေးယောက်အစုံတို့သည်။ ဟောန္တိ = ဖြစ်ကြပါကုန်၏။ သုဂတဿ=မြတ်စွာဘုရား၏။ သာဝကာ=တပည့်ရင်းစစ်၊ ဖြစ်ကြီးဖြစ်တော်မူကုန်သော။ တေ ပုဂ္ဂလာ=ထို လေးယောက် အစုံ၊ ဂုဏ်မဟိဒ္ဓိ၊ အရိယဇာတ်၊ ပုဂ္ဂိုလ်မြတ်တို့သည်။ ဒက္ခိဏေယျာ=မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဆုံးစွန်၊ တမလွန်ကို၊ ရည်ညွှန်းသတ်မှတ်၊ သူဆက်ကပ်တိုင်း၊ မြတ်သော အလှူကို၊ ခံယူသုံးဆောင်ခြင်းငှာ ထိုက်ကုန်၏။ ဧတေသု= ထို အရိယာပုဂ္ဂိုလ် တို့၌၊ ထိုအရိယာပုဂ္ဂိုလ်တို့အား။ ဒိန္နာနိ=သဒ္ဓါကြည်ဖြူ၊ ပေးအပ် သောအလှူတို့သည်။ မဟပ္ဖလာနိ = ယာမြေကောင်း၌၊ ရေလောင်းကြိုးကုတ်၊ မျိုးကောင်း မြုပ်က၊ ခွန်တုပ် ပြည့်နှက်၊ ရည်ရွယ်တိုင်းထွက် သကဲ့သို့၊ မျက်မှောက်, မျက်ကွယ်၊ ရွယ်ရာရည်ရာ၊ ဆုပတ္ထနာတိုင်း။ သုခါဘိဝုဍ္ဍီ=များမြတ်သော အကျိုး ကျေးဇူးရှိကုန်၏။ ဣဒမ္ပိ သံဃေ- အယံဝေသံဃော= ဤ လေးယောက် အစုံ၊ ဂုဏ်မဟိဒ္ဓိ၊ အရိယဇာတ်၊ သံဃာတော်မြတ်သည် သာလျှင်။ ပဏီတံ= ချီးမွမ်းအပ်သော။ ရတနံ=ရတနာ မည်၏။ ဧတေနသစ္စေန= ဤမှန်ကန်သော သစ္စာ စကားကြောင့်။ ပါဏိနံ= သတ္တဝါတို့အား။ သုဝတ္ထိ= ချမ်းသာခြင်းသည်။ ဟောတု=ဖြစ်ပါစေသတည်း။"

"ဗုဒ္ဓရတနာ, ဓမ္မရတနာကို ပြပြီးသည့်နောက် ယခု အပိုဒ်က သံဃာ့ရတနာ ပေါ့ကွယ်။"

"ဟုတ်ကဲ့ ဘဘ၊ အဲဒီမှာ 'သော-သ-အ-ခိ' ဆိုတဲ့ အက္ခရာ လေးလုံးကို ဆရာတော်ကြီး သုံးထားတာ၊ ရှင်းပေးပါဦး ဘဘ"

"'သော' - ဆိုတာ 'သောတာပန်' ပေါ့ကွယ်၊

'သ' - ဆိုတာ 'သကဒါဂါမ်' ပေါ့ကွယ်၊

http://www.dhammadownload.com



'အ' – ဆိုတာ 'အနာဂါမ်' ပေါ့ကွယ်၊

'ခိ' – ဆိုတာက 'ခီဏာသဝ(အရဟတ္တဖိုလ်) ရဟန္တာပုဂ္ဂိုလ်'ပေါ့။ မဂ်လေးပါး, ဖိုလ်လေးပါး ပုဂ္ဂိုလ်ရှစ်ယောက်တို့ကို အကျဉ်းချုံးပြထားတာပဲ"

"တစ်ရာ့ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်ဆိုတာကို ရှင်းပေးပါဦး ဘဘ"

"ရှင်းရမှာတော့ အတော် ကျယ်ဝန်းသကွဲ့။ 'ဒွါဒ–ဒွါဒ' ဆိုတာ ၁၂ ပါးစီ၊ ၁၂ ပါးစီကို ပြောတာ။ ဘယ်လို ၁၂ ပါးလဲ ဆိုတော့ 'သောတာပန်လေးမျိုး' ရှိတယ်။ ('သောတာပန်'ဆိုတာ နိဗ္ဗာန်ရောက်ရာလမ်းမှာ ပထမအဆင့်ပေါ့ကွယ်။)

(၁) သတ္တက္ခတ္တုပရမသောတာပန် – ခုနစ်ကြိမ် ပဋိသန္ဓေနေပြီးမှ ကျွတ်ရသော သောတာပန်။

(၂) ကောလံ ကောလ သောတာပန် – ၂,၃,၄,၅,၆ ကြိမ် ပဋိသန္ဓေ နေပြီးမှ ကျွတ်ရသော သောတာပန်။

(၃) ဧကဗီဇသောတာပန် – တစ်ကြိမ်သာ ပဋိသန္ဓေ နေပြီး ကျွတ်လွတ်သော သောတာပန်။

(၄) ဘုံစဉ်စံသော သောတာပန် – တစ်ဘဝပြီး တစ်ဘဝ နိဗ္ဗာန်တိုင် မြင့်မြတ်သွားသော သောတာပန်။

အဲဒီလေးမျိုးအနက်က ပထမ,ဒုတိယ,တတိယ သောတာပန် သုံးဦးကို 'ပဋိပဒါလေးပါး'စီနဲ့ ဆ,ပွားရမယ်တဲ့။ အဲဒီတော့ 'ပဋိပဒါ လေးပါး' ဆိုတာ–

(၁) သုခဝိပ္ပါဘိညာပဋိပဒါ–ချမ်းသာစွာကျင့်၍ လျင်မြန်စွာ ရသော ပါရမီ။

(၂) သုခဒန္ဓာဘိညာပဋိပဒါ–ချမ်းသာစွာကျင့်သော်လည်း ကြာမြင့်မှရသော ပါရမီ။

http://www.dhammadownload.com



(၃) ဒုက္ခခိပ္ပါဘိညာပဋိပဒါ–ဆင်းရဲစွာကျင့်၍ လျင်မြန်စွာ ရသော ပါရမီ။

(၄) ဒုက္ခဒန္ဓာဘိညာပဋိပဒါ–ဆင်းရဲစွာကျင့်၍ ကြာမြင့်မှရသော ပါရမီ။

အဲဒီလေးပါးနဲ့ ဆ,ပွားရမယ်တဲ့။ အဲဒီတော့ ၁၂ ပါးဖြစ်ရော။

နောက် 'သကဒါဂါမ် ၁၂ ယောက်' ဆိုတာက 'သကဒါဂါမ် သုံးမျိုး' ကို အခုန ပြောတဲ့ 'ပဋိပဒါလေးပါး' နဲ့ ဆ,ပွားရမယ်တဲ့။ 'သကဒါဂါမ်' ဆိုတာ ကာမဘုံမှာ တစ်ကြိမ်သာ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။ 'သကဒါဂါမ်' သုံးမျိုးဆိုတာက –

(၁) ဧကဗီဇသကဒါဂါမ် – ကာမဘုံမှာ တစ်ကြိမ်သာ ပဋိသန္ဓေ နေပြီး ကျွတ်လွတ်သော 'သကဒါဂါမ်'။

(၂) ဒွိဗီဇ သကဒါဂါမ် – နှစ်ကြိမ် ပဋိသန္ဓေနေပြီး မှ ကျွတ်လွတ်သော 'သကဒါဂါမ်'။ (ကာမဘုံမှာ တစ်ကြိမ်သာ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ် ဖြစ်ပေမယ့် ရူပဘုံမှာ တည်နိုင်သေးတယ် ဒါ့ကြောင့် ဒွိ ဗီဇ သကဒါဂါမ် လို့လည်း ရှိသေးသတဲ့။)

(၃) ဘုံစဉ်စံသကဒါဂါမ်– တစ်ဘဝပြီးတစ်ဘဝ နိဗ္ဗာန်တိုင် မြင့်မြတ်သွားသော 'သကဒါဂါမ်'။

အဲဒီ 'သကဒါဂါမ်သုံးမျိုး' ကို အခုနပြောတဲ့ 'ပဋိပဒါလေးပါး' နဲ့ ဆ,ပွား ရမယ်တဲ့။ ဒီတော့ 'သကဒါဂါမ် ၁၂ ပါး' ဖြစ်သွားရော"

"ဒီထိတော့ နားလည်သလို ရှိပါပြီ ဘဘ။ နောက်တော့ကော..."

"ဇောဝီ ဆိုတာ ၂၄ ပေါ့။ အဲဒီ'အနာဂါမ် ၂၄ ယောက်'ကို ခေါ်တာ။ 'အနာဂါမ်' ဆိုတာကာမဘုံသို့ တစ်ကြိမ်မှ မရောက်တော့တဲ့ ပုဂ္ဂိုလ်။ အနာဂါမ် ၂၄ ယောက်ရှိသတဲ့"

"အဲဒီ ၂၄ ယောက်ကို ပြောပါဦး ဘဘ"

http://www.dhammadownload.com



"ပြောရမယ်ဆိုရင် ...

(၁) အဝိဟာဘုံ၊ (၂)အတပ္ပါဘုံ၊ (၃) သုဒဿာဘုံ၊

(၄) သုဒဿီဘုံ၊ (၅)အကနိဋ္ဌဘုံ ရယ်လို့ အထက် ဗြဟ္မာဘုံ ၅ ဘုံ ရှိသတဲ့။ 'အကနိဋ္ဌဘုံ' မှအပ ကျန် ဘုံ ၄ ဘုံမှာ တစ်ဘုံလျှင် 'အနာဂါမ် ၅မျိုး' စီရှိသတဲ့။ အဲဒီ ၅ မျိုး ကတော့

(၁) အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ်။

(၂) ဥပဟစ္စ ပရိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ်။

(၃) သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ်။

(၄) အသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်ပုဂ္ဂိုလ်။

(၅) ဥဒ္ဓံ သောတ အနာဂါမ်ပုဂ္ဂိုလ် တဲ့။

ဒီတော့ ဘုံ ၄ ဘုံနဲ့ ပုဂ္ဂိုလ် ၅ မျိုးကို ဆ,ပွားရင် 'အနာဂါမ်ပုဂ္ဂိုလ် ၂၀' ဖြစ်ကရော။ 'အကနိဋ္ဌဘုံ' ကျတော့ 'ဥဒ္ဓံ သောတ အနာဂါမ်ပုဂ္ဂိုလ်' မှအပ ကျန်ပုဂ္ဂိုလ် ၄ မျိုးရှိတာကြောင့် ခုန 'အနာဂါမ်ပုဂ္ဂိုလ် ၂၀' နဲ့ပေါင်းရင် 'အနာဂါမ် ၂၄ ယောက်' ဖြစ်ပါသတဲ့"

"အဲဒီအထိတော့ ကျွန်တော် ဉာဏ်မမီဘူး ဘဘ"

"အေး ... ငါလည်း ဆရာတော်,သမားတော်ကြီးများထံမှ မေးလျှောက်ပြီး မှတ်ခဲ့ရတာပဲကွ၊ ဓမ္မဒေသနာနဲ့ ပတ်သက်ရင် ခက်ခဲခြင်း ၃ မျိုးဆိုတာ ရှိသတဲ့၊

ပထမ – မရသေးသောစာကို နှုတ်တက်ရဖို့ ခဲယဉ်း၏။

ဒုတိယ – ရပြီးသောစာကို မမေ့,မပျောက်အောင် မှတ်သားထားဖို့ ခဲယဉ်း၏။

တတိယ – မမေ့ပျောက်တော့တဲ့ စာကို သဘောပေါက်ရန် ခဲယဉ်း၏။

ဤခက်ခဲခြင်း ၃ မျိုးမှ လွန်မြောက်လျှင် 'ပညာရှိ'မည်၏တဲ့၊ ဘဘ

http://www.dhammadownload.com



ပဲဖြစ်ဖြစ် ဗဟုသုတအနေနဲ့ ဆည်းပူးထားရမှာပေါ့ကွာ၊ 'ငါတွေ့၊ ငါသိ' မဟုတ်ပေမယ့် 'စာတွေ့၊ နာတွေ့' မှ 'ငါတွေ့' ဆိုတဲ့ ပါရမီ ဖြစ်လာနိုင်ပါတယ်"

"အဲသလိုပဲ သဘောထားရမယ် ထင်ပါရဲ့၊ ဆက်ပြောပါဦး ဘဘ"

" 'ဒွ' ဆိုတာ ၂ ပေါ့။ 'သုက္ခ ဝိပဿက ရဟန္တာ' မျိုးနဲ့ 'သမထ ယာနိက ရဟန္တာပုဂ္ဂိုလ်' မျိုး ဟူ၍ ၂ ပါးလို့ သတ်မှတ်ရမယ်တဲ့။

ဒီတော့ သောတာပန် ၁၂ ယောက်၊ သကဒါဂါမ် ၁၂ ယောက်၊ အနာဂါမ် ၂၄ ယောက်၊ ရဟန္တာ ၂ ပါး၊ အားလုံးပေါင်းတော့ ၅၀ ပေါ့ကွယ်။ အဲဒီထဲသို့ မဂ္ဂဋ္ဌာန် ၄ ယောက်ဖြစ်တဲ့

(၁) သောတာပတ္တိမဂ်။
(၂) သကဒါဂါမိမဂ်။
(၃) အနာဂါမိမဂ်။
(၄) အရဟတ္တမဂ်။

စ,တဲ့ မဂ် ၄ ပါးနဲ့ပေါင်း၊ ဒီတော့ ၅၄ ယောက် ဖြစ်ကရော ...

အဲဒီ ၅၄ ယောက်ကို သဒ္ဓါစရိ၊ ပညာစရိ ၂ ပါးနဲ့ ဆ,ပွားလျှင် ၁၀၈ ယောက် ဖြစ်ပါသတဲ့"

"အမယ်လေး .... အတော် ကျယ်ဝန်းပါလား ဘဘရယ်"

"အင်မတန် ကျယ်ဝန်းပါတယ်။ ဒါ့ကြောင့် အကျယ်ကို သိလို လျှင် 'သုတ္တနိပါတ်၊ခုဒ္ဒကပါဌ'ကိုလေ့လာကြရမယ်တဲ့။ တို့တစ်တွေ အနေနဲ့ကတော့ ကွယ်၊ 'အဋ္ဌပုရိသပုဂ္ဂလာ–မဂ်လေးပါး၊ ဖိုလ်လေး ပါး ဖြစ်သော ရှစ်ယောက်သော အရိယာ သံဃာတော်များ ကို အာရုံ ပြုနိုင်လျှင် လုံလောက်ပါပြီ။ သံဃာ့ဂုဏ်တော်ထဲမှာ 'ယဒိဒံ စတ္တာရိ၊ ပုရိသ ယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ' လို့ ပါတယ် မဟုတ်လား"

"ဟုတ်ပါပြီ ဘဘ"

http://www.dhammadownload.com



"ဒါကြောင့် 'မင်္ဂချင်း,ဖိုလ်ချင်း၊ စပ်လျဉ်းသောလျောက်၊ ပေါင်း၍ ကောက်ရကား၊ ၄ ယောက် အစုံ (၈ ပါး) တို့သည်။ ဟောန္တိ= ဖြစ်ပါကုန်၏'.လို့ ဆိုထားတာပေါ့။ အဲဒီ ပုဂ္ဂိုလ် ၈ ပါးတို့သည် မြတ်သော အလှူကို ခံထိုက်ကုန်၏"

"နေပါဦး ဘဘရဲ့၊ 'မြတ်သော အလှူ' ဆိုတော့ 'မမြတ်သော အလှူ' ဆိုတာကော ရှိသေးလို့လား"

"မင်းကလည်း ဆရာတော်ဘုရားကြီးရဲ့ အနက်ကို သတိမထားဘဲကိုး၊ 'ဒက္ခိဏေယျာ=နိဗ္ဗာန်ဆုံးစွန်၊ တမလွန်ကို၊ ရည်ညွှန် သတ်မှတ်၊ သူဆက်ကပ်တိုင်း၊ မြတ်သောအလှူကို'လို့ ဆိုထားတာပဲကွာ၊ 'နိဗ္ဗာန်, မဂ်, ဖိုလ် အကျိုးငှာ (တကယ်ရည်ရွယ်ပြီး) လှူတဲ့ အလှူ' ကို 'မြတ်သောအလှူ' လို့ခေါ်တာပေါ့။ 'မိဘ,ဘိုးဘွား တို့ လှူနေကျမို့လှူတဲ့ ထုံးစံအလှူမျိုး'၊ 'ဂုဏ်,ပကာသနကို လိုချင်၍ လှူတဲ့ အလှူ' မျိုး၊ 'ရာထူးမှ မကျအောင်၊ အမှုမှ လွတ်အောင်၊ ဝေဒနာ, ရောဂါပျောက်အောင်၊ ယတြာချေတဲ့သဘောနဲ့လှူတဲ့ အလှူ' မျိုး၊ 'စီးပွားတက်အောင်၊ အကြံအစည် အောင်မြင်အောင်၊ ဘေး အန္တရာယ်ကင်းအောင်၊ လာဘ်ထိုးတဲ့ သဘောနဲ့ လှူတဲ့ အလှူ' မျိုး၊ အဲဒီအလှူမျိုးတွေကို 'နိမ့်သော အလှူ' လို့ ခေါ်တာပေါ့"

"အင်း ... ကျွန်တော် သဘောပေါက်သွားပြီ"

"အဲသလို 'မြတ်သောအလှူ' မျိုးကို အလှူခံထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်ကြပါတယ်တဲ့။ အဲဒါနဲ့ ဆက်ပြီးလာတဲ့ ဂုဏ်ကလည်း ရှိသေးတယ် ကွဲ့။ အလှူရှင်ရဲ့စေတနာ,သဒ္ဓါတရားတို့ကို ကြီးပွား,ထက်မြက်နိုင်တဲ့ အလှူခံပုဂ္ဂိုလ်မျိုးလည်း ဖြစ်ပါသတဲ့။ ဒါကြောင့် 'ဒိန္နာနိ =သဒ္ဓါကြည်ဖြူ ပေးအပ်သော အလှူတို့သည်။ မဟပ္ဖလာနိ = ယာမြေကောင်း၌၊ ရေလောင်း ကြိုးကုတ်၊ မျိုးကောင်းမြုပ်က၊ ခွန်တုပ် ပြည့်နှက်၊ ရည်ရွယ်တိုင်းထွက်သကဲ့သို့'။ လို့ဆိုတာပေါ့၊ 'ပုညကျေတ္တံ=

http://www.dhammadownload.com



လယ်,ယာ,မြေကောင်းနဲ့ တူတယ်' လို့လည်း ဖွင့်ဆိုကြတယ်လေ။ အလှူရှင်ရဲ့ သဒ္ဓါမျိုးစေ့က ကောင်းပေမယ့် ရေခံ,မြေခံက မကောင်းလျှင် အသီး,အနှံတို့မှာ အောင်မြင်ကြီးထွားမှု မရှိကြပါဘူး မဟုတ်လား၊ အထက်ပါ ပုဂ္ဂိုလ်ရှစ်ပါးတို့ကတော့ သဒ္ဓါမျိုးစေ့ကောင်းလျှင် ကောင်းသည်ထက်ကောင်းအောင် အကျိုးပေးသန့်တဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ် ... တဲ့။

ဒါ့ကြောင့် ထိုအရိယာ သံဃာတော်တို့သည် မြတ်သော ရတနာမည်၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ ... တဲ့"

"ကျွန်တော် တစ်ခုတော့ စောဒကတက်ပါရစေ ဘဘ"

"ဘာများတုံးကွဲ့၊ ဆိုစမ်းပါဦး"

"လူပုဂ္ဂိုလ်တွေအဖြစ်နဲ့လည်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များ ရှိကြတယ်လို့ ကျွန်တော်ကြားဖူးထားပါတယ်။ အဲဒီတော့ ထိုပုဂ္ဂိုလ်များလည်း သံဃာနဲ့ တန်းတူ 'ရတနာ' မဖြစ်ထိုက်ဘူးလား"

"မင်းလည်း ငါ ငယ်ငယ်ကလို တယ်စပ်စုတဲ့ ကောင်လေး ပါလား ဟင်"

"လွန်တာရှိ၊ ဝန္ဒာမိပါ ဘဘရယ်"

"မလွန်ပါဘူး၊ မလွန်ပါဘူး၊ 'သံဃာရတနာ' ဆိုတဲ့ စကားကို သတိထားကြည့်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေ စုဝေးနေပေမယ့် 'သံဃာ' လို့ မခေါ်ရဘူးတဲ့ဗျား၊ ရဟန်းများ စုဝေး နေတာကိုမှ 'သံဃာ' လို့ ခေါ်ရသတဲ့။ အဲဒီ 'ရဟန်းများ' လို့ ဆိုလိုက်တာနဲ့ လူနဲ့ မတူတာတွေကို ထပ်ပြီး စဉ်းစားကြည့်ဦး၊ လူ့သီလ၊ လူ့ဝိနည်းတွေထက် ရဟန်းတော်များရဲ့ 'စတုပါရိသုဒ္ဓိ သီလ' ကပို၍ မြင့်မြတ်နေတယ် ....

နောက်တစ်ခုက လူတွေက သာသနာ့ အမွေခံ တိုးပွားလာ

http://www.dhammadownload.com



အောင် အခြားသူ တစ်ဦးကို ရှင်ပြုမပေးနိုင်ဘူး။ ရဟန်းပြု မပေးနိုင်ဘူး၊ သရဏဂုံ မပေးနိုင်ဘူး၊ အဲဒီ ဂုဏ်လောက်နဲ့ပဲ လူ့ထက်သာတဲ့ 'ရတနာ' ဖြစ်,မဖြစ်၊ မင်းစဉ်းစားကြည့်ပေတော့"

"ဟုတ်ကဲ့ ဘဘရေ၊ ကျွန်တော်မေ့သွားလို့ပါ၊ 'အနာဂါမ် လူပုဂ္ဂိုလ်'က ယနေ့မှ 'ရဟန်း'ဖြစ်လာသော 'ပုထုဇဉ်ရဟန်း'ကိုပင်လျှင် ဦးချ, ရှိခိုးကန်တော့ရမယ် လို့ စာထဲ,ပေထဲမှာ ရေးသားထားတာတွေကို အခုမှ ပြန်သတိရတယ်"

"အေး ... 'သံဃာ'ဆိုလျှင် 'အရိယာသံဃာ' ကို မဆိုထားနှင့်။ ယခု တို့ ကိုးကွယ်နေတဲ့ သမုတိသံဃာ ရဟန်းများကိုတောင် လူ့,နတ် တို့၏ ရှိခိုးခြင်းကို ခံယူထိုက်တဲ့ ပုဂ္ဂိုလ်များ ဖြစ်တယ်တဲ့။ အင်း ... အဲဒီအကြောင်းနဲ့ ပက်သက်ပြီး ပြောချင်တာလေးတောင် တစ်ခုရှိသေး ...

လွန်ခဲ့တဲ့ အနှစ် ၃၀ လောက်ကပေါ့ကွာ၊ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ထံ ရာထူး,ဂုဏ်သိန်,အရှိန်အဝါကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်က အခြံအရံတွေနဲ့ လာကန်တော့သတဲ့၊ အဲဒီအခါ ကျောင်းနေသာမဏေနဲ့ ရဟန်းပျိုကလေးများက 'ပြူတစ်, ပြူတစ်' နဲ့ ထွက်ကြည့်ကြသတဲ့၊ ဒါကို ဆရာတော်ကြီးက မြင်တော်မူလိုက်တယ်၊ အဲဒီပုဂ္ဂိုလ်ကြီးလည်း ပြန်သွားရော၊ ဆရာတော်ကြီးက တုံးခေါက်ပြီး သံဃာတွေ အကုန် ခေါ်လိုက်ပါရောတဲ့ဗျာ"

"ဘာဖြစ်လို့ ခေါ်တာလဲ ဘဘရဲ့"

"ဆရာတော်ကြီးက ပြူတစ်,ပြူတစ် ထွက်ကြည့်ကြတဲ့ ရဟန်း,သာမဏေများကို သံဃာ့အလယ်မှာ ဆုံးမတော်မူချင်လို့ပေါ့ဗျာ၊ ဆရာတော် ဆိုလိုတဲ့ အဓိပ္ပာယ်ကို ငါမှတ်မိသလောက် ပြောပါရစေတော့ကွာ ...

'မောင်ပဉ္စင်းတို့က မိမိတို့မှာရှိတဲ့ သံဃာ့ဂုဏ်တော်ကိုတော့

http://www.dhammadownload.com



အထင်မကြီးဘဲနဲ့ လူတွေရဲ့ ရာထူးကိုတယ်အထင်ကြီးကြသကိုး၊ ရှက်စရာကောင်းလိုက်တာ၊ ကိုယ်တော်တို့ဟာ ရဟန်း၊ သာမဏေ ဖြစ်တဲ့နေ့ကစပြီး လူ၊နတ်တို့ရဲ့ ရှိခိုး၊ပူဇော်ခြင်း ခံထိုက်တယ် ဆိုတာကိုလည်း မမေ့ကြနဲ့လေ ... '

လို့ ချိုချို၊အေးအေး နဲ့ လေးလေး၊နက်နက်ကြီး ဆုံးမ၊တော် မူလိုက်ပါသတဲ့ဗျာ"

## ရတနသုတ် (၃)

## ရဟန္တာသာဝက သံဃာ့ရတနာ

"ဂေါတမ သာသနမှိ = ဂေါတမမည်သာ၊ စောမြတ်စွာ၏၊ သာသနာတော်တွင်း၌။ ယေခီဏာသဝါ=အကြင်ပါပက၊ အာသဝ ရေကြီး၊ တွေတွေစီးကို၊ နေမီးနှုန်းအပ်၊ ဘုန်းအရဟတ်၏၊ ဆုံးသတ်ဂုဏ်စွမ်း၊ အကုန်ခမ်းတော်မူကြသော ရဟန္တာအရှင်မြတ်တို့သည်။ ဒဠှေန =ကျောက်ဖြင့်ပြီးသော ဘောင်ကြီးအသွင်၊ အလွန်လျှင် မြဲမြံခိုင်ခံ့လှစွာသော။ မနသာ=သမာဓိမဂ္ဂင် ယှဉ်တော်မူသောစိတ်ဖြင့်။ သုပ္ပယုတ္တာ=ကောင်းကောင်းမွန်မွန်၊ လွန်စွာ မြဲမြံ၊ ကျင့်ကြံ, အားထုတ် တော်မူကြကုန်သည်ဖြစ်၍။ နိက္ကာမိနော= သမ္မာဒိဋ္ဌိအမှူးရှိသော ဝီရိယအဟုန်ဖြင့်။ ဥဿုံသော=ကိလေသာ နှောင်အိမ်မှ၊ တစ်ရှိန်တည်း ထွက်မြောက်တော်မူကြလေကုန်ပြီ။ တေခီဏာသဝါ = ထို ရဟန္တာအရှင်မြတ်တို့သည်။ ပတ္တိ–ပတ္တာ= ရတုံလတ်သော၊ အရဟတ္တဖိုလ်ကြီး နဂိုထီးကို၊ ခိုမှီးတစ်ဖန်၊ ဝင်စားသောအားဖြင့် ရတော်မူကြပြန်ကုန်သည်ဖြစ်၍။ အမတံ=သေခြင်းကင်းသဖြင့်၊ အချင်း ခပ်သိမ်း ငြိမ်းချမ်းသာယာလှသောနိဗ္ဗာန်ကို။ ဝိဂ္ဂယှ=မပြတ်မလတ်၊ အထပ်ထပ်လျှင်၊ အရဟတ္တဖိုလ် ဇောတို့ဖြင့် အာရုံပြုကုန်၍။ မုဓာ= သွားခရီးကို၊ အားကြီးမှောင့်ယှောင့်၊ တားဆီးနှောင့် တတ်သော၊ တစ်ထောင့်ငါးရာ၊ ကိလေသာရန်သူ၊ မာရ်မမှုနိုင်သော အားဖြင့်။ လဒ္ဓါ=အပြီးအပိုင် လက်ကိုင်ရတော်မူကုန်သည်ဖြစ်၍။ နိဗ္ဗုတိံ = မီး ဆယ့်တစ်ရပ်၊ ကြွင်းမဲ့သတ်သော အရဟတ္တဖိုလ်ချမ်းသာကို။ ဘုဉ္ဇမာနာ=ကြည်သာရွှင်လန်း၊ ချမ်းချမ်းမြမြ၊ ခံစားတော်မူကြကုန်

http://www.dhammadownload.com



၏။ ဣဒမ္ပိ သံဃေ–အယံဇ‌ေ၀ သံဃော=ဤပါပကာ၊ အာသ၀ရေကြီး၊ တွေတွေစီးကို၊ နေမီးနှန်းအပ်၊ ဘုန်းအရဟာတ်၊ ဆုံးသတ်ဂုဏ်စွမ်း၊ အကုန်ခန်းတော်မူကြကုန်သော ရဟန္တာသံဃာတော်သည်သာလျှင်။ ပဏီတံ=ဝိသိဋ္ဌတရ၊ အတိက္ကဋ္ဌမောဠိ–သောဘဏီဖြစ်၍၊ လောကီ ဥစ္စာ၊ ရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ= ပစ္စုပ္ပန်နှင့် သံသရာကောင်းကျိုး၊ တိုးထက်,တိုးအောင်၊ မြတ်နိုးဖွယ်ရာ၊ ကိုး ကွယ်ရာသော မင်္ဂလာကြီးအစစ်၊ လောကုတ္တရာ ရတနာတော်ကြီး ဖြစ်ပါပေ၏။ ဧတေန သစ္စေန=ဤသို့ မဖောက်မပြန်၊ အမှန်ကိုသာ၊ ဆိုရသောသစ္စာကြောင့်။ ပါဏိနံ=သတ္တဝါတို့အား။ သုဝတ္ထိ = ဘေး ရန်ဟူ၍၊ မြူမငွေ့ဘဲ၊ ပြကတေ့ ကျန်းကျန်းမာမာ၊ ချမ်းချမ်း သာသာ လောကီ,လောကုတ္တရာ မင်္ဂလာ အစီးအပွားသည်။ ဟောတု = ဖြစ်ပါ စေသတည်း။”

“ကဲ၊ ဆရာတော်ကြီးရဲ့အနက်မြန်မာပြန်မှာတို့တစ်တွေအတွက် အားလုံးလိုလို နားလည်နိုင်ပါတယ်နော်။ ခက်ဆစ်ထုတ်စရာများ ရှိသေးသလား”

“မရှိပါဘူး ဘဘ၊ ကျွန်တော်ပြောလာခဲ့သမျှထဲမှာ အတော်များ များ အကျုံးဝင်နေတာမို့ အဓိပ္ပာယ်ပေါက်သလောက်ရှိပါတယ်။ ‘သမ္မာဒိဋ္ဌိ အမှူးရှိသော ဝီရိယအဟုန်ဖြင့်’ ဆိုတာက မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ကို ဝီရိယ မဆုတ်မနစ် အားသစ်ကြိုးပမ်းတော်မူကြတာကို ဖော်ပြတာ မဟုတ်လား”

“ဟုတ်ပါတယ်။ မဂ္ဂင်ရှစ်ပါးအကျင့်ဖြင့် ကိလေသာမှ ထွက် မြောက်တော်မူကြတာကို ဆိုလိုတာပါ။ အဲသလို ကင်းလွတ်တော် မူပြီးတဲ့အခါ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူ ကြပါတယ်။ ဒါ့ကြောင့် ‘အရဟတ္တဖိုလ်ကြီး၊ နဂိုထီးကို၊ ခိုမှီးတစ်ဖန်၊ ဝင်စားသော အားဖြင့်’ လို့ ဆရာတော်ကြီးက သုံးနှုန်းထားတာ ဖြစ်ပါတယ်…။

http://www.dhammadownload.com



သပြေကန်ဆရာတော်ဘုရားရဲ့မြန်မာစကားပြေကတော့အကျဉ်းချုံးပြီး ဒီလိုဆိုထားတယ်၊ ဖတ်ကြည့်စမ်း”

“မြဲမြံတည်တံ့သော သမာဓိဖြင့် လွန်စွာအားထုတ်ကြကုန်၍ ဂေါတမမြတ်စွာ သာသနာတော်၌ ကိလေသာတို့မှ လွတ်ထွက်ကြသော ရဟန္တာ အရှင်မြတ်တို့သည် နိဗ္ဗာနဓာတ်သို့ အာရုံယူလျက် သက်ရောက်ကြပြီးသော် ပစ္စည်းဥစ္စာအနည်းငယ်မျှ မကုန်ကျရဘဲ အလွယ်တကူ ရရှိ၍ ဖလသမာပတ် အငြိမ်းဓာတ်အရသာ ခံစားကြလျက် အရဟတ္တဖိုလ် ဝင်စားတော်မူကြ၏။ ရဟန္တာ သံဃာတော်၌ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်လည်း ထူးမြတ်လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း”

“အေး–ဆရာတော်ကြီးနှစ်ပါးရဲ့အနက်ပေးတဲ့ စာသားများကို နှစ်မျိုးစလုံးဖတ်ထားရင် မကျဉ်းမကျယ် ပို၍ သိလာနိုင်တာပေါ့ကွယ်။ ‘မြဲမြံတည်တံ့သော သမာဓိ’ ဆိုတာ ‘မဂ်,ဖိုလ်ရဖို့ ကြိုးစားတဲ့ သမာဓိ’ ကိုခေါ်ပါသတဲ့။ အဲသလို ကြိုးစားရာမှာလည်း သာမန်လုံ့လနဲ့ ကြိုးစားရတာမဟုတ်၊ အလွန်ကြိုးစားရတယ်”

“ ‘ပစ္စည်းဥစ္စာအနည်းငယ်မျှ မကုန်ကျရဘဲ အရဟတ္တဖိုလ်ကို ခံစားနိုင်တယ်’ ဆိုတာနည်းနည်း ရှင်းပေးပါလား ဘဘ”

“အဲဒါကို သပြေကန်ဆရာတော်က ရေးထားပါတယ်၊ ‘လောကစည်းစိမ်မှန်သမျှကို ခံစားနိုင်ဖို့အတွက် ပစ္စည်း, ဥစ္စာ, ငွေ, အရင်းအနှီးတို့နှင့်ရင်းနှီး,လဲလှယ်မှရတယ်၊ ရုပ်ပစ္စည်းကိုရုပ်ပစ္စည်းနဲ့အလဲအလှယ်လုပ်ရတယ်မဟုတ်လား။ လောကုတ္တရာ ဖလသမာပတ်ကျတော့နာမ်နဲ့သာ ရင်းနှီးရတဲ့ အတွက် ပစ္စည်း, ဥစ္စာ, အရင်းအနှီး မကုန်မကျရဘဲ၊ အကုန်အကျခံလို့လည်း မရနိုင်တဲ့အတွက် ရုပ်ဝတ္ထု အတိုင်းအတာနဲ့ တစ်စုံတစ်ရာ မပေးရ၊ ပေးလို့လည်းမရ၊ နာမ်ကိစ္စသာဖြစ်တယ် တဲ့...

ရုပ်ဝတ္ထုတန်ဖိုး အကုန်အကျတွေခံကာ လွန်စွာကြောင့်ကြစိုက်မှ

http://www.dhammadownload.com



ရနိုင်တဲ့ လောကစည်းစိမ်များဟာ တကယ်အေးမြ,ငြိမ်းချမ်းသော သုခ မရှိနိုင်ပါဘူးတဲ့။ လောကုတ္တရာ ဖလသမာပတ်ကျတော့ နေရာဌာန၊ အချိန်ကာလမရွေး ဘာမှ ကြောင့်ကြစိုက်ရမှု မပါ။ (ငွေအရင်းအနှီးမပါဘဲ) သက်သာလွယ်ကူစွာ ခံစားရသော တကယ့် အေးငြိမ်းချမ်းမြ သုခအစစ်ကြီး ဖြစ်တယ် .. တဲ့။

မြဲမြံသော သမာဓိကို အရင်းအနှီးပြု၍ လောကုတ္တရာချမ်းသာ အစစ်ကြီးကို လက်ဝယ်ပိုင်ပိုင် ရရှိခံစားတော်မူနိုင်ကြသော ရဟန္တာ သံဃာတော်များသည်သာလျှင် ရတနာ အစစ်ဖြစ်တော်မူကြပါ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာပါစေ သတည်း' … ပေါ့ကွယ်"

"ဟုတ်ကဲ့ ဘဘ၊ ကျွန်တော် နောက်တစ်ပုဒ် ဆက်ဖတ်ပြပါဦးမယ်။

ပထဝိဿိတော=တစ်ဆယ့်ခြောက်တောင်၊ ဖွဲ့ရိုးဆောင်၍၊ ရှစ်တောင် ထဲလိုက်၊ မြေဝင်စိုက်အပ်သော။ ဣန္ဒခီလော= မြဲမြံကြံ့ခိုင်၊ တံခါးတိုင်သည်။ စတုဗ္ဘိဝါတေဟိ=လေးမျက်နှာက၊ ပက်ပါစူးရှူး၊ ဟူးဟူးခုန်စိုင်း၊ အုံခါပိုင်းသော၊ မှုန်မှိုင်းမပြော မုန်တိုင်းလေတို့ကြောင့်။ အ–သမ္ပကမ္ပိယော = အနည်းငယ်မျှ၊ ဘယ်,ညာတိမ်းပါး၊ သိမ်းယိုင်၍ မသွားနိုင်သည်။ သိယာယထာ=ဖြစ်သကဲ့သို့။ ယော သပ္ပုရိသော၊ အကြင်အရိယမဂ်လမ်း၊ ထက်စခန်းကို၊ တက်လှမ်းခါမီ၊ လာဝသီနှင့်၊ ပါရမီပြည့်ကြောင်း၊ ယူမြော်ညောင်းသော သူတော်ကောင်း သောတာပန်ပုဂ္ဂိုလ်သည်။ အရိယသစ္စာနိ= ဒုက္ခ, သမုဒယ, နိရောဓ စသော အရိယသစ္စာတို့ကို။ အဝေစ္စ=ပထမ မဂ်ဉာဏ်ဖြင့် သက်၍။ ပဿတိ=မြင်၏။ တံသပ္ပုရိသံ= ထို သူတော်ကောင်း သောတာပန်ပုဂ္ဂိုလ်ကို။ တထူပမံ=ထို လာဘော၊ အ, လာဘော၊ ယသော၊ အ,ယသော၊ သို့ စသောအားဖြင့်၊ လောကဓံ ရှစ်ထွေ၊ မုန်

http://www.dhammadownload.com



တိုင်းလေတို့ကြောင့်၊ အခြေတိမ်းပါး၊ ယိမ်းယိုင်၍မသွားနိုင်သော တံခါးတိုင်ကြီးနှင့်တူ၏ဟူ၍။ အဟံ=ငါဘုရားသည်။ ဝဒါမိ= ဟော တော်မူ၏။ ဣဒမ္ပိသံဃေ–အယံ ဝေသံဃော= ဤ သူတော်ကောင်း, သောတာပန်သံဃာတော်သည် သာလျှင်။ ပဏီတံ=ဝိသိဋ္ဌတရ၊ အတိ ဣဋ္ဌမောဠီ၊ သောဘဏီဖြစ်၍၊ လောကီဥစ္စာရတနာတို့ထက်သာလွန်, မြင့်မြတ်သော။ ရတနံ=မင်္ဂလာကြီးအစစ်၊ လောကုတ္တရာ ရတနာ တော်ကြီးဖြစ်ပေ၏။ဧတေနသစ္စေန=ဤသို့ မဖောက်မပြန် အမှန်ကို သာ ဆိုရသော သစ္စာကြောင့်။ ပါဏီနံ= သတ္တဝါတို့ အား။ သုဝတ္ထိ= လောကီ,လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာ အစီးအပွားသည်။ ဟောတု=ဖြစ်ပါစေသတည်း။"

"ကဲ ... စကားပြေအားဖြင့်တော့ သိသာလောက်ပါတယ်ကွယ်။

မြေကြီးထဲမှာ နက်စွာစိုက်ထားတဲ့ တံခါးတိုင်ကြီးဟာ အရပ် လေးမျက်နှာကလေပြင်း,မုန်တိုင်းတွေတိုက်ခတ်လှုပ်ရှားပေမယ့်လည်း မယိမ်းမယိုင် ကြံ့ကြံ့ခိုင်သကဲ့သို့၊ သောတာပတ္တိမဂ်ရပြီးသော သံဃာ တော်များလည်း လာဘော အ,လာဘော အစရှိတဲ့ လောကဓံတရား လေပြင်းမုန်တိုင်းရှစ်ပါးကို ကြံ့ကြံ့ခိုင်ခိုင်, မတုန်မလှုပ် ခံနိုင်ရည်ရှိ ကြပါသတဲ့။ အဲဒီဂုဏ်ဟာ သောတာပန် အရိယာ ဖြစ်လျှင် ခံနိုင် စွမ်းရည် ရှိလာပါတယ်။ ပုထုဇဉ်ဆိုရင် ဘယ်ပုဂ္ဂိုလ်မှ ခံနိုင်ရည်မရှိ ကြပါဘူးတဲ့။ တို့တစ်တွေလို 'လူထဲကလူ'တွေ မပြောနဲ့၊ 'သတိ ပညာ ရှိပါတယ်ဆိုတဲ့ပုဂ္ဂိုလ်'တွေတောင် လက်တွေ့ကိုယ်တွေ့ ဖြစ် လာရင် ဖောက်ပြန် တုန်လှုပ်ကြစမြဲ မဟုတ်လား"

"ဟုတ်တယ်နော် ဘဘ၊ အချို့ဆိုရင် ဆင်းရဲတာသာခံနိုင်တယ်၊ ချမ်းသာတဲ့ဒဏ်ကို မခံနိုင်ကြဘူး၊ တချို့ကျတော့လည်း နှိမ့်ချ, ကဲ့ရဲ့ တဲ့ဒဏ်ကို အောင့်အည်း,သည်းခံနိုင်ပေမယ့် မြှောက်ပင့်,ချီးကျူး ခံရတဲ့ ဘဝကျတော့ အောက်ခြေ လွတ်ကုန်ကြတာပဲ"

http://www.dhammadownload.com



"အများအားဖြင့်တော့ တို့တစ်တွေအပါအဝင် ပုထုဇဉ်မှန်သမျှဟာ လောကဓံရဲ့ အဆိုးဒဏ်ကိုလည်း မခံနိုင်ကြပါဘူး။ အကောင်းဒဏ်ကိုလည်း မခံနိုင်ကြပါဘူး။ ဒါ့ကြောင့် 'သောတာပန် အရိယာဖြစ်မှ လောကဓံကို ခံနိုင်ပါတယ်' လို့ ဗုဒ္ဓကအတိအကျ ဟောတော်မူထားတယ်လေ။ 'ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ' တဲ့။ 'လောကဓံ ၈ ပါးကို မတုန်မလှုပ်,မဖောက်မပြန်,ကြံ့ကြံ့ခံနိုင်သော စိတ်သည်။ အ,သောကံ=သောကကင်း၏။ ဝိရဇံ=ရာဂကင်း၏။ ခေမံ=ဘေးကင်း၏။' –တဲ့။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ဘဘ"

"ဒီနေရာမှာ သပြေကန်ဆရာတော်ရဲ့ အဆိုအမိန့်ကို အကျဉ်းချုပ်ပြီး ဖောက်သည်ချရဦးမယ်။ သောတာပန်အရိယာများဟာ ဆိုခဲ့တဲ့ လောကဓံ ၈ ပါးကိုသာ ခံနိုင်စွမ်းရည် ရှိရုံမက ဘုရား၏ ဂုဏ်တော်ကို ယုံကြည်ခြင်း၊ တရား၏ဂုဏ်တော်ကိုယုံကြည်ခြင်း၊ သံဃာ၏ဂုဏ်တော်ကို ယုံကြည်ခြင်းနှင့် ဂရုဓမ္မ ၅ ပါးသီလ လုံခြုံခြင်းမှာလည်း ဘယ်သောအခါမှဖောက်ပြန်တုန်လှုပ်ခြင်း မရှိကြပါဘူး တဲ့၊ ဆောင်ပုဒ်ကလေးတောင် ပေးထားလိုက်သေးတယ်။

'ဗုဒ္ဓ,ဓမ္မ၊ သံဃာကိုယုံ၊
မတုန်လှုပ်ဘိ၊ အရိယကန္တ၊
သီလငါးဖြာ၊ စုံညီညာ၊
သောတာပတ္တိယင်' ... တဲ့။ အဲဒါနဲ့ပတ်သက်ပြီး ဓမ္မပဒထဲက ဝတ္ထုသာဓကပြထားတာတွေ ရှိသေးတယ်"

"အဲဒါလေးတွေ ပြောပြပါလား ဘဘ"

"မြတ်စွာဘုရား လက်ထက်တော်မှာ 'သုပ္ပဗုဒ္ဓ' အမည်ရှိတဲ့ ရောဂါသည် လူဆင်းရဲတစ်ဦးဟာ မြတ်စွာဘုရားရဲ့ တရားတော်အတိုင်း ကျင့်ကြံလို့ 'သောတာပန် အရိယာ' ဖြစ်လာပါသတဲ့။ အဲဒီ

http://www.dhammadownload.com



အခါမှာ ရတနာသုံးပါး၏ဂုဏ်ကို ယုံကြည်ဝမ်းမြောက်လွန်းလို့ မြတ်စွာဘုရားကိုလျှောက်ရအောင်ကျောင်းတော်သို့လာခဲ့ပါသတဲ့"

"ကျွန်တော် ဖြတ်ပြီး မေးပါရစေ ဘဘရယ်။ ပုဂ္ဂိုလ်တစ်ဦး, တစ်ယောက်ဟာ မိမိကိုယ်ကို သောတာပန်ဖြစ်ပြီလို့ သိရှိ, ဆုံးဖြတ်နိုင်ပါသလား"

"ဆုံးဖြတ်နိုင်ပါတယ်။ အထက်ကပြောခဲ့တဲ့ အင်္ဂါ ၄ ပါးနဲ့ ညီညွတ်ပြီးတာနဲ့ တစ်ပြိုင်နက် သစ္စာ ၄ ပါးကို သိလာတယ်၊ ဝိစိကိစ္ဆာတွေ ကင်းသွားတယ်။ အဲဒီမှာ ကိုယ်တိုင်လက်ခံဖို့ ရဲရင့်လာတယ်။ အဲသလို အခါမျိုးမှာ မှန်ကိုကြည့်လျှင်ကိုယ့်ပုံကို ပြန်မြင်ရသကဲ့သို့ ထင်ထင်ရှားရှား ဖြစ်လာတဲ့အတွက် 'ဓမ္မာဒါသ တရားမှန်တော်ကြီး' လို့ ခေါ်နိုင်သေးသတဲ့"

"အင်း ... ဟုတ်ပါတယ်လေ။ ကိုယ့်စိတ်ကို ကိုယ်အသိဆုံးပေါ့။ 'သုပ္ပဗုဒ္ဓ' အကြောင်း ဆက်ပါဦး ဘဘ"

"အဲသလို ဘုရားကျောင်းတော်ကို လာတဲ့လမ်းမှာ တစ်နေရာရောက်တော့ သိကြားမင်းက ကောင်းကင်မှာ ကိုယ်ထင်ပြပြီး ပြောသတဲ့။ 'အချင်းသုပ္ပဗုဒ္ဓ၊ သင့်မှာ လူကလည်း မကျန်းမာဘူး၊ ဆင်းရဲတာကလည်း လွန်လို့။ ဒီတော့ သင့်ရောဂါလည်း ပျောက်စေမယ်။ ချမ်းသာစွာ စား,သောက်,နေထိုင်ဖို့လည်း ရတနာတွေ တောင်လိုပုံပေးမယ်။ ရတနာသုံးပါးဂုဏ်ကို မယုံကြည်ပါဘူး၊ ယနေ့ကစပြီး ပစ်ပယ်လိုက်ပါတော့မယ် -လို့ တစ်ခွန်းတည်းသာ ပြောပါ'-တဲ့

ဒီတော့ သုပ္ပဗုဒ္ဓက 'သင် ဘယ်သူလဲ' လို့ ပြန်မေးတယ် ...

'ငါက သိကြားမင်း' လို့ပြန်ဖြေတော့

'ဟဲ့ ... သိကြားမိုက်၊ သင်က ငါ့ကို လူဆင်းရဲလို့မှတ်သလား၊ ငါ့မှာ သူတော်ကောင်းဥစ္စာ ၇ ဖြာတည်းဟူသော ရတနာမျိုးစုံ ရှိတယ်။ ငါက လူချမ်းသာဖြစ်တယ်။ သင်နဲ့စကားပြောစရာပင် မရှိ

http://www.dhammadownload.com



ဘူး' လို့ နှင်လွှတ်လိုက်တယ်။ အဲဒီအကြောင်း မြတ်စွာဘုရားကို သိကြားမင်းက သွားလျှောက်နှင့်တဲ့အခါ မြတ်စွာဘုရားက 'သိကြားမင်း၊ သောတာပန်ဖြစ်တဲ့ သုပ္ပဗုဒ္ဓကို သင်ကဲ့သို့ သိကြားမင်း တစ်ယောက်တည်း မပြောနှင့်၊ သိကြား အရာ,အထောင် သွား၍ ဖျက်ဆီးတောင် မရနိုင်ဘူး' လို့ မိန့်တော်မူလိုက်သတဲ့။"

"သောတာပန် အရိယာဖြစ်လာရင် တကယ်ပြတ်သားလာတယ် ထင်တယ်နော် ဘဘ။ သိကြားမင်းကိုတောင်မှ 'ဟဲ့ – သိကြားမိုက်' လို့ ခေါ်ဝံ့လာတာပဲ"

"အေးပေါ့ကွ၊ ရတနာသုံးပါးကို ထိပါး, ပုတ်ခတ် လာလို့ရှိရင် အတိုက်အခံပြုဖို့ သတ္တိရှိလာတယ်၊ ရဲရင့်လာတယ်၊ အမှန်တရားကို ဘယ်သူနဲ့ဖြစ်ဖြစ်ပြောဝံ့လာတယ်။ ကိုယ့်အယူအဆကိုလက်မလွှတ် တော့ပါဘူးတဲ့။ ဓမ္မစက္ကသုတ်မှာ ပထမဆုံး သောတာပန် ဖြစ်တဲ့ 'ကောဏ္ဍည ဘိက္ခု' ရဲ့စိတ်ထားကို အထင်အရှား ပြပါတယ် ...

(၁) ဒိဋ္ဌဓမ္မ – ဘုရားဟောပြသော သစ္စာလေးပါး ကို မိမိ၏ ဉာဏ်မျက်စိဖြင့် ကိုယ်တိုင်မြင်ရခြင်း။

(၂) ပတ္တဓမ္မ –ထိုတရားသဘောကို လက်ဆုပ်, လက်ကိုင် ရလာခြင်း။

(၃) ဝိဒိတဓမ္မ– တရားသဘောကို အဲဒါအမှန်ဆုံး လို့ သိလိုက်ခြင်း။

(၄) ပရိယောဂါဠ္ဓဓမ္မ – မိမိဉာဏ်ဖြင့် အနည်းနည်း ဝေဖန်၍ လက်ခံလိုက်ခြင်း။

(၅) တိဏ္ဏဝိစိကိစ္ဆ–မိမိလက်ခံပြီးသားကို ယုံမှားသံသယမှ ကင်းလွတ်ခြင်း။

(၆) ဝိဂတကထံကထ–ထိုလက်ခံပြီးသော တရားအပေါ်မှာ သို့လော,သို့လော တွေးတောမှုများ ကင်းပြီးခြင်း။

http://www.dhammadownload.com



(၇) ဝေသာရဇ္ဇပတ္တ–မိမိကိုယ်ကို မိမိပကတိ ယုံကြည် ရဲရင့်လာခြင်း။

(၈) အပရပ္ပစ္စယ–သူတစ်ပါး၏ သိမ်းသွင်း, ဆွဲဆောင်မှုကို လက်မခံခြင်း။

အဲသလို ရှိလာပါသတဲ့။ ဒီတော့ သိကြားမင်းဖျက်လို့ ဘယ်ရပါ့မလဲကွယ်"

"ကျွန်တော်တို့လို ပုထုဇဉ်တွေနဲ့တော့ အကွာကြီး ကွာသွားပြီထင်တယ် ဘဘရေ"

"မနှိုင်းကောင်း နှိုင်းကောင်းကွာ၊ တို့တစ်တွေမှာ သစ္စာလေးပါးကို ကိုယ်တိုင်သိမြင်ဖို့ မပြောနဲ့၊ အရေးရယ်, အကြောင်းရယ်လို့ဆိုရင် ငါးပါးသီလမှ လုံကြရဲ့လား။ စမ်းသပ်လာရင်ကော ကြံ့ကြံ့ခံနိုင်ကြပါ့မလား၊ တကယ်ငတ်ပြတ်နေတဲ့ အခါမျိုးရယ်၊ အဲဒီ အခါမှာ ငါးပါးသီလထဲက 'ပါဏာတိပါတကံ' ရယ်။ 'အဒိန္နာဒါနကံ' ရယ်။ 'မုသာဝါဒကံ'ရယ်။ အဲဒီ ကံသုံးပါးကိုလုံအောင် ထိန်းနိုင်ကြပါ့မလား"

"အဲဒါလည်း သစ္စာလေးပါးကို ပိုင်ပိုင်မသိလို့ နေမှာပေါ့ ဘဘရဲ့"

"အေး ... ဟုတ်တယ် ... ဟုတ်တယ်၊ မင်းပြောတာ ဟုတ်တယ်"

"ရှိတော့ရှိတယ်၊ ရှားတယ် ဆိုတာ မျိုးပေါ့နော်"

"ရှားလွန်းလို့သာ ရတနာမည်တာပေါ့ မောင်ရ၊ ကျောက်စရစ်ခဲကြားက ပတ္တမြားပြည်တန်တွေ့ဖို့ရာ ခဲယဉ်းတယ် မဟုတ်လား။ နောက်ဝတ္ထုတစ်ခုက မာရ်နတ်က ဘုရားယောင်ဆောင်ပြီး 'သောတာပန်' တစ်ဦးကို စမ်းသပ်ခြင်းမျိုးပေါ့"

"အဲဒါလည်း ပြောပါဦး ဘဘ"

"တိတ္ထိဆရာကြီးတွေရဲ့တပည့် 'သူရမ္ဗဋ္ဌ'ဆိုတဲ့ ဒါယကာတစ်ဦး

http://www.dhammadownload.com



ဟာ သူ့ဆရာတွေရဲ့ အယူအဆတွေမှ ကင်းလွတ်ပြီး သောတာပန် နီးနီး ဖြစ်လာတဲ့အခါ မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွလာ, ချီး မြှောက် တရားဟောပြတော်မူပါတယ်။ အဲသလိုနဲ့ သုရမ္ဗ သောတာ ပန်ဖြစ်ပြီးလို့ မြတ်စွာဘုရား ပြန်ကြွတော်မူတဲ့အခါ မာရ်နတ်က ဘုရားပုံသဏ္ဌာန်ဖန်ဆင်းပြီး သုရမ္ဗထံရောက်လာတယ်"

"ဘာလုပ်ဖို့ လာတာလဲ ဟင်"

"သောတာပန်ရဲ့ အရိယသစ္စာကို ဖျက်ဆီးရအောင်လာတာ ပေါ့။ သူက ဘုရားယောင်ဆောင်ပြီးပြောတယ်လေ။ 'အချင်း သုရမ္ဗ' တဲ့၊ 'အခုန ငါဘုရား ဟောခဲ့တဲ့ အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ တရားများ အနက်က နိစ္စ, သုခ, အတ္တဆိုတဲ့ ခန္ဓာမျိုးလည်း ရှိသေးတယ်။ အဲဒီ တရားကြွင်းကျန်နေလို့ နောက်ထပ် ငါဘုရား ဟောရအောင် ပြန်ကြွ လာခဲ့တယ်'လို့ ပြောသတဲ့။ အဲဒီစကားကို ကြားလိုက်တယ် ဆိုရင်ပဲ

'အသင်ဟာ ဗုဒ္ဓ မဟုတ်ဘူး။ သဗ္ဗညုတ မြတ်စွာဘုရားတို့ မည် သည့် တရားဟောတော်မူရာမှာ ချွတ်ယွင်း ကြွင်းကျန်တယ်လို့ ဘယ် တော့မှ မရှိဘူး။ သစ္စာလေးပါးမှာ နတ်ပယ်စရာလည်းမရှိဘူး။ ဖြည့် စွက်စရာလည်း မရှိဘူး။ သင်ဟာ မာရ်နတ်ပဲ ဖြစ်ရမယ်။ အခု ချက် ချင်း ငါ့ရှေ့မှောက်က ထွက်သွားပါ'လို့ ခြိမ်းခြောက်,နှင်လွှတ် လိုက် ပါသတဲ့"

"မာရ်နတ်က ဘုရားသဏ္ဌာန် ဖန်ဆင်းတော့ တူနိုင်ပါ့မလား ဘဘရယ်"

"ရူပ အစိန္တေယျ မဟုတ်လား။ မာရ်နတ်က သုရမ္ဗကို အထင် သေးလို့ နေမှာပေါ့ကွာ။ ဒါ့ကြောင့် ဆင်တူရိုးမှား ဖန်ဆင်းပြရင် ရနိုင်လိမ့်မယ် လို့ ထင်သလားမှ မသိတာ။ သောတာပန် အစစ်ဖြစ် လာရင် အခုလို သိကြားနဲ့ မာရ်နတ်တို့က တစ်ခေါက်တစ်ခါ လာ ပြီး စမ်းသပ်တာ မပြောနဲ့။ လက်ပွန်းတတီး အတူနေကြတဲ့ လင်နဲ့

http://www.dhammadownload.com



မယားတောင် နိစ္စရူဝ ဖျက်ဆီးလို့ မရတဲ့ အကြောင်း 'ဘာရဒွါဇ' ဗြာဟ္မဏပုဏ္ဏားကြီး ဝတ္ထုကလည်း ရှိသေးတယ်"

"ဟာ ... ဒါလည်း လုပ်ပါဦး ဘဘရဲ့"

"အဲဒီ ဝတ္ထုကို ပြောရရင် အနောက်မဇ္ဈိမတိုင်းမှာ ရှေးရှေး ပဝေသဏီကတည်းက ခိုင်မာလာတဲ့ လူနေမှုစနစ်က စ,ပြောရလိမ့်မယ်။ အဲဒါဘာလဲဆိုတော့ ဘုရင်များဟာ တိုင်းသူ,ပြည်သားများ အပေါ်မှာ အသက်,ဦးဆံပိုင်ခဲ့သလို ခင်ပွန်းသည် လင်ယောကျ်ားများက မိမိရဲ့ ဇနီးမယားအပေါ်မှာ အသက်,ဦးဆံပိုင်သလောက် စိုးမိုး, ချုပ်ချယ်ခွင့်ရှိတယ်။ လင့်သြဇာမှန်သမျှ ရိုကျိုး,လိုက်နာကြရတယ်။

ခြေရင်း အလုပ်အကျွေးအနေနဲ့ အစေခံများသဖွယ်, ကျွန်များသဖွယ် လင်ကို ပြုစုရတယ်။ ဒါတောင် ငါးနှစ်နေလို့မှ သား,သမီး မရရင် 'အမြုံမ'ရယ်လို့ သူ့မိဘအိမ်သို့ နှင်ထုတ်နိုင်ခွင့်ရှိတယ်၊ မိန်းမသားများရဲ့ ဘဝဟာ အဲသလောက် အနှိမ်ခံ,အောက်တန်းကျခံရတယ်၊ လင်ကို တော်လှန်ဝံ့တယ်လို့ မရှိကြဘူး။ မင်းလည်း ဖတ်ဖူး,ကြားဖူးမှာပေါ့လေ။

အေး ...သာဝတ္ထိပြည်မှာ မဟာဗြာဟ္မဏ အမျိုးဖြစ်တဲ့ ဘာရဒွာဇ သူဌေး ပုဏ္ဏားကြီးရှိတယ်။ သူ့ဇနီးက ဓနဥ္စာနီပုဏ္ဏေးမပေါ့။ အဲဒီပုဏ္ဏေးမကြီးက မြတ်စွာဘုရားရဲ့တရားတော်ကို သက်ဝင်, ယုံကြည်ပြီး ကျင့်ကြံ,ဆောက်တည်ခဲ့တာနဲ့ သောတာပန် အရိယာ ဖြစ်နေပါသတဲ့။ အဲဒါကို ပုဏ္ဏားကြီးမသိဘူး။ ပုဏ္ဏေးမကြီးကလည်း ဗုဒ္ဓဝါဒီ မဟုတ်တဲ့ သူ့ယောကျ်ားကို အသိမပေးပါဘူးတဲ့။ အဲ ... သို့ပေမယ့် ပုဏ္ဏေးမကြီးက အမှတ်မဲ့နှာချေ,ဆတ်လိုက်တိုင်း 'ဟတ်ချိုး .. ဗုဒ္ဓေါ' လို့ အမြဲရွတ်ဆိုမိပါသတဲ့။ အဲသလို ရွတ်ဆိုတိုင်း ပုဏ္ဏားကြီးက ရိုက်မောင်း,ပုတ်မောင်း အမြဲလုပ်ပါတယ်"

"ပုဏ္ဏားကြီးကလည်း ဗုဒ္ဓမြတ်စွာကို မကြည်ညိုလိုက်တာ လွန်

http://www.dhammadownload.com



ပါရောလား၊ ဘာဖြစ်လို့ ဒီလောက် ရန်ငြိုးကြီးနေရတာလဲ ဘဘရဲ့"

"အဲဒါလည်း ရှေးပဝေသဏီကတည်းက အယူအစွဲကြီး တစ်ခု ပေါ့ကွယ်။ သူတို့ရဲ့ ဝါဒက ကမ္ဘာအစ,ကတည်းက မဟာဗြဟ္မာကြီး ရဲ့ ခံတွင်းက မွေးဖွားသက်ဆင်းလာတဲ့အတွက် လူသားထဲမှာ သူတို့ သာ အမြတ်ဆုံး၊ ပညာအနေနဲ့လည်း သူတို့တတ်ကျွမ်းထားတဲ့ ဝေဒ သုံးပုံသလျှင် အကျင့်တရားအပြည့်စုံဆုံး။ ဒါ့ကြောင့် သူတို့အမျိုး ထက် အဆင့်နိမ့်တဲ့ ခတ္တိယ သာကီဝင် တစ်ဦးက 'လောကသုံးပါးမှာ အမြတ်ဆုံး' ရယ်လို့ ဘွဲ့ခံနေတဲ့ မြတ်စွာ ဗုဒ္ဓကို အထင်သေးတယ်။ အကျင့်စရဏတရားနဲ့ ဒဿနမှာလည်း သူတို့ကို လုံးဝမမီဘူးလို့ တထစ်ချမှတ်ထားတဲ့ တစ်ယူသန်သမားကြီးတွေကိုးကွဲ့။ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာကို ငြိုးသူရန်ဖက် လုပ်နေကြတာပေါ့"

'ဩော် ... ဩော်၊ တလွဲမှာ ဆံပင်ကောင်းနေတဲ့ ပညာတတ် ကြီး တွေပေါ့လေ"

"ဆိုပါတော့ကွာ၊ အဲသလို ချေဆတ်တိုင်း ဘုရားကို 'တ'မိလို့ အရိုက်ခံရပေါင်းများပေမယ့် မယားရဲ့ဝသီဘောက်ကတော့ ပျက်သွား တယ်လို့ မရှိပါဘူးတဲ့။ တစ်နေ့မှာတော့ ပုဏ္ဏားကြီးရဲ့ မိတ်ဆွေ ဗြာဟ္မဏ ငါးရာကို သူ့အိမ်မှာ နို့ထမင်းကျွေးဖို့ အစီအစဉ်ကြီးတစ်ခု လုပ်ပါသတဲ့။ အဲဒီအခါမှာ ပုဏ္ဏားကြီးက သူ့ဇနီးကို သို့ကလို မှာ ထားတယ်'–

'ကဲ ...ပုဏ္ဏေးမ၊ ငါ့မိတ်ဆွေတွေရဲ့ ထမင်းပွဲမှာတော့ 'ဗုဒ္ဓ' ကို ယောင်လို့မှ 'မတ' ပါနဲ့။ သူတို့ရှေ့မှာ ငါအရှက်ကွဲရရင်တော့ မင်း ကို ငါသတ်ရပါလိမ့်မယ်'လို့တင်းတင်းကျပ်ကျပ် သတိပေးပါသတဲ့။ ပုဏ္ဏေးမက စကားနည်း,ရန်စဲဖြစ်အောင်'ကျွန်မသတိထားနေပါ့မယ်' လို့ ကတိပေးပါတယ်။ သို့ကလိုနဲ့ မဟာဗြာဟ္မဏ ပုဏ္ဏား မိတ်ဆွေ တွေ စုံစုံညီညီ ရောက်လာကြလို့ ပုဏ္ဏေးမက ထမင်းပွဲ ပြင်ပေးတဲ့

http://www.dhammadownload.com



အခါ မချေ,မဆတ်အောင် သတိကြီးစွာထားနေတဲ့ကြားက နွားနဲ့ တစ်ခွက် မတော်တဆ မှောက်ကျလိုက်တယ်ဆိုရင်ပဲ၊ ပုဏ္ဏေးမ က–

'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' လို့ အစ,အဆုံး ရွတ်လိုက်မိသတဲ့ဗျား"

"အဲဒါ သိပ်သဘာဝကျတာပေါ့ ဘဘရယ်။ မချေ,မဆတ်မိအောင် စိတ်ကို ချုပ်တည်းထားရလေတော့ တစ်နေ့ရာရာက အမှတ်မထင် ထွက်ပေါက် ဖြစ်လာတာနဲ့ တွန်းကန်ပွင့်ထွက်လာတော့တာပေါ့။ အဲဒီတော့ ဘယ်လို ဖြစ်ကုန်သလဲ"

"ပုဏ္ဏားညှော်သည်တွေမှာ ပွက်လောရိုက်သွားတာပေါ့ကွယ်။ 'ဗုဒ္ဓ' ကိုတပည့်ခံတဲ့ မဟာဗြာဟ္မဏဇာတ်ပျက်ရဲ့ထမင်းကို တို့ မစားတော့ဘူးဟေ့'လို့ ကဲ့ရဲ့,ဆဲရေးပြီး အလျှိုအလျှို ထ,ပြန်သွားကြသတဲ့။ ဘာရဒွါဇ ပုဏ္ဏားကလည်း ဆတ်ဆတ်တုန်လောက်အောင် ဇနီးကို ဒေါသ ဖြစ်လာပြီး သန်လျက်နဲ့ ထ,ပိုင်းမယ် လုပ်ရောတဲ့။ အဲဒီအခါ ပုဏ္ဏေးမက မတုန်မလှုပ်, မကြောက်မရွံ့ဘဲနဲ့ ပြန်ပြောလိုက်ပုံက ...

'ပုဏ္ဏားကြီး သဘောကျသလိုသာလုပ်ပါ။ ကျွန်မအနေနဲ့ကဖြင့် မြတ်စွာဘုရားကို တ,မိတဲ့ အသံကြောင့် စိုးရိမ်ပူပန်မှုလည်း မရှိပါဘူး။ နောင်တလည်း မရပါဘူး။ ကျွန်မ သေဖို့ အဆင်သင့်ပါပဲ'လို့ တည်တည်ငြိမ်ငြိမ်,ပြတ်ပြတ်သားသား ပြောလိုက်သတဲ့ကွယ်။

အဲဒီအခါမှာ ပုဏ္ဏားကြီးက သူ့မယားမျက်နှာကို ကွက်ခနဲကြည့်လိုက်မိတယ်။ စိုးရိမ်သောက, ဗျာပါရ လုံးဝမရှိဘဲ လောဘ, ဒေါသ, မောဟကင်းပြီး ဣန္ဒြေရရ ဖြစ်နေတဲ့ ပုဏ္ဏေးမကို မြင်လိုက်ရတယ်"

"ဟုတ်မှာပေါ့။ သမာဓိရှိတဲ့လူက တည်ငြိမ်နေသလောက် သမာဓိ မရှိတဲ့လူက ရှုးရှုးရှားရှား ဖြစ်နေမှာပဲ၊ ဒါနဲ့ပဲ မသတ်ဖြစ်တော့ဘူး မဟုတ်လား"

http://www.dhammadownload.com



" အေး ..မယားကို မသတ်ဝံ့၊ မသတ်ရက်တဲ့ 'ဘာရဒွါဇ' ပုဏ္ဏား ဟာ သူ့မယားကို ဇာတ်ပျက်အောင်လုပ်၊ တရားဟောတဲ့ ဗုဒ္ဓ မြတ်စွာ ကို ဝါဒချင်းပြိုင်ရအောင် ဇေတဝန်ကျောင်းကို ထွက်သွားပါရော... တဲ့။ ဟိုတိုပြောရရင်ကွာ။ ဗုဒ္ဓမြတ်စွာကိုလည်း တွေ့ပြီးရော သူ ကိုယ်တိုင် သောတာပန်ဖြစ်ပြီး အိမ်ပြန်လာခဲ့သတဲ့ကွယ်"

"အင်း ... အဲသလို ဖြစ်ရမှာပေါ့"

" အဲဒါကြောင့် သောတာပန်, အရိယာများဟာ လောကဓံရှစ်ပါး နဲ့ တွေ့ကြုံတဲ့အခါ မတုန်မလှုပ် မဖောက်မပြန် ရုံသာမကပါဘူး ရတနာသုံးပါးဂုဏ်ကို မမိုတ်မသုန် ယုံကြည်ခြင်းနဲ့ ဂရုဓမ္မ ၅ ပါး ကိုပါ မကျိုးမပေါက်, မပြောက်မကြား တည်ကြပါသတဲ့။ အဲဒီတော့ လူပုဂ္ဂိုလ်, သောတာပန်, အရိယာတို့ထက် ရဟန်းသံဃာ သောတာ ပန် အရိယာတို့မှာ ရတနာတို့၏ ရတနာကြီး ဖြစ်တော်မူ ကြကုန်၏

ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြ ပါစေသတည်း။"

http://www.dhammadownload.com

ရတနာသုတ်
(၄)

## မင်္ဂလ်ပိုဒ် ပထမ
## စသောတာပန္န

“ယေသောတာပန္နာ=အကြင်မိစ္ဆာဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ယှဉ်ကာမကပ်၊ စင်စွာ ပြတ်ကြကုန်သော သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်တို့သည်။ ဂမ္ဘီရပဒေသေန= မြေအောက်,ရေအောက်၊ လေတစ်လျှောက်နှင့်၊ အစောက်လဟာ၊ အောက်အဇ္ဈောကို၊ ထောက်ခါတွက်လေ၊ နက်လေလေကဲ့သို့၊ တွက်ရေမဆုံး၊ အနှုန်းမစပ်၊ မြတ်ပုညဝန်၊ ဂုဏ်တံခွန်ကြောင့်၊ အလွန်နက်နဲရှုးရသော ဉာဏ်ပညာရှိတော်မူသော မြတ်စွာဘုရားသည်။ သုဒေသိတာနိ=နက်နက်နဲနဲ၊ ခဲခဲကြိတ်ကြိတ်၊ စိတ်စိတ်ဖြာဖြာ၊ ကျိုးကြောင်းရာ၍၊ ကောင်းစွာ ဟောကြားတော်မူအပ်ကုန်သော။ အရိယသစ္စာနိ=မြတ်လည်း မြတ်သော၊ ဆပ်ဆပ်ဇကန်၊ မှန်လည်း မှန်သော၊ လေးတန်ထင်ရှား၊ မြတ်တရားတို့ကို။ ဝိဘာဝယန္တိ=မင်္ဂလာတန်ဆောင်၊ ပညာရောင်ဖြင့်၊ ထင်သာအောင် ပြုတော်မူကြ လေကုန်၏။

တေသောတာပန္နာ= ထိုသတ္တက္ခတ္တု ပရမ သောတာပန်ပုဂ္ဂိုလ်တို့သည်။ ဘုသံပမတ္တာ=လွန်လွန်မင်းမင်း၊ သွန်ဆင်းအာရုံ၊ ကာမဂုဏ်တို့၌၊ ခုံမင်မြူးတူး၊ မေ့လျော့ကြူးကုန်သည်။ ကိဉ္စာပိဟောန္တိ=အကယ်၍သာ၊ ဆယ်ရေးတစ်ရေး ဖြစ်တတ်ကြကုန်သေး၏။ တထာပိ= ထိုသို့ မြူးထူး၊ မေ့လျော့ကြူး၍၊ ယစ်မူးကာမဂုဏ်၊ ဖြစ်တတ်ကြကုန်သော်လည်း။ တေ–သောတာပန္နာ=ထိုသောတာပန်ပုဂ္ဂိုလ်တို့သည်။ အဋ္ဌမံ ဘဝံ=ခုနစ်ကြိမ် ထက်၊ ဖြစ်ချိန်မရောက်၊ ခေတ်ရှိန်ပျောက်၍၊ ရှစ်ကြိမ်မြောက်ဖြစ်သောဘဝကို။ န အာဒိယန္တိ=မယူကြကုန်။ ဣဒမ္ပိ သံဃေ– အယံ ဧဝ သံဃော=ဤ သတ္တက္ခတ္တုပရမ သောတာပန်

http://www.dhammadownload.com



သံဃာတော်သည် သာလျှင်။ ပဏီတံ=ဝိသိဋ္ဌတရ၊ အတိဏ္ဍမောဋ္ဌိ၊ သောဘဏီဖြစ်၍၊ လောကီဥစ္စာ၊ ရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ=ပစ္စုပ္ပန်နှင့် သံသရာကောင်းကျိုး၊ တိုးထက်တိုးအောင်၊ မြတ်နိုးဖွယ်ရာ၊ ကိုးကွယ်ရာသော၊ မင်္ဂလာကြီးအစစ်၊ လောကုတ္တရာ ရတနာတော်ကြီး ဖြစ်ပါပေ၏။ ဧတေန သစ္စေန=ဤ မှန်ကန်သော သစ္စာ စကားကြောင့်။ ပါဏီနံ= သတ္တဝါတို့အား။ သုဝတ္ထိ= ချမ်းသာခြင်း သည်။ ဟောတု= ဖြစ်ပါစေသတည်း။"

"ကဲ ... မောင်လုအေးရေ၊ ဒီတစ်ခါတော့ ကိုးဆောင်တိုက် ဆရာတော်ကြီးရဲ့အနက်မြန်မာပြန်ကို မင့်အာဘော်နဲ့ ပြောစမ်းပါလား၊ မင်းနားလည်နိုင်ပါတယ်"

"'အတိုင်းမသိ နက်နဲလှသော ဉာဏ်တော်ရှင် သဗ္ဗညုတ မြတ်စွာ ဘုရား၏ တရားတော်ကို နာယူပြီး မိစ္ဆာဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကင်းကြကုန်သော 'သောတာပန်အရိယာ' တို့တွင် သတ္တက္ခတ္တုပရမ သောတာပန် အရိယာတို့သည် ဆယ်ရေးတစ်ရေး၊ ကိုးရေး တစ်ရာ တစ်ရံ တစ်ခါတို့၌ မေ့မေ့လျော့လျော့ဖြင့် ကာမဂုဏ်တရားတို့ကို အလွန်အကျူး တူးထူးကဲကဲ ခံစားကြသည် ဖြစ်စေဦးတော့ 'ကာမဘုံ' တို့၌ ဇာတိသန္ဓေ ခုနစ်ကြိမ်မျှသာ ကျင်လည်ကြ၍ နိဗ္ဗာန် ထုတ်ချောက်ရောက်ကြမည့်ပုဂ္ဂိုလ်များဧကန်စင်စစ်ဖြစ်သည်။ ထို့ကြောင့် 'သောတာပန် အရိယာပုဂ္ဂိုလ်'တို့သည် မြတ်သော ရတနာ ဖြစ်ပါ၏။ ဤမှန်ကန်သောသစ္စာစကားကြောင့်သတ္တဝါတို့ချမ်းသာကြပါစေသတည်း' လို့ သဘောပေါက်ပါတယ် ဘဘ"

"အေး .. ကောင်းတယ်၊ အဲဒါကို နည်းနည်းလေးချဲ့ပြီး ဆွေးနွေးကြရအောင်၊ ဆရာတော်ကြီးကသောတာပန်တို့ရဲ့ပဓာနတရားနှစ်ပါးကို ဖော်ပြထားတယ်။ သောတာပန်များဟာ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ ကင်းကြပါတယ်တဲ့။ ဒိဋ္ဌိဆိုတာ မိစ္ဆာဒိဋ္ဌိ (လွဲမှားသော အယူအဆ, အတွေး

http://www.dhammadownload.com



အခေါ်များ) ပေါ့ကွယ်၊ ဝိစိကိစ္ဆာ ဆိုတာက ယုံမှား သံသယ ဖြစ်ခြင်းတဲ့။ အဲသလို ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကင်းရတာက ဘာဖြစ်လို့လဲ ဆိုတော့ ဘုရားဟောတော်မူတဲ့သစ္စာလေးပါးကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်တော်မူလိုက်ကြလို့ပါပဲတဲ့"

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကင်းရင် သောတာပန်ဖြစ်တယ်လို့ 'တရားဝိုင်း' တွေမှာ ခဏ,ခဏ ကြားနာရပါတယ်။ ဘယ်လို အယူအဆ, အတွေးအခေါ်တွေဟာ မိစ္ဆာဒိဋ္ဌိ ဖြစ်ပြီး၊ ဘယ်လို ယုံမှား သံသယမျိုး တွေဟာ ဝိစိကိစ္ဆာ ဖြစ်သလဲ – ဆိုတာကိုတော့ ကွဲကွဲ,ပြားပြား သိချင်ပါတယ်၊ အဲဒါ ပြောပြပါလား ဘဘ"

"အေး– ပြောပြရမယ်ဆိုရင်၊ ငါလည်း စာထဲ ပေထဲမှာ တွေ့ဖူးသမျှ ဖတ်ဖူးသမျှ မင်းကို ဖောက်သည် ချရမှာပေါ့လေ"

"ဟုတ်ကဲ့ ဘဘ"

"မိစ္ဆာဒိဋ္ဌိဆိုတာ ၆၂ ပါးရှိသတဲ့ကွယ်၊ တော်တော်လည်း နက်နဲတယ်။ အဲဒါကို အကြမ်းဖျင်းအားဖြင့် ပြောရရင်..

ပထမ ပုဗ္ဗန္တ ကပ္ပိက ဝါဒ ၁၈ မျိုး....

ရှေးအတိတ်က ဖြစ်ခဲ့ဖူးသော တရားစု (အကြောင်းအရာ) ကို ကြံစည်စဉ်းစားသူ တို့၏ အပြောအဆို, အယူအဆ ပေါ့ကွယ်၊ အဲဒါကို 'ပုဗ္ဗန္တာနု ဒိဋ္ဌိ' လို့လည်း ခေါ်ပါသတဲ့။ အဲဒီမှာ –

(၁) သဿတဝါဒ က ၄ မျိုးရှိတယ်။
သဿတဝါဒ ဆိုတာ 'သတ္တဝါတို့သန္တာန်၌ အတ္တရှိ၏။ ထိုအတ္တသည် ဘယ်အခါမှ မပျက်မစီး မြဲ၏' လို့ ယူဆတဲ့ အယူဝါဒ ဖြစ်ပါသတဲ့။

(၂) ဧကစ္စ သဿတ ဝါဒက ၄ မျိုး။
'အချို့မြဲ၏။ အချို့မမြဲ' ဟု ယူဆရတဲ့ အတွေးအခေါ်ပေါ့။

http://www.dhammadownload.com



(၃) အနန္တာ ဝါဒ ၄ မျိုး။
'လောကကြီးသည် အဆုံးရှိ၏။ လောကကြီးသည် အဆုံးမရှိ' လို့ ဆိုတဲ့ ဝါဒ။

(၄) အမရ ဝိက္ခေပဝါဒ ၄ မျိုး။
'စိတ်ထဲမှာ လိပ်ခဲတည်းလည်း မပြီးမပြတ် ဖြစ်နေတဲ့ အယူအဆကို ဟိုရောက်,သည်ရောက် လှီးလွှဲဖောက်ပြန်ပြောတတ်တဲ့အယူအဆ' မျိုး။
'အမရာ'ဆိုတာ ငါးတစ်မျိုးရဲ့အမည်ဟုဆိုတယ်၊ အဲဒီ 'ငါး' မျိုးက အရောင်အတိမ်း ကောင်းလွန်းလို့ အဖမ်းရခက်တယ်တဲ့၊ ရှင်းရှင်းပြောရရင် 'ဆင်ခြေအမျိုးမျိုးပေးတတ်တဲ့ ဝါဒ' ပေါ့ကွာ။

(၅) အဓိစ္စ သမုပ္ပန္နဝါဒ ၂ မျိုး။
'အကြောင်းတစ်စုံတစ်ရာကို မစွဲမှီဘဲ (အကြောင်းမရှိဘဲ) ဖြစ်ကြသည်' ဆိုတဲ့ ဝါဒပေါ့။
သဘောကတော့ 'အတ္တသည် ဘာကြောင့်မှ ဖြစ်လာရသည်မဟုတ်၊ အကြောင်းမရှိဘဲ ဖြစ်လာ ရသည်။ သူဖြစ်ချင်လို့ ဖြစ်လာရသည်' ဆိုတဲ့ ဝါဒမျိုးပေါ့ကွယ်။ 'ဘယ်အရာပဲ ဖြစ်စေ အကြောင်းမရှိဘဲ ဖြစ်,ဖြစ်လာရတယ်' ဆိုတဲ့ ဝါဒမျိုး။

ကဲ ... နောက်ထပ် အပရန္တကပ္ပိကဝါဒ ၄၄ မျိုးဆိုတာ ရှိသေးတယ်။ မင်း နားရှုပ်သွားပြီလား"

"ကိစ္စမရှိပါဘူး ဘဘ၊ ကျွန်တော် ဗဟုသုတ အများကြီးရတာပေါ့။ ပြောသာ ပြောပါ ဘဘ"

" 'အပရန္တကပ္ပိကဝါဒ' ဆိုတာ နောက် အနာဂတ်တရားစု ကို သာလျှင် (လွဲမှားစွာ) ကြံစည်, စဉ်းစား, တွေးတောလေ့ ရှိတဲ့ ဝါဒ

http://www.dhammadownload.com



ဖြစ်ပါသတဲ့။ အဲဒါကို အပရန္တာနုဒိဋ္ဌိလို့လည်း ခေါ်တယ်တဲ့။ အဲဒီ ဝါဒ ၄ မျိုးမှာ

(၁) ဥဒ္ဓမာဃာတနိကသညီဝါဒ ၁၆ မျိုးရှိသတဲ့။

(က)အတ္တသည် အပြောင်းအလဲ (ရုပ်) သဘောရှိ၏။ သေပြီးနောက် ပျက်စီးခြင်း မရှိ။ သညာလည်း ရှိ၏။

(ခ) အတ္တသည် ရုပ်သဘောမရှိ၊ သေပြီးနောက် ပျက်စီးခြင်းသဘောမရှိ။ သညာလည်း ရှိ၏။

(ဂ) အတ္တသည် ရုပ်သဘော အရှိလည်း ဟုတ်၏။ ရုပ်သဘောမရှိလည်း ဟုတ်၏။ သေပြီးနောက် ပျက်စီးခြင်းလည်း မရှိ။ သညာလည်းရှိ၏။

(ဃ)အတ္တသည် ရုပ်သဘော ရှိသည်လည်း မဟုတ်။ ရုပ်သဘောမရှိသည်လည်း မဟုတ်။ သေပြီး နောက် ပျက်စီးခြင်း မရှိ။ သညာရှိ၏။

(င) အတ္တသည် အဆုံး,အပိုင်းအခြားရှိ၏။ သေပြီး နောက် ပျက်စီးခြင်း မရှိ၊ သညာရှိ၏။

(စ) အတ္တသည် အဆုံး,အပိုင်းအခြားမရှိ။ သေပြီး နောက် ပျက်စီးခြင်း မရှိ၊ သညာရှိ၏။

(ဆ)အတ္တသည် အဆုံးရှိလည်း ဟုတ်၏၊ အဆုံး မရှိလည်း ဟုတ်၏။ သေပြီးနောက် ပျက်စီးခြင်း မရှိ။ သညာရှိ၏။

(ဇ) အတ္တသည် အဆုံးရှိလည်း မဟုတ်၊ အဆုံး မရှိလည်း မဟုတ်။ သေပြီးနောက် ပျက်စီးခြင်း မရှိ။ သညာရှိ၏။

(ဈ) အတ္တသည် တစ်မျိုးတည်းသော သညာရှိ၏။

http://www.dhammadownload.com



သေပြီးနောက် ပျက်စီးခြင်း မရှိ၊ သညာရှိ၏။

(ည)အတ္တသည် အမျိုးမျိုး သညာရှိ၏။ သေပြီး နောက် ပျက်စီးခြင်း မရှိ၊ သညာရှိ၏။

(ဋ) အတ္တသည် သေးငယ်သော သညာရှိ၏။ သေ ပြီး နောက် ပျက်စီးခြင်း မရှိ၊ သညာရှိ၏။

(ဌ) အတ္တသည် အတိုင်းအရှည် မရှိလောက်အောင် ကြီးကျယ်သော သညာရှိ၏။ သေပြီးနောက် ပျက်စီးခြင်း မရှိ။ သညာရှိ၏။

(ဍ) အတ္တသည် စင်စစ် သုခရှိ၏။ သေပြီးနောက် ပျက်စီးခြင်း မရှိ။ သညာရှိ၏။

(ဎ) အတ္တသည် စင်စစ် ဒုက္ခရှိ၏။ သေပြီးနောက် ပျက်စီးခြင်း မရှိ။ သညာရှိ၏။

(ဏ)အတ္တသည် သုခ,ဒုက္ခ ၂ မျိုးစလုံးရှိ၏။ သေပြီး နောက် ပျက်စီးခြင်း မရှိ။ သညာရှိ၏။

(တ)အတ္တသည် အဒုက္ခ,မသုခ (ဥပေက္ခာ) ရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

ဆိုတဲ့ ဝါဒမျိုးပေါ့ကွယ်။ မင်းကြီးစားပြီးတော့သာ မှတ်ပေရော့"

"ဟုတ်ကဲ့ ဘဘ၊ ကျွန်တော် စိတ်ဝင်စားပါတယ်"

"အဲဒီနောက်

(၂) ဥဒ္ဓမာဃာတနိတ အသညီဝါဒ ၈ မျိုးတဲ့။

(က) အတ္တသည် အပြောင်းအလဲ (ရုပ်) သဘော ရှိ ၏။ သေပြီးနောက် မြဲ၏။ သညာမရှိ။

(ခ) အတ္တသည် ရုပ်သဘောမရှိ။ သေပြီးနောက် မြဲ၏။ သညာမရှိ။

(ဂ) အတ္တသည် ရုပ်သဘော အရှိလည်း ဟုတ်၏။

http://www.dhammadownload.com



ရုပ်သဘောမရှိလည်းဟုတ်၏။သေပြီးနောက် မြဲ၏။ သညာမရှိ။

(ဃ) အတ္တသည် ရုပ်သဘောရှိသည်လည်း မဟုတ်။ ရုပ်သဘော မရှိသည်လည်း မဟုတ်။ သေပြီး နောက် မြဲ၏။ သညာမရှိ။

(င) အတ္တသည် အဆုံး,အပိုင်းအခြား ရှိ၏။ သေပြီး နောက်မြဲ၏။ သညာမရှိ။

(စ) အတ္တသည် အဆုံး,အပိုင်းအခြား မရှိ။

(ဆ) အတ္တသည် အဆုံးလည်းရှိ။ အဆုံးလည်း မရှိ။

(ဇ) အတ္တသည် အဆုံးရှိလည်း မဟုတ်။ အဆုံး မရှိ လည်း မဟုတ်။ သေပြီးနောက် မြဲ၏။ သညာ မရှိ .... တဲ့"

"အဲဒီ သဘောတရားတွေကတော့ အတ္တဆိုတာ ခွဲခြမ်းစိတ်ဖြာ ပြတာနဲ့ တူပါတယ်နော် ဘဘ"

"အေးပေါ့ကွာ၊ အဲဒီနောက် လာတာက ဥစ္ဆေဒဝါဒတနိက နေဝသညီ နာသညီ ဝါဒ ၈ မျိုးတဲ့။

(က) အတ္တသည် အပြောင်းအလဲ (ရုပ်) သဘောရှိ၏။ သေ ပြီးနောက် မြဲ၏။ သညာရှိလည်း မဟုတ်။ သညာ မရှိလည်း မဟုတ်။

(ခ) အတ္တသည် ရုပ်သဘောမရှိ။

(ဂ) အတ္တသည် ရုပ်သဘောလည်း ရှိ၏။ ရုပ်သဘော လည်း မရှိ။

(ဃ) အတ္တသည် ရုပ်သဘော မရှိလည်း မဟုတ်၊ ရုပ် သဘော အရှိလည်း မဟုတ်။

(င) အတ္တသည် အဆုံး,အပိုင်းအခြား ရှိ၏။

http://www.dhammadownload.com



(စ) အတ္တသည် အဆုံး,အပိုင်းအခြား မရှိ။
(ဆ) အတ္တသည် အဆုံးလည်း ရှိ။ အဆုံးလည်း မရှိ။
(ဇ) အတ္တသည် အဆုံးလည်း မဟုတ်။ အဆုံးမရှိလည်း မဟုတ်။ သညာ မရှိလည်း မဟုတ်။ ... တဲ့"

"ဒါလည်း အတ္တဆိုတဲ့ အစွဲအလမ်းကြီးတွေ ရှိခဲ့ကြပုံကို မြတ်စွာ ဘုရားက ချေဖျက်ဟောပြတော်မူတာ ဖြစ်လိမ့်မယ်နော် ဘဘ"

"အေးပေါ့ကွာ။ အဲသလို အတ္တလို့ အမျိုးမျိုး ထင်နေကြတာကို အနတ္တမှန်းသိအောင် သဗ္ဗညုတ မြတ်စွာဘုရားရှင်မှသာ ဟောတော်မူနိုင်တာဖြစ်တယ်"

"အဲသည်နောက် 'သတ္တဝါသည် သေလျှင် ဘဝ အစဉ်အဆက် မရှိ။ ပြတ်စဲတော့၏' ဆိုတဲ့ အယူအဆမျိုး။ ဒါကို 'ဥစ္ဆေဒဝါဒ' လို့ ခေါ်တယ်တဲ့။

အဲဒီ ဥစ္ဆေဒဝါဒ ၇ မျိုးရှိပါသတဲ့။

(က) 'ခန္ဓာကိုယ် ပျက်စီးလျှင် အတ္တလည်း ပြတ်စဲ ပျောက်ပျက်၏။ သေပြီးနောက် ဘဝမှ မဖြစ်တော့ချေ။'
(ခ) 'လူ့ဘဝ တစ်ဘဝမျှဖြင့် ဤအတ္တသည် မပြတ်စဲသေး။ နတ်ဖြစ်ပြီး နောက်မှ အဆက်မရှိ ပြတ်စဲတော့၏။ ဘဝမှ ထပ်၍ မဖြစ်တော့ချေ။' ဆိုတဲ့ ဝါဒမျိုး။
(ဂ) 'နတ်ဘဝဖြင့် ဤအတ္တသည် မပြတ်စဲသေး။ ဗြဟ္မာ ဖြစ်ပြီး နောက်မှ အဆက်မရှိ ပြတ်စဲတော့၏။ ဘဝမှ ထပ်၍ မဖြစ်တော့ချေ' ဆိုတဲ့ ဝါဒမျိုး။
(ဃ) 'အာကာသာ နဉ္စာယတနဘုံသို့ ရောက်မှ အတ္တသည် ပြတ်၏' ဆိုတဲ့ ဝါဒမျိုး။
(င) 'ဝိညာဏဉ္စာယတနဘုံသို့ ရောက်မှ အတ္တသည် ပြတ်၏။'

http://www.dhammadownload.com



(စ) 'အာကိဉ္စညာယတနဘုံသို့ရောက်မှ အတ္တသည် ပြတ်၏။'

(ဆ) 'နေဝသညာ နာသညာယတနဘုံသို့ရောက်မှ အတ္တသည် ပြတ်၏' ဆိုတဲ့ဝါဒမျိုးတဲ့"

"အခု ဘဘ ပြောတာ ၃၉ မျိုး ရှိသွားပြီဘဘ၊ ၅ မျိုး ကျန်သေးတယ်"

"အေးပါကွာ။ နောက်ထပ် ၅ မျိုးကတော့ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅ မျိုးတဲ့။ 'လက်ရှိခန္ဓာကိုယ်၌ ဒုက္ခကင်း၍ ချမ်းသာစွာနေရခြင်းကို လောကနိဗ္ဗာန် လို့ ယူဆတဲ့ ဝါဒ' မျိုးတဲ့။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒတွေက

(က) 'ကာမဂုဏ်ငါးပါးဖြင့် တင့်တယ် စံပယ်လျက် ခံစား၊ စံစားနေခြင်းသည် သတ္တဝါ၏ မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန် ဖြစ်၏။'

(ခ) 'ပထမဈာန်ကိုရသည့်အခါ အတ္တသည် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ရောက်၏' ဆိုတဲ့ အယူအဆမျိုး။

(ဂ) 'ဒုတိယဈာန်ကို ရသည့်အခါ အတ္တသည် မှန်မြတ်သော ဒိဋ္ဌဓမ္မ နိဗ္ဗာန်သို့ ရောက်၏။'

(ဃ) 'တတိယဈာန်ကို ရသည့်အခါမှ ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ရောက်သည်' ဆိုတဲ့ အယူအဆမျိုး။

(င) 'စတုတ္ထဈာန်ကို ရသည့်အခါ ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ရောက်သည်' ဆိုတဲ့ အယူအဆမျိုး။

ကဲ ... ၄၄ မျိုး ပြည့်ရော။ ရှေ့ကပြောခဲ့တဲ့ ပုဗ္ဗန္တကပ္ပိကဝါဒ ၁၈ မျိုးနဲ့ ပေါင်းလိုက်တော့ မိစ္ဆာဒိဋ္ဌိဝါဒ ၆၂ ပါး ပြည့်ပြီပေါ့"

"အင်း ... တကယ်တမ်းဝန်ခံရင် အဲဒီ ဒိဋ္ဌိတွေကို သိဖို့၊ကင်းဖို့ ဆိုတာက ကျွန်တော်တို့အတွက် သိပ်ခက်ပါတယ်နော် ဘဘ"

"ဒါ့ကြောင့်လည်း သောတာပန်ဖြစ်မှကင်းတယ်။ အဲဒါတွေ

http://www.dhammadownload.com



ကင်းမှလည်းသောတာပန်ဖြစ်တယ်လို့ဆိုတာပေါ့။ဒါတောင်အကျဉ်းရှိသေးတယ်။ ငါ့ကျေးဇူးရှင် ဆရာတစ်ဦးဖြစ်တဲ့ ဒဂုန် ဦးထွန်းမြင့်က 'အစိန္တေယျကြီး ဘုရားရှိခိုး' ပါ စာတစ်ပိုဒ်အတွက် အနက်ဖွင့်ပြတာဖြစ်တယ်။ ထို့ထက် နည်းနည်းကျယ်ကျယ် သိချင်ရင် မုံရွေး ဇေတဝန် ဆရာတော်ဘုရားရဲ့ 'သမန္တစက္ခုဒီပနီ'မှာ ကြည့်ပါတဲ့။ အရင်းအမြစ်နှင့်တကွ သိချင်ရင်တော့ 'ဗြဟ္မဇာလသုတ်' ကို ကြည့်ရမယ်လို့ ညွှန်ပြပါတယ်"

"အခုတော့ ကျွန်တော်တို့အနေနဲ့ကဖြင့် 'ခံတွင်းနှင့်ထမင်းလုတ်' တန်ရုံဆို တော်ပါပြီ ဘဘရယ်။ မကြာမကြာ ထပ်စားပါ များတော့လည်း ရသဩဇာအာဟာရ ဖြစ်လာမှာပေါ့။ တစ်လက်စ တည်း ဝိစိကိစ္ဆာ ၁၆ မျိုးဆိုတာကို ပြောပါဦး"

"ယုံမှားသံသယ ဝိစိကိစ္ဆာ ၁၆ မျိုး ဆိုတာက ...

၁။ ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့သလော။

၂။ ငါသည် အတိတ်ကာလ၌ မဖြစ်ခဲ့သလော။

၃။ ငါသည် အတိတ်ကာလ၌ အဘယ်သို့သော သူ ဖြစ်ခဲ့သနည်း။

၄။ ငါသည်အတိတ်ကာလ၌ အဘယ်သို့ဖြစ်ခဲ့သနည်း။

၅။ ငါသည် အတိတ်ကာလ၌ အဘယ်သူဖြစ်ပြီး နောက် အဘယ်သူ ဖြစ်ခဲ့သနည်း။

၆။ ငါသည် အနာဂတ်ကာလ၌ ဖြစ်လတ္တံ့လော။

၇။ ငါသည် အနာဂတ်ကာလ၌ မဖြစ်လတ္တံ့လော။

၈။ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်လတ္တံ့နည်း။

၉။ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့ ဖြစ်လတ္တံ့နည်း။

http://www.dhammadownload.com



၁၀။ ငါသည် အနာဂတ်ကာလ၌ အဘယ်သူ ဖြစ်ပြီး နောက် အဘယ်သူ ဖြစ်လတ္တံ့နည်း။

၁၁။ ငါသည် ဟုတ်ပါလေ၏ လော။

၁၂။ ငါသည် မဟုတ်လေသလော။

၁၃။ ငါ ဘယ်သူဖြစ်သနည်း။

၁၄။ ငါ ဘယ်သို့ဖြစ်သနည်း။

၁၅။ ငါသည် အဘယ်မှလာသနည်း။

၁၆။ ငါသည် အဘယ်သို့ သွားလတ္တံ့နည်း။ ... စသည်, စသည်အားဖြင့် ဝေလည်,ကြောင်ပတ် ဖြစ်နေတာတွေကို 'ဝိစိကိစ္ဆာ' လို့ ခေါ်ပါသတဲ့ဗျား"

"အဲဒီ ဝေလည်,ကြောင်ပတ်မျိုးတော့ တစ်ခါတစ်ခါ ကျွန်တော်တို့ ကိုယ်တိုင် ဟိုတွေး,သည်တွေး တွေးမိပါတယ်"

"ဒါကတော့ ပုထုဇဉ်တိုင်း ဒီလို တွေးတတ်ကြသတဲ့။ ပုထုဇဉ်ထဲမှာတောင်မှ သာမန်ပုထုဇဉ်ထက် ရှုးစမ်းလေ့လာချင်တဲ့ ပညာတတ် လူတန်းစားများက ပိုတွေးတတ်ကြပါသတဲ့။ ကဲ ... အခုမှ ဆရာတော်ဘုရား အနက်ဖွင့်တာ တစ်ပိုဒ်ပြီးသေးတယ်"

"ဘယ်အပိုဒ်လဲ ဘဘ"

" 'ယေသောတာပန္နာ=အကြင်မိစ္ဆာဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ယုဉ်ကာမကပ်၊ စင်စွာပြတ်ကြကုန်သော သတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်တို့သည်။' ဆိုတဲ့ အပိုဒ်ပေါ့ကွ"

"ဟုတ်တယ်နော်၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အကြောင်း ရှင်းနေရတာကိုး"

"အဲဒီနောက်ဟော့စကားပြေတွေမို့ဆွေးနွေးလို့ကောင်းလာပါပြီ"

"အဲဒီတော့ ကျွန်တော် ဆက်မေးပါရစေ။ ယခင်က သောတာပန် ၄ မျိုး ဘဘပြောခဲ့ပြီလေ။ သတ္တက္ခတ္တုပရမသောတာပန် ခုနစ်ဘဝပဲ ကာမဘုံမှာ နေတော့တယ်လို့"

http://www.dhammadownload.com



"အေးပါ၊ ငါမှတ်မိပါတယ်"

"အဲဒါကိုအခုရတနသုတ်မှာဟောထားပါတယ်။'ထို သတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်တို့သည်။ ဘုသံပမတ္တာ= လွန်လွန်မင်းမင်း သွန်ဆင်း အာရုံ၊ ကာမဂုဏ်တို့၌ ခုံမင်မြူးထူး၊ မေ့လျော့ကျူးကုန်သည်။ ကိဉ္စာပိဟောန္တိ=အကယ်၍ကား၊ ဆယ်ရေး တစ်ရေး ဖြစ်တတ်ကြ ကုန်သေး၏။' လို့ ဖော်ပြထားပါတယ်။ အဲဒါကို ဘယ်လို မှတ်ယူရသလဲ ဘဘရဲ့၊ သောတာပန်ပုဂ္ဂိုလ်ဟာ သတိမေ့လျော့တယ်လို့ ရှိသေးလား။ ကာမဂုဏ်ကို အလွန်အကျူး ခုံမင်,လိုက်စား တတ်သေးသလား၊ ကျွန်တော် သိချင်လို့ပါ နော် ဘဘ"

"အေး ... မင်းမေးတာ သိပ်ကောင်းတယ်။ ငါလည်း မင်းတွေးသလို တွေးပြီး အဖြေကို ရှာခဲ့ပါတယ်"

"အဲဒီအဖြေကို သိပါရစေ"

" 'အကယ်၍များ သတိမေ့လျော့သည်ဖြစ်၍ ကာမဂုဏ်တရားတို့ကို လွန်လွန်ကျူးကျူး လိုက်စားကြသည် ဖြစ်စေဦးတော့' ဆိုတဲ့ စကားအဓိပ္ပာယ်မှာ 'အကယ်၍များ'ဆိုတဲ့စကားကို သတိထား ကြည့်စမ်းပါ၊ ဒါကို ကိုးဆောင်တိုက်ဆရာကော်က 'ဆယ်ရေး တစ်ရေး၊ ကိုးရေး တစ်ရာ ဖြစ်တတ်ကြကုန်သေး၏'လို့အဓိပ္ပာယ်ဖွင့်ထားတာဟာ စဉ်းစားကြည့်ဖို့ကောင်းပါတယ်၊ တို့ဗမာစကား ရှိတယ် မဟုတ်လား။ 'မိုးမပြိုဘူး–ပြိုခဲ့သော်' တဲ့။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ပြောတတ်ကြပါတယ်"

"အဲသလိုပဲ ခြွင်းချက်အနေနဲ့'သတ္တက္ခတ္တုပရမသောတာပန်များဟာ ကာမဂုဏ်ကို အလွန်အကျူး ခံစားစေဦးတော့' ဆိုတဲ့ စကားနဲ့ ဆက်ကြည့်ရမယ်ဆိုရင် သောတာပန်အရိယာများဟာ 'အသိ နောက်က သတိ' ကပ်လျက် အမြဲရှိတယ် လို့ ဆိုကြပါတယ်။ ဒါ့ကြောင့် ကာမဂုဏ်ခံစားတဲ့နေရာမှာ ကျီးများ အစာစားသကဲ့သို့ 'အစာ လည်း

http://www.dhammadownload.com



စား၊ ရန်သူကိုလည်း ကြည့်၊ အမြဲသတိရှိနေကြတယ်' လို့ ကျမ်းဂန်များမှာ ဆိုပါတယ်"

"အား ... ဟုတ်ပြီ ... ဟုတ်ပြီ၊ ဗမာ စကားပုံမှာလည်း 'ကျီးလန့်စာ စား' ဆိုတာ ရှိသားပဲ၊ ဟုတ်တာပေါ့"

"အေးပေါ့ကွာ။ အဲဒီနေရာမှာ ကာမဂုဏ် ခံစားမှု အကြောင်းရင်းဖြစ်တဲ့ ကိလေသာ ၃ မျိုး ဆိုတာက ရှိသေးတယ်ကွဲ့ ....

(၁) ဝီတိက္ကမ ကိလေသာ-တဲ့။

(၂) ပရိယုဋ္ဌာန ကိလေသာ-တဲ့။

(၃) အနုသယ ကိလေသာ-တဲ့။

'ဝီတိက္ကမကိလေသာ' ဆိုတာက အလွန်အကျူး မူးမူးမက်မက် တရားလက်လွတ် ၄က်တောင်ကျွတ်-ဆိုသလို ထ,ကြွသောင်းကျန်း တဲ့ကိလေသာပေါ့။ ဘယ်လောက် သောင်းကျန်းသလဲ။ တဏှာ လောဘအတွက် တိုက်မယ်,ခိုက်မယ်,သတ်မယ်,ဖြတ်မယ်, နိုင့်ထက် ကလူပြုမယ်။ သံသရာ အကြောင်းအကျိုးနဲ့အကောင်းအဆိုးကို သတိမထားဘဲ တရှိုက် မက်မက် ကာမဂုဏ်တွေကို ခံစားတတ်တယ် ပေါ့ကွာ"

"ဒါတွေဟာ တစ်ဖက်စွန်း ရောက်တယ်လို့ ပြောနိုင်တာပေါ့နော် ဘဘ"

"ဟုတ်တာပေါ့။ အဲဒီအပြစ်တွေကို ဗုဒ္ဓမြတ်စွာ ဖြစ်တော်မူပြီးစ တရားဦးဓမ္မစကြာမှာ'ကာမသုခလ္လိကာနုယောဂ-လက်ယာစွန်းရောက်တဲ့ တရား' လို့ဟောတော်မူထားပါတယ်။ ဘယ်လို ဝေဖန်ထားသလဲ ဆိုတော့ -

'ထိုအကျင့်သည် ဟီနော = ယုတ်ညံ့၏။ ဂမ္မော = ပေါက်လွှတ်, ပဲစား နေတတ်သော ရွာသားတို့၏ အကျင့်ဖြစ်၏။ ပေါထုဇ္ဇနိကော=ပုထုဇဉ်တို့၏အကျင့်ဖြစ်၏။ အနရိယော

http://www.dhammadownload.com



= အရိယာတို့၏ အကျင့် မဟုတ်။ အနတ္ထသံဟိတော =
သံသရာ အတွက် အကျိုးမရှိပါဘူး'တဲ့။

အဲသည်အထဲက 'အနရိယော' ဆိုတဲ့ စကား တစ်လုံးတည်း နဲ့ အရိယာတို့ မပြု မကျင့်သောတရားဖြစ်ကြောင်းထင်ရှားနေတယ်"

"ဒါဖြင့် ပရိယုဋ္ဌာန ကိလေသာ ဆိုတာကို ပြောပါဦး ဘဘ"

" ပရိယုဋ္ဌာန ကိလေသာ ဆိုတာက ကာမဂုဏ် အာရုံတွေကို ဓမ္မတာ သဘောအရ မရှောင်မလွှဲသာလို့ ခံစားသည့်အခါ မင်းပြော သလို 'ကျီးလန့်စာ စား' သတိတရားလက်မလွှတ်ဘဲ ခံစားကြသည့် သဘောဖြစ်တယ်။ရဟန်းတော်များအတွက်ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယ သံဝရသီလ, အာဇီဝ ပါရိသုဒ္ဓိ သီလ, ပစ္စယ သန္နိဿိတ သီလ-ဆိုတဲ့ စတုပါရိ သုဒ္ဓိသီလကြီးက ထိန်းထားပြီးသား ဖြစ်နေ ပြီ။ အဲ ... အနာထပိဏ်တို့ ဝိသာခါ တို့လို သောတာပန်ပုဂ္ဂိုလ်များ ကျတော့ သတိသမ္ပဇဉ် မကင်းဘဲ 'ဓမ္မတာ' ဝန် မလွှန်ဆန်နိုင်ကြလို့ သာ ခံစားကြတဲ့ ကိလေသာမျိုး ဖြစ်တယ်။

အဲ... အနုသယ ကိလေသာကျတော့ လုံးဝကင်းစင်နေပြီလို့ ထင်ရလောက်အောင် တိမ်မြုပ်ပျောက်ကွယ်နေတဲ့ အတွင်း ကိလေ သာ ဖြစ်တယ်။

ထိုကိလေသာက ပြင်းထန်သော အထိ,အတွေ့,အရိုက် အခါများ ကျမှ သူ့ဇာတိက ပေါ်လာပါသတဲ့။ဒါကြောင့် အဲဒီကိလေသာ ၃ မျိုးကို မီး ၃ မျိုးနဲ့ ဥပမာ ပြု ထားပါတယ်"

"ပြောပါဦး ဘဘ"

"ဝီတိက္ကမကိလေသာက သစ်တောထဲမှာလောင်တဲ့ တောမီး များ လို ကြီးကျယ်လွန်းလို့ အငြိမ်းရ,အသတ်ရခက်သော မီးနဲ့ တူတယ် တဲ့။

ပရိယုဋ္ဌာနကိလေသာကတော့ ထမင်းအိုး,ဟင်းအိုး တည်တဲ့ စဖို

http://www.dhammadownload.com



ခွင်ထဲက မီးနဲ့တူတယ်တဲ့။ ချက်ပြုတ်,စား,သောက်ပြီးစီးရင် အလွယ်တကူ ငြိမ်းသတ်လိုက်လို့ရတယ်လေ။

အဲ ... အနုသယကိလေသာကျတော့ မီးစတ်ကျောက်ကဲ့သို့လည်းကောင်း၊ မီးခြစ်ဆံနဲ့ ယမ်းပြားကဲ့သို့လည်းကောင်း၊ အမြင်အားဖြင့် မီးတောက်ခြင်းမရှိပေမယ့် ပြင်းပြင်းထန်ထန် ထိ,ခတ်မိတဲ့အခါကျမှ ထွက်လာတတ်တဲ့ မီးတောက်မျိုး။

ဒါ့ကြောင့် သောတာပန်အရိယာများဟာ အနွပုထုဇဉ်တွေလို 'ဝီတိက္ကမကိလေသာ'နဲ့ ကာမဂုဏ်ကို ဖုံဖုံမင်မင် မက်မက်မူးမူး အလွန်အကျူး ခံစားကြပါတော့မလား။ ခံစားမယ် မဟုတ်ပါဘူး။

သောတာပန်ထဲမှာ သတ္တက္ခတ္တုပရမသောတာပန်ဟာ အနိမ့်ဆုံးအဆင့်မဟုတ်လား။ ဒီတော့ ဖြစ်လေ့ ဖြစ်ထ မရှိတဲ့အထဲက ဖြစ်တောင့်, ဖြစ်ခဲ, ဖြစ်နိုင်စရာတော့ ရှိသေးတယ်လို့ နားလည်ရမှာပေါ့ကွာ၊ အလုံးစုံသော ကိလေသာတို့ ကင်းပြတ်တယ်လို့ ကျမ်းဂန်များမှာ ဆိုထားပါတယ်။ နောက်ပြီးတော့ သောတာပန်အရိယာတို့မှာ ဂရုဓမ္မသီလ ၅ ပါးကို အသက်နှင့်လဲ၍ စောင့်တတ်ကြတယ် မဟုတ်လား။ ဒီတော့ သောတာပန်သီလ ဆိုတဲ့ ၅ ပါး သီလ လုံပြီဆိုလျှင် အပါယ်လေးပါးရောက်ပြီး ဘဝတွေ ရှည်နေပါဦးမလား၊ ကာမဘုံမှာ ၇ ကြိမ်မျှသာဖြစ်ပြီး နိဗ္ဗာန်ရောက်တာမို့ ၈ ကြိမ်မြောက် ဘဝ မရှိတော့ဘူးပေါ့။

ဒါ့ကြောင့် သတ္တက္ခတ္တုပရမ-အရိယာ သောတာပန် ပုဂ္ဂိုလ်တို့သည် မြတ်သောရတနာ ဖြစ်ပါ၏။ ဤ မှန်သော သစ္စာ စကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ။"

http://www.dhammadownload.com

# ဂုဏ်ရည်ပုဒ် (၅) သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ကင်းစင်ကွာ ရတနာသောတာပန်

"အသဿ=ထိုသောတာပန်ဟု၊ နာမံတော်ရှိ၊ ဂုဏ်ထူးသိအပ်သော အရိယာပုဂ္ဂိုလ်မြတ်သည်။ ဒဿန သမ္ပဒါယ= သောတာပတ္တိ၊ မှီဦး ရှိသား၊ အရိယမဂ်၊ ထိန်လက်ဝိုးဝင်း၊ ပြည့်စုံခြင်းနှင့်။ သဟာဝ= တကွနက်အားဖြင့်သာလျှင်။ ဇဟိတာ= သုတ်သင်,ရှင်းလင်း၊ ကင်း ကင်းပြတ်ပြတ်၊စွန့်ပယ်အပ်ကုန်သော။ ဓမ္မာ=ဘဝကြီးငယ်၊ အသွယ် သွယ်၌၊ တွယ်တွယ်ငြိငြိ၊ ဖိလျက် ကြိတ်လျက်၊ တစ်နှိပ်စက်တည်း နှိပ်စက်လျက်ရှိသော တရားတို့သည်။ သက္ကာယဒိဋ္ဌိစ= ခန္ဓာ, ရုပ်, နာမ်၊ သမုဒ္ဒါန်ကို၊ ရုပ် အတ္တတော သမနုပဿတိ အစရှိသည်ဖြင့်၊ 'ငါ၏ဥစ္စာ'၊ 'ငါ'ဟု ယူမှား၊ နှစ်ဆယ်သော သက္ကာယဒိဋ္ဌိ တရား လည်းကောင်း။ ဝိစိကိစ္ဆိတဉ္စ= သဿတုစ္ဆေဒ၊ အဓိစ္စသမုပ္ပာန်၊ သွင် သဏ္ဍာန် စသည်တို့ကို၊ ထောက်ခံသဟဲပြု၍၊ ဤယခု ငါ၊ အတိတ် က ဖြစ်ဖူးပါလေ၏လော၊ သို့စသော အတိတ်ငါးရပ်၊ အနာဂတ် ငါးတန်၊ ပစ္စုပ္ပန် ခြောက်ပါး၊ အပေါင်းအားဖြင့်၊ ၁၆ ပါးသော ယုံမှား ခြင်း၊ ဗုဒ္ဓ,ဓမ္မ,သံဃာ, သိက္ခာ၊ ပုဗ္ဗာသရန်၊ ပုဗ္ဗန္တာ–ပရန္တ၊ ပဋိစ္စ သမုပ္ပါဒ်၊ ပေါင်းရှစ်ရပ်၌၊ ရှစ်ပတ် ယုံမှားခြင်း။ ယင်းသို့ ၁၆ ပါး, ၈ ပါး၊ ပွားဖြစ်လာဘိ၊ ယုံမှားရှိသော ဝိစိကိစ္ဆာတရား လည်းကောင်း။ သီလဗ္ဗတံဝါ=နွားတို့ အကျင့်၊ ခွေး အကျင့်ကား၊ သင့်မြတ် လုစွာ၊ သံသရာမှ၊ မြန်စွာငြိမ်းအေး၊ ထွက်မြောက်ရေးဟု၊ တွေးမှား သော သီလဗ္ဗတပရာမာသတရားလည်းကောင်း။ ဣတိ=ဤသို့။ တယော=

http://www.dhammadownload.com



သုံးပါးတို့သည်။ အသုဘာဝတ္တိ=ဖြစ်ကုန်၏။ ကိဋ္ဌိ=စိုးစဉ်း အနည်း ငယ်၊ မကြီးကျယ်သော။ ယံကိလေသဇာလံ = အကြင် ကိလေသာ တည်း ဟူသော ကွန်ယက်သည်။ အတ္ထိ=ရှိ၏။ တမ္ပိ=ထို ကိလေ သာ တည်း ဟူသော ကွန်ယက်ကိုလည်း။ ဇဟိတံ=စွန့်အပ်၏။

တစ်နည်းကား။ ကိဋ္ဌိ=မကြီး,မငယ်၊ အနည်းငယ်သာလျှင်ဖြစ် သော။ ကိလေသဝဋ္ဋ=ကာမဂုဏ်၌၊ အာရုံလှည့်ကာ၊ ငြိပွေလာသော၊ ကိလေသာဝဋ္ဋတရားသည်။ ယဒိအတ္ထိ=ကိုယ်၌တွယ်လျက်၊ အကယ် ၍ကား၊ ကျန်ရှိငြားသေး၏။ တထာပိ=ထိုသို့ကိုယ်ဝယ်၊ အနည်း ငယ်မျှ၊ တွယ်တွယ်ငြိငြိ၊ ကိလေသာရှိသေးသော်လည်း။ သော =ထို သောတာပန်ပုဂ္ဂိုလ်သည်။ စတူဟိ=လေးပါးကုန်သော။ အပါယေ ဟိ=တိရစ္ဆာန်, ပြိတ္တာ, သူရကာနရက်၊ ကြောက်မက်စဖွယ်၊ အပယ် ဘေးကြီးတို့မှ။ ဝိပ္ပမုတ္တော = မယွင်းမချွတ်၊ စင်းလုံးကျွတ်အောင်၊ ကင်းလွတ်တော်မူရလေပြီ။

ဆ=ခြောက်ပါးကုန်သော။ အဘိဌာနာနိစ=ပဉ္စာနန္တရိယ၊ နိယတ မိစ္ဆာ၊ ရန့်ရင်းသော အရာတို့ကိုလည်း။ ကာတုံ=ပြုခြင်းငှာ။ အ ဘဗ္ဗော=မထိုက်။ ဣဒမ္ပိသံဃေ အယံဧဝ သံဃော= ဤသောတာ ပန် ဟု၊ နာမံတော်ရှိ၊ ဂုဏ်ထူး သိအပ်သော အရိယာ သံဃာတော် သည် သာလျှင်။ ပဏီတံ = ဝိသိဋ္ဌတရ၊ အတိဣဋ္ဌမောဠိ၊ သော ဘဏီ ဖြစ်၍၊ လောကီဥစ္စာ ရတနာတို့ထက်၊ သာလွန် မြင့်မြတ်သော။ ရတနံ = မင်္ဂလာကြီးအစစ်၊ လောကုတ္တရာ ရတနာတော်ကြီး ဖြစ်ပါပေ ၏ ။

ဧတေန သစ္စေန= ဤသို့ မဖောက်မပြန်၊ အမှန်ကိုသာ ဆိုရ သော သစ္စာကြောင့်။ ပါဏီနံ=သတ္တဝါတို့အား။ သုဝတ္ထိ=လောကီ, လောကုတ္တရာ မွန်မြတ်လှစွာသော မင်္ဂလာ အစီးအပွားသည်။ ဟော တု= ဖြစ်ပါစေသတည်း။"

http://www.dhammadownload.com



"အဲဒီ အနက်မြန်မာပြန် အဖွင့်ကတော့ ဂါထာ ၂ ပုဒ်ကို ပေါင်းပြီး ပြန်ဆိုရတဲ့အတွက် နည်းနည်းရှည်သွားပါတယ်။ သို့ပေမယ့် အရင်အပတ်က တို့ဆွေးနွေးခဲ့တဲ့အချက်အလက်အချို့ကို ထည့်သွင်းဖော်ပြထားတဲ့ အတွက် အဓိပ္ပာယ် သိတာတွေ အတော် အကျုံး ဝင်နေပါတယ်။ ဆရာတော်ကြီးရဲ့စကားလုံးဟာ အနက်ကိုတန်ဆာဆင်လေ့ရှိတဲ့အတွက် သိစရာ, မှတ်စရာ တိုး၍,တိုး၍သာ လာပါတယ်"

"ဟုတ်တယ်နော် ဘဘ၊ ကျွန်တော်တို့ဖတ်ခဲ့ရသမျှ ခက်ဆစ်ကလေးတွေကို ရှာဖွေ,ဆည်းပူးရတာနဲ့ပဲ မသိခဲ့တာတွေ အတော်ကလေး သိရ,မှတ်ရပါတယ်။"

"အေး...မင်း အဲသလိုစိတ်ဝင်စားတာ ဝမ်းသာပါတယ်၊ တကယ်ဆိုတော့ ရတနသုတ်ဟာ မင်္ဂလသုတ်လောက် လူမှုရေး များများ မပါလေတော့ ဆွေးနွေးရတာဟာ ငြီးငွေ့စရာများ ဖြစ်နေမလားလို့၊ အမှန်ကိုပြောရမယ်ဆိုရင် နက်နဲတဲ့ အကြောင်းအရာမျိုးတွေကို ပြောဆို ဆွေးနွေး, ဖတ်ရှုလေ့လာကြည့်တဲ့အခါ သည်းခံ,ကြိုးစား ရမှာပဲကွ"

"ကျွန်တော် သဘောပေါက်ပါတယ် ဘဘ၊ 'ရတနသုတ်'ဆိုကတည်းက 'ဗုဒ္ဓရတနာ, ဓမ္မရတနာ, သံဃရတနာ' ဆိုတဲ့ 'ရတနာသုံးပါး' ရဲ့ဂုဏ်တော်တွေချည်းပဲ ဖွဲ့ဆိုထားတာဖြစ်လေတော့ အလွန်လေးနက်နေတာကို တွေ့ရပါတယ်"

"အေး... ဟုတ်တယ်ကွဲ့၊ လူအများစုရဲ့ အာရုံဆိုတာက 'ဒါနကထာ, သီလကထာ, သဂ္ဂကထာ' တို့ကို ဖတ်ရှု,ကြားနာရာမှာ စိတ်ဝင်စားတတ်ကြတယ်၊ သာဓကဝတ္ထု အကြောင်းအရာများကလည်း ဖတ်ရှု,ကြားနာဖို့လွယ်တယ်၊ ဥစ္စာခနပေါများခြင်း၊ အသက်ရှည်ခြင်း၊ အခြွေအရံများခြင်း၊ နတ်ပြည်၌ခံစားရခြင်း .. အစရှိတဲ့ အကျိုးရည်မှန်းချက်တို့ကလည်း အားကျစရာ, စိတ်ကူးယဉ်စရာ ဖြစ်ချင်

http://www.dhammadownload.com



စရာ တွေ ရှိနေကြတာကို၊ အဲဒါကြောင့်မို့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက သဗ္ဗညုတဝါတိုင်းကို အာသယာနုသယဉာဏ်တော်၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်တို့ဖြင့် ကြည့်ပြီးမှ မဂ္ဂကထာကို ဟောတော်မူပါတယ်၊ အခု ရတနသုတ်ကျတော့ 'မဂ္ဂကထာ' ဖြစ်နေပြီ။ မဂ်သို့ရောက်ကြောင်း အကျင့်ကောင်းတွေ ပါနေပြီ၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ၊ သောတာပန်ဆိုကတည်းက သောတာပတ္တိမဂ်ဆိုက်ရောက်နေကြတဲ့အရိယာသံဃာတော်များရဲ့ဂုဏ်ကျေးဇူးတော်ကို ဖော်ပြနေတာဆိုတော့ ကျွန်တော်တို့မှာ ကြိုးစားပြီး လေ့လာမှ သဘောပေါက်ပါလိမ့်မယ်။ အင်း ... သဘောပေါက်မယ် ဆိုရင်တောင် ကျွန်တော့်စကားက ကြီးကျယ်နေသေးတယ်။ ကြားဖူး,နာဖူးလို့ ရိပ်မိရုံလောက်ပဲ ရှိမှာပါ"

"အေးကွာ ...တို့တစ်တွေက 'ပုလဲလိုချင်ရင်တော့ နက်နက်ငုပ်ရမှာပဲ၊ ပတ္တမြားလိုချင်ရင်တော့ ဝေဘူလတောင်ပေါ်တက်ရမှာပဲ၊ နက်နက်မငုပ်နိုင်လို့ ပုလဲမရတောင် ကမာကောင်လောက်တော့ရကောင်းပါရဲ့၊ ပတ္တမြားအစစ်မရလည်းကျောက်ဖြုန်းလေးလောက်တော့ တွေ့တန်ကောင်းပါရဲ့။ ကဲ ... ဆရာတော်ကြီးရဲ့ အဖွင့်ကို အတိုချုပ်ပြီး မြန်မာပြန်ကြည့်ရအောင်။

'သောတာပန်ပုဂ္ဂိုလ်မြတ်သည် သောတာပတ္တိမဂ်ဉာဏ်ပြည့်စုံသည်နှင့် တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ တရားသုံးပါးနှင့် အချို့ကိလေသာများကို ဖယ်ရှားအပ်ပြီး ဖြစ်ပါသည်။ ထိုသောတာပန်ပုဂ္ဂိုလ်မြတ်သည် အပါယ်လေးဘုံမျိုးမှလည်း လွတ်မြောက်ရလေပြီ။ 'အဘိဌာန' ခေါ်ရန့်ရင်းသော အကြောင်းစု အမှုအဖြစ်တို့ကိုလည်း ပြုပြင်ခြင်းငှာ မထိုက်တော့ပေ။ သောတာပန်သံဃာ၌ ရတနာအဖြစ် ဤ

http://www.dhammadownload.com



နှစ်သက်ဖွယ် ဂုဏ်ရည်လည်း ထူးမြတ်လှပါသည်။ ဤ သစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။' "

"အဲဒီမှာ ကိုးဆောင်တိုက် ဆရာတော်ကြီးရဲ့ အဖွင့်အဆိုထဲမှ ကျွန်တော်သိချင်တာလေးတွေ မေးပါရစေ ဘဘ၊ '၆၂ ပါးသော မိစ္ဆာဒိဋ္ဌိ' ကို တော့ ကျွန်တော်တို့ ပြောပြီးပါပြီ။ 'ဝိစိကိစ္ဆာ ၁၆ပါး' ဆိုတာလည်း ကြားပြီးပါပြီ။

' 'ရူပံ အတ္တတော သမနုပဿတိ" အစရှိသဖြင့်၊ "ငါ၏ဥစ္စာ'၊ 'ငါ' ဟု ယူမှား၊ နှစ်ဆယ်သော သက္ကာယဒိဋ္ဌိ တရားလည်းကောင်း' ဆိုတာကို ကျွန်တော် သိပါရစေ"

"အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး ဦးဩဘာသာဘိဝံသ ရဲ့ 'သရုပ်ပြ အဘိဓာန်'ထဲမှာ မူလပဏ္ဏာသ၊ ခန္ဓဝဂ္ဂသံယုတ်မှ ထုတ်နုတ်၍ ဖော်ပြထားတာ ရှိပါတယ်။

(၁) ရုပ်သည်ပင်လျှင် ငါ။
(၂) ငါသည်ပင်လျှင် ရုပ်။
(၃) ရုပ်၌ ငါရှိသည်။
(၅) ဝေဒနာ(ခံစားမှု) သည်ပင်လျှင် ငါ။
(၆) ငါသည်ပင်လျှင် ဝေဒနာ။
(၇) ဝေဒနာ၌ ငါရှိသည်။
(၈) ငါ့၌ ဝေဒနာရှိသည်။
(၉) သညာ(မှတ်သားခြင်း) သည်ပင်လျှင် ငါ။
(၁၀) ငါသည်ပင်လျှင် သညာ။
(၁၁) သညာ၌ ငါရှိသည်။
(၁၂) ငါ့၌ သညာရှိသည်။
(၁၃) သင်္ခါရ (ပြုပြင်စီရင်ခြင်း,လုပ်ကိုင်ခြင်း) သည်ပင်လျှင် ငါ။

http://www.dhammadownload.com



(၁၄) ငါသည်ပင်လျှင် သင်္ခါရ။
(၁၅) သင်္ခါရ၌ ငါရှိသည်။
(၁၆) ငါ့၌ သင်္ခါရရှိသည်။
(၁၇) ဝိညာဏ(ဝိညာဉ်) သည်ပင်လျှင် ငါ။
(၁၈) ငါသည်ပင်လျှင် ဝိညာဏ။
(၁၉) ဝိညာဏ၌ ငါရှိသည်။
(၂၀) ငါ့၌ ဝိညာဏ ရှိသည်။

အဲဒါဟာ သက္ကာယဒိဋ္ဌိ ၂၀ ဖြစ်ပါသတဲ့။ 'သက္ကာယဒိဋ္ဌိ' ဆိုတာ 'အထင်အရှား ရှိနေတယ် လို့ ယူဆထားခြင်း' ကို ပြောပါသတဲ့။ အေး သက္ကာယဒိဋ္ဌိနဲ့မိစ္ဆာဒိဋ္ဌိ ကွာခြားပုံကတော့ မိစ္ဆာဒိဋ္ဌိက အပါယ်ငရဲကို လားစေတယ်။ သက္ကာယဒိဋ္ဌိက အပါယ်ငရဲကို မလားစေပါဘူး။ နတ်ပြည်သို့ လားရန်ကိုလည်း မတားမြစ်ပါဘူး– တဲ့။ အေး တစ်ခုတော့ရှိတယ်။ ဝိပဿနာဉာဏ်ကိုတော့ အဟန့် အတား ဖြစ်စေပါသတဲ့။ အဲဒါနဲ့ပတ်သက်လို့ မဟာစည် ဩဝါဒါစရိယ နာယက ကမ္မဋ္ဌာနာ စရိယ၊ ဓမ္မကထိက ဆရာတော် ဦးသုဇာတ မထေရ်ကြီး ဟောပြောထားတာ ရှိတယ်"

"နာပါရစေ ဘဘရယ်၊ ဖောက်သည်ချပေးပါဦး"

" မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိပြည်မှာ ရဟန်းပျိုလေးတစ်ပါး ဆွမ်းခံကြွလာတယ်။ နေမွန်းကလည်း တည့်လုပြီ၊ ဆွမ်းကတော့ မရရှာသေးဘူး၊ အဲဒါကို သိမြင်လို့ သဒ္ဓါတရားရှိတဲ့ အမျိုးသမီးကြီးတစ်ယောက်က သူ့အိမ်ထဲကို ပင့်တယ်။ ထိုင်ခုံကလေးတစ်ခုအပေါ်မှာ အဖိုးတန် အဝတ်လေး ခင်းပြီး နေရာပေးတယ်။ အဲဒီမှာပဲ ဆွမ်းကပ်တယ်။ ရဟန်းပျို ကလေး ဆွမ်းဘုဉ်းပေးနေတာကို ယပ်ခတ်ကြည်ညိုပြီး သဒ္ဓါတရားတွေထက်သန်သည်ထက် ထက်သန်လာတယ်။ သူပြုရတဲ့ကုသိုလ်ကို အလွန်ပီတိ ဖြစ်

http://www.dhammadownload.com



နေတယ်။ 'အခွင့်သင့်လို့ အခု ငါလှူရတယ်၊ ငါ့မှာ ကောင်းမှုတွေ တိုးပွားနေတယ်၊ ငါ ကံကောင်းတယ်' လို့ သာယာနေတာ ဖြစ်မှာ ပေါ့ကွယ်။ အဲဒါနဲ့ အဲဒီအမျိုးသမီးကြီး ကွယ်လွန်သွားတဲ့အခါ တာဝတိံသာနတ်ပြည်မှာ ရွှေဗိမာန်, ရွှေပလ္လင်ကြီးနဲ့ နတ်သမီး သွား ဖြစ်ပါသတဲ့'၊ ဆရာတော် ဘုရားက 'ဝိမာနဝတ္ထု' မှ 'ပလ္လင် ဝိမာန ဝတ္ထု'ကိုရည်ညွှန်းပြီး ထိုအမျိုးသမီးကြီးရဲ့ သက္ကာယဒိဋ္ဌိကို ဖော်ပြ တော်မူခြင်း ဖြစ်တယ်။ သူ့သက္ကာယဒိဋ္ဌိက 'ငါ လှူရတယ်၊ ငါ ကံ ကောင်းတယ်၊ ငါ ကောင်းမှုပြုရတယ်' ဆိုတဲ့ 'ငါ...ငါ...ငါ'တွေပေါ့။ အဲဒါနဲ့ တစ်ဆက်တည်း 'သက္ကာယဒိဋ္ဌိတရားသည်အပါယ်သို့လည်း မလားစေတတ်၊ နတ်ပြည်သို့လည်း မဟန့်တားစေတတ်၊ ဝိပဿနာ ဉာဏ်ကိုကား ဟန့်တားနိုင်၏။...' လို့ ဟောတော်မူတယ်"

"ဒါဖြင့် သက္ကာယဒိဋ္ဌိကို ကင်းကွာအောင် ဘယ်လို ကျင့်ရမတဲ့ လဲ၊ ဘဘရယ်"

"ကမ္မဋ္ဌာနာစရိယဖြစ်တော်မူတဲ့ဆရာတော်ကြီးက သက္ကာယဒိဋ္ဌိ ကို 'ဒါနနဲ့လည်း ဖြုတ်လို့မရဘူး။ သီလနဲ့လည်း ဖြုတ်လို့မရဘူး။ သမထနဲ့လည်း ဖြုတ်လို့မရဘူး။ ဝိပဿနာနဲ့သာ ဖြုတ်နိုင်ပါတယ်။ .. ' တဲ့။

ဒါနဆိုတာက လောဘနဲ့မစ္ဆရိယကိုပယ်တယ်။ ဒါလည်း တဒင်္ဂ ပယ်တာပဲတဲ့။ လှူနေခိုက်ကလေး(ကြည်ညိုနေခိုက်ကလေး)မှာ ပယ် တာတဲ့။

သီလ ဆိုတာက ကာယဒုစရိုက်နဲ့ ဝစီဒုစရိုက်ကိုပယ်တယ်။ သက္ကာယဒိဋ္ဌိကို မပယ်ဘူး။

သမထကတော့အားထုတ်လျှင် နီဝရဏကိုပယ်တယ်။ (ကုသိုလ် တရား မဖြစ်ပေါ်ရအောင် ပိတ်ဆီး,တားမြစ်တတ်သော တရား ၆ ပါး ပေါ့။ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိန မိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊

http://www.dhammadownload.com



အဝိဇ္ဇာ တဲ့)။ သမထက သက္ကာယဒိဋ္ဌိ ကို မပယ်နိုင်ဘူး။ ဒါ့ကြောင့် 'ဝိပဿနာ သာလျှင် သက္ကာယဒိဋ္ဌိကို ပယ်နိုင်တယ်' လို့ ဟောတော်မူပါတယ်"

"'သက္ကာယ' ဆိုတာ ၊ 'ငါ' ဆိုတဲ့ အစွဲအလမ်းပေါ့နော်၊ ဘဘ"

"အေးပါ၊ 'ငါစွဲ' လို့လည်း သုံးကြပါရဲ့၊မင်းဘာပြောချင်လို့လဲ"

"ဝိပဿနာဉာဏ်ဖြင့် 'ငါစွဲ' ဆိုတဲ့ 'သက္ကာယ' ကို ပယ်နိုင်တယ်လို့ ဆိုတယ်နော်"

"အေးပါ၊ သောတာပန်မှစ၍ အရိယာပုဂ္ဂိုလ်ကြီးတွေမှန်သမျှ 'ငါစွဲ' ကင်းကြပါတယ်၊ နေဦး၊ ဘုရားနဲ့တကွ ရဟန္တာပုဂ္ဂိုလ်ကြီးများက 'ငါသွားအုံ့'၊ 'ငါလာအုံ့'၊ 'ငါတရားဟောအုံ့'၊ 'ငါဆွမ်းစားအုံ့' ဆိုတဲ့ အသုံးအနှုံး, အပြောအဆိုတွေ ရှိတော့ ရှိသေးတယ်။ ဒါကို မင်းပြောချင်လို့နဲ့ တူတယ်။ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဘဘ"

"အေး–ငါထင်သားပဲ၊ မင်း စကား စ,လာပုံက၊ ဒါကဒီလို ရှိတယ်ကွ၊ ဉာဏ်အမြင်မှာ 'ငါ'စွဲပြုတ်ပေမယ့် 'ပညတ်' ဆိုတဲ့ လောကဝေါဟာရနဲ့ကင်းရင် တစ်ဖက်သားသိအောင် ပြောလို့, ဆိုလို့ မဖြစ်တော့ဘူး မဟုတ်လား။ ကဲ 'ငါ'တို့။ 'ကျုန်ုပ်'တို့။ 'ကျွန်တော်' တို့။ 'တပည့်တော်တို့' ဆိုတဲ့ နာမ်စားမပါဘဲနဲ့ မင်းကိုယ်တိုင် ပြုချင်တာ, လုပ်ချင်တာ တစ်ခုခုကို သူတစ်ပါး သိအောင် မင်းပြောကြည့်စမ်း၊ ရပါ့မလား"

"ဟုတ်တယ် ဘဘ၊ ဘယ်နည်းနဲ့မှ မရပါဘူး"

"အေး ... ဒါ့ကြောင့်၊ လောကထဲမှာ နေတုန်း လောကရဲ့ ပညတ်ဝေါဟာရတွေကို လက်ခံ သုံးနှုန်းနေကြရတာ ဖြစ်တယ်။ ပရမတ်တရားကတော့ 'ငါ' လည်း မဟုတ်။ 'သူ' လည်းမဟုတ်။ 'ဘယ်သတ္တဝါ' မှ 'ဘာမဟုတ်' ပေါ့ကွယ်"

http://www.dhammadownload.com



"ရှင်းပါပြီ ဘဘ"

"သက္ကာယဒိဋ္ဌိအကြောင်းတော့ အဲသလောက်ပဲ မှတ်ပေါ့ကွာ"

"ဟုတ်ပါပြီ ဘဘ"

" 'သီလဗ္ဗတံဝါ=နွားတို့အကျင့်၊ ခွေးအကျင့်ကား၊ သင့်မြတ်လှစွာ၊ သံသရာမှ၊ မြန်စွာငြိမ်းအေး၊ ထွက်မြောက်ရေးဟု၊ တွေးမှားသော 'သီလဗ္ဗတ ပရာမာသ' တရားလည်းကောင်း။' ဆိုတဲ့ အဓိပ္ပာယ်က ဘယ်လိုလဲ ဘဘ၊ တရားရဖို့ ကျင့်ကြတဲ့အကျင့်မျိုးမှာ နွားလို၊ ခွေးလို ကျင့်ကြတယ် လို့ရှိသေးသလား"

"အနောက်မဇ္ဈိမတိုင်းမှာ မြတ်စွာဘုရား မပွင့်မီကတည်းက ဝါဒအမျိုးမျိုး၊ အကျင့်အမျိုးမျိုး၊ နည်းအထွေထွေ ရှိနေကြပါသတဲ့။ အဲဒီနည်းတွေ အနက်က နွားတို့၏အကျင့်စရိုက်အတိုင်း ကျင့်ကြံနေထိုင်သွားမယ် ဆိုရင် အကုသိုလ်ကင်းပြီး နောင်တမလွန်ဘဝမှာ ချမ်းသာရလိမ့်မယ်လို့ ယူဆပြီး ကျင့်တဲ့လူတွေလည်းရှိသတဲ့။ ခွေးလို ကျင့်ရင် နောင်တမလွန်မှာ ချမ်းသာရလိမ့်မယ်လို့ယူဆပြီး ကျင့်တဲ့ လူတွေလည်း ရှိသတဲ့။ အခုခေတ်မှာတောင် အဝတ်အစား မဝတ်ဘဲ ကိုယ်လုံးတီးနေတဲ့လူတွေ အချို့ မြို့ထဲ, ပြထဲမှာတောင် တွေ့နေကြရသေးသတဲ့လေ"

"အဲဒီလို ကိုယ်လုံးတီးနေတာတွေ ကြားလည်းကြားဖူးပါတယ်။ အချို့ဘာသာရေး စာစောင်တွေမှာ ဓာတ်ပုံတွေနဲ့ တွေ့ဖူးပါတယ်"

"အေး၊ ဒါကြောင့် မြတ်စွာဘုရား လက်ထက်တော်မှာ ခွေးကျင့်၊ နွားကျင့် အကျင့်မျိုး ကျင့်ကြံတဲ့ လူမျိုးရှိတယ် လို့ ဆိုတာပေါ့။ နာမည် အထင်အရှားနဲ့ အကျင့်သမား နှစ်ယောက်အကြောင်း မြတ်စွာဘုရား ဟောဖူးတယ်။ တစ်ဦးက 'ပုဏ္ဏ' တဲ့။ သူက နွားလို စားတယ်။ မြက်တို့, သစ်ရွက်တို့ကို စားတာပေါ့ကွယ်။ နွားလို သွားတယ်။ နွားလိုနေတယ်။

http://www.dhammadownload.com



နောက်တစ်ယောက်က 'သေနိယ'တဲ့....သူက ခွေးလိုစားတယ်။ ရွာသူ,ရွာသားများက စွန့်ပစ်ထားတဲ့ ထမင်းကျန်, ဟင်းကျန်တွေကို ရှာဖွေစားတယ်။ ခွေးများလို အိပ်ချင်တဲ့နေရာမှာ အိပ်တယ်။ ရွာတကာကိုလည်း လှည့်လည်ပြီး နေတယ်။ အဝတ်လည်း မဝတ်ဘူးပေါ့ကွယ်။ သူတို့ရဲ့ အယူအဆကတော့ ဆင်းရဲခြင်းတို့ကို လျစ်လျူပြု၍ ခံနိုင်ရည်ရှိအောင် ကျင့်တဲ့အကျင့်မျိုးလို့ လက်ခံထားကြတာပေါ့။ အဲ ...ထူးဆန်းတာက သူတို့ နှစ်ယောက်ဟာ တကွဲတပြားစီ ကျင့်ကြပေမယ့် အလွန်ချစ်တဲ့ သူငယ်ချင်း နှစ်ယောက် ဆိုပဲ"

"အဲသလောက် ဝတ်လစ်စလစ်နဲ့ အရှက်မရှိတဲ့ လူတွေကို လူတွေက ဝိုင်းမပယ်ကြဘူးလား၊ အထင်မသေးကြဘူးလား"

"အမယ်လေး ... အချို့လူတော်တော်များများက ခြိုးခြိုးခြံခြံ ကျင့်နေကြတဲ့သူတော်ကောင်းကြီးတွေဆိုပြီး အရိုအသေပြုတဲ့သူနဲ့၊ ကျွေးမွေး ပေးကမ်းတဲ့ လူနဲ့"

"အင်း...ဟုတ်ဟုတ်, မဟုတ်ဟုတ် သူများထက်ထူးခြားတဲ့လူဆိုရင် အထင်ကြီးတတ်ကြတာပဲ၊ အဲဒီလူတွေ ကိုယ်တိုင်က အတွေးအခေါ် အလွန်ညံ့တဲ့သူတွေ ဖြစ်နေမှာပါ"

"ဟုတ်တာပေါ့ကွ၊ မြတ်စွာဘုရားသခင်မှ ပွင့်တော်မမူသေးဘဲကလား၊ အဲဒီနောက်တော့ မြတ်စွာဘုရားပွင့်တော်မူလာတယ်။ 'ဗုဒ္ဓရတနာ' ရယ်လို့ပွင့်တော်မူလာတယ်။ 'ဗုဒ္ဓရတနာ' ရယ်လို့ ပွင့်တော်မူလာတယ် ဆိုရင် 'ဓမ္မရတနာ'ကလည်း ထင်ရှားလာတာပေါ့။ ထို 'ဓမ္မရတနာ'ကို အမှီပြုပြီး 'သံဃာရတနာ' လည်း တိုးပွားလာတာပါပဲ၊ အဲဒါကို သာသနာတော်ပွင့်လင်းတယ် လို့ဆိုကြတာပေါ့။ အဲဒီအခါကျမှ 'ပုဏ္ဏ'နဲ့ 'သေနိယ' တို့နှစ်ယောက်ဟာ သူတို့အကျင့်ပေါ်မှာ သူတို့ သံသယတွေ ဝင်လာပြီး မြတ်စွာဘုရားထံတော် အရောက်မေးလျှောက် စုံစမ်းလာဖြစ်ကြတော့တယ်"

http://www.dhammadownload.com



"အင်း ..သူတို့ကျင့်နေကြတဲ့ အကျင့်ကို ဗုဒ္ဓသာသနာတော်ဝင် ဘိက္ခုများရဲ့ အကျင့်နဲ့ နှိုင်းယှဉ် ချိန်ထိုးမိလို့နဲ့ တူပါရဲ့နော် ဘဘ"

"မင်းတွေးသလို ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။ အဲသလို တစ်ယောက်စီ ရောက်လာကြတဲ့အခါ မြတ်စွာဘုရားက စစ်မှန်သော အကျင့်သီလတို့ကို ညွှန်ပြဟောကြားတော်မူ၍ သရဏဂုံ တည်သွားကြပါသတဲ့ကွယ်။ အဲဒါ မင်းသိလိုတဲ့ 'သီလဗ္ဗတ' ဆိုတဲ့ သဘောပေါ့။ သောတာပန်တို့ဟာ သက္ကာယဒိဋ္ဌိရယ်၊ ဝိစိကိစ္ဆာရယ်၊ အခု ပြောတဲ့ သီလဗ္ဗတပရာမာသ တရားရယ်၊ အဲဒီ ၃ မျိုးက လွန်မြောက်ကြပါပြီတဲ့"

" 'ကိဉ္စိ=စိုးစဉ်း,အနည်းငယ်၊ မကြီးကျယ်သော။ ယံကိလေသ ဇာလံ=အကြင် ကိလေသာတည်းဟူသော ကွန်ရက်သည်။ အတ္ထိ=ရှိ၏။...' ဆိုတဲ့စကားအရ ကိလေသာ အနည်းအကျဉ်း ကျန်သေးတယ်လို့ ကျွန်တော်တို့ ပြောခဲ့ပါပြီလေ။ အဲဒီကျန်သေးတဲ့ ကိလေသာတွေကလည်း အပါယ်ကို အကျိုးပေးနိုင်သလောက် မကြီးလေးတော့ဘူးဆိုတာကိုလည်း ကျွန်တော် မှတ်ရပါပြီ။ 'ဆ=ခြောက်ပါး ကုန်သော။ အဘိဋ္ဌာနာနိ စ=ပဉ္စာနန္တရိယ၊ နိယတမိစ္ဆာ၊ ရှန့်ရင်းသော အရာတို့ကိုလည်း။ ကာတုံ=ပြုခြင်းငှာ။ အဘဗ္ဗော=မထိုက်။'လို့ ဆိုတဲ့ အဓိပ္ပာယ်ကိုတော့သိချင်ပါသေးတယ် ဘဘ"

"အေး ... ဒါက သောတာပန်အရိယာများ မပြု၊ မလုပ်၊ မဖြစ်ကြတဲ့ ကံကြီး ၆ ပါးကို ဆိုတာဖြစ်တယ်။

| | | |
|---|---|---|
| (၁) မာတုဃာတ | - | အမိကိုသတ်ခြင်း။ |
| (၂) ပိတုဃာတ | - | အဘကိုသတ်ခြင်း။ |
| (၃) အရဟန္တဃာတ | - | ရဟန္တာကိုသတ်ခြင်း။ |
| (၄) လောဟိတုပ္ပါဒ | - | မြတ်စွာဘုရားအား သွေးစိမ်း တည်အောင် ပြုခြင်း။ |

http://www.dhammadownload.com



(၅) သံဃဘေဒ - သံဃာကို ကွဲအောင် ပြု ခြင်း, ဂိုဏ်းခွဲခြင်း။

(၆) အညသတ္ထာရုဒ္ဒေသ - 'ဘုရား' မှတစ်ပါး အခြား ဆရာတို့ကို ညွှန်ခြင်း။

ဆိုတဲ့ အဘိဌာန ၆ ပါးပေါ့။ 'အဘိဌာနနိ' ဆိုတာ 'အလွန်ကြီးမား သော အကုသိုလ်ကံကြီးများ' လို့အဓိပ္ပာယ်ရှိပါတယ်။

'သောတာပန်မှန်သမျှ ဤမျှ ကြီးမားသောကံတို့အနက် တစ်ပါး, ပါးကိုမျှ မကျူးလွန်ကောဘူး' လို့ ဆိုရမှာ ဖြစ်သလို၊ ထိုအပြစ် ၆ ပါးအနက် တစ်ပါးပါးသော ကံကို ကျူးလွန်မိသူဟာလည်း ထိုဘဝ မှာ ဘယ်နည်းနဲ့မျှ သောတာပန် မဖြစ်ကြတော့ပါဘူးတဲ့။ ဒါ့ကြောင့် အဖကိုသတ်တဲ့ အဇာတသတ်မင်းသားဟာ နောင်အခါ ဗုဒ္ဓမြတ်စွာ ကို အကြည်ညိုဆုံး လူပုဂ္ဂိုလ်ဖြစ်ပါလျက်နဲ့ အဖကို သတ်မိသော 'အဘိဌာနနိစ' ကံကြီးတစ်ပါးကြောင့် ထိုဘဝမှာ သောတာပန် မဖြစ်လိုက်ရတော့ပါဘူးတဲ့"

"ဟုတ်ပါရဲ့နော်၊ သူ့ခမျာ ဒေဝဒတ်နဲ့ ပေါင်းမိလို့ တစ်မင်, တစ်ဖိုလ်ကို လက်လွှတ်ရပြီး ငရဲကျရရှာတာပဲ။ ဒီကနေ့ ဘဘနဲ့ အတူ 'ရတနသုတ်'ကို ကြည်ညို ဆွေးနွေးရတာဟာ ကျွန်တော့် အတွက် အများကြီး ဗဟုသုတ ရလိုက်ပါတယ်။ ကျွန်တော်တို့ မမီ အောင် အလွန် နက်နဲတယ်, အလွန်အဆင့်အတန်းမြင့်တယ် ဆိုပြီး စိတ်ပျက်,အားငယ်လို့ စာကို စာအတိုင်း၊ တရားကို တရား အတိုင်း ဖတ်ရှုံ,ရွတ်ရှုံ လုပ်ခဲ့ရာက စိတ်ဝင်စားစရာတွေ တောင့်တ စရာတွေ အများကြီး တွေ့ခဲ့ပါပြီ"

"အေး–အဲဒါ ဆွေးနွေးခြင်းရဲ့ရလဒ်ပေါ့ကွာ၊ ဒီအကျိုး, ဒီကျေးဇူး တွေဟာ တစ်ဦးတည်းသာမက ဆွေးနွေးရတဲ့ နှစ်ဦး, နှစ်ဖက် စလုံး အမြတ်ရနိုင်ပါတယ်"

http://www.dhammadownload.com



"ဒီလိုဆိုရင် ကျွန်တော်သိချင်တာလေး နည်းနည်း ထပ်မေးပါရစေ"

"ငါဖြေနိုင်တာသာ ဖြစ်ပါစေ၊ မေးစမ်းပါဦး"

"ဟုတ်ကဲ့၊ ကျွန်တော်သိလိုက်ရတဲ့ အချုပ်တရားဟာ 'သောတာပန် တို့ မည်သည် သစ္စာလေးပါးကို သိ၍ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပယ်ပြီး ဖြစ်ကြသည်။ ဂရုဓမ္မ ငါးပါးသီလကို လုံခြုံကြသည်။ အဘိဋ္ဌာနာနိစ ၆ ပါး (အပြစ်ကြီး ၆ ပါး)ကင်းကြသည်။ သက္ကာယဒိဋ္ဌိလည်း ကင်းကြသည်။ ထို့ကြောင့် ကာမဘုံတွင် ပဋိသန္ဓေ ၇ ကြိမ်သာ နေသော သတ္တက္ခတ္တုပရမ သောတာပန်တို့အဖို့ ပင်လျှင် အပါယ်လေးပါးသို့ လားရန် အကြောင်းမရှိတော့' – လို့ ကျွန်တော် မှတ်ရပါတယ်"

"ဟုတ်ပါတယ်၊ မင်းမေးချင်တဲ့စကားတော့မပါသေးဘူးနော်"

"ဟုတ်ကဲ့၊ ကျွန်တော် မေးတော့မှာပါ၊ အဲဒီ သောတာပတ္တိမဂ်ကို ရောက်အောင် ဒါနပါရမီနဲ့ လုပ်လို့မရဘူး၊ သီလပါရမီနဲ့လည်း လုပ်လို့ မရဘူး၊ သမထ ဘာဝနာနဲ့တောင် လုပ်လို့မရဘူး၊ ဝိပဿနာ တစ်ခုတည်းဖြင့်သာ မဂ်သို့ ဆိုက်ရောက်နိုင်ကြောင်း သိရပါတယ်"

"ဟုတ်ပါတယ်၊ အဲဒီအတိုင်း ဟောတော်မူထားတာပဲ"

"အဲဒီမှာ အချို့ပုဂ္ဂိုလ်တွေကျတော့ တရားတစ်ပုဒ်ကိုနာပြီးတာနဲ့ တစ်ပြိုင်နက် သောတာပန် တန်းဖြစ်သွားတယ်လို့တွေ့ရ ဖတ်ရဖူးပါတယ်"

"ဟား ... ဟား၊ မင်း ဒီအကြောင်းမေးချင်လို့ကိုး၊ ဟုတ်ပါတယ်၊ သုတ္တန်တော်တော်များများမှာ မင်းတွေ့ရမှာပေါ့။

ဥပမာ–ကောဏ္ဍညဘိက္ခုကြီးသည် ဓမ္မစကြာတရားတော်ကို နာယူပြီးသည့်နောက်၊ မဆိုင်းမတွ သောတာပန် ဖြစ်သွားတယ်။ အရှင်သာရိပုတ္တရာအလောင်း ဖြစ်တဲ့ ဥပတိဿပရိဗိုဇ်ကြီးဟာ အရှင်အဿဇိ ရဲ့ 'ယေဓမ္မာ ဟေတုပ္ပဘဝါ...' အစရှိတဲ့ ဂါထာတစ်ဝက်ကို

http://www.dhammadownload.com



ကြားနာလိုက်ရရုံနဲ့ သောတာပန် ဖြစ်သွားတယ်။ အဲဒီ ဥပတိဿ ပရိဗိုဇ်က ငင်းတရားကို ဖောက်သည်ချပြီး တစ်ဆင့်ပြောပြရုံနဲ့ အရှင်မဟာမောဂ္ဂလာန်အလောင်း ကောလိတပရိဗိုဇ်ဟာ သောတာပန် ဖြစ်သွားတယ်။ ဒါမျိုး,ဒါမျိုးတွေ မင်းဖတ်ဖူး,တွေ့ဖူးလို့ ပြောတာ နေမှာပေါ့။ ဟုတ်ကဲ့လား"

"ဟုတ်ပါတယ် ဘဘ"

"ကဲ - ပထမအချက်က စပြီး ရှင်းပြမယ်။ အေး... ငါက ရှင်းပြမယ်ဆိုတဲ့ စကားထက် ငါ့ကျေးဇူးရှင် ဆရာများရဲ့ ဒေသနာ များကို ဖောက်သည်ချပေးမှာ ဖြစ်ပါတယ်။

ကဲ ... ပထမအချက်ကို ပြန်ကောက်မယ်၊ နိဗ္ဗာန်,မဂ်,ဖိုလ် ကို လိုလားသော သူတော်ကောင်းတို့၌ အကြားအမြင်,နည်းနာ,နိဿယ ဆိုတဲ့ ပရိယတ္တိကို အခြေခံပြုနိုင်မယ်။ ထိုသို့ မှီငြမ်းရပြီးမှ ပဋိပတ္တိ ဟု ဆိုအပ်သော ဝိပဿနာ အလုပ်စခန်းကို နည်းမှန်,လမ်းမှန် ဖြင့် ဝိပဿနာဉာဏ် အစစ်,အမှန်ရမှ အခြေခံဖြစ်တဲ့ သောတာပတ္တိမဂ်ကို ဆိုက်ရောက်ရမှာဖြစ်တယ်၊ အဲသလို ပဋိပတ္တိမဂ်လမ်းစဉ်ကို ရပြီးမှ ပဋိဝေဓလို့ခေါ်တဲ့ မဂ်၏ဖလ ဖိုလ်ချမ်းသာကို ခံစားရမှာ ဖြစ်ပါသတဲ့။ အဲဒီတော့ အခုပြောတဲ့ အဆင့် ၃ ဆင့်ကို ခုန်, ပျံ, ကျော်လွှား၍ 'ဘွား' ခနဲ မရောက်နိုင်ပါဘူး။ ရှင်းအောင်ပြောရရင် ဓမ္မဒေသနာကို ကြားနာပြီးနောက် ပဋိပတ္တိဆိုတဲ့ ဝိပဿနာ အလုပ်ကို လုပ်လိုက်သူချည်းသာ ဖြစ်ပါတယ်။

ဘယ်အချိန်က လုပ်လိုက်သလဲ၊ ဘယ်လောက်မြန်အောင် လုပ်လိုက်သလဲ။ အဲဒါကတော့ ယောဂီပုဂ္ဂိုလ်တို့ရဲ့ ပညာပါရမီ အနု,အရင့်ပေါ်မှာ တည်ပါတယ်။ အဲဒီနေရာမှာ အရှင်ကောဏ္ဍညနဲ့ ဥပတိဿ ပရိဗိုဇ် တို့ရဲ့ ကွာခြားပုံကိုကြည့်ဦး။ ကောဏ္ဍညဘိက္ခုကြီးက 'ဓမ္မစကြာ တရား' မှာ 'သိ,ပယ်,ဆိုက်,ပွား' အကြောင်း,အကျိုးတရား

http://www.dhammadownload.com



၄ ပါးကို ပြည့်စုံအောင်ကြားနာပြီးမှ သောတာပန် ဖြစ်တယ်၊ ဥပတိဿ ပရိဗိုဇ် ကတော့ ဂါထာတစ်ဝက်မှာပဲ သောတာပန် ဖြစ်တယ် မဟုတ်လား။ အေး ... ဥပတိဿပရိဗိုဇ်က နောင်အခါမှာ မြတ်စွာဘုရား ကိုယ်တိုင်က လွဲရင် ပညာဉာဏ် အကြီးကျယ်ဆုံးလို့ ဧတဒဂ် ရမယ့် ပုဂ္ဂိုလ်ကြီး ဖြစ်လို့ပေါ့၊ ဒါ့ကြောင့် ပါရမီ အနု,အရင့် လိုက်ပြီး အမြန်,အနှေး ကွာကြတာ ကို သတိပြုရမှာပေါ့။ ပုဂ္ဂိုလ် ၄ ယောက် အကြောင်း မင်းကို ပြောဖူးပြီ ထင်ပါရဲ့။

(၁) ဥဂ္ဃဋိတညူပုဂ္ဂိုလ် – တရားအကျဉ်းကိုနာရရုံမျှဖြင့် တရားအဆုံးတွင် မဂ်,ဖိုလ် ရသော ပုဂ္ဂိုလ်။

(၂) ဝိပဉ္စိတညူပုဂ္ဂိုလ် – အကျဉ်းဥဒ္ဒေသမျှနှင့် မရ၊ အကျယ် ဝိတ္ထာရ ဖွင့်ပြ,ဝေဖန်၍ ဟောမှ မဂ်,ဖိုလ် ရသော ပုဂ္ဂိုလ်။

(၃) နေယျပုဂ္ဂိုလ် – အကျဉ်း,အကျယ် ဟောပြီးသော်လည်း ထိုဒေသနာကို နေ့,ရက် ရှည်ကြာစွာကျင့်ကြံ, အားထုတ်မှ မဂ်,ဖိုလ်ရသော ပုဂ္ဂိုလ်။

(၄) ပဒပရမပုဂ္ဂိုလ် – ထိုတရားကိုဝီရိယနှင့်ကြိုးစားကျင့်ကြံသော်လည်း ဤ ဘဝ၌ မဂ်,ဖိုလ်မရ၊မဂ်,ဖိုလ်မျိုးစေ့ ဗီဇမျှသာ ဖြစ်သော ပုဂ္ဂိုလ်။

ဆိုတာတွေပဲ၊ အဲဒီမှာ 'တရားတော်ကို နာပြီးသည့်အဆုံး၌ သောတာပန် ဖြစ်သွားလေ၏' ဆိုတာမျိုးတွေက 'ချက်ဆို,နားခွက်က

http://www.dhammadownload.com



မီးတောက်' တဲ့ ဥဋ္ဌါဋိုရ်တညှပုဂ္ဂိုလ်မျိုးတွေပေါ့ကွ၊ 'တရားအဆုံး၌' လို့ဆိုသော်လည်း အခိုက်အခါ 'ကာလမတ္တ' အတွင်းမှာ ဝိပဿနာ လုပ်ဖြစ်လို့ 'ဘွင်း' ခနဲ ပွင့်သွားတာမျိုးပေါ့။

အင်း ... မင်း နည်းနည်း ဘဝင်မကျသေးဘူးထင်တယ်၊ မင်း ကိုယ်တွေ့လေးနဲ့ တွေးကြည့်ရအောင်၊ အခုမင်းရဲ့ အရည်အချင်းဟာ တက္ကသိုလ် ဘွဲ့ရပြီးတဲ့လူ၊ နောက်ပြီး အတန်ကြာအောင် ကျောင်း ဆရာ လုပ်ခဲ့ဖူးတဲ့လူ၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ကဲ ...ဒီတော့ 'စာရွက်တစ်ရွက်ပေါ်မှာ မင်းလက်မှတ်ထိုး ပေး စမ်းပါ'-လို့ ငါကပြောရင် 'မောင်လှအေး' ဆိုတဲ့ နာမည်ကို ဘယ် လောက် ကြာကြာရေးနေမလဲ။ လက်ဖျစ်တစ်တွက်၊ ချောင်းတစ်ဟန့် အချိန်လေးအတွင်းမှာ အမှတ်တမဲ့လို့ ရေးပြီးသား ဖြစ်မသွားနိုင် ဘူးလား။ အဲ သလောက် မြန်တယ်နော်။ အဲ ... မင်း ပထမတန်း လောက်ကဆိုရင် မင်းနာမည်ကို မင်းဘယ်လိုလုပ် ရေးမလဲ။

သဝေထိုး, မ ရေးချ, င သတ် (မောင်)၊ လ ဟထိုး (လှ)၊ သဝေထိုး, အ ရေး, ဝစ္စနှစ်လုံးပေါက် (အေး)၊ မောင်လှအေး။

အဲသလို နှုတ်ကလည်း အသံထွက်၊ လက်ကလည်း လိုက်ရေး၊ ခပ်ဖြည်းဖြည်းမှ အကောင်အထည်ပေါ်လာမယ် မဟုတ်လား၊ အဲ ... အခုတော့ မင်း ဘယ်လောက်မြန်အောင် ရေးလိုက်သလဲ။ သို့ပေ မယ့် 'သဝေထိုး, မ ရေးချ, င သတ်(မောင်)' ဆိုတဲ့ အက္ခရာ စာလုံး တွေကို သူ့နေရာနဲ့ သူ မှန်ကန်အောင် စာလုံးပေါင်းလာခဲ့ရတာက တော့ မင်း ငြင်းနိုင်သလား၊ 'စာလုံးပေါင်းပြီးရေးနေရပါတယ်' လို့ မင်းကိုယ်မင်း တွေးမိလိုက်မှာတောင် မဟုတ်ဘူး"

"ဟာ ... ဟုတ်ပြီ ဘဘ၊ စာလုံးမပေါင်းဘဲနဲ့တော့ ဖြစ်ကို မဖြစ် ပါဘူး"

http://www.dhammadownload.com



"အေး .... အဲသလိုပဲပေါ့ကွာ၊ လောက ဥပမာလေးတစ်ခု ပေးဦးမယ်၊ တို့လောကဓာတ်ဆရာကြီးတို့၊ သိပ္ပံဆရာကြီးတို့ရဲ့ တွေ့ရှိချက်များဟာ တချို့များ သားစဉ်,မြေးဆက် စူးစမ်း,လေ့လာ ခဲ့ကြရတယ်။ အဲ ... နောက်ဆုံးတွေ့တဲ့ တစ်နေ့ကျတော့ 'ချောက်' ခနဲ ခလုတ်ဖွင့်လိုက်တာနဲ့ 'လက်' ခနဲ လျှပ်စစ်မီး လင်းလာသလို 'ဝင်း' ခနဲ ဖြစ်တဲ့ အချိန်ဟာ ဘယ်လောက်ကြာမလဲ၊ ဒါ့ကြောင့် သောတာပတ္တိ မဂ်ကို ရသူတိုင်း၊ ဝိပဿနာလုပ်ခဲ့ကြရသည်လို့ မှတ်ရမယ်၊ ကျမ်းဂန်,စာ,ပေ များမှာ 'တရားနာရ ပြီးသည့်နောက် သောတာပန် ဖြစ်ကြလေ၏' ဆို၍ အတိုချုံးရေးသားရတာကတော့ ဟောတော်မူလိုရင်းတရားမှ ကျယ်ဝန်း,နက်ရှိုင်းသွားမှာ မလိုလားသောကြောင့် ဖြစ်တယ်။ ပဋိပတ္တိ တရားကျင့်စဉ်များက တသီးတသန့် ရှိနေတတ်တယ် မဟုတ်လား။

အဲဒီတော့ သောတာပတ္တိမဂ် ရသူတိုင်းဟာ ဝိပဿနာတရားကို လုပ်ခဲ့ရသူချည်းပဲ။ မြန်တာနဲ့ နှေးတာပဲ ကွာမယ်၊ ဒါ့ကြောင့် သောတာပန်တို့သည် ဤမျှ ဂုဏ်ကျေးဇူးရှိကြကုန်သော လောကီ, လောကုတ္တရာ၏ ရတနာကြီးများ ဖြစ်ကြပါ၏။

ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေသတည်း"

http://www.dhammadownload.com

ရတနသုတ် (၆)

# အကုသိုလ်ဟူသမျှ မြှုမခ မှုလသောတာပန်

“သော= ထိုသစ္စာလေးရပ်၊ တရားမြတ်ကို၊ တပ်အပ်ထင်ထင်၊ ဆတ်ဆတ်မြင်သော အရိယာ သောတာပန်ပုဂ္ဂိုလ်သည်။ ကာယေနဝါ=ကိုယ်ဖြင့်လည်းကောင်း။ ဝါစာ ဝါစာယဝါ=နှုတ်ဖြင့် လည်းကောင်း။ ဥဒ=ထိုမြို့။ (ထို့အတူ)။ စေတသာဝါ=ကိုယ်လည်း မလှုပ်၊ နှုတ်လည်း မမြွက်၊ စိတ်သက်သက်ဖြင့် လည်းကောင်း။ ပါပကံ= မေးမေးမိုန်မိုန်၊ သေးသိမ်ယုတ်ညံ့သော။ ကမ္မံ=အကုသိုလ်စု မကောင်းမှုကို။ ကိဉ္စာပိကရောတိ=အကယ်၍ကား၊ တိမ်းပါးခဲ့ရေး၊ ပြုလုပ်မိတတ်သေး၏။ တထာပိ= ထိုသို့ သတိလွတ်ကင်း၊ ချွတ်ယွင်း တိမ်းပါး၊ ပြုလုပ်မိငြားသော်လည်း။ သော=ထို သောတာပန်ပုဂ္ဂိုလ်သည်။ တဿ=ထိုမိမိပြုသော မကောင်းမှု အနည်းငယ်ကို။ ပဋိစ္ဆာဒါယ=မပြောပလောက်၊ ပျောက်လွယ်, ပြီးလွယ်၊ အနည်းငယ် သာတကားဟု ဖုံးကွယ်,လျှို့ဝှက်ခြင်းငှာ။ အဘဗ္ဗော= မထိုက်။ ဒိဋ္ဌပဒဿ=ဘေးခပ်သိမ်းတို့၊ ငြိမ်းရာအမှန်၊ မြင်အပ်ပြီးသော နိဗ္ဗာန်ရှိသော သောတာပန်ပုဂ္ဂိုလ်မြတ်၏။ အဘဗ္ဗတာ=ပြုပြီးသမျှ မှုပါပကို၊ ကာယဝစီ၊ မနသီဖြင့်၊ ထို ဤကောက်ကျစ်၊ ဖုံးလွှမ်းခြင်းငှာ မထိုက်သည်၏ အဖြစ်ကို။ သတ္ထာရာ=ငါတို့ ဆရာ၊ အစိန္တေယျ ဘုရားမြတ်စွာသည်။ ဝုတ္တာ= ဟောကြားတော်မူအပ်ပြီ။

ဣဒမ္ပိသံဃေ–အယံဝေသံဃော=ဤသို့ သစ္စာလေးရပ်၊ တရားမြတ်ကို၊ တပ်အပ်ထင်ထင်၊ ဆတ်ဆတ်မြင်သော အရှင်အရိယာ သောတာပန် သံဃာသည်သာလျှင်။ ပဏီတံ= လောကီဥစ္စာ ရတနာတို့ထက်၊ သာလွန်,မြင့်မြတ်သော။ ရတနံ=လောကီ,လောကုတ္တရာ၊

http://www.dhammadownload.com



မွန်မြတ်စွာသော မင်္ဂလာကြီးအစစ်၊ ရတနာတော်ကြီး ဖြစ်ပေ၏။

ဧတေန သစ္စေန=ဤသို့ ဟုတ်မှန်သော စကားကို ဆိုရသော ကြောင့်။ ပါဏိနံ=သတ္တဝါအပေါင်းတို့အား။ သုဝတ္ထိ= လောကီ, လောကုတ္တရာ၊ မွန်မြတ်စွာသော၊ မင်္ဂလာ အစီးအပွားသည်။ ဟောတု = ဖြစ်ပါစေသတည်း"

"မောင်လုအေးရေ ... ဒီအပိုဒ်ကို အကျဉ်းအားဖြင့် နားလည်ဖို့ ကတော့ လွယ်ကူပါတယ်။ မြန်မာစကားပြေနဲ့ ပြောရရင် 'သောတာ ပန် ပုဂ္ဂိုလ်တို့ဟာ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့် ဖြစ် စေ မကောင်းသောပြစ်မှုကို ကျူးလွန်မိစေဦးတော့၊ မိမိ အပြစ်ကို ဖုံးဝှက်,ထိန်ချန်ထားခြင်း မရှိကြပါဘူး' တဲ့။ မိမိအပြစ်ကို မိမိ ပွင့် လင်းစွာ ဝန်ခံ,တောင်းပန်၍ ခွင့်လွှတ်ပြေလည်အောင် ဆောင်ရွက် ကြပါတယ်။ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပြီးသော အရိယာသောတာပန် တို့သည် မိမိပြုသောပြစ်မှုကိုမဖုံးကွယ်တတ်ကြောင်း ရှင်တော်ဘုရား ကိုယ်တိုင် ဟောတော်မူပါတယ်။ ဒါ့ကြောင့် သောတာပန် သံဃာတို့ မှာ ဤအဖိုးထိုက်တန်သော ဂုဏ်ရည်တို့ကြောင့် အမြတ်ဆုံးရတနာ ဖြစ်ပါပေတယ်။ ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေသတည်းပေါ့။ မင်းနားလည်ပါတယ်နော်"

"ဟုတ်ကဲ့ ဘဘ၊ စာထဲမှာ ပါသလောက်တော့ ကျွန်တော် နား လည်ပါတယ်"

"အေး ...မင်းအဖြေကိုငါကြိုက်သဟေ့၊ ဒါမှ သဘာဝကျတယ်။ စာတစ်ပိုဒ်ကိုဖတ်သည့်အခါဖြစ်စေ၊ တရားတစ်ပုဒ်ကိုနာသည့်အခါ ဖြစ်စေ, စာထဲမှာပါသမျှ၊ ဟောကြားထားတာကို နာရသမျှ အဲဒီ လောက်သာ နားလည်ကြတာပေါ့။ ဒါက ပထမ အဆင့်လို့ ပြောရ မယ်။ အဲဒီလောက် သာမန်သိရုံထက် 'အကျဉ်းမှ အကျယ်သို့' 'အလွယ်မှအခက်သို့' ရောက်အောင် သိချင်လာပြီ ဆိုရင်တော့ မိမိ

http://www.dhammadownload.com



ကိုယ်တိုင် တွေးချင်တွေး, ဆရာသမားများထံ မေးချင် မေး၊ အဲသလို ဆည်းပူးယူရတယ်၊ မြတ်စွာဘုရားရဲ့ တရားတော်များဟာ 'ပညာရှိ စကား၊ အပ်ဖျားရေစက်၊ အနက်ပင်လယ်'ဆိုသလို အလွန်တရာ နက်နဲ ကျယ်ဝန်းလွန်းလို့ ကျေးဇူးရှင် ဆရာတော်ကြီးများ အဆက်ဆက်က အဋ္ဌကထာများ ဖွင့်ဆိုတော်မူခဲ့ကြရတယ်။ ဒါတောင် ဖွင့်လို့ ပြီးပြည့်စုံတယ်မရှိသေးပါဘူးတဲ့၊ ဒါတွေကို တို့ကလက်လှမ်းမီသမျှ လေ့လာကြရမှာ ဖြစ်တယ်"

"ဟုတ်ကဲ့ ဘဘ"

"အခုပဲကြည့်လေ၊ 'သောတာပန်အရိယာများဟာ မိမိပြုမိသော အကုသိုလ်အပြစ်ဟူ၍ ရှိလျှင် ထိုအပြစ်ကို လျှို့ဝှက်,ထိန်ချန်ထားခြင်း မရှိပါ' တဲ့။ အဲဒီတော့ မင်းတို့,ငါတို့က 'လူရိုင်းတွေး'တွေးလိုက်ရင်၊ အဲသလောက် ဂုဏ်ကတော့ တော်ရုံတန်ရုံ လူကြီးလူကောင်းတွေမှာလည်း ရှိတတ်ကြပါတယ် လို့ မပြောနိုင်ပေဘူးလား"

"ပြောနိုင်လိမ့်မယ် လို့ ကျွန်တော်ကတော့ ထင်ပါတယ်"

"အဲသလို ပြောလို့မဖြစ်ဘူး မောင်ရေ၊ ပုထုဇဉ်တို့၏ ရိုးသားမှုဂုဏ်နှင့် အရိယာသောတာပန်တို့ရဲ့ရိုးသားမှုဂုဏ်ဟာ 'ဆီနဲ့ရေ' လို ကွာခြားနေပါသတဲ့။ ပရိတ်ကြီးနိဿယသစ်မှာ သပြေကန် ဆရာတော်ရဲ့ အဆိုအမိန့်ကို ကြည့်ပါ။

'သောတာပန်ကား အဘိဌာန ခြောက်ပါးကိုသာ မပြုထိုက်သည် မဟုတ်သေး။ အနည်းငယ်မျှ မပြောပလောက်သော ပြစ်မှုကလေးများကိုပင်ပြုမိသော် ထိုပြစ်မှုကိုဖုံးကွယ်ခြင်းငှာ မထိုက်တော့ပေ။ မေ့မေ့လျော့လျော့ နေတတ်သူ သောတာပန် ဖြစ်စေ အပြစ်ကို ဖုံးကွယ်,ထိမ်ဝှက်မှုမပြုတော့သည်မှာ သာမန်ပုထုဇဉ်များနှင့်မတူ၊ ထူးခြားသော ဂုဏ်တစ်ရပ်ပင်' ...တဲ့

အဲဒါသာ ကြည့်တော့ ... ။

http://www.dhammadownload.com



နောက်တစ်ခု ပြောဦးမယ်။ ပုထုဇဉ်ဆိုတဲ့ ထိုလူစားမျိုးတွေမှာ ကိုယ်လုပ်မိတဲ့ အပြစ်မျိုးက လူသိ,ရှင်ကြား 'ဘူး' ပေါ်သလို ပေါ်လာမှ မလွှဲသာ, မရှောင်သာ ဝန်ခံတတ်ကြတယ်။ ဒါတောင် ရိုးရိုး, ဖြောင့်ဖြောင့် ဝန်ခံကြသလား၊ မခံကြပါဘူး။ ဆင်ခြေ,ဆင်လက် အမျိုးမျိုးနဲ့ ခေါင်းရှောင်တတ်ကြတာချည်းပါပဲ။ သောတာပန် အရိယာများကျတော့ 'သူမသိ, လူမသိ' ပြုမိတဲ့ အပြစ်ကလေး အသေးအမွှားပဲဖြစ်စေ၊ ဖြောင့်ဆို,ဝန်ခံပြီး သက်ကြီး,ဝါကြီး ပညာရှိများရဲ့ အဆုံးအမကို ရှိသေစွာ နာယူတတ်ပါတယ်။ ဒါဟာ သောတာပန် အရိယာများရဲ့ ဂုဏ်ပါ။ အေး ...သောတာပန်အရိယာများ မဆိုထားနှင့်ဦး။ ထိုအရိယာသံဃာတို့၏လမ်းစဉ်ကို တစ်သဝေ မတိမ်း လိုက်နာ, ကျင့်ကြံ,အားထုတ်တော် မူနေကြတဲ့ သမုတိ သံဃာတော် အရှင်မြတ်များပင်လျှင် အနည်းဆုံး လခွဲ( ၁၅ ရက် ) တစ်ကြိမ် ဥပုသ်မပြုမီ အသီးသီး အာပတ်ဖြေတော်မူကြတယ်။ ဒါဟာ 'သုဟုနု' ဂုဏ်ပေါ့"

"ဩော် ... 'အာပတ်ဖြေတယ်' ဆိုတာ ဘာလဲ ဘဘ"

"ဟုတ်ပါတယ်။ 'အာပတ်ဖြေတယ်' လို့လည်း ခေါ်တယ်။ 'အာပတ်ကို ကုစားတယ်'လို့လည်း ခေါ်တယ်။ 'ဒေသနာကြားတယ်' လို့လည်း ခေါ်တယ်။ အဓိပ္ပာယ်က 'မိမိမှာ သိပင် သိငြားသော်လည်း မလွှဲမရှောင်သာ၍ ပြုမိသောအပြစ်မျိုးကိုလည်းကောင်း၊ မသိ, မမှတ်မိ, စေတနာမရှိဘဲ ပြုမိသော အပြစ်မျိုးကိုသော်လည်းကောင်း၊ တပည့်တော် ကျူးလွန်ခဲ့မိပါ၏' လို့ သီတင်းသုံးဖော်ထံ ရိုသေစွာ ရှိခိုး ဝန်ခံကြခြင်းဖြစ်ပါတယ်"

"ဩော် ... ဟုတ်ပြီ၊ ကျွန်တော် ဒုလ္လဘရဟန်း ဝတ်ခဲ့တုန်းက ဦးပဉ္ဇင်းတစ်ပါးက တိုင်ပေးလို့ ပါဠိလို ဆိုခဲ့ရတယ်လေ။ 'အဟံ ဘန္တေ သမ္ဗာ အာပတ္တိယော အာရောစယာမိ'။ အဲဒီမှာ ဆရာတော်က

http://www.dhammadownload.com



'သာဓု, သာဓု'လို့ပြန်ဆိုလိုက်တော့ ကျွန်တော့်မှာ တစ်မျိုးကြီး ခံစားလိုက်ရသလို ဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် က 'အပြစ်ပြုမိပါတယ်' လို့ ဝန်ခံတာကို ဦးပဥ္စင်းက 'သာဓု–သာဓု'– 'ကောင်းလေစွ,ကောင်းလေစွ' ဆိုတော့ တစ်မျိုးကြီး ဖြစ်နေတယ် ပေါ့"

"ဟား ... ဟား ... အဲဒါကို မင်းက ဦးပဥ္စင်းကို မမေးခဲ့ဘူးလား"

"ဘယ် မေးဝံ့လိမ့်မလဲ၊ ဘဘနှယ်"

"အဲ ... မင်းမှာ စပ်စု,သိချင်တယ် ဆိုတဲ့ ဝါသနာလေးတော့ အရှိသားပဲ၊ သဘောကဒီလိုကွဲ့။ မင်းက ဖြောင့်ဆို,ဝန်ခံတာကို မင်းထက် အသက်,ဝါကြီးတဲ့ပုဂ္ဂိုလ်က မင်းမှာ 'သုဟုဇုဂုဏ်နဲ့ ပြည့်စုံပါပေတယ်' လို့ ချီးမွမ်းလိုက်တာ ဖြစ်တယ်။ ဒီလိုမှတ်ရမှာကွ"

"သြော် ... ကျွန်တော် သဘောပေါက်သွားပါပြီ။ ကျွန်တော်က 'အပြစ်ပြုမိပါတယ်' လို့ ဝန်ခံတဲ့အတွက် ထိုရိုးသားတဲ့ဂုဏ်ကို ချီးမွမ်းတဲ့သဘောကိုး"

"အေးကွဲ့၊ သောတာပန် အရိယာသံဃာတော်များရဲ့ သုဟုဇု ဂုဏ်က ထိုထက် မြင့်မြတ်နေပါသေးတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် 'မေတ္တာသုတ်' မှာ ဟောကြားတော်မူထားတာကို ဆက်ပြီး ကြည့်ပါ။

'ဥဇူစ၊ သုဟုဇူစ၊ သုဝစောစဿ မုဒုအနတိမာနီ' တဲ့။ ရိုးသားရမယ်၊ အသေးအမွှားကစ ဖြောင့်မှန်ရမယ်၊ အပြစ်ကို ဝန်ခံရမယ်လို့ ဆိုပြီးတဲ့နောက် သုဝစောစဿ–ပညာရှိ အကြီးအကဲများ ဆုံးမတာကို ခံယူရမယ်တဲ့။ အပြစ်ကို ဝန်ခံရုံသာ ဝန်ခံပြီး ပညာရှိလူကြီးများက ထိုအပြစ်အတွက်ဆုံးမတာကို လိုက်နာ,ပြုပြင်,လက်ခံခြင်း မရှိရင် ဘယ်နေရာကျမလဲ၊ မဟုတ်ဘူးလား။ အဲဒါကြောင့် အပြစ်ကို ဝန်ခံပြီးလျှင် ဆုံးမစကားကို ခံယူရမယ်တဲ့။ ဟုတ်ပြီလား၊

http://www.dhammadownload.com



အဲသလိုခံယူနိုင်အောင် 'မုဒု–သဘောထားက နူးညံ့ပျော့ပျောင်းနေရမယ်' တဲ့။ အဲဒီ နူးညံ့ပျော့ပျောင်းဖို့ဆိုရင် အနတိမာနီ(ထောင်လွှားတဲ့မာန) ကို စွန့်ခွာ,ပယ်ချ ထားရမယ်တဲ့"

"သြော် ...တစ်ခုနဲ့တစ်ခု'ကွင်းဆက်'တရားတွေပဲနော်၊ ကြောင်း, ကျိုး ဆက်သွယ်နေကြတာပဲ"

"မိမိတွင်ရှိတဲ့ အပြစ်ကို မလျှို့ဝှက်,မထိမ်ချန်တဲ့ အကြောင်းနဲ့ပတ်သက်ပြီး လယ်တီဆရာတော်ဘုရားကြီးရဲ့ ထေရုပ္ပတ္တိထဲမှ အကြောင်းတစ်ခုကို သတိရသေးသကွယ်။

လယ်တီဆရာတော်ဘုရားဟာ သနပ်ဖက် ဆေးလိပ်အကြီးကြီးတွေကို အလွန်ကြိုက်သတဲ့ကွဲ့၊ ကျောင်းခန်းထဲကစားပွဲပေါ်မှာ လေး, ငါး,ဆယ်လိပ် မောင်းထောင်ခွက်ထဲထည့်ထားတတ်တယ်၊ သောက်လက်စ ဆေးပေါ့လိပ်ကိုလည်း သံပန်းကန်ပြားနဲ့ခံပြီး ဆေးလိပ်ခွက် အဖြစ် အသုံးပြုသတဲ့ကွယ်။

တစ်နေ့တော့ သာသနာပိုင် ဆရာတော်ဘုရား သူ့ကျောင်းတော်ကို ကြွလာလိမ့်မယ်လို့ သတင်းရရှိထားလေတော့ ကျောင်းနေပဉ္စင်းပျိုကလေးများက တစ်ကျောင်းလုံးကို သုတ်သင်, သန့်ရှင်းကြတာပေါ့။ ဆရာတော်ဘုရားနေတဲ့ ကျောင်းခန်းကိုလည်း တံမြက်စည်းလှည်း, ဖုန်သုတ် အလုပ်ရှုပ်နေကြသတဲ့။ အဲဒီမှာ ဆရာတော် ဘုရားရဲ့ ဆေးလိပ်မောင်းထောင်ခွက်ကြီးနဲ့ ဆေးလိပ်ပြာခံ, ဆေးလိပ်တိုတို့ကို ပဉ္စင်းပျိုများက သိမ်းဆည်းမယ် လုပ်တော့ ...

'ဟဲ့ ... ဟဲ့ ဒါတွေကို မသိမ်းကြနဲ့၊ ငါဆေးလိပ်သောက်တာကို သာသနာပိုင် သိချင်ရင်သိသွားပါစေ၊ မြင်လို့,သိလို့ 'မောင်ဉာဏက ဆေးလိပ်သောက်တတ်သကိုး'လို့ အမိန့်ရှိတော်မူရင် 'တင်ပါ့ ဘုရား၊ ယခုအချိန်ကစ,ပြီး တပည့်တော် ဆေးလိပ်မသောက်တော့ပါဘူး'လို့ ဝန်ခံလိုက်မယ်။ သူကဘာမှမပြောဘဲ လျစ်လျူရှုလိုက်ရင်တော့ ငါ

http://www.dhammadownload.com



ကြိုက်တဲ့ ဆေးလိပ်ကို ငါဆက်သောက်နေမှာပဲ။ အေး–ငါ ဆေးလိပ် သောက်တာကို သူ မသိ၊မမြင်အောင် ထိန်ချန်၊လျှို့ဝှက်ထားပြီး သူ ပြန်သွားမှ ငါ ဆက်မသောက်ချင်ဘူး။ အရှိကို အရှိအတိုင်း ထား လိုက်ကြ။ မောင်းထောင်ခွက်နဲ့ ဆေးလိပ်ပြာခွက်ရော၊ ဆေးလိပ်တွေ ရော မသိမ်းကြနဲ့' လို့ တားတော်မူပါသတဲ့ဗျား"

"ဟား ... ဟား၊ ဆရာတော်က ခပ်ရှင်းရှင်း၊ ခပ်ပြတ်ပြတ်ပဲ နော်၊ ကျွန်တော်ဖြင့် ကြည်ညိုလိုက်တာ"

"အေးလေကွာ၊ ကောက်ကျစ် ယုတ်မာတဲ့ လူများဟာ ရှေ့တင် တစ်မျိုး၊ ကွယ်လျှင်တစ်မျိုးလုပ်တတ်ကြတာ၊ နောက်ပြီး ရှိတဲ့ အပြစ် ကို ဖုံးရုံမကဘူး၊ မရှိတဲ့ဂုဏ်တို့၊ သိက္ခာတို့ကိုလည်း ရှိဟန် ဆောင် တတ်ကြသေးတယ်။ အဲဒါမျိုးကိုတော့ 'မာယာသာဌေယျ' လို့ ခေါ် သတဲ့ဗျ၊ တကယ်တမ်း သီလသိက္ခာ၊ ဂုဏ်အင်္ဂါနဲ့ ပြည့်ဝတဲ့ သူတော် ကောင်းကြီးများကျတော့ မိမိကို အထင်ကြီးမှာ ရက်စနိုးတော်မူလွန်း လို့ သိုသိပ် ကျစ်လျစ်စွာ နေတော်မူကြပါသတဲ့"

"အင်း ... ဒီလိုဆိုတော့လည်း ခေတ်ပေါ် 'တန်ခိုးတော်ရှင်' ဆိုတဲ့ ပုဂ္ဂိုလ်တွေကို စောကြောစရာ ကောင်းနေပြန်ပြီနော်"

"ဒါကတော့ ကိုယ့်ဉာဏ်နဲ့ ကိုယ်ချင့်ချိန်ကြပေါ့ကွယ်။ ပုထုဇဉ် နဲ့ သောတာပန်အရိယာဆိုတာမျိုးကတော့ 'ဆီနဲ့ရေ' လောက် ကွာ ခြားပါတယ် လို့ ငါပြောခဲ့ပါပကော။ အေး ...အဲဒီ တရားများ ပြည့်စုံ ဖို့ကတော့ သောတာပန် အရိယာ သံဃာတော်များ မှသာ အတိအကျ ပြည့်စုံကြမှာ မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ တပည့်သားသံဃာ တော်များ၌ ထိုဥဇုဂုဏ်နဲ့ပြည့်စုံကြတယ်လို့ ချီးမွမ်းပြီး 'ဥဇုပ္ပဋိပ္ပန္နော ဘဂဝတော သာဝက သံဃော' လို့ ဟောတော်မူထားတာပေါ့"

http://www.dhammadownload.com



"ဟုတ်ပြီ ဘဘ၊ ကျွန်တော် အမှတ်ရပြီ"

"အဲဒီ ဥဇုဂုဏ်ကိုဖော်ပြခြင်းဖြစ်တဲ့ သံဃာအချင်းချင်းမှာ ဥပုသ် ပြုကြတာကိုမြတ်စွာဘုရားကအလွန်လိုလားနှစ်သက်တော်မူပါတယ်။ တစ်ရံရောအခါမှာ ဆိတ်ငြိမ်သော တောအရပ်၌ တစ်ပါးတည်း သီတင်းသုံးတော်မူတဲ့ သာဝကရဟန္တာတစ်ပါးကို 'ချစ်သား .. အသင် သည် လခွဲတစ်ကြိမ် ဥပုသ်ပြုပါရဲ့လား' လို့မေးတော်မူတယ်။ 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် အရဟတ္တ မဂ်ဖြင့် ကိလေသာ ဟူသမျှကို ပယ်ဖြတ်ပြီးစီးပြီ ဖြစ်သောကြောင့် (ဥပုသ်ပြုရန်မလိုတော့ဟု ထင်သဖြင့်) ဥပုသ်မပြုမိပါ ဘုရား' လို့ လျှောက်ထားတဲ့အခါ 'ချစ်သား ... အရဟတ္တမဂ်ရောက် ရှိနေသူပင် ဖြစ်စေ ဥပုသ်ပြုခြင်းသည်ကောင်း၏' လို့တိုက်တွန်းတော်မူပါသတဲ့။ အဲဒီအချက်ကိုထောက်လျှင် သောတာပန်အရိယာသံဃာများကို ထား ဘိဦး။ ရဟန္တာပုဂ္ဂိုလ်များပင်လျှင်ဥပုသ်ပြုကြစေလိုကြောင်း မထင် ရှားပေဘူးလား"

"ထင်ရှားပါတယ်"

"အေး ... နောက်တစ်ခု ရှိသေးတယ်။ 'အာပတ်ဖြေတယ်' ဆိုတဲ့ ကိစ္စက သီတင်းသုံးဖော် ရဟန်းတစ်ပါးထံ တစ်ပါးက ဝန်ခံရုံနဲ့ပြီး တယ်၊ 'ပဝါရဏာပြုတဲ့ ကိစ္စကျတော့ တစ်ကျောင်းတည်းနေ သံဃာ တော် အများစုကို တောင်းပန်ဝန်ခံရတာမျိုးဖြစ်တယ်"

" 'ပဝါရဏာ' ဆိုတဲ့ သဘောအဓိပ္ပာယ်ကို ပြောပါဦး ဘဘ"

" 'ပဝါရဏာ' ဆိုတာက ဒီလိုကွဲ၊ သံဃာတော်များဟာ ဝါတွင်း သုံးလပတ်လုံး အရပ်တစ်ပါးသို့ ခရီးသွားလာခြင်း မရှိဘူး မဟုတ် လား"

"ဟုတ်ကဲ့၊ အဲသလို ဝါဆိုတယ် ဆိုတာကိုတော့ ကျွန်တော်သိပါ တယ်"

http://www.dhammadownload.com



"အေး ... အဲသလို အတူတကွ တစ်ကျောင်းတည်းမှာ ဝါဆိုပြီးသည့်နောက် သီတင်းဝါလကျွတ်လို့ ခရီးတစ်ပါး ထွက်ကြွ သွားလိုသော ရဟန်းကပဲ ဖြစ်စေ၊ အတူနေကြသော ရဟန်းများပင် ဖြစ်စေ၊ 'မိမိတို့ ပေါင်းသင်း,ဆက်ဆံနေခဲ့ကြရသော ထိုသုံးလ အချိန် ကာလတို့၌ မိမိတို့ အပေါ်တွင် ကာယကံ အပြစ်ကြီး, အပြစ်ငယ်၊ ဝစီကံ အပြစ်ကြီး, အပြစ်ငယ်၊ မနောကံ အပြစ်ကြီး, အပြစ်ငယ်တို့ကို ဝန်ခံရုံသာ မကဘူး။ မိမိတို့ အပေါ်မှာ အပြစ် တစ်စုံတစ်ရာ မြင်လျှင်သော် လည်းကောင်း၊ ကြားလျှင်သော်လည်းကောင်း၊ တွေးထင်ဖွယ်ရှိသော်လည်းကောင်းမိန့်ဟ,ပြောဆို,ဆုံးမတော်မူကြပါကုန်။ တပည့်တော်သည် မိမိ ကိုယ်ကို အပ်နှံပါ၏။ ထိုအပြစ်မှ ထ,မြောက်အောင်ရှိသေစွာ ကုစား ပြုပြင်ပါမည် ဘုရား' လို့တောင်းပန် လျှောက်ကြားတာ ဖြစ်တယ်။ သံဃာများဆိုင်ရာ အရေးပါတဲ့ အခမ်းအနားကြီးပေါ့ကွယ်"

"သြော် ..ကောင်းလိုက်တာ ဘဘရယ်၊ မြတ်စွာဘုရား အလိုတော်အတိုင်း သည်လောက် တိတိကျကျ လိုက်နာ ဆက်ဆံ, ပေါင်းသင်း နေထိုင်တော်မူကြလို့သာ သံဃာ့အဖွဲ့အစည်းကြီးဟာ နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာ နီးပါး ရှိခဲ့ပြီ။ နောင်ကိုလည်း အခွန့်ရှည်စွာ တည်မြဲနေဦးမှာပဲ နော်"

"ဒါပေါ့ကွယ်၊ 'ညီညီညွတ်ညွတ် စုပေါင်းဆက်ဆံနေကြခြင်းသည် ချမ်းသာသော အကျင့်ဖြစ်ပေ၏' တဲ့၊ 'သမဂ္ဂါနံ တပေါ သုခေါ' လို့ဘုရားဟောထားတာပဲ၊ အဲသလိုပဲ ကိလေသာ ကုန်ခန်းတဲ့ ရဟန္တာထေရာ ထေရီများပင် ဖြစ်စေ၊ မိမိတို့၏နောက်ဆုံးခရီး ဖြစ်တဲ့ ပရိနိဗ္ဗာန်ပြုတော့မည်ဆိုလျှင် မြတ်စွာဘုရားအား လာရောက် တောင်းပန်, လျှောက်ထားပြီး မိမိနှင့် အတူနေသူ၊ မနေသူ ဟူသမျှ ပုထုဇဉ်ရဟန်းမှအစ ရဟန္တာများအထိ မိမိ၌ပြုမိသော ကာယကံ, ဝစီကံ,

http://www.dhammadownload.com



မနောကံ အပြစ်များကို ခွင့်လွှတ်ကြပါရန် တောင်းပန် လျှောက်ထားခြင်း ဖြစ်ပါသတဲ့။

အရှင်သာရိပုတ္တရာကိုယ်တော်ကြီးဆိုလျှင် သူ၏သွေးအန်တော်မူဆဲအခါမှာပင်လျှင် သူ့တပည့် သာဝကငါးရာကို ခေါ်ယူ, စုဝေးစေပြီး 'ငါ့ရှင်တို့၊ သင်တို့နှင့်အတူတကွ အမြဲနေခဲ့သော ငါ့အပေါ်၌ ကာယကံ, ဝစီကံ, မနောကံ တစ်စုံတစ်ခုများ ရှိနေခဲ့သည် ရှိသော် ထိုအပြစ်များမှ ခွင့်လွှတ်သည်းခံကြပါလေ' လို့ သူကိုယ်တိုင်က စ,တင်ပြီး သံသရာကြွေးချေတော်မူပါသတဲ့ဗျား"

"အင်း ... ကိုယ့်တပည့် ရဟန်းတွေကိုပင် လေးလေးစားစားနဲ့ တောင်းပန်တဲ့ သဘောဟာ 'ဥဇုဂုဏ်' နဲ့ ပြည့်စုံတော်မူတာပေါ့နော်"

"အေးပေါ့၊ ကိုယ့်တပည့်အပေါ်မှာ ဒီလို တောင်းပန်ရသေးတယ်ဆိုရင် ရတနာ သုံးပါးနဲ့ မိဘ,ဆရာသမားများအပေါ်မှာ ဘယ်လိုသဘောထားရမလဲ၊ ရှေးရှေး ဆရာတော်ကြီးများက တို့တစ်တွေအတွက် 'ဩကာ ' ဘုရားရှိခိုးကို စီရင်,ရေးသားပေးတော်မူတယ်လေ၊ မင်း ဆိုကြည့်စမ်း"

"ဩကာသ ... ဩကာသ၊ ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော ကံသုံးပါးတို့မှ ကင်းလွတ်,ပျောက်ပါစေခြင်း အကျိုးငှာ ပထမ,ဒုတိယ,တတိယ၊ တစ်ကြိမ်,နှစ်ကြိမ်,သုံးကြိမ် မြောက်အောင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့အား အရိုအသေ၊ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော်, ဖူးမြော်, မာန်လျှော့, ကန်တော့ပါ၏ အရှင်ဘုရား"

"ကဲ .... အဲဒီမှာ 'ဩကာသ' က စ,ကြည့်။

'သည်းခံတော်မူပါ ဘုရား၊ သည်းခံတော်မူပါ ဘုရား၊ ဘာကိုသည်းခံရမှာလဲ၊ ရတနာသုံးပါးအပေါ်၌ မိမိပြုခဲ့မိသော ကာယကံ, ဝစီကံ,မနောကံ တို့ကိုပေါ့"

http://www.dhammadownload.com



"နောက် ဆက်ပြီး ကျွန်တော်တို့ ဆိုနေကြတာက 'အပါယ် လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပ္ပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ် ငြိမ်းသည် ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရလိုပါ၏ အရှင်ဘုရား' ဆိုတာတွေကကော"

"ဒါက တို့တစ်တွေရဲ့ ဆန္ဒကိုသာ လျှောက်ထားနေကြတာပါကွာ၊ 'အပါယ်လေးပါး' မကျဖို့နဲ့ 'နိဗ္ဗာန်' ရောက်ဖို့ဟာကတော့ ကိုယ်လုပ်မှ ကိုယ်ရတာပဲ၊ 'ကြာသဘုရားရှိခိုး' ကတော့ ရတနာမြတ်သုံးပါး တောင်းပန်ရှိခိုးဖို့ ကိစ္စသာ ဖြစ်ပါတယ်ကွာ"

"ဟုတ်ကဲ့ ဘဘ၊ ကျွန်တော် သဘောပေါက်ပါပြီ"

"ကလျာဏ ပုထုဇဉ်တို့ပင် ဆင်ခြင်နိုင်စွမ်း မရှိသော ပစ္စဝေက္ခဏာ ခုနစ်ပါး ရှိပါသေးသတဲ့။ ဥဇုဂုဏ်က ပစ္စဝေက္ခဏာ ခုနစ်ပါးမှ စတုတ္ထမြောက် ပစ္စဝေက္ခဏာ ဖြစ်ပါသတဲ့"

"အဲဒီ ပစ္စဝေက္ခဏာ ခုနစ်ပါးစလုံးကို သိပါရစေ ဘဘ"

"အေး ... အဲဒီ ပစ္စဝေက္ခဏာ ခုနစ်ပါးကို သပြေကန်ဆရာတော်ဘုရားက 'မူလပဏ္ဏာသ ကောသမ္ဗီသုတ်' မှ ထုတ်နုတ်ပြီး 'ပရိတ်ကြီး နိဿယသစ်' မှာ ယခုလို ရေးသားထားတော်မူပါတယ်။

(၁) သောတာပန်သည် (အမှန်တရားတို့ကို) အမှန်အတိုင်း မသိ,မမြင်နိုင်အောင် ပိတ်ပင်,တားဆီးတတ်သော ပရိယုဋ္ဌာန ကိလေသာများ မိမိ၌ မပယ်ရှားရသေးသည် မရှိ၊ မိမိစိတ်မှာ သစ္စာတို့ကိုသိမြင်ခြင်းငှာ ကောင်းစွာထားအပ်ပြီးဖြစ်ကြောင်း သိ၏။ ဤအသိမှာ ပုထုဇဉ်တို့နှင့် မဆိုင်။ အရိယာတို့နှင့် သာဆိုင်သော လောကုတ္တရာအရ ဖြစ်လာရသော အသိဉာဏ်ပင် ဖြစ်သည်။

http://www.dhammadownload.com



(အဲဒီသဘောက ပရိယုဋ္ဌာန ကိလေသာများကို ကင်းစင်နိုင်အောင် သစ္စာလေးပါးနှင့်နိဗ္ဗာန်တရားကိုမြင်ထားပြီလို့ မိမိကိုယ်ကို ဆင်ခြင်တဲ့သဘော။)

(၂) ဤအသိဉာဏ်ကို မှီဝဲပွားများ အကြိမ်များစွာ အလေ့အလာ ပြုနေရသော ငါသည် မိမိစိတ်၌ ငြိမ်သက်တည်ကြည်ခြင်းကို ရပါ၏လော။ ကိလေသာ ငြိမ်းအေးခြင်းကို ရပါ၏လော – ဟု ဆင်ခြင်သော အရိယာ သာဝကသည် ထိုသို့သော တည်ကြည်ခြင်း၊ ငြိမ်းအေးခြင်းမျိုးကို ရ၏– ဟုသိ၏။ ဤအသိလည်း ပုထုဇဉ်တို့နှင့် မဆိုင် အရိယာများသာ ရပိုင်သော အသိဉာဏ်ဖြစ်သည်။

(အဲဒီသဘောကတော့ ဝိပဿနာအနေနဲ့ အဖန်ဖန်ပွားများအပ်သော အရေအတွက်မှ တည်ငြိမ် အေးချမ်းသော အရည်အချင်းသို့ ဆိုက်ရောက်နေပြီ ဖြစ်ကြောင်းကို အမှန်အတိုင်း ဆင်ခြင်တဲ့ သဘော)

(၃) မိမိရသော မဂ်ဉာဏ်အမြင်မျိုး ရထားသော ဤ သာသနာမှ ပြင်ပသမဏ ဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်များ ရှိပါသေးသလော–ဟု တွေးတော စဉ်းစားသော အရိယာ သာဝကသည် မိမိရသော မဂ်ဉာဏ်မျိုး ရ,ထားသော တခြားသာသနာပ သမဏဗြာဟ္မဏများ မရှိဟု ပိုင်နိုင်စွာသိသည်မှာလည်း ပုထုဇဉ်တို့နှင့်မဆိုင်၊ အရိယာများသာ ရပိုင်သောအသိဉာဏ်ပင်ဖြစ်သည်။

(အဲဒီသဘောက ဘုရားဟောတော်မူသော သစ္စာလေးပါး တရားတော်သည် ဤသာသနာတော်၌ ဗုဒ္ဓကိုယ်တော်တစ်ပါးတည်းသာ ဟောပြနိုင်စွမ်းရှိ၏။ ဗုဒ္ဓမှတစ်ပါး မည်သည့် ရဟန်း,ပုဏ္ဏား တိတ္ထိ တို့က မဟောနိုင်ဟု စင်စစ်ဧကန် ဆင်ခြင်နိုင်တဲ့ သဘော။)

http://www.dhammadownload.com



(၄) အပြစ်ကို မဖုံးလွှမ်းခြင်း။

(အဲဒါကတော့ ဥဇုဂုဏ်ပေါ့ကွယ်။)

(၅) မွေးခါစ သားငယ် နွားကလေးရှိသော သားသည် အမေ နွားမသည် မလွှဲသာ၍ မြက်ကိုစားနေရသော်လည်း မိမိသားငယ်ကလေးကို စောင်းကာ,ငဲ့ကာ, တကြည့်ကြည့်ဖြစ်နေရာသကဲ့သို့မလွှဲသာ၍သီတင်းသုံးဖော်များ၏ ကိစ္စကြီး,ငယ်ကို ပြုနေရ သော်လည်း မိမိစိတ်မှာ သိက္ခာသုံးပါး ကျင့်ရေး၌သာ ငဲ့ကွက်လိုလားလျက်ရှိသည်မှာ အရိယာတို့၏ သဘာဝတစ်ရပ်ပင်။ ထိုသဘာဝမျိုး ငါ့မှာ ရှိသည် ဟု သိရသည်မှာ ပုထုဇဉ်တို့နှင့်မဆိုင်၊ အရိယာတို့သာ ရပိုင်သော အသိဉာဏ်ပင် ဖြစ်သည်။

(အဲဒီသဘောကတော့ မင်းနားလည်လောက်ပါတယ်ကွယ်။ လူမှုရေးအရ ကိစ္စကြီး,ငယ်ကို ပြုနေသော်လည်း သီလ,သမာဓိ,ပညာ သိက္ခာသုံးပါးကိုသာ အာရုံစူးစိုက်အမြဲမပြတ်ရှိနေသည့်သဘော။)

(၆) မြတ်စွာဘုရား၏ တရားတော်ကို ဟောကြားအပ်သောအခါ လိုလိုလားလား လေးစား,ရိုသေစွာ, စူးစိုက်နာယူခြင်းမှာ အရိယာ၏ ခွန်အားတစ်မျိုးပင်။ ထိုခွန်အားမျိုး ငါ့မှာရှိသည် – ဟု သိသော ဉာဏ်မှာ အရိယာတို့သာ ရရှိနိုင်၍ ပုထုဇဉ်တို့နှင့် မဆိုင်သော အသိဉာဏ်ပင်ဖြစ်သည်။

(ဒါလည်း မင်းနားလည်နိုင်ပါတယ်။ မြတ်စွာဘုရား၏ တရားတော်ကို ရိုရိုသေသေ,လိုလိုလားလား ကြားနာတဲ့ သဘောပေါ့။)

(၇) ဘုရားတရားတော်ကို ဟောအပ်သောအခါ အနက်အဓိပ္ပာယ်ကို နားလည်သဘောကျခြင်း၊ တရား

http://www.dhammadownload.com



ဒေသနာကို နားလည်သဘောကျခြင်း။ ထိုသို့ နားလည်၍ တရားနှင့် စပ်သော နှစ်သက်, ဝမ်းမြောက်မှု ဖြစ်ပေါ်လာရခြင်းမှာ အရိယာ၏ စွမ်းအားတစ်ရပ်ပင်။ ထိုစွမ်းအားမျိုး ငါ့မှာရှိသည်-ဟု သိသော ဉာဏ်မှာ ပုထုဇဉ်တို့နှင့်မဆိုင်၊ အရိယာတို့သာ ရပိုင်သော လောကုတ္တရာ အရ ဖြစ်လာရသော အသိဉာဏ်ပင် ဖြစ်သည်။

(အဲဒါကို မင်းနားလည်နိုင်ပါတယ်။ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာလိုက်ရတဲ့အခါမှာ ပုထုဇဉ်တွေလို သာယာလှသော ဗုဒ္ဓ၏ အသံတော်လောက်ကိုသာ 'သာမာန်ကာလျှံကာ' နားဝင် ချိုမြပီတိသောမနဿ ဖြစ်ရုံမျှ မဟုတ်ကြပါဘူးတဲ့။ ဓမ္မရသ ဂမ္ဘီရ အနှစ်သြဇာ အမြိုက်အရသာကို နက်နက် ရှိုင်းရှိုင်းကြီး သိ,မြင်, သဘောပေါက်၍ ခံစားနိုင်ကြပါသတဲ့။)

အဲဒါတွေဟာ သောတာပန်အရိယာတို့ရဲ့ မဟာပစ္စဝေက္ခဏာ တရား ၇ ပါးပေါ့ကွယ်။ ကဲ ... ပုထုဇဉ်နှင့် သောတာပန် အရိယာတို့ ဘယ်လောက် ကွာခြားနေသလဲ"

"ဟုတ်ပါရဲ့နော် ဘဘ၊ ဒါ့ကြောင့်မို့ 'သောတာပန်ပုဂ္ဂိုလ်' ဆိုတာဟာ 'သောတာပန်မှ သကဒါဂါမ်၊ သကဒါဂါမ်မှ အနာဂါမ်၊ အနာဂါမ်မှ အရဟတ္တမဂ်' အထိဆိုက်ရောက်မည့်သူများ၊ တစ်နည်းအားဖြင့် 'နိဗ္ဗာန်သို့ ဦးတည်သည့် ရေယာဉ်ကြောမှာ ရောက်ရှိနေသူများ' ဟု အဆိုပြုကြတာကိုး"

"ဟုတ်ပေဗျား။ ထို့ကြောင့် သောတာပန် အရိယာ သံဃာတော်များသည် မွန်မြတ်လှပါပေ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေသတည်း။"

http://www.dhammadownload.com

ဂုတ္တနုသတ္တ (၇)

# ခိုင်ပန်းစုံ မှုံမာလာ
# ဓမ္မရတနာ

"ဂိမှာနံ=ဥဏှာဂုဏ်၏၊ ဂုဏ်ယူပြင်းပြ၊ နွေလေးလတို့တွင်။ ပဌမသ္မိံဂိမှေ=ရှေးဦးအစ နွေကာလဖြစ်သော။ မာသေ= စိတြနှင့် မိဿရာသီ၊ ခါညီဝေါဟာ၊ ကောဇာအသစ်၊ သက္ကရာဇ်ပြောင်းကူး၊ နှစ်နှောင်းဦးသား၊ တန်ခူးခေါ်ဝေါ်သော လ၌။ ဖုဿိတဂ္ဂေ=ခါညီစရိုက်၊ ရာသီလိုက်၍၊ အကိုက်ညွန့်ရှင်၊ လန်းလန်းရှင်လျက်၊ ဝန်းကျင် ပတ်ကုံး၊ ရှုမြင်၍ မဆုံးနိုင်အောင်၊ ပင်လုံးကျွတ် ပွင့်သော အဖျားရှိသော။ ဝနပ္ပဂုမ္ဗေ=လေပြင်း,မုန်တိုင်း၊ အုံ့ကာဆိုင်းလည်း၊ ကိုင်းချင်း, ခက်ချင်း၊ တက်ဆင်းယှဉ်တွဲ၊ ဧယဉ်လွှဲသို့၊ နွဲ့ကာအိကာ၊ လေပြည် သာလည်း၊ သာယာလူးလွန့်၊ ဖူးအညွန့်တို့၊ မြူးကွန့်ကြရုံ၊ မြူခိုးမှုန်လည်း၊ အုံတဝိုင်းဝိုင်း၊ ဆိုင်းတမှိုင့်မှိုင့်၊ မှိုင်းညို့ညို့နှင့်၊ နှစ်မြို့ဖွယ် ရှိလှသော တောအုပ်ကြီးသည်။ သသိရီ ကောယထာ=စိမ့်စမ်းစွေသွန်၊ ရေတံခွန်နှင့်၊ လေဝှန်လောင်းသုတ်၊ ရွက်ဟောင်းပြုတ်၍၊ ကျေး နှုတ်အသွင်၊ ရွက်သစ်ပြင်လျက်၊ ပင်ငယ်တစ်သီး၊ ပင်ကြီးတစ်ရပ်၊ ပင်လတ်တချို့၊ ကင်းငုံစို့နှင့်၊ အချို့ကြီးရင့်၊ သီးကာ ပွင့်သဖြင့်၊ လွင့်တကြိုင်ကြိုင်၊ မြိုင်ဟောမဝန်၊ မွှေးပေါင်းသွန်၍၊ အလွန်လျှင်

http://www.dhammadownload.com



နှစ်သက်ဖွယ်၊ ရှုချင်ဖွယ်၊ တင့်တယ်လှပသော အသရေ ရှိသကဲ့သို့။ တထူပမံ=ထိုတောအုပ်ကြီးသဖွယ်၊ တင့်တယ်စွာလှ၊ ကလျာဏ သုံးစုံ၊ သဒ္ဒါလက်ာရ၊ အတ္ထာလင်္ကာရ တည်းဟူသော ပန်းရနံ့တို့နှင့် ပြည့်စုံသော။ နိဗ္ဗာနဂါမိ = ခန္ဓာကောင်ကြီး၊ တောက်လောင်မီးကို၊ ဆီး၍ငြိမ်းခါ၊ နိဗ္ဗုတာသို့၊ လျင်စွာဖြောင့်မတ်၊ ရောက်စေတတ်သော။ ဓမ္မဝရံ = ဝိမုတ္တိရသ၊ တစ်ပါးပြလျက်၊ ဓမ္မဝိနယာ၊ နှစ်ပါးလာသား၊ သုံးဖြာပိဋကတ်၊ ငါးရပ်နိကာယ်၊ အင်္ဂါကိုးသွယ်နှင့်၊ အကျယ်ထုတ်ပြန်၊ ဓမ္မက္ခန်ပေါင်း၊ လေးထောင်ဆောင်းလျက်၊ ရှစ်သောင်း အရေအတွက်ရှိသော ပရိယတ္တိတရားတော်မြတ်ကို။ ပရမံ ဟိတာယ = အလွန်မြတ်သော ပရမတ်သဘော၊ လောကုတ္တရာ ဥတ္တာ စီးပွား၊ ကြီးမားဖြစ်ထွန်းစေခြင်း အကျိုးငှာ။ အဒေသယိ–ဩဃယောဂ၊ နစ်မွန်းကြသော ဒုက္ခိတသတ္တဝါ၊ ဝေနေယျာတို့အား ကရုဏာ ရှေးရှု ဟောကြားတော်မူလေပြီ။

ဣဒမ္ပိဗုဒ္ဓေ အယံ့ ဓဝဗုဒ္ဓေါ=ဤဩဃယောဂ၊ နစ်မွန်းကြသော၊ ဒုက္ခိတသတ္တဝါ၊ ဝေနေယျာတို့အား၊ ကရုဏာ ရှေးရှု၊ ဟောကြားတော်မူပေသော၊ လူသုံးဦးတို့ ကိုးကွယ်ရာ၊ အစိန္တေယျ ဘုရားမြတ်စွာ သည်သာလျှင်။ ပဏီတံ=ဝိသိဋ္ဌတရ၊ အတိက္ကန္တ မောဠိ၊ သောဘဏီ ဖြစ်၍၊ လောကီဥတ္တာ၊ ရတနာတို့ထက်၊ သာလွန် မြင့်မြတ်သော။ ရတနံ=ပစ္စုပ္ပန်နှင့်၊ သံသာကောင်းကျိုး၊ တိုးထက်တိုးအောင်၊ မြတ်နိုးဖွယ်ရာ ကိုးကွယ်ရာသော မင်္ဂလာကြီးအစစ်၊ လောကုတ္တရာ ရတနာတော်ကြီး ဖြစ်ပါပေ၏။

ဧတေန သစ္စေန=ဤသစ္စာစကားကြောင့်။ ပါဏိနံ=သတ္တဝါတို့အား။ သုဝတ္ထိ= ဘေးရန်ဟူ၍၊ မြူမျှမငွေ့ဘဲ၊ ပြကတေ့ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ၊ လောကီ,လောကုတ္တရာ၊ မင်္ဂလာ အစီးအပွားသည်။ ဟောတု=ဖြစ်ပါစေသတည်း။"

http://www.dhammadownload.com



"ရတနသုတ်မှာ အဲဒီတစ်ပိုဒ်က တစ်မူထူးခြားနေတာကို သတိပြုဖို့ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ဦးအစ တန်ခူးလရဲ့၊ ရာသီဥတု, သဘာဝ တော,တောင်,စိမ့်,စမ်းတို့၏ ပသာဒ၊ သစ်ပင်,ပန်းမာန်တို့ရဲ့အလှ၊ မွှေးရနံ့စုံတဲ့ ဂန္ဓာရုံဟူသမျှကို ဆွတ်ပျံ့ဖွယ်ရာ ဖွဲ့ဆိုချီပလိုက်တာက အစ,ပြု၍ ထားပါတယ်"

"အဲဒါကို 'ရာသီဘွဲ့'လို့ဆိုလည်း ရမယ်ထင်ပါတယ်နော် ဘဘ"

"အေး ..မင်းပြောသလို ရာသီဘွဲ့လို့ ပြောမယ်ဆိုရင်လည်း ပြောနိုင်ပါရဲ့။ သို့သော်လည်း သာမန်ရာသီဘွဲ့မျိုးကို ဗုဒ္ဓမြတ်စွာက ဆိုလိုတာမဟုတ်တဲ့အကြောင်း စိတ်ဝင်စားဖွယ်ကောင်းနေပါတယ်"

"ဘယ်လို စိတ်ဝင်စားရမှာလဲ ဘဘ"

"ပထမဦးဆုံး အခြားသော ရာသီဘွဲ့မျိုးများနှင့် ကွာခြားနေတာကို ပြောချင်ပါတယ်။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဖွားဖက်တော် ကာဠုဒါယီမထေရ်ကြီးက ဘုရားကိုယ်တော်မြတ်ကိုလျှောက်ထားတဲ့ ရာသီဘွဲ့ကြီး တစ်ခုရှိပါတယ်၊ ဘာအကြောင်းနဲ့ လျှောက်ထားသလဲ ဆိုတော့ မင်းကို အစဖော်ပြလိုက်ရင် မင်း သတိရလာမှာပါ။

ကပိလဝတ္ထုပြည်မှ တောထွက်တော်မူပြီးတဲ့နောက် ဘုံ ၃ ပါးမှာ ဘုရား စင်စစ် ဖြစ်တော်မူပြီလို့ ကြားသိရတော်မူတဲ့ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးကသားဘုရားကိုဖူးမြင်တော်မူချင်လွန်းလို့ အမတ်တို့ကို စေလွှတ်ပြီး အပင့်ခိုင်းတယ်လေ"

"ဟာ၊ ကျွန်တော် သတိရပြီ ဘဘ၊ အပင့်ခိုင်းတဲ့ အမတ်တွေဟာ ရဟန္တာသာဝကတွေဖြစ်ပြီး ပြန်မလာကြလို့ နောက်ဆုံးဖွားဖက်တော် ကာဠုဒါယီ အမတ်ကြီးကို လွှတ်ရတာပဲ။ ဟုတ်တယ်နော် ဘဘ"

"ဟုတ်ပါတယ်။ ကာဠုဒါယီ အမတ်ကြီးလည်း ဘုရားထံရောက်တော့ ရဟန္တာ သာဝကဖြစ်သွားတယ်လေ။ အဲဒီမှာ သူ့တာဝန်နဲ့

http://www.dhammadownload.com



သူ့ကိစ္စကို ကျေပွန်အောင် ဆောင်ရွက်တော်မူလိုတာနဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဖူးမြော်ခွင့်ရအောင် ကပိလဝတ္ထုပြည်သို့ ဗုဒ္ဓ ကိုယ်တော်တိုင် ဒေသစာရီကြွချီတော်မူပါမည့်အကြောင်း တောင်း ပန်တဲ့အခါမှာ တိုက်ရိုက်မလျှောက်ထားပဲ၊ 'သ,ဂါရဝ' ဖြစ်အောင် တပေါင်းလ အခါ တော,တောင်,ရေ,မြေ တို့၏သာယာပုံ၊ သစ်ပင်, ပန်းမန်တို့၏လှပပုံ၊ ကျေးငှက် သာရကာမှ အစ တောပျော် သတ္တဝါ ကလေးများ ရွှင်မြူးနေကြပုံတို့ကို နာချင့်စဖွယ် ကဗျာ စီခြယ်ပြီးမှ ဤတပေါင်းလ ရာသီတွင် ဒေသစာရီကြွချီရန် ခရီးလမ်းပန်း အလွန် သင့်မြတ်ကြောင်း ဂါထာပေါင်း ခြောက်ဆယ့်လေးဂါထာဖြင့် ရွှေနား တော်သွင်း လျှောက်ထား ပါသတဲ့။

အစချီတဲ့ ပထမဂါထာကိုပဲ ဘယ့်ကလောက် ကြည်နူးစရာ ကောင်းသလဲ၊ နာကြည့်စမ်းပါကွယ်။

'အင်္ဂါရိနော ဒါနိ ဒုမာ ဘဒန္တေ၊
ဖလေသိနော ဆဒနံ ဝိပ္ပဟာယ။
တေ အစ္စိမန္တောဝ ပဘာသယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။' ... တဲ့။

'ဘဒန္တေ=ကျေးဇူးငါးပုံ၊ ကောင်းခြင်းဂုဏ်နှင့်၊ ပြည့်စုံ ထင်ရှား၊ ရှင်ပင်မြတ်ဘုရား။

ဒါနိ–ဣဒါနိ=ဆောင်းကို လွန်မြောက်၊ နွေဦးပေါက်သို့၊ ရောက် လတ်တုံလာ၊ ယခုအခါ၌။ ဒုမာ= တစ်ခေတ်ကူးပြောင်း၊ သစ်ပင် အပေါင်းတို့သည်။ ဆဒနံ=ရှည်ကြာမြင့်ညောင်း၊ အရွက်ဟောင်းကို။ ဝိပ္ပဟာယ=စွန့်ပယ်သောထွေ၊ ကြွေကျကုန်၍။ ဖလေသိနော=အသစ် ဖြစ်သောအသီးကို ရှာမှီးကြကုန်သကဲ့သို့ဖြစ်၍။ အင်္ဂါရိနော =မီးကျီး အသွေး၊ နီထွေးသော ရွက်နု အပွင့်အဖူးတို့နှင့် ပြည့်စုံကုန်၏။ တေ =ထိုသစ်ပင်အပေါင်းတို့သည်။ အစ္စိမန္တောဝ=ဥတုလှုံ့ဆော်၊အရောင်

http://www.dhammadownload.com



ရှိကုန်သည် ဖြစ်၍သာလျှင်။ ပဘာသယန္တိ= ပြောင်တဝင်းဝင်း၊ ထွန်းလင်း တောက်ပ ကြကုန်၏။

မဟာဝီရ=ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ=ကိုယ်တော်မြတ်မှ၊ မပြတ်ပြိုးပြက်၊ တလက်လက် ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဥာနီ၊ ပြည်ကပ္ပိသို့၊ နှစ်လီစက်ပန်း၊ ကိုယ်တော်လှမ်း၍၊ ကြွမြန်းတော်မူရန်၊ လျော်ကန် လျောက်ပတ်၊ ကောင်းမြတ်သော အချိန်ပါဘုရား။' ... "

"ကြည်နူးစရာလိုလို ဝမ်းနည်းစရာလိုလို ကြည်ညို ခံစား လိုက်ရပါတယ် ဘဘရယ်"

"အဲဒါက မဟာဗုဒ္ဓဝင်မှာ မင်းကွန်းတိပိဋက ဆရာတော်ဘုရား ဖွင့်ဆို,ရေးသားထားတော်မူတဲ့ အနက် မြန်မာပြန် ဖြစ်သကွဲ့၊ ကျန်တဲ့ ဂါထာ ၆၃ ပုဒ်မှာလည်း ယခုလို ကြည်နူးဖွယ်ရာ, ဆွတ်ပျံ့ဖွယ်ရာ လျှောက်ထားတာတွေ ရှိပါသေးတယ်"

"အဲဒီ ၆၄ ဂါထာကို 'ဂါထာခြောက်ဆယ်ပျို့' လို့ တောင်တွင်း ရှင်အုံးညိုဆရာတော်က ရေးသားထားသေးတယ်နော် ဘဘ"

"အေးပေါ့ကွ၊ အဲဒီဆရာတော်ကလည်း နှယ်နှယ်ရရ မဟုတ်ဘူး။ တောင်တွင်းကြီးမြို့သမိုင်းမှာ 'ပေလေးပင်၊ ရှင်လေးပါး'အနက် တစ်ပါးအပါအဝင် ကဗျာဝိဒူ ဆရာတော်တစ်ပါးပေါ့။ ကဗျာ့ အရသာ အလင်္ကာနှင့် ရေးဖွဲ့ထားတာကို ဖတ်ကြည့်စမ်းပါဦး၊ တစ်မျိုးတစ်ဘာသာ အရသာ ခံစားရတာပေါ့ကွယ်"

"လူ့ဘုံ သုံးပါး၊ အထွတ်ထား၍၊ တရားရသာ၊ မြိုက်ဩဇာဖြင့်၊ သတ္တဝါလူ၊ ခပ်သိမ်းသူကို၊ ဆယ်ယူကယ်နိုင်၊ ရွှေပြည်ခိုင်သို့၊ တိုင်တိုင်ဘေးလွတ်၊ ပို့ပေးတတ်သည်၊ လူ,နတ်,ဆရာ၊ ရတနာဟု၊ မဟာဝီရ၊ လုံ့လအခေါင်၊ ဗောဓိညောင်နှိုက်၊ ခြောက်ရောင်လျှံဝါ၊ ဉာဏ်

http://www.dhammadownload.com



စကြာနှင့်၊ သစ္စာရဲရဲ၊ ပွင့်ဆဲဆဲလျှင်၊ အံ့အဲမနိုင်၊ ဆွယ်ပြိုင်နှိုင်းဖော်၊ တုမမြော်သည်၊ ဘုန်းတော်ထွန်းလစ်၊ တို့သျှင်ချစ် ...

အဖြစ်ကြောင်းလျား၊ မှာစကားကို၊ ဦးဖျားထိပ်ထက်၊ လျှောက်ကြားဆက်အံ့၊ ဖွားချက်မြုပ်ထွေ၊ ဇာတိနေသား၊ အောင်မြေပြည်မ၊ ကပိလတွင်၊ မွေးဘသုဒ္ဓေါ်၊ ဒကာတော်နှင့်၊ ယသော်ဓရာ၊ ဗိမ္ဗာမြောက်သား၊ သည်းချာရာဟု၊ မျှော်ရာရှုလျက်၊ တစ်စုတစ်ရုံး၊ ပန်းနယ်ကုံးမျှ၊ သက်လုံးမေတ္တာ၊ ပြတ်ကြွင်နာသော်၊ ဖူးပါလုချင်၊ ငါ့သခင်ကို၊ သို့ပင်ဆိုတမ်း၊ နိစ္စလွမ်း၍၊ မျက်ယမ်းတိတိ၊ မျှော်ချင်ဘိဟု၊ ကြားသိတုံလို၊ တစ်သောင်းဗိုလ်တွင်၊ ကျွန့်ကို နောက်ဆင့်၊ ချီပင့်ရလှာ၊ ဤအခါကား၊ ဟေမာချမ်းဆောင်း၊ ကြွ လွှဲပြောင်းသား၊ တစ်ပေါင်းနွေလ၊ ဂိမှာနဟု၊ သာလှပျော်မူ၊ သည်ရတုဥ္၊ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း၊ သွင်ရောင်တည့်ချည်း၊ ဖြင်ပေါပည်း၏၊ ခမည်းတော်ကောင်း၊ ပြည်တော် ဟောင်းသို့၊ ဖူးပေါင်းစိမ့်ငှာ၊ တောင်းပန် ထွာသည်၊ သွားခါကာလ တန်ပြီတည်း။”

မောင်လှအေးက ရတုဆိုသကဲ့သို့ သံနေ,သံထားဖြင့် ရွတ်,ဖတ်လိုက်ပြီးနောက် ...

“ကျွန်တော်ဖြင့် တစ်မျိုးကြီး ခံစားလိုက်ရပါတယ် ဘဘရယ်၊ လွမ်းရမှာလား၊ ကြည်ညိုရမှာလားတောင် မသိတော့ပါဘူး”

“အေး ... ကာဠုဒါယီ မထေရ်ကြီး လျှောက်တဲ့ ရာသီပန်းမန်အဖွဲ့ ဂါထာကို ပြောပြလိုက်တာက ရတနသုတ်မှာ ဘုရားဟောတော်မူထားတဲ့ ယနုဂါထာနဲ့ ယှဉ်ပြီးပြောချင်လို့ ဖြစ်ပါတယ်”

“ဟုတ်ကဲ့ ဘဘ”

“အတိုချုံးပြောရရင် ကာဠုဒါယီ မထေရ်ကြီးက တစ်ဆယ့်နှစ်ရာသီရဲ့ အဆုံးစွန်ဖြစ်တဲ့ တပေါင်းလရဲ့ ရာသီ, သစ်ပင်, ပန်းမန်

http://www.dhammadownload.com



သာယာပုံကို တင်ပြထားတယ်။ မြတ်စွာဘုရား ကိုယ်တော်မြတ်က တော့ တစ်ဆယ့်နှစ်ရာသီရဲ့ အစ၊ နှစ်ဦးဖြစ်တဲ့ တန်ခူးလရာသီ သစ်ပင် ပန်းမန်တွေကို ဖွဲ့ဆို ဟောကြားထားတာဖြစ်တယ်။

နောက်တစ်ခုကတော့ ကာဠုဒါယီ မထေရ်ကြီး၏ ဂါထာများက ဗုဒ္ဓမြတ်စွာ ကပိလဝတ္ထုပြည်တော်သာသို့ ကြွချီတော်မူစေလိုရင်း ရည်ရွယ်ချက်မျှသာ ဖြစ်တယ်။ ဒါကြောင့် ပသာဒစက္ခု၊ ဉာဏစက္ခု တို့ဖြင့် ပတ်ဝန်းကျင်ကို ရှုမြင်သုံးသပ်ထားတာ ဖြစ်တယ်။ စက္ခု ငါးပါးကို အစိုးရတဲ့ မြတ်စွာဘုရား ကိုယ်တော်ကတော့ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခု တို့နှင့်တကွ ရှုမြင်တင်စား ဟောကြားတော်မူ ထားတာဖြစ်တယ်။

ဆိုလိုရင်းအဓိပ္ပာယ်က 'နှစ်သစ်ခါဦး တန်ခူးလမှာ ပွင့်ကြ၊ ဖူး ကြတဲ့ သစ်ပင်ပန်းမန်တို့ရဲ့ အရောင်အဆင်းအမျိုးမျိုး၊ မွှေးရနံ့အဖုံဖုံ တို့ဟာ ငါဘုရားဟောကြားတော်မူတဲ့ဓမ္မဒေသနာများနှင့် တူညီလှပ နေကြသည်' လို့ဟောတော်မူတဲ့ သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ ဖြစ်ပါတယ်"

"ဩော် ... ကျွန်တော်တွေးလို့ ရပြီ ဘဘ။ ဗုဒ္ဓဂုဏ်တော်၊ ဓမ္မ ဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့ကို အဖိုးအနဂ္ဃထိုက်တန်တဲ့ ရတနာ့ ရတနာများနှင့် နှိုင်းယှဉ်ပြထားတော်မူရာက ယခုဂါထာတော်မှာ တော့ လှုတိုင်းလှုတိုင်း နှစ်သက်မြတ်နိုးတတ်ကြတဲ့ ပန်းပေါင်းစုံနဲ့ တင်စားထားတော်မူတာကိုး။ ဟုတ်တယ်နော် ဘဘ"

"ဟုတ်လှပေ့ဗျား၊ ဆက်ပြီးငါပြောပါဦးမယ်၊ တန်ခူးလ၏ ရာသီ ပန်းဖြစ်သော ကံ့ကော်ပန်းနှင့်တကွ ပန်းမန်ဟူသမျှ ကုန်းမှာ ပေါက် သော ပန်း၊ ရေမှာ ပေါက်သောပန်း၊ ပင်နွယ်မှာပေါက်သော ပန်း၊ ပင်နိမ့်မှာပေါက်သောပန်း၊ ပင်မြင့်မှာပေါက်သောပန်း။ အဲဒီပန်း ဟူ သမျှဟာ အမျိုးအမည်၊ အဆင်းသဏ္ဌာန်၊ အပွင့်ကြီးငယ် ပွင့်ချပ်၊

http://www.dhammadownload.com



ပွင့်လှာ အနေအထားတို့အားဖြင့် လည်းကောင်း၊ ရနံ့အားဖြင့် မွှေးထုံသော ဂန္ဓာရုံအနေအားဖြင့်လည်းကောင်း တစ်မျိုးနှင့် တစ်မျိုး၊ တစ်ပွင့်နှင့်တစ်ပွင့် ကွဲပြား ခြားနားကြသည်မှန်စေ၊ လူတို့၏ နှလုံးဟဒယမှာတော့ ကြည်လင်စေတယ်၊ နှစ်သက်စေတယ်၊ မြတ်နိုး စေတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဘဘ"

" ပရိတ်ကြီးနိဿယသစ်ဆရာတော်ဘုရားရဲ့ အဆိုအမိန့် ကတော့ ...

ဤမျှ အနက် သဒ္ဒါတို့ဖြင့် ဝေဆာနေသော ဒေသနာတော် ကို နွေဦးအစ တန်ခူးလအခါ အပွင့်တွေ ဝေဝေဆာဆာ တောမြိုင်ကြီးနှင့် နှိုင်းသည်မှာ ပညာရှိတို့၏ စိတ်နှလုံးကို ရွှင်ပြုံးစေနိုင်ပါတယ်။

မြတ်စွာဘုရားဟာ အချို့သုတ္တန်ဒေသနာတို့ကို ဥပမာ, ဥပစာကလေးများနဲ့ တန်ဆာ ဆင်ကာ ဟောတော်မူရတာက နှစ်သက်စဖွယ် ဖြစ်စေလိုလို့ပါ တဲ့။

ဓမ္မပဒ ပုပ္ဖဝဂ်လာ ပန်းဘွဲ့ဒေသနာ စသည်များ၊ ဖေဏပိဏ္ဍောပမ, အာသီဝိသောပမ စသော သုတ္တန်များမှာ ဤဒေသနာမျိုးပင်ဖြစ်ပါသတဲ့။ ဒေသနာကို နှစ်သက်ဖွယ် ခြယ်လှယ် ဟောပြရခြင်းကတော့ တရားနာသူ တို့ကို ပီတိဖြစ်အောင် ဆွဲဆောင်ရခြင်း ဖြစ်ပြီး၊ ဒေသနာတော်၌ အလွန်ပီတိဖြစ်နေသောအခါ စိတ်ရော,ကိုယ်ပါ လွန်စွာ အေးငြိမ်းခြင်း ပဿဒ္ဓိ ဖြစ်ရတော့တယ်။ အဲဒီ အေးငြိမ်းခြင်းက ခန္ဓာ၌စွဲမြဲစွာ ရှုးစိုက်,တည်ငြိမ်နေသော သမာဓိဖြစ်ဖို့ အကြောင်းပါတဲ့။

သမာဓိဖြစ်နေသူအဖို့ ရုပ်,နာမ်,ခန္ဓာ တို့ကို အမှန်အတိုင်းသိတဲ့ ယထာဘူတဉာဏ်ဖြစ်ဖို့ အလွန်သေချာပြီပေါ့။ အဲဒီ ယထာဘူတဉာဏ်ရပြီဆိုရင် မဂ်, ဖိုလ်, နိဗ္ဗာန်အထိ အကျိုးပြီးနိုင်ပါသတဲ့။

http://www.dhammadownload.com



အဲဒါကြောင့် ဒေသနာ၌ လွန်စွာ နှစ်သက်ခြင်း ဖြစ်ဖို့ရာ အရေးကြီးလှတဲ့ အတွက် ဗုဒ္ဓမမ္မကို ဂုဏ်တင်သော ဤတောဘွဲ့ဒေသနာကို ဟောတော်မူရခြင်း ဖြစ်ပါသတဲ့။"

"အင်း ... ဆရာတော်ဘုရားရဲ့ အဆိုအမိန့်က ကျွန်တော် နားလည် လောက်အောင် ပြည့်စုံနေပါတယ်။"

"အေး ...ဒါ့ကြောင့် ကိုးဆောင်တိုက်ဆရာတော်ဘုရားကလည်း 'တထူပမံ = ထိုတောအုပ်ကြီးသဖွယ်၊ တင့်တယ်လှစွာ၊ ကလျာဏ သုံးစုံ၊ သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတည်း ဟူသော ပန်းရန့်တို့နှင့် ပြည့်စုံသော။' လို့ ဆိုထားတာပေါ့ကွယ်။"

"အဲဒီ ကလျာဏ ၃ စုံဆိုတဲ့ အဓိပ္ပာယ်ကို သိပါရစေ ဘဘ"

"ကလျာဏ ၃ စုံဆိုတာက

(၁) အာဒိကလျာဏ –အစ၏ကောင်းခြင်း။

(၂) မဇ္ဈေကလျာဏ –အလယ်၏ကောင်းခြင်း။

(၃) ပရိယောသာနကလျာဏ–အဆုံး၏ ပြည့်စုံ ကောင်းမွန်ခြင်း တဲ့။

ပထမ – နှစ်သက်လိုလားအောင် စကားတန်ဆာဆင်တယ် ပေါ့ကွယ်။ အဲဒါ အာဒိကလျာဏ။

ဒုတိယ – နှစ်သက်လိုလားတဲ့အခါ ရောက်လာတော့ အလယ်၏ကောင်းခြင်းဆိုရမယ့် ပဋိပတ္တိ ကျင့်စဉ်ကို ညွှန်ပြတော်မူတယ်။ ဒါကတော့ မဇ္ဈေ ကလျာဏ။

အဲဒီနောက် ပဋိဝေဓ ဆိုက်ရောက်အောင် ပြီးပြည့်စုံစွာ ဖြစ်စေတာက အဆုံး၏ကောင်းခြင်း ဖြစ်သွားရော မဟုတ်လား။ အဲဒါက ပရိယော သာနကလျာဏ။ အဲဒါ ကလျာဏ ၃ စုံပေါ့။"

"ဩော် ... ဩော် ... ကျွန်တော်ရှင်းပါပြီ ဘဘ"

http://www.dhammadownload.com



"ဒါ့ကြောင့် မွေးပေါင်းထုံတဲ့ ပန်းမျိုးစုံလို့ ဓမ္မဝိနယအားဖြင့် ၂ ပါး၊ ပိဋကတ်အားဖြင့် ၃ ပုံ၊ နိကာယ်အားဖြင့် ၅ ရပ်၊ အင်္ဂါအားဖြင့် ၉ ပါး၊ အကျယ်အားဖြင့် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်အထိ ရှိစေကာမူ ရည်ညွှန်းတော်မူထားတာကတော့ နိဗ္ဗာန်ရောက်ဖို့ဧကောဓမ္မော – တစ်ခုတည်းသောလမ်း ဖြစ်ပါသတဲ့။

နောက်တစ်နည်း ရှစ်သောင်းလေးထောင်မျှ အမျိုးအစား ကွဲပြားခြားနားကြသောပန်းတို့တွင် မွေးရနံ့တစ်မျိုးတစ်ဖုံစီဖြင့် ဂန္ဓာရုံ ရှိကြသကဲ့သို့ ရှစ်သောင်းလေးထောင်မျှသောဓမ္မက္ခန္ဓာတို့၌လည်းဓမ္မက္ခန္ဓာတစ်ပါးတွင် နိဗ္ဗာနဓာတ် ဂန္ဓာရုံမြတ်တို့ဖြင့် တစ်မျိုးစီ ဆက်စပ်ထင်ဟပ်နေကြပါပေတယ်"

"အဲဒီတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ကဗျာအရာ၊ အလင်္ကာအရာမှာလည်း အတုမရှိလို့ဆိုနိုင်တာပေါ့နော်ဘာဘ"

"ဆိုနိုင်တာပေါ့ဗျာ။ ဓမ္မမာလာ ပန်းရတနာကို စိတ်ဖြာ ဟောကြားတော်မူနိုင်သော ကဗျာ,ဂီတ,ဝိဒူရ ဗုဒ္ဓသခင် မြတ်စွာဘုရားကို တို့ခေတ်နှစ်ဆယ်ရာစုက ကဗျာဘိုးအေ ဆရာကြီး သခင် ကိုယ်တော်မှိုင်းက သူပြုစုတဲ့ ကဗျာသာရတ္ထသင်္ဂြိုဟ် ပဏ္ဏာမမှာ ...

"ဂီတကာရက ဇနန်၊ ပါမောက္ခ ဂီတာစရိယံ"

ဟူ၍လည်းကောင်း။

"ကဗျာ ဗန္ဓန လင်္ကာရံ၊ တံတံ ကဗျာန ဒီပကံ"

ဟူ၍လည်းကောင်း ဖွဲ့ဆို,ကြည်ညိုခဲ့ပါတယ်။ ထို့ကြောင့် –

'ဓမ္မမာလာ အဖြာဖြာကို သောတာလင်္ကာရ ဟောဖော်ပြသော ဗုဒ္ဓမြတ်စွာသည် နှစ်လိုဖွယ်ရာ ရတနာ အစစ်ကြီး ဖြစ်တော်မူပါ၏။

ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေသတည်း။"

http://www.dhammadownload.com

# ရတနသုတ် (၈)

## ဓမ္မဝရံ ရတနံ

"ဝရော=သဗ္ဗညုတ၊ မကုဋ္ဌကုဋ္ဌ၊ အတုလရန်နိုင်၊ ပြိုင်တော်မယှူ၊ ပိုင်တော်မူသဖြင့်၊ တစ်ဆူဓမ္မရာဇ်၊ မင်းဆုံးဖြစ်၍၊ စင်စစ်လွန်ကဲ ထူးမြတ်တော်မူထသော။ ဝရညူ=မြတ်စွာလှသော၊ ပရမဂမ္ဘီ၊ သန္တီ,ခေမံ၊ နေရဗန်ကို၊ ရွှေဉာဏ်တော်တွင်းသွင်းလျက်၊ ဝင်းဝင်းလက်မျှ၊ မျက်မှောက်ထိမိ၊ ကိုယ်တော်တိုင်သိတော်မူထသော။ ဝရဒေါ=ကာမ, ရူပ၊ အရူပဟု၊ လူတကွနတ်၊ ဘုံသုံးရပ်သူတို့အား မြတ်သောအကျိုးကို ပေးတော်မူထသော။ ဝရာဟရော= ကာမ, ရူပ, အရူပဟု၊ လူတကွနတ်၊ ဘုံသုံးရပ်သူတို့၏ မြတ်သောအကျိုးကို ဆောင်တော်မူထသော။ အနုတ္တရော= လူ, နတ်, ဗြဟ္မာ၊ ဘုံသုံးရွာ၌၊ နှိုန်းရာ့မရှိ၊ အမိတ, ပရမ, ပစိတကြောင့်၊ အသဒိသပုဂ္ဂိုလ်၊ ထုတ်ဆိုပတ်ကုံး၊ မစပ်နှိုန်းနိုင်အောင်၊ အမြတ်ဆုံး ဖြစ်တော်မူသော ရှင်ပင်ဘုရားသည်။ ဓမ္မဝရံ =မဂ်,ဖိုလ်,နိဗ္ဗာန်၊ ဓမ္မခန်ကျယ်ဝင့်၊ နယ်ကုန်ဖွင့်အပ်သော ဆယ်ဆင့်သော တရားတော်မြတ်ကို။ အဒေသယိ= မှောင်အဝိဇ္ဇာ၊ မပိတ်ကာစိမ့်၊ စိတ်ဖြာခွဲဝေ၊ ဟောကြားတော်မူလေပြီ။ ဣဒမ္ပိဗုဒ္ဓေ အယံဇဝ ဗုဒ္ဓေါ=ဤ လူ, နတ်, ဗြဟ္မာ၊ ဘုံသုံးရွာ၌၊ နှိုန်းရာ မရှိ၊ အမိတ, ပရမ, ပစိတကြောင့်၊ အသဒိသပုဂ္ဂိုလ်၊ ထုတ်ဆို ပတ်ကုံး၊ မစပ်နှိုန်းနိုင်အောင် အမြတ်ဆုံးဖြစ်တော်မူသော ရှင်တော် ဘုရားသည်သာလျှင်။ ပဏီတံ =ဝိသိဋ္ဌတရ၊ အတိဣဋ္ဌမောဉ်၊ သောဘဏီ ဖြစ်၍၊ လောကီ ဥစ္စာ,ရတနာတို့ထက် သာလွန် မြင့်မြတ်

http://www.dhammadownload.com



သော။ ရတနံ=ပစ္စုပ္ပန်နှင့်၊ သံသရာကောင်းကျိုး၊တိုးထက်တိုးအောင်၊ မြတ်နိုးဖွယ်ရာ ကိုးကွယ်ရာသော မင်္ဂလာကြီးအစစ်၊ လောကုတ္တရာ ရတနာတော်ကြီး ဖြစ်ပေ၏။ ဧတေန သစ္စေန= ဤသို့ မဖောက်မပြန် အမှန်ကိုသာ ဆိုရသော သစ္စာကြောင့်။ ပါဏိနံ = သတ္တဝါ တို့အား၊ သုဝတ္ထိ= ဘေးရန်ဟူ၍၊ မြူမငွေ့ဘဲ၊ ပြကတေ့ ကျန်းကျန်း မာမာ, ချမ်းချမ်းသာသာ လောကီ, လောကုတ္တရာ မင်္ဂလာ အစီးအပွား သည်။ ဟောတု= ဖြစ်ပါစေသတည်း။"

"အဲသည် စာပုဒ်မှာ 'ဝရော ဝရညူ ဝရဒေါ ဝရာဟရော' ဆိုတဲ့ ပါဠိစကားလုံးတွေကို တွေ့ရလိမ့်မယ်။ အဲသည့်စကားလုံး တွေရဲ့ အနက်အဓိပ္ပာယ်ကို ကိုးဆောင်တိုက်ဆရာတော်ဘုရားက တစ်ခုချင်း အနက်ပေးသွားတာဟာ အဓိပ္ပာယ်ပေါ်လွင်တာနဲ့အမျှ အတ္ထာ လင်္ကာ ရ အလွန်လှပနေပါတယ်။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကလည်း နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တော်ဖြင့် 'ဝရ'သဒ္ဒါကို လေးမျိုး လေးတန် ဖွင့်ဆိုထားတာ တွေ့မြင်နိုင်ပါတယ်"

"ခဏလေး နေပါဦး ဘဘ၊ 'နိရုတ္တိပဋိသမ္ဘိဒါ' ဆိုတာ ကျွန်တော် သိချင်ပါသေးတယ်"

"အေး ... 'နိရုတ္တိပဋိသမ္ဘိဒါ' ဆိုတာ စကားအရာ သဒ္ဒါနှင့် ပတ်သက်သမျှကျွမ်းကျင်နိုင်နင်းတော်မူလှတဲ့ရွှေဉာဏ်တော်တစ်ပါး ဖြစ်တယ်။ အင်မတန်လည်း ကျယ်ဝန်းပါတယ်၊ မင်းတို့, ငါတို့ သဘောပေါက်အောင်ပြောရရင် သဒ္ဒါကြီးရစ်စောင်ကို ကုန်အောင် သင်ဖူးတဲ့ပုဂ္ဂိုလ်မှနည်းနည်းသဘောပေါက်လိမ့်မယ်။ဒီတော့ ကျိုးသဲ လေးထပ်ဆရာတော်ဘုရားကြီးရဲ့ 'အစိန္တေယျဘုရားရှိခိုးကြီး' ထဲမှာ အကျဉ်းချုပ်ဖွင့်ဆိုထားတာက 'တစ်ခုတစ်ခုသောပုဒ်, အက္ခရာ, သဒ္ဒါ ၏အလိုကို ဝိဂြိုဟ်, ဝစနတ်, ဓာတ်, ပစ္စည်း, လိင်, အံဖြင့် ဝေဖန်၍ သိတတ်သော နိရုတ္တိပဋိသမ္ဘိဒါ' တဲ့"

http://www.dhammadownload.com



"ကျွန်တော် နည်းနည်းတော့ ရိပ်မိပါပြီ။ သဒ္ဒါကျမ်းအတတ်မှာ 'ကမ်းခတ်အောင်' သိမြင်တော်မူတဲ့ မြတ်စွာဘုရားပေါ့လေ"

"အေး ...မင်းစကား ဘယ်ဆိုးလို့လဲ။ အဲဒါ အမှန်ဆုံးပေါ့ကွာ"

"ဝရသဒ္ဒါကို လေးမျိုး,လေးတန် ဖွင့်ဆိုတယ် ဆိုတာကကော ဘယ်လို လေးမျိုး,လေးတန်လဲ ဘဘရဲ့"

" 'ဝရ' ဆိုတဲ့ ပုဒ်ရင်းက တောင့်တခြင်း၊ မွန်မြတ်ခြင်း၊ ထူးမြတ်ခြင်း လို့အဓိပ္ပာယ်ရတယ်။ အဲသည့်ကမှ တစ်ဆင့် 'ဝရော' - ထူးမြတ်သော တရားတော်၊ 'ဝရညူ' - ထူးမြတ်သောတရားတော်ကို သိတော်မူသော၊ 'ဝရဒေါ'-မြတ်သောအကျိုးကို ပေးတော်မူသော၊ 'ဝရာဟရော'-မြတ်သောအကျိုးကို ဆောင်တော်မူသော၊ 'အနုတ္တရော' - မြတ်ထက်မြတ်သူ ရှိတော်မမူထသော မြတ်စွာဘုရား...လို့ ဖွင့်ဆိုထားပါတယ်"

"သြော် ... သြော်။ အထက်က အနက်မြန်မာပြန်ကို သတိထားပြီး ရွတ်ကြည့်ရင် ပုဒ်တစ်ခုနဲ့ တစ်ခု ကွဲပြားသွားတာ ပေါ်လာတာပဲ နော် ဘဘ"

"အေးပေါ့ကွာ။ နောက်ပြီး သပြေကန်ဆရာတော်ဘုရားရဲ့ မြန်မာစကားပြေကို ဖတ်ကြည့်လိုက်ရင် ပိုရှင်းသွားလိမ့်မယ်။ ရော့ ... ဖတ်လိုက်စမ်း"

" နတ်,လူအများ လိုလား,တောင့်တအပ် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသော၊ အမြတ်ဆုံးနိဗ္ဗာန်ကိုသိတော်မူ၍ အမြတ်တရားကိုပေးသနားတော်မူတတ်သော၊ ရှေးဟောင်းကျင့်စဉ်လမ်းမြတ်ကို ယူဆောင်တော်မူတတ် အမြတ်ဆုံးဘုရားမြတ်သည် တရားတော်မြတ် အရပ်ရပ်ကို ဟောကြားတော်မူလေသည်။ မြတ်စွာဘုရား၌ ရတနာ ဟု သိနိုင်ကြောင်း ဤဂုဏ်တော်အပေါင်းလည်း ထူးမြတ်လှပါပေသည်။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ .... "

http://www.dhammadownload.com



"ကဲ ... ရှင်းရဲ့လား"

"ဆရာတော့်စာကျတော့လည်း မိသားစုစကားနဲ့ ပြောလို့ နားလည်သလို နားလည်လိုက်ရပါတယ် ဘဘရယ်"

"အေး ... အဲဒီလို ပဓာနအချက်ကို နားလည်ပြီးမှ 'ပရိတ်ကြီးနိဿယသစ်' မှာ ပါတဲ့ ဆရာတော်ရဲ့ အဆိုအမိန့်တွေကို ဆွေးနွေးလို့ ကောင်းလိမ့်မယ်"

"ဟုတ်ကဲ့ ဘဘ၊ ပြောပေးပါ"

"'ဝရ' ဆိုတဲ့စကားဟာ စိတ်နေစိတ်ထား ကြီးမားမြင့်မြတ်သူများက တောင့်တ,လိုလားအပ်သောကြောင့် မြတ်စွာဘုရားသခင်ကို 'ဝရ' ဟု ခေါ်ပါသတဲ့။ ဘယ်လို ဘယ်ပုံ တောင့်တဖြစ်သလဲ ဆိုတော့ မြတ်စွာဘုရားရဲ့ အလွန်ကြည်ညိုစဖွယ် ဖြစ်တဲ့ အဆင်း သဏ္ဌာန်နှင့် သပ္ပာယ်လွန်းလို့ အားကျ ခုံမင် ထိုအဆင်းသဏ္ဌာန်မျိုးကို လိုချင်, တောင့်တတာလည်း ဖြစ်ကြပါတယ်။ ထို့နောက် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးကို အားကျကြည်ညိုလွန်းလို့ ထိုဉာဏ်တော်မျိုးကို တောင့်တလိုလားတဲ့ ဆန္ဒမျိုးလည်း ဖြစ်ကြပါတယ်"

"အဲသလို တောင့်တလို့က ဖြစ်မှ မဖြစ်နိုင်တာ ဘဘကလဲ"

"ယေဘုယျအားဖြင့် မဖြစ်နိုင်တာ အပထား။ ကြည်ညိုလွန်းအားကြီးလာရင် ဖြစ်ချင်တဲ့ ဆန္ဒတွေ'တဖွားဖွား'ပေါ်လာတတ်တယ်၊ 'ယေဘုယျအားဖြင့်' လို့ ဆိုလိုက်တာက ခြွင်းချက် အနေနဲ့ပါ။ ပွင့်တော်မူခဲ့သမျှ အဆူဆူသောဗုဒ္ဓကိုယ်တော်မြတ်သည်လည်းကောင်း၊ အဆူဆူသောအဂ္ဂသာဝက,မဟာသာဝကကြီးများသည်လည်းကောင်း၊ ထိုပုဂ္ဂိုလ်, ပုဂ္ဂိုလ်များဟာ ကမ္ဘာတစ်ခုခုက ဘဝတစ်ခုခုမှာ ဖူးတွေ့ခဲ့ရတဲ့ ဗုဒ္ဓကိုယ်တော်မြတ်နှင့် သာဝကကြီးများကို အားကျ,ကြည်ညိုပြီး ထိုပုဂ္ဂိုလ်မျိုးလို ဖြစ်ချင်လို့ ဆုပန်ကြတယ်ပေါ့"

"အင်း ... ဒါတွေကိုတော့ ကျမ်းစာတွေထဲမှာ တွေ့ဖူးပါတယ်"

http://www.dhammadownload.com



"အေး ...အခုပြောမှာက လူအများစုက၊ လူထုကြီးတစ်ရပ်လုံးက မိန်းမ,ယောက်ျား မကျန် ဘုရားရှင်၏ ရုပ်အဆင်းသဏ္ဌာန်တော်ကို ကြည်ညို အားကျပြီး ဆန္ဒပြုမှုကြတဲ့ အကြောင်းပဲကွဲ့၊ မြတ်စွာ ဘုရား ကိုယ်တော်မြတ်ဟာ မယ်တော်ဟောင်းသန္တုသိတနတ်သားကို အဘိ ဓမ္မာတရား ဟောရအောင် တာဝတိံသာ နတ်ပြည်ကို ကြွတော်မူတဲ့ အကြောင်း မင်းသိမှာပေါ့"

"ဖတ်ရဖူးပါတယ် ဘဘ"

"တာဝတိံသာ နတ်ပြည်မှာ ဝါတွင်းသုံးလ သီတင်းသုံးတော်မူ ပြီးသည့်နောက် သီတင်းကျွတ် လပြည့်နေ့မှာ သင်္ကဿနဂိုရ်ပြည်ကို ရွှေစောင်းတန်း, ငွေစောင်းတန်း, ပတ္တမြားစောင်းတန်းနှင့် နတ်, ဗြဟ္မာများခြံရံလျက် ဆင်းလာတဲ့အခါ ဗုဒ္ဓရဲ့ အသရေတော် တင့်ရှမ်း ခြင်းမက တင့်ရှမ်းလွန်းလို့ ဘုန်းသမ္ဘာများကလည်း ကြီးကျယ်လွန်း လို့ လူတိုင်းဆန္ဒမှာ မိမိတို့ကိုယ်တိုင် ဘုရားဖြစ်ချင် လာကြပါသတဲ့"

"အင်း ... မဖြစ်စဖူး မမြင်စဖူး ထူးကဲ ကြီးမားတဲ့ အခမ်းအနား ကြီးနှင့်တကွ အတိုင်းမသိ ကျက်သရေရှိလှတဲ့ ဗုဒ္ဓ၏ရူပအစိမ္မေယျ တော်ကို ကျွန်တော်တို့ ကိုယ်တိုင်ဖူးလိုက်ရရင်လည်း ဒီလို ဖြစ်မှာ ပါပဲ"

"အေး ... အဲသည်လို လိုချင်,တောင့်တအပ်သော ထူးကဲ, မွန် မြတ် လှသော အခြင်းအရာတို့နှင့်ပြည့်စုံသဖြင့် 'ဝရ' ဟု သမုတ်အပ် ကြောင်း သပြေကန်ဆရာတော်ဘုရားက ဖွင့်ဆိုထားတာ ဖြစ်တယ်။ အေး ... နောက်တစ်နည်းလည်း ဆရာတော်က ဆိုထားပြန်သကွဲ့"

"ဘယ်လိုဆိုထားပါသလဲ ဘဘ"

"စိတ်ထား ဖြူစင် ဖြောင့်မတ်၍ အမှန်တရား လိုလားကြသော သူတော်ကောင်းများက ဗုဒ္ဓသခင်ကို ဆရာတင်လို့ ကိုးကွယ်, ဆည်း ကပ်ချင်လို စိတ်မျိုး ပေါ်ပေါက်လာအောင် ဂုဏ်တော်တွေနဲ့ ပြည့်စုံ

http://www.dhammadownload.com



လို့ 'ဝရ' ဟူ၍ သမုတ်အပ်ပါသေးသတဲ့။ အဲသည်လို ဆန္ဒရှိတဲ့ သူတော်ကောင်းများဟာ ဆရာစွဲ, ဂိုဏ်းစွဲ, ပုဂ္ဂိုလ်စွဲ တို့မှ ကင်းစင်ပြီး အမှန်တရား စစ်စစ်ကိုသာ လိုလား,တောင့်တခြင်းအတွက် မြတ်စွာဘုရားဟာ 'ဝရ' စစ်စစ်ကြီး ဖြစ်ပါသတဲ့။ သာဓကကို ပြောရရင် လက်ယာရံ ရှင်သာရိပုတ္တရာ ဖြစ်လာမည့် ဥပတိဿ ပရိဗိုဇ်ဟာ မူလ သိဥ္စည်းဆရာကြီးရဲ့ တပည့်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အေး ... သူ့ဆရာရဲ့ဝါဒလမ်းစဉ်ကို မကျေနပ်, မရောင့်ရဲနိုင်သေးလို့ အမှန်တရားကို ထွက်ရှာရာမှာ ပဉ္စဝဂ္ဂီအပါအဝင် အရှင်အဿဇိကို တွေ့လိုက်ရတယ်ဆိုရင်ပဲ အမှန်တရားရှိတဲ့ သွင်ပြင်လက္ခဏာ, ဣန္ဒြေအမူအရာတွေကြောင့် ဂိုဏ်းစွဲ, ဆရာစွဲ, ပုဂ္ဂိုလ်စွဲတွေကို စွန့်ပယ်ပြီး ချဉ်းကပ်ခဲ့တယ် မဟုတ်လား။ အဲသလို ချဉ်းကပ်ပြီးတော့ ဆွေးနွေးတဲ့အခါ ဗုဒ္ဓမြတ်စွာရဲ့ ဒေသနာကို ဂါထာတစ်ဝက်ပင် ဖြစ်စေ ကြားနာရပါမည့်အကြောင်း တောင်းပန်တာကလည်း 'ဝရ'ကို လိုလား,တောင့်တလို့ မဟုတ်လား၊ အဲ ... 'ဝရ' ကို တောင့်တမှုမရှိတဲ့ သူ့ဆရာဟောင်း သိဥ္စည်းတိတ္ထိကြီးကျတော့ 'ဝရ' ကို မမက်လို့၊ မလိုလားလို့၊ မတောင့်တလို့ မဟာအခွင့်အရေးကြီးကို လက်လွှတ်လိုက်ရတယ်လေ"

"ဟုတ်တယ်နော် ဘဘရဲ့၊ သိဥ္စည်းဆရာကြီးက တပည့်ပေါင်းများစွာတို့ရဲ့ ဆရာကြီးလုပ်နေရာက သူများတပည့် မခံချင်တော့ပါဘူးလို့ ငြင်းလိုက်တာပဲ။ ဒါဟာ ပညာဉာဏ်ရှိသင့်သလောက် ရှိပေမယ့် ဖြောင့်မှန်သော သူတော်ကောင်းမဟုတ်တာ ထင်ရှား နေပါတယ်"

"အေး .. ဒီတော့ 'ဝရ'ဆိုတဲ့ ပုဒ်ဟာ 'ဝိရာဂေါသေဋ္ဌော ဓမ္မာနံ' ဆိုတဲ့စကားအရ တရားအလုံးစုံတို့ထက် မြတ်သောနိဗ္ဗာန်သည် 'ဝရ'

http://www.dhammadownload.com



ဟုခေါ်ဆိုထိုက်ပါ၏-တဲ့။ အချုပ်မှာတော့ကွာ .. 'ဝရ' ဆိုသည်မှာ 'နိဗ္ဗာန်' ဖြစ်၏။ 'နိဗ္ဗာန်'သာလျှင် 'ဝရ' ဖြစ်၏။ အဲသလိုသာ မှတ်လိုက်ပါတော့"

"ဟုတ်ကဲ့ ဘဘ၊ 'ဝရ' သဒ္ဒါနဲ့ပတ်သက်လို့ သိတတ်သမျှတော့ သိရပါပြီ။ နောက်ထပ် ခွဲထား အနက်များကို သိပါရစေဦး ဘဘရယ်"

" 'ဝရ' ပြီးတော့ 'ဝရညူ' မဟုတ်လား။ အဲဒီ 'ဝရညူ' ဆိုတဲ့ ပုဒ်က 'မြတ်သောတရားတို့ကို အကြွင်းအကျန် မရှိသိတော်မူသော မြတ်စွာဘုရား'လို့အဓိပ္ပာယ်ရပါတယ်။ သပြေကန်ဆရာတော်ဘုရားက 'ဝရံ နိဗ္ဗာနံ=နိဗ္ဗာန်ကို။ ဇာနာတိ=သိတော်မူတတ်၏။ ဣတိ=ထို့ကြောင့်။ ဝရညူ=ဝရညူမည်တော်မူ၏။'မြန်မာလိုပြောရရင် 'ဝရ' တည်းဟူသော 'နိဗ္ဗာန်တရား' ကို သိမြင်တော်မူသဖြင့် 'ဝရညူ'ဟု သမုတ်အပ်သော 'မြတ်စွာဘုရား' ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ ဘဘ"

"နောက်တစ်ခုကတော့ 'ဝရဒေါ' မို့လား။ အဲဒါက 'ဝရံ ဒဒါတီတိဝရဒေါ'။ ဝရံ=မြတ်သောတရားကို။ ဒဒါတိ=ပေးတော်မူတတ်၏။ ဣတိ=ထို့ကြောင့်။ ဝရဒေါ=ဝရဒမည်၏ ...တဲ့။'လူ, နတ်, ဗြဟ္မာ သတ္တဝါတို့အား မြတ်သော နိဗ္ဗာန်တရားကို ပေးတော်မူတတ် သော မြတ်စွာဘုရား'ပေါ့။ ဒါကြောင့် ကိုးဆောင်တိုက်ဆရာတော်က 'ဝရဒေါ =ကာမ ရူပ၊ အရူပဟု၊ လူတကွနတ်၊ ဘုံသုံးရပ်သူတို့အား မြတ်သော အကျိုးကို ပေးတော်မူထသော မြတ်စွာဘုရား။' လို့ အနက် ဖွင့်ထားတော်မူတယ်လေ"

"ဟုတ်ကဲ့ ... ဘဘ။ ကျွန်တော် နားလည်ပါပြီ"

"အေး...နောက်ဆုံး 'ပါဒ' စကားလုံးကတော့ 'ဝရာဟရော'ပဲ။ အဲဒါက 'ဝရံ အာဟရတီတိ ဝရာဟရော'။ ဝရံ =မဂ္ဂင်ရှစ်ကြောင်း

http://www.dhammadownload.com



ရှေးဟောင်းလမ်းမြတ်ကို။ အာဟရတိ=ဆောင်ယူတော်မူတတ်၏။ ဣတိ=ထို့ကြောင့်။ ဝရာဟရော =ဝရာဟရ မည်၏...တဲ့။ မဂ္ဂင်ရှစ်ပါး လမ်းစဉ်ကို ရှေးက အဆူဆူပွင့်တော်မူပြီးသမျှ မြတ်ဗုဒ္ဓတို့၏ လမ်းစဉ်ကို ဆောင်ယူပြသတော်မူသော မြတ်စွာဘုရား လို့ မှတ်ယူရမှာပေါ့ကွယ်။ ကဲ ... အကျဉ်းအားဖြင့်တော့ ရှင်းတန်သလောက် ရှင်းလိမ့်မယ် ထင်ပါတယ်ကွယ်။ မြတ်စွာဘုရား၏ ဂုဏ်တော်ကို စုံစုံစေ့စေ့ ဟောဖို့၊ပြောဖို့၊ရေးသားဖို့၊ နားလည်ဖို့ဆိုတာ မျိုးကတော့ မကြံစည်နိုင် မအံ့သြနိုင်တဲ့ အစိန္တေယျအရာ ဖြစ်ပါတယ်၊ အဲဒီ သာဓကကို ဆရာတော်က ကာရဏပါလီပုဏ္ဏားနဲ့ ပိင်္ဂိယာနိဥပါသကာ ပုဏ္ဏားကြီးတို့ ဆွေးနွေးတာကို သာဓကပြထားပါတယ်"

"ဘယ်လို ဆွေးနွေးကြလို့လဲ၊ ပြောပါဦး ဘဘရယ်"

"အတိုချုပ်ပဲပြောကြပါစို့ကွာ၊ ဝေသာလီပြည် လိစ္ဆဝီမင်းတို့ရဲ့ နန်းတော်ထဲမှာ ပညာရှိ ပုရောဟိတ်အမတ်ဖြစ်နေတဲ့ ကာရဏပါလီ ပုဏ္ဏားက ဗုဒ္ဓဘုရားရှင်ကို ဖူးမြော်ပြီး ပြန်လာတဲ့ ပိင်္ဂိယာနိပုဏ္ဏားကြီးကိုတွေ့တော့ သို့ကလို နှုတ်ဆက်မေးမြန်းပါသတဲ့"

'ဦးရီးတော် ယခု ဘယ်ကလာပါသလဲ'

'ငါသည် မြတ်စွာဘုရားကို ဖူးမြော်ပြီး ပြန်လာခဲ့ခြင်း ဖြစ်တယ်'

'သြော် ... သြော် ဗုဒ္ဓ ဟူသော ရဟန်းဂေါတမကို ဦးရီးတော် ဘယ်လို ထင်ပါသလဲ၊ ပညာရှိတစ်ဦးတော့ ဖြစ်လိမ့်မယ် ထင်ပါရဲ့"

'အို ... တူမောင် ဘယ်လို ပြောလိုက်ပါသလဲ။ ဘယ့်နှယ်ပြောလိုက်ပါလိမ့်၊ မြတ်စွာဘုရားရဲ့ဂုဏ်တော်တို့ကို သိနိုင်စွမ်း၊ ပြောနိုင်စွမ်းရှိတဲ့ပုဂ္ဂိုလ်ဟာ အခြားတစ်ပါးသော ဘုရားတစ်ဆူဆူသာ ဖြစ်နိုင်ကောင်းပါတယ်၊ ကျုပ်တို့လိုလူစားက ဘယ်လိုများပြောနိုင် ပါတဲ့တုံး' လို့ဆိုပြီး ပခုံးပေါ်မှာ အဝတ်တင်ပြီး မြတ်စွာဘုရား ရှိတော်မူရာသို့ မျက်နှာမူလျက် နဖူးပေါ် လက်အုပ်ချီ၍

http://www.dhammadownload.com



'နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ' ဟု ရိုရိုသေသေ ရှိခိုးပြလိုက်ပါသတဲ့ကွယ်"

"ကောင်းလိုက်တာ ဘဘရယ်။ အနက်အဓိပ္ပာယ် အပြည့်စုံဆုံး စကားပါပဲ။ ဆရာတော်ကြီးများက ပြသ,မိန့်ဆိုတဲ့ သာဓကများဟာ ကျွန်တော်တို့အဖို့ အင်မတန် အကျိုးရှိပါတယ်"

"နိရုတ္တိ သဒ္ဒါကျမ်းကို ကျွမ်းကျင်တော်မူကြသော ပိဋကတ် အကျော် ဆရာတော်များက အက္ခရာသုံးပါး စကားတစ်ခွန်းဖြစ်တဲ့ 'အရဟံ' ဆိုတဲ့ ပါဒတစ်ခုကို အဓိပ္ပာယ် သုံးမျိုး,သုံးစား ခွဲထား, ဖွင့်ဆို ကြည့်တော်မူခဲ့ကြတာကို မင်းကြားဖူးထားမှာပါ"

"ပြောပြပါဦး ဘဘရယ်"

" 'အရဟံ' လို့ ဆက်စပ်ပြီး ဆိုလိုက်လျှင် 'အရဟံ=လူမင်း, နတ်မင်း,ဗြဟ္မာမင်းတို့၏ ပူဇော်ခြင်းအထူးကို ခံယူတော်မူ ထိုက်သော မြတ်စွာဘုရား' လို့ အဓိပ္ပာယ်ရတယ်လေ။ 'အ, ရဟ' လို့ 'အ' နှင့် 'ရဟ'နှင့်ခွဲဆိုလိုက်လျှင် 'အ, ရဟ=မကောင်းမှုပြုခြင်းငှာ ဆိတ်ကွယ်ရာ မြင်တော်မမူသော မြတ်စွာဘုရား' လို့ အဓိပ္ပာယ် ရသွားနိုင်သလို 'အရ, ဟ' လို့ 'အရ' နှင့် 'ဟ' နှင့် ခွဲခြားထွက်ဆိုလိုက် လျှင် 'အရ, ဟ=သံသရာစက်ကို ပယ်ဖျက် ဖြတ်တောက်တော်မူပြီးသော မြတ်စွာ ဘုရား' လို့ အနက်အဓိပ္ပာယ်ရပြန်တယ် မဟုတ်လား။ နောက် တစ်နည်း 'အရဟံ' ဂုဏ်တော်ကို ငါးမျိုး,ငါးထွေ ဖွင့်ပြဖြထားတော်မူကြ တာလည်း ရှိသေးသကွဲ့။

အဲဒါက ...

(က) အရိ+ဟတ – တစ်ထောင့်ငါးရာ ကိလေသာရန်သူကို လောကုတ္တရာမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်တော် မူပြီးသော မြတ်စွာ ဘုရား။

http://www.dhammadownload.com



(ခ) အရဟ – ကိလေသာရန်သူတို့မှ ဝေးကွာတော်မူသော မြတ်စွာဘုရား။

(ဂ) အ+ရဟ – ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။ (မကောင်းမှုကို ပြုလုပ်ရန် ဆိတ်ကွယ်ရာဟူ၍ပင် ရှိတော်မမူသော မြတ်စွာဘုရား)

(ဃ) အရ+ဟတ – သံသရာစက်၏ အကန့်တို့ကို ချိုးဖျက်ပြီးသော မြတ်စွာဘုရား။

(င) အရဟ – လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့၏ ပူဇော်သသနင့် တကွ လေးဝသော ပစ္စည်းတို့ကို ခံယူတော်မူသော မြတ်စွာဘုရား။

အဲသည့်ပုဒ်တိုင်း သူ့နည်းနှင့်သူ ဝိဂ္ဂြိုဟ် ဝစနတ္ထရှိကြပါတယ်။ အခုမင်းနဲ့ငါက သိလွယ်အောင်သာ ပြောလိုက်ရတာကိုး"

"မြန်မာစကားနဲ့ နားရှင်းအောင် နားလည်သဘောပေါက်နိုင်ရင် ကျေနပ်လှပါပြီ ဘဘရယ်။ အရေးကြီးတာက သိဖို့ပါပဲ"

"အေး ... အေး အခုလို ပြောရင်း နောက်တစ်ခုကို သွားသတိရမိပြန်သကွဲ့"

"ဘဘ သတိရလာသမျှသာ ပြောပါခင်ဗျာ၊ ကျွန်တော့်အတွက်တော့ 'ရလေ ရလေ အိုတစ္ဆေ' ပါပဲ၊ ဟဲ ... ဟဲ"

"ငါတို့ရဲ့ ပရိယတ္တိသာသနာတော်မှာ ဗုဒ္ဓရှင်တော်ဘုရားရဲ့ ဒေသနာတော် မူလဝစနစကားတို့ကို အကျယ်ထုတ်ဖော်ပြတဲ့ အဋ္ဌကထာကျမ်းပြု ကျေးဇူးရှင် အရှင်ဗုဒ္ဓဃောသမထေရ်ကြီး ကိုယ်တော်တိုင် ကြည်ညိုဖွင့်ဆိုခဲ့တဲ့'နမက္ကာရ'ဘုရားရှိခိုးဂါထာအကြောင်းပါ"

http://www.dhammadownload.com



"ဟုတ်ကဲ့ ဘဘ။ ကျွန်တော် နာပါရစေ"

"အဲသည်မထေရ်မွန်ကြီးကတော့ စကားလုံးကိုပုဒ်မခွဲဘဲ နှစ်မျိုး, နှစ်မျိုး ဖွင့်ဆိုလိုက်ပါတယ်၊ ကြည့်လေ ...

သုဂတံ သုဂတံ သေဋ္ဌံ၊
ကုသလံ ကုသလံ ဇဟံ။

အ မတံ အမတံ သန္တံ၊
အ သမံ အသမံ ဒဒံ။

သ ရဏံ သရဏံ လောကံ၊
အ ရဏံ အရဏံ ကရံ။

အဘယံ အဘယံ ဌာနံ၊
နာယကံ နာယကံ နမေ။

အဲသည်မှာ ပါဠိတစ်လုံးကို အနက်နှစ်မျိုး နှစ်မျိုး ဖွင့်ဆိုသွားပုံကို ကြည်ညို ကြည့်လိုက်စမ်းပါ။

သုဂတံ - ကောင်းသော စကား (အကျိုးရှိသော စကား)ကိုလည်း ဆိုတော်မူတတ် ထသော၊

သုဂတံ - ကောင်းသောနိဗ္ဗာန်ကို လည်း ကြွသွားတော် မူတတ်ထသော၊

သေဋ္ဌံ - အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူထသော၊

http://www.dhammadownload.com



| | |
|---|---|
| ကုသလံ ကုသလံ | – ကုသိုလ်, အကုသိုလ်တို့ကို၊ ဇဟံ – စွန့်တော်မူပြီးထသော၊ |
| အ မတံ | – သေခြင်းလည်း ကင်းတော်မူထ သော၊ |
| အမတံ | – အမြိုက် အရသာနှင့်လည်း ပြည့်စုံ တော်မူပြီးထသော၊ |
| သန္တံ | – ငြိမ်သက်စွာ ထသော၊ |
| အ သမံ | – အတုလည်း မရှိထသော၊ |
| အသမံ | – အတုမရှိသော မဂ်,ဖိုလ်,နိဗ္ဗာန်ကို၊ ဒဒံ–ပေးတော်မူတတ်ထသော၊ |
| သရဏံ | – ကိုးကွယ်ရာလည်း ဖြစ်တော်မူတတ် ထသော၊ |
| လောကံ | – လောကကို၊ သရဏံ–သိတော်မူ တတ်ထသော၊ |
| အ ရဏံ | – ကိလေသာတည်းဟူသော မြူလည်း ကင်းစင်တော်မူပြီးထသော၊ |
| အ ရဏံ | – ကိလေသာမြူ၏ ကင်းခြင်းကို၊ ကရံ– ပြုတော်မူတတ်ထသော၊ |
| အဘယံ | – ဘေးလည်း မရှိထသော၊ |
| အ ဘယံ | – ဘေးမရှိသော၊ ဌာနံ – နိဗ္ဗာန်အရပ် သို့၊ |
| နာယကံ | – ပို့ဆောင်တော်မူတတ်ထသော၊ |
| နာယကံ | – လူသုံးဦးတို့၏ အမှူးဖြစ်တော်မူသော မြတ်စွာဘုရားကို၊ |

အဟံ–အကျွန်ုပ်သည်၊ နမေ နမာမိ– ရှိခိုးပါ၏။ ... တဲ့၊ ကဲ...”

http://www.dhammadownload.com



"ဟုတ်ပြီ ဘဘ၊ ဟုတ်ပြီ၊ အခုမှ ကျွန်တော် ကွဲကွဲပြားပြား သတိထားမိတော့တယ်"

"ဒါဖြင့် ရတနသုတ်က ဒီအပိုဒ်ကို နိဂုံးချုပ်ကြပါစို့ကွာ"

ဝရ=မြတ်သော၊ ဝရညူ=ထူးမြတ်သော တရားကို သိတော်မူသော၊ ဝရဒေါ=မြတ်သောအကျိုးကို ဆောင်တော်မူသော၊ အနုတ္တရော=မြတ်ထက်မြတ်သူ ရှိတော် မမူထသော မြတ်စွာဘုရား သည်၊ ဓမ္မဝရံ အဒေသယိ=အမှန်ဆုံး,အကောင်းဆုံး တရားများ ကိုသာ ဟောတော်မူပါပေ၏။

ထို့ကြောင့်ထိုမြတ်စွာဘုရားသည်သာလျှင်လောကီရတနာအပေါင်း တို့ထက် လောကုတ္တရာ ရတနာအစစ်ကြီး ဖြစ်တော်မူပါပေ၏။

ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေသတည်း။"

http://www.dhammadownload.com

ရဟန္တသုတ် (၄)

# အာသဝေါတို့ကြာတောမိုးရေ ကွာလျောကြွေ

"ယေသံ ခီဏာသဝါနံ=အကြင်တရားကိုယ်အားဖြင့်၊ ထိုထို မလွတ်၊ ဝေါတြဘူနယ်ကုန်၊ ဘုံအားဖြင့် ဘဝဂ်တိုင်၊ တက်နိုင်ဆုတ် နစ်၊ မြုပ်နှစ်ခါမျော၊ အာသဝေါတို့၏၊ ကြာတော မိုးရေ၊ ကွာလျော ကြွေသကဲ့သို့၊ ပရမေ ဘုန်းတန်း၊ အဆုံးခန်း တော်မူကြသော ရဟန္တာ အရှင်မြတ်တို့အား။

ပုရာဏံ=အာသဝဆူလျှမ်း၊ မယူမှန်းနိုင်သဖြင့်၊ သူကန်းဝိုးဝါး၊ ခရီးလမ်းသွားသကဲ့သို့၊ မှားချည်,မှန်ချည်၊ သံသရာမြင့်ရှည်အောင်၊ လည်ရခြင်းအကြောင်း၊ အတိတ်က ကောင်း,မကောင်းခဲ့သော၊ အဟောင်းဖြစ်သော၊ ကုသိုလ်ကံ,အကုသိုလ်ကံသည်။

ခီဏံ=မဂ်ပုဆိန်ဖြင့်၊ တစ်ရှိန်တည်းခုတ်ထစ်နုတ်ပစ်၍၊ အငုတ်, အမြစ်နှင့်တကွ ကုန်ပြီ။ နဝံ သမ္ဘဝံ=တစ်ရံတစ်ဆစ်၊ တစ်ဖန် ဖြစ် လတ္တံ့သော၊ အသစ် ကုသိုလ်ကံ, အကုသိုလ်ကံသည်လည်း။ နတ္ထိ= မရှိ။

အာယတိကေ= လာလတ္တံ့သော။ ဘဝသ္မိံ=ဘဝခန္ဓာ သံသရာ၌။ ဝိရတ္တ–စိတ္တာ=တပ်ခြင်း ကင်းသဖြင့်၊ အချင်းခပ်သိမ်း၊ ချစ်ဖွယ် ခင်ဖွယ်၊ နှစ်သက်ဖွယ်ဟု၊ မတွယ်တာသော စိတ် ရှိတော်မူကုန်၏။

ခီဏဗီဇာ=မျိုးသီးလုံးကို၊ မီးအုံးသောပုံ၊ ပြုတ်သောပုံကဲ့သို့၊ ကုန် ပြီးသော ပဋိသန္ဓေမျိုးစေ့ ရှိတော်မူကုန်၏။ အ–ဝိရုဠှိဆန္ဒာ= သံသရာ အစွန့်၊ ကွန့်ကွန့်လည်လည်၊ အညွန့်ရှည်အောင်၊ မစည်ပင် မကြီးပွား၊ နည်းပါး ကင်းပြတ်သော အလိုဆန္ဒ ရှိတော်မူကုန်၏။

http://www.dhammadownload.com



အယံပဒီပေါ=ထိန်တပြောင်ပြောင်၊ ရှိန်ရောင်ညီးညီး၊ ဤဆီမီးသည်။ နိဗ္ဗုတော ယထာ=သွားရာမမြင်၊ ဤတွင်ပျောက်ပြေ၊ ငြိမ်းသေလေသကဲ့သို့။ ဓီရာ=သမာဓိဂုဏ်၊ အင်စုံကြီးရင့်၊ ဉာဏ်မျက်စိပွင့်တော်မူကုန်သော။

တေ ခီဏာသဝါ=ထိုရဟန္တာ အရှင်မြတ်တို့သည်။ နိဗ္ဗန္တိ=ခန္ဓာပျက်ကိန်း၊ လက်စသိမ်း၍၊ အငြိမ်းကြီး ငြိမ်းတော်မူကြလေကုန်ပြီ။

ဣဒမ္ပိ သံဃေ-အယံ ဧဝံ ဃော=ဤတရားကိုယ်အားဖြင့်၊ ထိုထို မလွတ်၊ ဂေါတြဘူနယ်ကုန်၊ ဘုံအားဖြင့် ဘဝဂ်တိုင်၊ တက်နိုင်ဆုတ်နစ်၊ မြုပ်နစ်ခါမျော၊ အာသဝေါတို့၏၊ ကြာတော မိုးရေ၊ ကွာလျော ကြွေသကဲ့သို့၊ ပရမေဘုန်းတန်း အဆုံးခန်းတော်မူသော ရဟန္တာသံဃာတော်သည်သာလျှင်။

ပဏီတံ=ဝိသိဋ္ဌတရ၊ အတိက္ကဋ္ဌမောဠိ၊ သောဘဏီဖြစ်၍၊ လောကီဥစ္စာ၊ ရတနာတို့ထက်၊ သာလွန်,မြင့်မြတ်သော။ ရတနံ= မင်္ဂလာကြီး အစစ်၊ လောကုတ္တရာ ရတနာတော်ကြီး ဖြစ်ပါပေ၏။

ဧတေန သစ္စေန=ဤသို့ မဖောက်မပြန်၊ အမှန်ကိုသာ၊ ဆိုရသော သစ္စာကြောင့်။ ပါဏိနံ=သတ္တဝါတို့အား။ သုဝတ္ထိ=ဘေးရန်ဟူ၍၊ မြူမငွေ့ဘဲ၊ အရေ့လောကဓာတ်မှ၊ တက်လတ်သော ဘာနုမရာဇာ၊ စကြာနေမင်းသည်၊ ဆီးနှင်း,မြူ,တိမ်၊ သူရိန်,မီးခိုး၊ ရန်မျိုးနှင့်မကြိမ်ရ၍၊ နိမ္မလ လက္ခဏာ ရှိသကဲ့သို့၊ ပကတိပွင့်လန်း၍ ၊ ချမ်းသာ တကာတို့ အထွတ်အဖျား၊ ဘုရားပစ္စေကဗုဒ္ဓါ၊ အရိယာ သာဝက၊ အမိတ၊ ဘဂျဝန်၊ ဘဝန္တဂု၊ သုံးဌာနဆုတို့တွင်၊ တစ်ခုခု အလိုရှိအပ်သော အဓိဋ္ဌာန်ဖြင့်၊ နိဗ္ဗာန်တိုင်အောင်သော လောကီ, လောကုတ္တရာ မင်္ဂလာ အစီးအပွားသည်။ ဟောတု-ဖြစ်ပါစေသတည်း။"

"မောင်လုအေးရေ ... ။ ဒီအပိုဒ်ကဖြင့် ရတနသုတ်ရဲ့ နိဂုံးချုပ်လို့ ဆိုနိုင်မယ်ထင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မြတ်စွာဘုရားရဲ့

http://www.dhammadownload.com



ဒေသနာတော်ဟာ ဤအပိုဒ်နဲ့ပဲ အဆုံးသတ်တော်မူထားတာ ဖြစ်ပါသတဲ့"

"နောက်ထပ် ဂါထာသုံးပိုဒ် ကျန်သေးတယ်လေ ဘဘ–

'ယာနီဓ ဘူတာနိ သမာဂတာနိ' ဆိုတဲ့ သုံးပိုဒ်လေ"

"အေး ... အဲဒီ 'ယာနီဓ ဘူတာနိ' အစချီတဲ့ သုံးပုဒ်ဟာ သိကြားမင်းက မြတ်စွာဘုရားရဲ့ ဒေသနာတော်ကို ကြည်ညိုလို့ ဥဒါန်းကျူးထားတာဖြစ်ပါသတဲ့"

"ဩော် .. ဒီလိုလား"

"ဆရာတော်ကြီးများက သို့ကလို ဖွင့်ဆိုတော်မူခဲ့တာကို တွေ့ရတယ်။ အဲဒီအပိုဒ်ရောက်တဲ့အခါကျတော့ သိကြားမင်းရဲ့ ဥဒါန်းကျူးပုံကို ပြောကြတာပေါ့ကွယ်"

"ဟုတ်ကဲ့ ဘဘ"

"အဲသလို နောက်ဆုံး နိဂုံးချုပ်မို့ သံဃာတော်များရဲ့ ဂုဏ်ပုဒ်ကို အထွတ်အမြတ်ထားပြီး ဖော်ပြ,ဟောကြားတော်မူခဲ့တာဖြစ်တယ် လို့ ယူဆနိုင်ပါတယ်။ ဒါဟာ မြတ်စွာဘုရားရဲ့ ဆန္ဒတော်ရဲ့ အထွတ်အထိပ် ဖြစ်တယ်လို့လည်း ငါ့အတွေးနဲ့ ငါကြည်ညိုမိတယ်ကွဲ့"

"ဘဘ ကြည်ညိုပုံကို သိပါရစေလား ဘဘရယ်"

"ဒီလိုကွဲ့၊ ရတနသုတ်ဟာ ဘုရားရတနာ, တရားရတနာ, သံဃာရတနာမြတ်တို့ရဲ့ အထွတ်အမြတ် ဖြစ်ပုံကို အကျဉ်းဆုံးအားဖြင့် ဟောတော်မူတဲ့ တရားမဟုတ်လား။

အဲဒီမှာ ... ဒေသနာတော်ကို လေ့လာကြည့်မယ်ဆိုရင် အရိယာသံဃာတော်များ၊ ရဟန္တာ သံဃာတော်များရဲ့ ဂုဏ်ကျေးဇူးတို့ကို ထပ်ခါ,ထပ်ခါ ပြတော်မူထားတာ တွေ့ရလိမ့်မယ်၊ အဲဒါဟာ မဟာကရုဏာတော်ရှင် မြတ်စွာဘုရားရဲ့ အာဂမ ဆန္ဒတော်ဖြစ်တယ် လို့ ယုံကြည်နိုင်ပါတယ်။

http://www.dhammadownload.com



အလောင်းတော် သုမေဓာဘ၀က ဘုရားဆုပန်တော်မူခဲ့တာကို ကြည့်ပါ။

ဗုဒ္ဓေါ ဗောဓေယျံ။

မုတ္တော မောစေယျံ။

တိဏ္ဏော တာရေယျံ။

ဆိုတဲ့ ဆန္ဒတော်တွေကိုကြည့်ပါ။ 'သစ္စာလေးပါးကို ကိုယ်တော်တိုင် သိအောင် ပြုကျင့်ပြီးလျှင် သတ္တဝါဝေနေယျများပါသိစေရမယ်။ ငါ ကိုယ်တိုင် သံသရာ အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးလျှင် သတ္တဝါ များပါ လွတ်မြောက်ရမယ်။ ငါကိုယ်တိုင် သံသရာတစ်ဖက်ကမ်း သို့ ဆိုက်ရောက်ပြီးလျှင် သတ္တဝါများပါ သံသရာ တစ်ဖက်ကမ်းသို့ ရောက်စေရမည်' -ဆိုတဲ့ အဓိပ္ပာယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီ ဆန္ဒတော်အတိုင်း ကယ်တင်နိုင်ဖို့ကကော ဘယ်လောက် ကြိုးစားတော်မူခဲ့ရသလဲ။ ဆရာတော်ကြီးရဲ့ အမွှမ်းနိဒါန်းကို ပြန် ရွတ်ကြည့် ခံစားလိုက်စမ်းပါဦးကွာ"

"ပဏီဓာနတော=သာရမဏ္ဍာ၊ ကမ္ဘာမထက်၊ စတုတ္ထမင်းတရား ကြီး၏၊ ရွှေဖဝါးတော်မြတ်အောက်၊ လျှားမှောက်ဝပ်စင်း၊ ကိုယ်ဖြင့် ခင်း၍၊ တျင်းတျင်းသန်စွမ်း၊ မှုထမ်းအားကြီး၊ အရင်းနီးခဲ့သဖြင့်၊ ချီးမြှောက်ပေးသနားတော်မူအပ်သော နိယတဗျာဒိတ်ပန်းကို၊ မွှမ်း မွှမ်းထိပ်ပြင်၊ ပန်ဆင်တော်မူပြီးသည်မှ။ ပဋ္ဌာယ=စ၍။ တထာ ဂတဿ=ဂဂ်ါဝါဠု၊ သဲစုအတူ၊ လွန်တော်မူသော၊ တစ်ဆူမကြွင်း၊ တရားမင်းတို့ ကဲ့သို့လာခြင်းကောင်းတော်တူသော အစိန္တေယျ မြတ် စွာဘုရား၏။ ဒသပါရမိယော=ဥစ္စာ,သား,မယား၊ ပြည်တိုင်းကား တို့ကို၊ ပယ်ရှားစွန့်လှူ ဖြည့်ကျင့်တော်မူသော ဒသပါရမီတော် တို့ လည်းကောင်း။ ဒသဥပပါရမိယော=မျက်စိ၊ နား၊ နှာ၊ အင်္ဂါ၊ ခြေ၊

http://www.dhammadownload.com



လက်တို့ကို ရက်ရက်စက်စက် စွန့်လှူ ဖြည့်ကျင့်တော်မူသော ဒသ ဥပပါရမီတော် တို့လည်းကောင်း။ ဒသပရမတ္ထပါရမိယော= အသက်ကိုစင်၊ မခင်မမက်၊ ရက်ရက် စွန့်လှူ ဖြည့်ကျင့်တော်မူသော ဒသ ပရမတ္ထပါရမီတော်တို့လည်းကောင်း။ ဣတိ=ဤသို့။ သမတ္တိံသ ပါရမိယော= ဆယ်ပါးသုံးလီ၊ အမျှသုံးဆယ်သော ပါရမီတော် တို့ကိုလည်းကောင်း။ ပဥ္စမဟာ ပရိစ္စာဂေ= ကိုယ်ခန္ဓာနှင့်၊ ပြည်,ရွာ, သား, မယား၊ ဥစ္စာအားဖြင့်၊ ငါးပါးသော စွန့်ခြင်းကြီးတို့ကိုလည်းကောင်း။ လောကတ္ထ စရိယံ=သတ္တလောကဓာတ်၊ သူကျိုးမြတ်စေခြင်းငှာ၊ ရိုးမတ်စွာ ကျင့်တော်မူခြင်းလည်းကောင်း။ ဉာတတ္ထစရိယံ= ဆွေတော်, မျိုးတော်၊ သူကျိုးကိုမျှော်၍၊ ကျင့်တော်မူခြင်း လည်းကောင်း။ ဗုဒ္ဓတ္ထ စရိယံ= ကိုယ်ကျိုးစင်စစ်၊ ဘုရားဖြစ်စေခြင်းငှာ၊ သစ်သစ် အားယူ ဖြည့်ကျင့်တော်မူခြင်း လည်းကောင်း။ ဣတိ=ဤသို့။ တိသောစရိယာ ယော=သုံးပါးသင့်လျော် အကျင့်တော်တို့ကိုလည်းကောင်း။"

"ကဲ ... အဲဒီလောက်အထိ ကျင့်တော်မူတာဟာ တို့တစ်တွေလို သတ္တဝါဝေနေယျများအတွက် မဟုတ်လား။ အဲဒီတော့ မြတ်စွာဘုရား ရဲ့ ဆန္ဒတော်က ဖြစ်နိုင်ရင် လူတိုင်း, နတ်တိုင်း, ဗြဟ္မာတိုင်း ကိုယ်တော်မြတ်နှင့်တကွ နိဗ္ဗူကမ်းတစ်ဖက်ကို လှမ်းတက်စေချင်တာဟာ ထင်ရှားနေပါတယ်။ မိမိ၏သာသနာမှာ တရားဦး ဓမ္မစကြာ ဟောလို့ ပထမဦးစွာ ရဟန္တာဖြစ်ကြသည့် ပဥ္စဝဂ္ဂီ ၅ ဦးအနက်က ခေါင်းဆောင်ဖြစ်တဲ့ ကောဏ္ဍည ဘိက္ခုကြီး သစ္စာ ၄ ပါး တရားကို သိတော်မူတဲ့အခါတုန်းကများ မြတ်စွာဘုရား ကိုယ်တော်ဟာ ဘယ်လောက်များ ဝမ်းမြောက်တော်မူသလဲဆိုရင် ...

'အညာသိ ဝတ ဘော ကောဏ္ဍညော
အညာသိ ဝတ ဘော ကောဏ္ဍညော'

လို့ နှစ်ခွန်းဆင့်တောင် ဥဒါန်းကျူးတော်မူပါတယ်။

http://www.dhammadownload.com



အဓိပ္ပာယ်က 'ကောဏ္ဍညသည် (ငါဟောတော်မူတဲ့အတိုင်း) တရားသိသွားလေပြီ။' ... 'ကောဏ္ဍညသည် (ငါဟောတော်မူတဲ့အတိုင်း) တရားသိသွားလေပြီ။'-လို့ မိန့်တော်မူလိုက်တာပါပဲ။ အဲဒီလို ဝမ်းမြောက်တော်မူတာဟာ ဆန္ဒတော်အတိုင်း၊ သံသရာမှ ထွက်ရာထွက်ကြောင်း ဖြစ်တာကို သိတော်မူလို့ပါပဲ။ အာဝေဏိက ဂုဏ်တော်မှာ ကြည့်။

'နတ္ထိ ဆန္ဒဿ ဟာနိ' -တဲ့။

'မြတ်စွာဘုရား၏ အလိုဆန္ဒတော်သည် ယုတ်လျော့သွားသည် မရှိပါဘူး' -တဲ့

'သတ္တဝါများကို ကယ်တင်နိုင်ရန်ဝီရိယတော်ကကော...

'နတ္ထိ ဝီရိယဿ ဟာနိ'

'ဝီရိယတော်ကလည်း ယုတ်လျော့သွားသည် မရှိပါဘူး' တဲ့။"

"ဗုဒ္ဓမြတ်စွာဘုရားဟာ လေးဆယ့်ငါးဝါကာလပတ်လုံး နေ့စဉ်နှင့်အမျှ ဗုဒ္ဓကိစ္စ ငါးပါးကို ဆောင်ရွက်တော်မူရာမှာ တို့တစ်တွေ ဝေါဟာရနဲ့ တစ်နေ့ တစ်ညမှာ ၂၄ နာရီ ရှိတဲ့အနက် ၂၃ နာရီကျော် လုံးလုံး အသုံးပြု ကြိုးပမ်းတော်မူခဲ့တယ်။

ဒါဟာ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့အား သံသရာဝဋ်မှ ထွက်လွတ် ကူးမြောက်စေလိုတဲ့ ဆန္ဒတော်ကြီးကို အခြေခံထားလို့ ဖြစ်တယ်။

ဒီတော့ ဘဝမခြား သံသရာမှ လွတ်မြောက်ရေးတရားတို့ဟာ ဘယ်ပုဂ္ဂိုလ်များ၌သာ တည်ရှိနိုင်မလဲ"

"အား- ကျွန်တော်ရိပ်မိပြီ၊ ယခု ဘဝမှာပင် အရဟတ္တမဂ် တရားကို လက်ဝယ်ပိုင်ထားတဲ့ ရဟန္တာသာဝကများသာ ဖြစ်တော့ မှာပေါ့"

"အေး ... အဲဒီ ရဟန္တာ ထေရာထေရီ အပေါင်းအစုကို ဘာခေါ်သလဲ"

http://www.dhammadownload.com



" 'သံဃာ' လို့ ခေါ်ရပါတယ် ဘဘ"

"အဲဒီ သံဃာကို ရည်ညွှန်းတော်မူတာပေါ့၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးရဲ့ဆန္ဒတော်ကလည်း သံသရာရဲ့ဝဋ္ဋဒုက္ခမှ ဘဝပြတ်သွားစေချင်တယ်။ ဝေနေယျအများစု တောင့်တ,နေကြတာက လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ ဘဝများစွာ,များစွာ သံသရာမှာ ကျင်လည်နေချင်ကြတယ်။ ဒါ့ကြောင့်မို့ သံသရာဝဋ္ဋမှ ထွက်လွတ် ကူးမြောက်ရာ 'နိဿရဏ' နိရောဓသစ္စာ၊ ရဟန္တာ သံဃာတော်များ၏ ချမ်းသာပုံကို ထပ်တလဲလဲ ညွှန်ပြဟောကြားတော်မူခြင်းဖြစ်တယ် ...လို့ ငါကြည်ညိုမိတယ်။ ဆရာတော်၏ အနက်ဖွင့်ထားပုံကို မြန်မာစကားပြေ သက်သက်နဲ့ ဖတ်ကြည့် ခံစားစမ်းပါဦးလား ကွယ်"

"အကြင်တရားကိုယ်အားဖြင့်၊ ထိုထိုမလွတ်၊ ဂေါတြဘူနယ်ကုန် (မဂ်,ဖိုလ် ဆိုက်ရောက်နိုင်သောဉာဏ်)ဘုံအားဖြင့် ဘဝဂ်တိုင်၊ တက်နိုင် ဆုတ်နစ်၊ မြုပ်နစ်ခါမျော၊ အာသဝေါတို့၏၊ ကြာတောမိုးရေ၊ ကွာလျောကြွေသကဲ့သို့၊ ပရမေဘုန်းတန်း၊ အဆုံးခန်းတော်မူကြသော၊ ရဟန္တာ အရှင်မြတ်တို့အား၊ အာသဝဆူလျှမ်း၊ မယှူမှန်း နိုင်သဖြင့်၊ သူကန်းဝိုးဝါး၊ ခရီးပန်းသွား သကဲ့သို့၊ မှားချည်,မှန်ချည်၊ သံသရာမြင့်ရှည်အောင်၊ လည်ရခြင်းအကြောင်း၊ အတိတ်ကကောင်း, မကောင်းခဲ့သော အဟောင်းဖြစ်သော၊ ကုသိုလ်ကံ, အကုသိုလ်ကံသည်၊ မဂ်ပုဆိန်ဖြင့်၊ တစ်ရှိန်တည်း ခုတ်ထစ် နုတ်ပစ်၍၊ အငုတ်, အမြစ်နှင့်တကွ ကုန်ပြီ။

တစ်ရံတစ်ဆစ်၊ တစ်ဖန် ဖြစ်လတ္တံ့သော၊ အသစ်ကုသိုလ်ကံ၊ အကုသိုလ်ကံသည်လည်း မရှိ။ လာလတ္တံ့သော ဘဝခန္ဓာ သံသရာ၌ တပ်ခြင်း ကင်းသဖြင့် အချင်းခပ်သိမ်း၊ ချစ်ဖွယ်,ခင်ဖွယ်,နှစ်သက်ဖွယ်ဟု မတွယ်တာသော စိတ် ရှိတော်မူကုန်၏။

http://www.dhammadownload.com



မျိုးသီးလုံးကို၊ မီးအုံးသောပုံ၊ ပြုတ်သောပုံကဲ့သို့၊ ကုန်ပြီးသော ပဋိသန္ဓေ မျိုးစေ့ရှိတော်မူကုန်၏။ သံသရာအခွန့်၊ ကွန့်ကွန့်လည် လည်၊ အညွန့်ရှည်အောင်၊ မစည်ပင် မကြီးပွား၊ နည်းပါးကင်းပြတ် သော အလိုဆန္ဒ ရှိတော်မူကုန်၏။

ထိန်တပြောင်ပြောင်၊ ရှိန်ရောင်ညီးညီး၊ ဤဆီမီးသည်၊ သွားရာ မမြင်၊ ဤတွင်ပျောက်ပြေ၊ ငြိမ်းသေလေသကဲ့သို့၊ သမာဓိဂုဏ်၊ အင်စုံကြီးရင့် (အင်္ဂါရပ်အစုံဖြင့်) ဉာဏ်မျက်စိပွင့်တော်မူကုန်သော၊ ထိုရဟန္တာ အရှင်မြတ်တို့သည်၊ ခန္ဓာပျက်ကိန်း၊ လက်စသိမ်း၍၊ အငြိမ်းကြီး ငြိမ်းတော်မူကြလေကုန်ပြီ။

တရားကိုယ်အားဖြင့်၊ ထိုထိုမလွတ်၊ ဂေါတြဘူ(မဂ်,ဖိုလ်သို့ ဆိုက်ရောက်နိုင်သောဉာဏ်)နယ်ကုန်၊ဘုံအားဖြင့် ဘဝဂ်တိုင်၊ တက် နိုင်ဆုတ်နစ်၊ မြုပ်နစ်ခါမျော၊ အာသဝေါတို့၏၊ ကြာတောမိုးရေ၊ ကွာလျောကြွေသကဲ့သို့၊ ပရမေဘုန်းတန်း၊ အဆုံးခန်းတော်မူသော ရဟန္တာ သံဃာတော်သည်သာလျှင်။ ဝိသိဋ္ဌ တရ၊ အတိဋ္ဌမောဇ္ဇ– သောဘဏီဖြစ်၍၊ လောကီဥစ္စာရတနာတို့ထက်၊ သာလွန်, မြင့်မြတ် သော မင်္ဂလာကြီးအစစ်၊ လောကုတ္တရာ ရတနာတော်ကြီး ဖြစ်ပေ၏။

ဤသို့မဖောက်မပြန်၊ အမှန်ကိုသာဆိုရသောသစ္စာကြောင့်၊ သတ္တ ဝါတို့အား၊ ဘေးရန်ဟူ၍၊ မြူမငွေ့ဘဲ၊ အရေ့လောကဓာတ်မှ၊ တက် လတ်သော ဘာနုရာဇာ၊ စကြာနေမင်းသည်၊ ဆီးနှင်း,မြူ,တိမ်၊ သူရိန်,မီးခိုး၊ ရန်မျိုးနှင့်မကြိမ်ရ၍၊ နိမ္မလ (သန့်ရှင်းသော) လက္ခဏာ ရှိသကဲ့သို့ ပကတိပွင့်လန်း၍၊ ချမ်းသာ တကာတို့ အထွတ်အဖျား၊ ဘုရား ပစ္စေက ဗုဒ္ဓါ၊ အရိယာ သာဝက၊ အမိတ (မနိုင်းအပ်သော) ဘဂျဝန်၊ ဘဝဏ္ဏဂု၊ သုံးဌာနဆုတို့တွင်၊ တစ်ခုခုအလိုရှိအပ်သော၊ အဓိဋ္ဌာန်ဖြင့်၊ နိဗ္ဗာန်တိုင်အောင်သော လောကီ, လောကုတ္တရာ မင်္ဂလာ အစီးအပွားသည်၊ ဖြစ်ပါစေသတည်း။"

http://www.dhammadownload.com



"အေး .. အဲသလို ပြန်ဖတ်လိုက်တော့ သဘောပိုပေါက်သွားတာပေါ့၊ သဘာဝဓမ္မအားဖြင့် ရဟန္တာအရှင်မြတ်တို့ဟာ မဂ်,ဖိုလ်ကို ဆိုက်ရောက်နိုင်သော လောကုတ္တရာဉာဏ်ကြောင့် သံသရာဝဋ်၌ ကျင်လည်တတ်သော အကုသိုလ်ကံ, ကုသိုလ်ကံတို့ဟာ သစ်ပင် အငုတ်,အရင်းတို့ကို ခုတ်ထွင်းလိုက်သကဲ့သို့၊ အာသဝေါတရား တို့ကို အရဟတ္တမဂ်တည်းဟူသော ပုဆိန်ဖြင့် ခုတ်ထွင်းနှုတ်ပယ်ပြီး ဖြစ်ပါတယ်။ 'အာသဝေါတို့၏၊ ကြာတောမိုးရေ၊ ကွာလျော ကြွေ သကဲ့သို့' ဆိုတဲ့ စကားလုံး ဥပမာကို သတိထားမိရဲ့လား။

ကြာတောမှာ မိုးရွာပေမယ့် ကြာဖတ်မှာ ရေမတင်ဘူး မဟုတ်လား။ အဲဒီလိုပဲ ...'ခီဏာသဝါ'–ရဟန္တာကိုယ်တော် မြတ်ကြီး များရဲ့သန္တာန်မှာ ကိလေသာမိုး မတွယ်ကပ် မတင်နိုင်တာကို ကိုးဆောင်တိုက် ဆရာတော်ကြီးကဖွင့်ဆိုထားတာဘယ်လောက်ကောင်းသလဲ"

" 'ခီဏာ' ဆိုတာ 'ကုန်ဆုံးခြင်း၊ ဆိတ်သုဉ်းခြင်း။ 'အာသဝေါ' ဆိုတာ 'အာသဝေါတရား'။ ဒီတော့ 'အာသဝေါတရားတို့မှ ကုန်ဆုံးအပ်သော ချုပ်ငြိမ်းအပ်သော၊ ဆိတ်သုဉ်းအပ်သော၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုပြီးအပ်သော ရဟန္တာ အရှင်မြတ်များပေါ့။ တို့ ဘုရားရှိခိုး ထဲမှာ ပါတယ်လေ။ အာသဝေါတရား ၄ ပါးတို့မှ ကင်းရာ,ကုန်ရာ, ချုပ်ရာ,ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏' – အဲသလို ဆိုတယ် မဟုတ်လား။

'အာသဝေါ'ဆိုတဲ့ ပါဠိက '(အညစ်အကြေးများ) ယိုစီးခြင်း' တဲ့။ အာသဝေါတရား ၄ ပါးရှိတယ်လေ။

(၁) ကာမာသဝ၊

(၂) ဘဝါသဝ၊

(၃) ဒိဋ္ဌာသဝ၊

(၄) အဝိဇ္ဇာသဝ တို့ပေါ့။

http://www.dhammadownload.com



မဂ်တရားဟူသော ပုဆိန်ဖြင့် ကိလေသာတည်းဟူသော သစ်ပင်အငုတ်,အရင်းတို့ကို ခုတ်ထွင် ပယ်ဖျက်ပြီးသောကြောင့် ရဟန္တာအရှင်မြတ်တို့ဟာ နောင်ဘဝဟူ၍ ဖြစ်တော့မည့် ကုသိုလ်ကံအသစ်, အကုသိုလ်ကံအသစ်လည်း နည်းနည်းလေးမှ မရှိ။

ဒီတော့ မြတ်စွာဘုရားကို ရဟန္တာများက ပူဇော်ကြတာ, ပြုစုလုပ်ကျွေးတော်မူကြတာတွေဟာ ကုသိုလ်ကံအသစ်တွေ ဖြစ်မလာဘူးလား လို့ မေးစရာရှိပါတယ်။ အဲဒါကို သပြေကန်ဆရာတော်က ဖွင့်ဆို,ရှင်းပြထားပါတယ်။

ရဟန္တာများသည် မြတ်စွာဘုရားကို ပူဇော်ခြင်း၊ ဒါနပြုခြင်းစသည်,စသည် ကောင်းမှုတို့ကို ပြုကြသည့်တိုင်အောင် ထိုကောင်းမှုတို့၌ နောင်ဘဝကိုဖြစ်စေသောဓာတ်သတ္တိမရှိ။ ကံအဖြစ်သို့မရောက်တော့ဘဲ။ ကရဏမတ္တကြိယာ (ပြုရုံမျှသာ၊ ဘဝအကျိုးမှ မဖြစ်စေတတ်သော ပြုလုပ်ခြင်း) ဟု ခေါ်ဆိုရပါသတဲ့။

ဆိုလိုတာက အမြစ်ပြတ်ပြီးတဲ့ သစ်ပင်တို့ဟာ အပွင့်,အသီးရယ်လို့ မဖြစ်တော့ဘဲ မျိုးဗီဇတုံးသွားဘိသကဲ့သို့၊ တဏှာ မရှိတော့ပြီဖြစ်တဲ့ပုဂ္ဂိုလ်တို့၏ကောင်းမှုများဟာလည်း နောင်ဘဝအသစ်ကိုဖြစ်စေမည့် ကံအသစ်ကို မဖြစ်စေတော့ပါဘူး–တဲ့။ ဒါ့ကြောင့် 'နဝံ နတ္ထိ သမ္ဘဝံ– (ရဟန္တာများသည်) အသစ်ကံ များလည်း ထင်ရှားစွာ မရှိတော့' ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ကြောင်း ဆရာတော်က ဖွင့်ပြထားပါတယ်။

'နောင်ဖြစ်လာမယ် ဆိုတဲ့ ဘဝကို နှစ်သက်,တွယ်တာတဲ့ စိတ်မရှိတော့လို့ နောင်ဘဝကိုလည်း မမျှော်မှန်းဘူး၊ မက်မောခြင်းလည်း မရှိတော့ဘူး။ '... တဲ့။

အေး၊ 'အဲဒီမှာ ကုသိုလ်ကံ, အကုသိုလ်ကံ ဆိုတဲ့ ကံ ၂ မျိုးစလုံးဟာ နောင်ဘဝရယ်လို့ ဖြစ်လာမယ့် အကြောင်း ဓာတ်မြစ်

http://www.dhammadownload.com



သဘောတရားတွေ ဖြစ်တယ်။ ရဟန္တာ အရှင်မြတ်ကြီးများမှာတော့ အကျိုးပေးစရာနောင်ဘဝရယ်လို့မရှိတော့တဲ့အတွက် ထို ကံ ၂ မျိုး စလုံး မပေါ်နိုင်တော့ပါဘူး'... တဲ့။

ဘဝဆိုတာ တို့လို အန္ဓပုထုဇဉ်တွေကသာ မက်မောကြတာကွ၊ ဘယ်လောက် မက်မောသလဲဆိုတာ မင်းကြည့်။

ဘဝမှာ အစစ,အရာရာ ပြည့်စုံနေတဲ့ လူမျိုးတွေကို မဆိုထားနဲ့၊ အစာရေစာ ပြတ်လပ်ပြီး ထမင်းငတ်နေတဲ့ဆင်းရဲသားတွေကလည်း ကိုယ့်ဘဝလေးကိုတော့ မက်နေသေးတာပဲ။ ခြေပြတ်, လက်ပြတ် ဒုက္ခိတတွေလည်း ကိုယ့်ဘဝကိုတော့မက်နေသေးတာပဲ၊ နာလန်မထူ နိုင်တဲ့ လူမမာတွေ၊ ကုဋ္ဌနူနာ စွဲနေတဲ့ ရောဂါသည် တွေ။ အဲသလို မျှော်လင့်ချက် မရှိတော့တဲ့ လူမျိုးတွေကလည်း ကိုယ့် ဘဝလေးကို မက်နေသေးတာပဲ။ သေမလား မေးကြည့်၊ မသေချင်ကြဘူး။ မလွဲ မသွေ သေရတော့မယ် ဆိုရင်တောင် နောင်ဘဝကို ဆုတောင်းလိုက် ကြသေးတယ်။ အဲဒီသဘောမျိုးဟာ သံသရာ အဆက်ဆက်က ပါလာတဲ့ တဏှာကြောင့်ပါပဲ .. တဲ့။ အဲဒီ တဏှာ ပယ်ဖြတ်ပြီးတဲ့ ရဟန္တာ အရှင်မြတ်များကတော့ ယခု ဘဝ ကုန်ဆုံးမှာကိုလည်း မကြောက်တော့ဘူး။ နောင်ဘဝလည်း မမက်တော့ဘူး။

ဒါ့ကြောင့် 'အာယတိကေ ဘဝသ္မိံ၊ ဝိရတ္တာ စိတ္တာ' ဆိုတဲ့ ဘုရား ဟော ပါဠိကို သပြေကန်ဆရာတော်က ကိုးကားပြီး ပြထားတယ်၊ အဓိပ္ပာယ်က –နောင် ဘဝအသစ်ဝယ် တွယ်တာသော စိတ် မရှိက နောင်ဘဝအသစ်မလိုချင်ကြတော့ဘူး။

ဘဝတိုင်းဘဝတိုင်းဟာ ဒုက္ခသစ္စာ–ဆိုတာကို သိတော်မူပြီးကြ ပြီလေ။ 'ဇာတိပိ ဒုက္ခ' လို့ ဓမ္မစကြာမှာ ဟောတော်မူထားတယ် မဟုတ်လား။ အဲဒီဒုက္ခသစ္စာကိုကြောက်လို့ ဒုက္ခသစ္စာ၏ အကြောင်း ရင်း ဖြစ်တဲ့ သမုဒယ သစ္စာတဏှာကို ပယ်ဖြတ်တော်မူကြတယ်။

http://www.dhammadownload.com



ဘယ်လို ပယ်ဖျက်သလဲ၊ မြေကြီးနဲ့ မျိုးစေ့ရှိရင် အပင်ပေါက်လာတတ်တဲ့ သဘာဝ ဥပမာအတိုင်း အဲဒီကိလေသာ တဏှာဆိုတဲ့ မျိုးစေ့တွေကို မီးနဲ့ ဖုတ်ပစ်လိုက်တယ်၊ ရေနဲ့ ပြုတ်ပစ် လိုက်တယ်၊ ဗီဇ တုံးအောင် လုပ်ပစ်လိုက်ကြတယ်၊ ဒါကြောင့် ကိုးဆောင်တိုက် ဆရာတော်က 'မျိုးသီးလုံးကို မီးအုံးသောပုံ၊ ပြုတ်သောပုံကဲ့သို့ ကုန်ပြီးသော ပဋိသန္ဓေမျိုးစေ့ရှိတော်မူကုန်၏'လို့ ဖွင့်ဆိုတော်မူထားတာပေါ့။

ဘုရားမှအစ ရဟန္တာအရှင်မြတ်များဟာ ခန္ဓာဝန်ကို ထမ်းဆောင်နေသမျှ အချိန်ကာလတို့မှာလည်း သ ဥပါဒိသေသနိဗ္ဗာန်ကို ရရှိတော်မူနေကြတယ်။ ခန္ဓာဝန်ချပြီးတဲ့ နောက်မှာတော့ အနုပါဒိသေသ ကြွင်းကျန်မှုမရှိသောနိဗ္ဗာန်ကို ဆိုက်ရောက်တော် မူကြပါတယ်တဲ့။

အနုပါဒိသေသ–နိဗ္ဗာန်ကိုရည်မှန်းပြီးတော့ ဆီမီးများငြိမ်းသွားတာနဲ့ ဥပမာ ပေးပါတယ်။ မီးစာကုန် ဆီခန်းလို့ ဆီမီးများ ငြိမ်းသွားတဲ့အခါ မီးတောက်ဟာ ဘယ်ပျောက်ပြီး ဘယ်ရောက် သွားတယ်လို့ ပြောနိုင်စရာ မရှိသလို ချုပ်ငြိမ်းသွားတာမျိုးကို ပြောတာပါ။

ဒါ့ကြောင့်–

'ထိန်တပြောင်ပြောင်၊ ရှိန်ရောင် ညီးညီး၊ ဤဆီမီးသည် သွားရာမမြင်၊ ဤတွင် ပျောက်ပြေ၊ ငြိမ်းသေလေသကဲ့သို့' – လို့ ဆိုထားတာပေါ့။

'ဆီနဲ့မီးစာကရုပ်သဘော။ မီးတောက်ကလေးက နာမ်သဘော' လို့မှတ်ရလိမ့်မယ် ထင်တယ်။

ပရိနိဗ္ဗာန်ပြုတယ်ဆိုရင် ရုပ်ရော,နာမ်ရော ချုပ်ငြိမ်းသွားတာကိုးကွဲ့။

အဲဒီလို ရုပ်,နာမ် ၂ ပါးလုံး ချုပ်ငြိမ်းသွားတာကို တို့တစ်တွေ

http://www.dhammadownload.com



က ချမ်းသာခြင်း အစစ်လို့ တကယ် မသိကြပါဘူး။ နှလုံးသည်းပွတ် ထဲကကို မသိဘူး၊ စွဲစွဲမြဲမြဲ ကို မသိဘူး ...

ဒါ့ကြောင့် သပြေကန်ဆရာတော်က သို့ကလို ဆိုထားတယ်လေ

'သမုဒယကုန်သဖြင့် ရုပ်,နာမ်,ခန္ဓာ တို့၏ချုပ်ငြိမ်းမှု ပြီး နေသည့် အဖြစ်၊ အနုပါဒါ– ပရိနိဗ္ဗာန်ဖြင့် ရုပ်,နာမ်,ခန္ဓာ တို့မှ လုံးဝကင်းလွတ်သည့် အဖြစ်မျိုးတို့မှာ ဂမ္ဘီရ(နက်နဲသည်)။ အပ္ပ မေယျ (မနှိုင်းယှဉ်နိုင်)။ ဒုပ္ပရိယောဂါဟ (သက်ဝင်ဖို့ ခဲယဉ်း သည်) –ဟု ဆိုရာ နိရောဓကို ကိုယ်တွေ့ မရှိ၊ မသိ,နားမလည် သူများကား ထိုအခြေအနေမျိုးကို အသိရောက်ဖို့ ဝေးစွ၊ ခန့်မှန်း ရုံပင် မလွယ်လှ။ နိရောဓကို ကိုယ်တွေ့ ဆိုက်သိပြီး သူတို့သာ နားလည်ရာ၏။ '– တဲ့။

သဘောကတော့ ပိဋကတ်သုံးပုံ အကုန်တတ်မြောက်နေသူ တစ်ဦးကို ဘာမှမသိတဲ့လူတစ်ဦးကဘယ်လိုမှအကဲမခတ်နားမလည် နိုင်ရာသလိုပေါ့ကွယ်။ တကယ်လို့ ကြံစည်,တွေးတောနိုင်သူ ဖြစ် တယ်ထားဦး။ ပိဋကတ်သုံးပုံတတ်ကျွမ်းပြီးပုဂ္ဂိုလ်နည်းတူ ဉာဏ် ရည်မီအောင် စနစ်တကျ တွေးတောမှာ မဟုတ်ဘူး။ 'တောင် တောင် အီအီ', 'ထင်ရာမြင်ရာ', 'ဆင်ကန်း တောတိုး' အတွေးမျိုးသာ ဖြစ်လာ မှာပေါ့၊ ဒါကြောင့် တို့လို ဝေနေယျတွေက ရဟန္တာသံဃာတော်များ မှာသာရှိတဲ့ နိရောဓသေစ္စာရဲ့ သန္တိသုခကို လိုချင်ရကောင်းမှန်း မသိ ဘူး။ နှစ်သက်ရကောင်းမှန်းမသိဘူး။ မိမိရဲ့သန္တာန်မှာ ဆိုက်ရောက် လာအောင် ကျင့်ကြံ, ကြိုးစားရမှန်း မသိဘူး။

'သဠာယတနဝဂ္ဂသံယုတ်' မှ ကောက်နုတ်ချက်ကို ဆရာတော် က သို့ကလို ညွှန်းထားတော်မူပါတယ် ...

'နိဗ္ဗာနဓာတ်၊ မမြင်တတ်သည့်၊ နတ်နှင့်တကွ၊တစ်လောက လုံးသည်၊ ဤရုပ်သဒ္ဒ၊ စသည့်အာရုံ၊ ကာမဂုဏ်တို့ကို၊ ချမ်းသာ

http://www.dhammadownload.com



ဟုပင်၊ အမြင်မှားလတ်၊ သမုတ်အပ်ကုန်၏။ အကြင် နိဗ္ဗာန ဓာတ်တရားမြတ်၌၊ ထိုဝတ္ထုအာရုံ၊ ကာမဂုဏ်သည်၊ လုံးဝ ရုပ်သိမ်း၊ ချုပ်ငြိမ်းကြရကုန်၏။ အငြိမ်းဓာတ်မှန်၊ ထိုနိဗ္ဗာန်ကိုမူ၊ တဏှာပူးဝင်၊ ပုထုဇဉ်ဟု၊ ဉာဏ်မြင်ကင်းသူ၊ ထိုနတ်,လူတို့သည်၊ ကြောက်ဖွယ်ရာမြင်၊ ကောင်းမထင်ဘဲ၊ တွင်တွင် ရှုတ်ချ၊ ဒုက္ခ ဟု သမုတ်အပ်ပေသတည်း။

ဥပါဒါန်နှယ်၊ တွယ်ရာအကြောင်း၊ ခန္ဓာငါးပါး အပေါင်း၏၊ လုံးဝရုပ်သိမ်း၊ ချုပ်ငြိမ်းရာမှန်၊ မြတ်နိဗ္ဗာန်ကို၊ ချမ်းသာအစစ်၊ ဧကန်ဖြစ်၏ ဟူ၍၊ သန့်ရှင်းဖြူစင်၊ အရိယာ အရှင်တို့သည် ကိုယ်တွေ့ဆိုက်ထိ၊ သိအပ်ပေပြီ။

နတ်,လူ သာမန်၊ မမြင်တန်သည့်၊ နိဗ္ဗာန်တရားမြတ် ဤအငြိမ်းဓာတ်ကို၊ မဂ်သိ, ဖိုလ်သိ၊ အမြင်ရှိလာ၊ အရိယာ အရှင်မြတ်တို့ အဖို့၊ ကိလေသာဟု၊ သလာတွေဖုံး၊ တစ်လောက လုံးနှင့်၊ အမြင်နှစ်ဝ၊ ယှဉ်မရဘဲ၊ လုံးဝဆန့်ကျင်၊ ပြောင်းပြန်ပင်၊ အမှားအမှန်၊ မြင်ဟန်ယှူဆ၊ မတူမျှချေ၊ ဖြစ်ရပေသတည်း'

... တဲ့။ မြတ်စွာဘုရား ကိုယ်တော်ကြီးရဲ့ ဆန္ဒကတော့ အဲဒီမောဟအဝိဇ္ဇာတွေကို ပယ်ပြီးတော့ ရဟန္တာ သံဃာတော်များရဲ့ အမြတ်ဆုံးသော ချမ်းသာကို သိစေချင်,မြင်စေချင်,ဆိုက်ရောက် ကြစေချင်တဲ့အတွက် သံဃာ့ဂုဏ်ကို ချီးမွမ်း,ထုတ်ဖော်,ဟောတော်မူခြင်းဖြစ်ပါ တယ်။ အဲဒီချမ်းသာခြင်းဟာ မဖောက်မပြန်၊ ဘယ်လောက်မှန် ကန်သလဲ–ဆိုတာကို သစ္စာစကားနဲ့တောင် မြွက်ကြားတော်မူပါတယ်၊ ဘယ်လိုမြွက်ကြားသလဲ။

'ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ' – တဲ့"

http://www.dhammadownload.com

# ရတနသုတ် (၁၀)

## ဗြဟ္မာ့သိကြား မေတ္တာပွား အများချမ်းသာစေ

"ကဲ ... ဒီကနေ့တော့ 'ရတနသုတ်' ကို နိဂုံးချုပ်ကြစို့ရဲ့"

"ဟုတ်ကဲ့ ဘဘ"

"မနေ့ကအထိ တို့ပြောခဲ့တာဟာ ပရိတ်အမွှမ်းကလွဲရင် မြတ်စွာ ဘုရားကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ ဗုဒ္ဓဝစနဂါထာများ ဖြစ်တယ်။ ဒီကနေ့ ဆက်ပြောရမယ့် နိဂုံးဂါထာ ၃ ပုဒ်ကတော့ သိကြားမင်း•ရဲ့ ထောက်ခံ ချီးကျူး သစ္စာဆိုတဲ့ စကားများသာ ဖြစ်တယ်"

"သိကြားမင်းက ဘာဖြစ်လို့ဒီလိုသစ္စာဆိုရတာလဲ ဘဘ၊ အခြားသော ပရိတ်တော်တွေမှာ သိကြားမင်းက သစ္စာဆိုတာ မတွေ့မိပါဘူး"

"အေး ... ဘာဖြစ်လို့ သစ္စာဆိုရတဲ့ အကြောင်း ပြောရမယ်ဆိုရင် 'ရတနသုတ်' ရဲ့နိဒါန်းကိုကြည့်ပါ။

'ယာနီဓ ဘူတာနိ သမာဂတာနိ၊

ဘုမ္မာနိဝါ ယာနိဝ အန္တလိက္ခေ'အစရှိတဲ့ ဂါထာ နှစ်ပုဒ်ပဲ။

အဓိပ္ပာယ်က 'ငါဘုရား ယခု တရားဟောရာသို့ ဘုမ္မစိုးနတ်ကြီးများ၊ အာကာသစိုး နတ်ကြီးများ၊ ဗြဟ္မာကြီးများ၊ ညီညာဖွဖွ စည်းဝေးလာကြကုန်၏။ ထိုထို နတ်ကြီးများတို့သည် ငါဘုရား၏ တရားတော်ကို ဂရုစိုက်မှုထား၍ နာကြားကြကုန်လော့။ ထိုသို့ နာကြား ပြီးသည့်နောက်(ဝေသာလီပြည်သူ,ပြည်သား)သတ္တဝါများအား သနား,

http://www.dhammadownload.com



ချစ်ခင်၍ အန္တရာယ်တို့မှ ကင်းဝေးအောင် စောင့်ရှောက်ကြ ပါကုန်လော့’ ဆိုတဲ့ အမိန့်တော်ကို တွေ့ရပါလိမ့်မယ်။ မင်း မှတ်မိတယ် မဟုတ်လား”

“ဟုတ်ကဲ့ ဘဘ၊ ကျွန်တော် မှတ်မိပါတယ်”

“မြတ်စွာဘုရားက နတ်,သိကြား,ဗြဟ္မာတို့အား အဲသလို နှုတ်ဆက် တိုက်တွန်းတော်မူပြီးသည့်နောက်မှ

‘ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
သဂ္ဂေသုဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။’

..လို့ ဟောတော်မူတယ်။ အဓိပ္ပာယ်ကတော့ တို့ ပြောခဲ့ပြီပဲ။ ‘ရတနာ့ ရတနာတို့တွင် ဗုဒ္ဓရတနာ, ဓမ္မရတနာ, သံဃာ့ရတနာ၊ ဤရတနာ သုံးပါးသာလျှင် လောကီ,လောကုတ္တရာ ရတနာအစစ်ကြီး များ ဖြစ်ပါတယ်။ ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ’ လို့ မြတ်စွာဘုရားကိုယ်တော်တိုင် သစ္စာဆိုမြွက်တော်မူတာဖြစ်တယ်။ အဲဒီ ဂါထာပေါင်းက ၁၅ ပုဒ် ရှိတယ်။ နောက်ဆုံး ဂါထာက ‘ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ’ဆိုတဲ့ သံဃာ့ဂုဏ်တော်၊ ကျေးဇူးတော် အထိပေါ့ကွာ”

“နေပါဦး ဘဘရဲ့၊ ကျွန်တော် ကြားဖောက်ပြီး တစ်ခုလောက် မေးစမ်းပါရစေ။ အခုန ဘဘပြောတယ်လေ။ မြတ်စွာဘုရား ကိုယ်တော်တိုင်က သစ္စာဆိုမြွက်တော်မူတာ ဖြစ်တယ်တဲ့။ အဲဒီသဘောက မိမိကိုယ်တော်တိုင်ရဲ့ ဂုဏ်တော်,ကျေးဇူးတော်တွေကို ဖော်ပြပြီး သစ္စာဆိုတော်မူတဲ့ သဘောလား”

“အလား .. လား ... လား။ မင်းမေးတဲ့မေးခွန်းက ကောင်းလိုက်

http://www.dhammadownload.com



တာကွယ်။ မင်းဒီလိုမမေးရင် ငါဖြေဖို့ သတိရမှာ မဟုတ်ဘူး။ ဒီလိုကွဲ့... ဒီလို ... ။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက သစ္စာဆိုမြွက်တော်မူလိုက်တာဟာလေ။ ကိုယ်တော်တိုင် မိမိတစ်ပါးတည်းရဲ့ ဂုဏ်တော် ကျေးဇူးတော်တို့ကို ဖော်ပြ, မိန့်ဟတော်မူလိုက်တာ မဟုတ်ပါဘူး။ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော အနန္တ၊ အနန္တဘုရားရှင်တို့၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို လည်းကောင်း၊ ထိုဘုရားရှင်၊ ဘုရားရှင်တို့၏ သုံးသပ်ဆင်ခြင်အမှန်မြင်တော်မူခဲ့ကြသော တစ်ခုတည်းသောပရမတ္ထတရားတော်,ဂုဏ်တော်,ကျေးဇူးတော်တို့ကိုလည်းကောင်း၊ ထိုတရားတော်၏ အမြိုက် အရသာကို ခံစား, ကျင့်ကြံ, အားထုတ်တော်မူပြီး၍ အရိယာစင်စစ် ဖြစ်တော်မူခဲ့ကြရသောသံဃာတော်တို့၏ဂုဏ်တော်,ကျေးဇူးတော်တို့ကိုလည်းကောင်း။

အဲဒီ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို ယခု ငါတို့ရဲ့ ဂေါတမ နွယ်ဖွား မြတ်စွာဘုရားကိုယ်တော်တိုင်ကဖော်ထုတ်,ချီးကျူး၍ သစ္စာဆိုတော်မူလိုက်တာ ဖြစ်ပါသတဲ့။ ဒါ့ကြောင့် ယခု 'ရတနသုတ်' ကို ဟောတော်မူတဲ့ မြတ်စွာဘုရားက ဂင်္ဂါဝါဠု သဲစုအတူ လွန်တော်မူကြသော မြတ်စွာဘုရားတို့၏ဂုဏ်တော်,ကျေးဇူးတော်တို့ကို မြွက်ဆိုတော်မူခြင်းဖြစ်တာကြောင့်၊ ပရိတ်ကြီး ၁၁ သုတ်တွင် တန်ခိုး အာနိသင် အလွန်ထက်မြက်, စူးလှကြောင်း ဆရာ့,ဆရာတို့၏ ဩဝါဒကို နာခံ မှတ်သားခဲ့ရဖူးပါတယ်ဗျာ .. ။ မင်းမေးလိုက်တာကို ကျေးဇူးတောင် တင်ရပါသေးတယ်"

"သိကြားမင်းက သစ္စာဆိုတာကို ပြောပါဦး ဘဘ"

"အေး ... အခုနက ပြောခဲ့တယ်လေ၊ မြတ်စွာဘုရားက နတ်, သိကြား, ဗြဟ္မာတို့အား သတ္တဝါတို့ အပေါ်မှာ မေတ္တာထား၍ သနားကူညီ စောင့်ရှောက်ကြပါလို့ တိုက်တွန်းတော်မူတဲ့ စကား မှတ်မိတယ် မဟုတ်လား"

http://www.dhammadownload.com



"မှတ်မိပါတယ် ဘဘ"

"အေး ... အဲဒီလို တိုက်တွန်းတော်မူလိုက်တဲ့ ဗုဒ္ဓအမိန့်တော်ကို ရိုသေ,နာခံသောအားဖြင့် မြတ်စွာဘုရားရဲ့ တရားတော်အဆုံးမှာ သိကြားမင်းကိုယ်တိုင်က 'ယာနီဓ ဘူတာနိ သမာဂတာနိ' အစရှိတဲ့ သုံးဂါထာကို ရွတ်ဆိုပြီး သစ္စာပြုလိုက်တာဖြစ်တယ် ...

အဓိပ္ပာယ်က 'ယခုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောတော်မူလိုက်တဲ့အတိုင်း ရတနာ့, ရတနာတို့တွင် ဗုဒ္ဓရတနာ, ဓမ္မရတနာ, သံဃာ့ရတနာ တို့သည်သာလျှင် အမြတ်ဆုံး ရတနာ များဖြစ်ကြပါကုန်၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါအများ ချမ်းသာကြပါစေသတည်း' ပေါ့။

ကဲ...ဒီတော့ မြင်းခြံ ကိုးဆောင်တိုက် ဆရာတော်ဘုရားကြီးရဲ့ အနက်မြန်မာပြန်ကို ဖတ်ရှုလိုက်ကြပါစို့ရဲ့"

"ဘုမ္မာနိ=ဗိမာန်ဘုံဆောင်၊ ဂုဏ်ရောင်ကျက်သရေ၊ ဘုန်းမိုးစွေလျက်၊ မြေ၌တည်ကုန်သော။ ယာနိဘူတာနိဝါ= အကြင်ဘုမ္မစိုး ရက္ခစိုး၊ တန်ခိုးကြီးမြတ်၊ စတုမဟာရာဇ် တာဝတိံသာစသော နတ်တို့သည်လည်းကောင်း။ အန္တလိက္ခေ= တန်ခိုး ဂုဏ်ရောင်၊ ဘုံဆောင်ကွန့်ဝဲ၊ ပန်းဆိုင်းဆွဲသကဲ့သို့၊လွန်ကဲက္ကဒ္ဒိပါဒ်၊ ကောင်းကင်ရပ်၌။ ဋ္ဌိတာနိ= အာကာလွှမ်းမိုး၊ အုပ်စိုး တည်နေကြကုန်သော။ ယာနိ ဘူတာနိဝါ= အကြင်ယာမာ အစ၊ အကနိဋ္ဌအဆုံး၊ ပေါင်းရုံးများစွာ၊ နတ်,ဗြဟ္မာတို့သည်လည်းကောင်း။ ဣဓ=ဤပရိတ်တော်မြတ်၊ ရွတ်ဖတ် သရဇ္ဈာယ်ရာ အရပ်သို့။ သမာဂတာနိ=အညီအညာ စည်းဝေးလာကြကုန်၏။ တေမယံ= ထိုသို့ညီညာ၊ ရောက်လာသမျှ၊ ဂါရဝညွတ်ပျောင်း၊ အကျွန်ုပ်နတ်အပေါင်းတို့သည်။ တထာဂတံ=ရှေးရှေးသခင်၊ နောင်တော်ရှင်တို့ကဲ့သို့၊ အစဉ်သဖြင့် လာခြင်းကောင်းတော်မူသော။ ဒေဝ

http://www.dhammadownload.com



မနုဿ–ပူဇိတံ=ပြဟ္မာ,နတ်,လူ၊ သုံးဘုံသူတို့၊ ကြည်ဖြူ ကော်ရော်၊ ရှိခိုး ပူဇော်အပ်သော။ ဗုဒ္ဓံ=သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ကုန်စင်၊ ကိုယ်တော်တိုင်မြင်ပြီး၍၊ အကြင် နတ်,လူ၊ သုံးဘုံသူတို့အားလည်း၊ နယူပဒေ၊ မူသေ ပေးအပ်၊ သိစေတော်မူတတ်သော၊ နှစ်ရပ်ထုတ်ပြ၊ ပုဒ် ဝစနကြောင့်၊ ဗုဒ္ဓနာမံ ရွှေဘွဲ့တော် ခံယူအပ်သော သယမ္ဘူ ထွတ်ထား၊ အစိန္တေယျ မြတ်စွာဘုရားကို။ နမဿာမ= ရှိသေ, မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်ကြပါကုန်၏။ တေန=ထိုသို့ ရှိခိုးပူဇော် ကြသော ပဏာမ စေတနာ၏၊ မဟာနုဘော်၊ ဂုဏ် တေဇော်ကြောင့်။ ပါဏိနံ=သတ္တဝါတို့အား။ သုဝတ္ထိ=ဘေးရန်ဟူ၍၊ မြူငွေ့မသန်း၊ ကျန်းမာချမ်းသာခြင်း သည်။ ဟောတု = ဖြစ်ပါစေသတည်း။

ဘုမ္မာနိ=ဗိမာန်ဘုံဆောင်၊ ဂုဏ်ရောင် ကျက်သရေ၊ ဘုန်းမိုး ဇွေလျက်၊ မြေ၌ တည်ကုန်သော။ ယာနိဘူတာနိဝါ=အကြင် ဘုမ္မစိုး,ရက္ခစိုး၊ တန်ခိုးကြီးမြတ်၊ စတုမဟာရာဇ် တာဝတိံသာ စသော နတ်တို့သည်လည်းကောင်း။ အန္တလိက္ခေ=တန်ခိုးဂုဏ် ရောင်၊ ဘုံဆောင်ကွန့်ဝဲ၊ ပန်းဆိုင်းဆွဲသကဲ့သို့၊လွန်ကဲက္ကန္ဒိပါဒ်၊ ကောင်းကင်ရပ်၌။ ဌိတာနိ=အာဏာလွှမ်းမိုး၊ အုပ်စိုးတည်ကုန် သော။ ယာနိဘူတာနိဝါ=အကြင်ယာမာအစ၊ အကနိဋ္ဌအဆုံး၊ ပေါင်းရုံများစွာ၊ နတ်,ဗြဟ္မာတို့သည်လည်းကောင်း။ ဣဓ=ဤ ပရိတ်တော်မြတ်၊ ရွတ်ဖတ်သရဇ္ဈာယ်ရာ အရပ်သို့။ သမာဂတာ နိ=အညီအညာ၊ စည်းဝေး လာကြကုန်၏။ တေမယံ= ထိုသို့ ညီညာ၊ ရောက်လာသမျှ၊ ဂါဝရ ညွှတ်ပြောင်း၊ အကျွန်ုပ်နတ် အပေါင်းတို့သည်။ တထာဂတံ=ယုတ်မာ ဆိုး,ကောင်း၊ ကိလေ သာ အပေါင်းကို၊ ပြတ်တောင်း စင်ကြယ်၊ ပယ်သော အခြင်း အရာ အားဖြင့် ဖြစ်သော။ ဒေဝ–မနုဿ–ပူဇိတံ။ ပြဟ္မာ, နတ်,

http://www.dhammadownload.com



လူ၊ သုံးဘုံသူတို့၊ ကြည်ဖြူကော်ရော်၊ ရှိခိုးပူဇော်အပ်သော။ ဓမ္မံ = မိမိဟူသော၊ ဖြူစင်ကုသိုလ်၊ တရားကိုလျှင်၊ ရှိသေသဖြင့်၊ ကျင့်သောသူအား၊ ပါယ်လေးပါးသို့၊ မလားရအောင်၊ ဆောင်ယူပြီးလျှင်၊ ဝဋ်မှထွက်စေတတ်သော၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် ပရိယတ်၊ ဆယ်ပါးသော တရားတော်မြတ်ကို။ နမဿာမ =ရှိသေ,မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်ကြပါကုန်၏။ တေန= ထိုသို့ ရှိခိုးပူဇော်ကြသော ပဏာမ စေတနာ၏၊ မဟာနုဘော်၊ ဂုဏ်တေဇော်ကြောင့်။ ပါဏိနံ=သတ္တဝါတို့အား။ သုပတ္ထိ= ဘေးရန်ဟူ၍၊ မြူငွေ့မသန်း၊ ကျန်းမာ ချမ်းသာ ခြင်းသည်။ ဟောတု= ဖြစ်ပါစေသတည်း။

ဘုမ္မာနိ=ဗိမာန်ဘုံဆောင်၊ ဂုဏ်ရောင် ကျက်သရေ၊ ဘုန်းမိုးဖွေလျက်၊ မြေ၌ တည်ကုန်သော။ ယာနိဘူတာနိဝါ= အကြင်ဘုမ္မစိုး,ရုက္ခစိုး၊ တန်ခိုးကြီးမြတ်၊ စတုမဟာရာဇ်၊ တာဝတိံသာစသော နတ်တို့သည်လည်းကောင်း။ အန္တလိက္ခေ=တန်ခိုး ဂုဏ်ရောင်၊ ဘုံဆောင်ကွန့်ဝဲ၊ ပန်းဆိုင်းဆွဲသကဲ့သို့၊ လွန်ကဲ ဣဒ္ဓိပါဒ်၊ ကောင်းကင်ရပ်၌။ ဠိတာနိ=အာကာသလွှမ်းမိုး၊ အုပ်စိုး တည်နေကြကုန်သော။ ယာနိဘူတာနိဝါ=အကြင်ယာမ အစ၊ အကနိဋ္ဌအဆုံး၊ ပေါင်းရုံးများစွာ၊ နတ်,ဗြဟ္မာတို့သည်လည်းကောင်း။ ဣဓ=ဤ ပရိတ်တော်မြတ်၊ ရွတ်ဖတ် သရဇ္ဈာယ်ရာအရပ်သို့။ သမာဂတာနိ= အညီအညာ စည်းဝေး လာကြကုန်၏။ တေမယံ = ထိုသို့ ညီညာ ရောက်လာသမျှ၊ ဂါရဝညွတ်ပျောင်း၊ အကျွန်ုပ်နတ်အပေါင်းတို့သည်။'တထာဂတံ = ကိုယ်ကျိုးစီးပွား၊ လွန်ကြီးမားအောင်၊ တရားသဖြင့်၊ ကောင်းစွာ ကျင့်တော်မူပေသော။ ဒေဝ–မနုဿ–ပူဇိတံ= ဗြဟ္မာ,နတ်,လူ၊ သုံးဘုံသူတို့၊ ကြည်ဖြူကော်ရော်၊ ရှိခိုးပူဇော်အပ်သော။ သံဃံ=ကံကြီး,ငယ်ကို၊ နိုးနှယ်

http://www.dhammadownload.com



အတူ၊ ဆောင်တော်မူသော၊ အယူသီလ၊ တူညီမျှသော၊ ကလျာဏ ပုထုဇဉ်၊ သံဃာတော် အရှင်နှင့်တကွ၊ သခင်ပရမတ်၊ မြတ်လှစွာတောင်း၊ အရိယာသံဃာတော်မြတ်အပေါင်းကို။နမဿာမ=ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်ကြပါကုန်၏။ တေန=ထိုသို့ ရှိခိုးပူဇော် ကြသော ပဏာမ စေတနာ၏၊ မဟာနုဘော်၊ ဂုဏ်တေဇော်ကြောင့်။ ပါဏိနံ=သတ္တဝါတို့အား။ သုဝတ္ထိ= ဘေးရန်ဟူ၍၊ မြူငွေ့ မသမ်း၊ ကျန်းမာ ချမ်းသာခြင်းသည်။ ဟောတု= ဖြစ်ပါစေသတည်း။

ကဲ.. အဲဒီနောက်တော့ ဆရာတော်ကြီးရဲ့ နိဂုံးအာဘော်ကို နာခံဖို့သာ ကျန်ပါတော့တယ်၊ ပရိတ်တော်တို့ရဲ့ အစမှာ သက်ဆိုင်ရာ ပရိတ်တော်ရဲ့ ဂုဏ်ကျေးဇူးကို ချီးမွမ်းထားသကဲ့သို့၊ ကိုးဆောင်တိုက် ဆရာတော်ဘုရားကြီးက နိဂုံးအမွှမ်း ရေးသားတော်မူလေ့ရှိတာကို ဖတ်ရှုကြည့်ညိုလိုက်ပါဦးကွယ်”

“ယံကိဉ်–ခယံ–ယံဗုဒ်–ယေပုဂ်၊
ယေသုပ်–ယထိန်–ယေရိ–သဟာ။
ကိဋ္ဌာ–ဝနပ်–ဝရေ–ခီဏာ၊
ဝန္ဒာမိ သိရသာ မဟာ။

'အခံမူလ၊ ယာနီခနှင့်၊ အာသီသဝတ်၊ ယွင်းမချွတ်ဘဲ၊ ရွတ်ဖတ်ကြလေ၊ ကပ်သုံးထွေကို၊ ဝေသာလီတွင်၊ နိဒါန်း တင်တိုင်း၊ အလျင်စောစွာ၊ ကင်းစေပါလိမ့်၊ ကမ္မဝါသော၊ ပဗ္ဗာသောဟု၊ နယောပဒေသ၊ နေမကျအောင်၊ ဖွေဆစမ်းဝါး၊ မဆန်းဖြားလျှင်၊ ဘုရားရှင်ပင်၊ စီရင်ဓမ္မစက်၊ ရွှေနှုတ် ထွက်တတ်၊ ထက်မြတ်ပုံရည်၊ ခံ့အတည်ကို၊ ယုံကြည်သူတို့၊ ဂုဏ်ရည်ညို့လိမ့်။

ထို့ကြောင့် အန္တရာယ်၊ ဆင်ကြယ်လိုသူ၊ များရှင်လူတို့၊ အတုမရှိ၊ ဂုဏ်ပေါင်းပြဲသား၊ ရတနသုတ်ခေါ်၊ ပရိတ်တော်ကို၊ ပူဇော်မြတ်နိုး၊

http://www.dhammadownload.com



ယုံကြည်ကိုး၍၊ ရိုးရိုးရွတ်,နာ စေကုန်သောဝ်။' ..."

"မောင်လှအေးရေ၊ ဆရာတော်ဘုရားကြီးရဲ့ နိဂုံးအာသီသ လင်္ကာမှာ ရတနသုတ်ပါ ဗုဒ္ဓဂုဏ်တော်, ဓမ္မဂုဏ်တော်, သံဃာ့ ဂုဏ်တော် စာပိုဒ်ကို မမေ့နိုင်အောင် 'အစီအစဉ်'လေး လုပ်ပေးထားတာကို သတိပြုမိရဲ့လား။

(၁) 'ယံကိဉ်' – ဆိုတာက 'ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံ ဝါ' – အပိုဒ်ကို ဖော်ပြထားတာဖြစ်တယ်။ ထို့နည်းလည်းကောင်း

(၂) ခယံ–'က–ခယံ ဝိရာဂံ အမတံ ပဏီတံ။

(၃) ယံဗုဒ်–ယံဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ။

(၄) ယေ ပုဂ်–ယေပုဂ္ဂလာ အဋ္ဌသတံ ပသဋ္ဌာ။

(၅) ယေသုပ်–ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန။

(၆) ယထိန်–ယထိန္ဒခီလော ပထဝိဿိတော သိယာ။

(၇) ယေရိ–ယေ အရိယ သစ္စာနိ ဝိဘာဝယန္တိ။

(၈) သဟာ–'သဟာဝဿ ဒဿန သမ္ပဒါယ' ဆိုတဲ့ စာပိုဒ်နဲ့ 'စတူဟ ပါယေဟိစ ဝိပ္ပမုတ္တော' ဆိုတဲ့ စာနှစ်ပိုဒ်ပဲ ...။

(၉) ကိဉ္စာ–ကိဉ္စာပိသော ကမ္မကရောတိ ပါပကံ။

(၁၀) ဝနပ်–ဝနပ္ပဂုမ္ဗေ ယထာဖုဿိတဂ္ဂေ။

(၁၁) ဝရော–ဝရော ဝရညူ ဝရဒေါ ဝရာဟရော။

(၁၂) ခီဏံ–ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ။

အဲဒီလို သင်္ကေတများနဲ့ မှတ်သား,ကြည်ညို,ရွတ်ဆိုနိုင်အောင် အစီအစဉ်လေး လုပ်ပေးထားပါတယ်။ အဲဒီနောက် 'ဘုရားကိုယ် တော်တိုင် သစ္စာဆိုထားတဲ့ ဓမ္မစကားဖြစ်လို့ အခြားသော နည်းအထွေထွေတို့ထက် တန်ခိုးရှူးရှထက်မြက်တဲ့အကြောင်း၊ နှစ်နှစ်ကာကာ ယုံ

http://www.dhammadownload.com



ကြည်သူများအဖို့ ဝေသာလီပြည်မှာ အန္တရာယ်ကင်းဝေးကြသလို အန္တရာယ်ကင်းကြပါလိမ့်မယ်၊ ယုံကြည်မှု သဒ္ဒါတရားဖြင့် နေ့ညမခြား ရွတ်ပွား,သရဇ္ဈာယ် ကြပါကုန်လော့'- ဟု အာသီသ ပြုတော်မူထားပါတယ် ...

ကဲ .. ဒီတော့၊ 'ရတနသုတ်' နိဂုံးကို တို့အဆုံးသတ်ကြစို့ရဲ့."

"ဟုတ်ကဲ့ ဘဘ"

"အဆုံးသတ်ရမှာက ဒီလိုကွဲ့၊ တို့နှစ်ယောက်ရဲ့ စကားနိဒါန်းမှာ ပြောခဲ့တယ်လေ။ သစ္စာဆိုကြတဲ့အခါ မိမိပြောတဲ့ စကား 'မှန်ကန်ပါတယ်' လို့ ဘယ်ရွေ့ ဘယ်မျှ အတိုင်းအတာအထိ ယုံကြည် လက်ခံထားပါသလဲ။ အသွေးထဲအသားထဲ နှလုံးသည်းပွတ်ထဲကပါတစ်တစ်ခွခွ ထစ်ထစ်ချချ ယုံကြည်ကြရမယ် ဆိုတာလေ။

ကိုယ့်စိတ်ကိုကိုယ်အသိဆုံးမို့ ဖုံးထားလို့ မရပါဘူး၊ ဟန်ဆောင်ထားလို့ မရပါဘူး။ တို့တစ်တွေရဲ့ အဆင့်အတန်း အနုအရင့် ဘယ်အဆင့်မှာ ရှိတယ် ဆိုတာကို သတိထားရအောင်, ကြိုးစားရအောင် သပြေကန်ဆရာတော်ဘုရားက ဟောဒီလို ဩဝါဒပေးထားပါသေးတယ်။

'သဒ္ဒါ မာနံ ကရေ ဓာနံ၊
ရတနံ ရတနတ္တယေ။
ကိံ အဉ္ဉော ရတနံ လဒ္ဒါ၊
ဝိဓာနေယျ အနဿတံ။'

'ရတနတ္တယေ=တစ်ခေတ် တစ်ခါ၊ ကြုံခဲ့ဖွာလျှင်၊ ပေါ်လာ ထူးခြား၊ ရတနာမြတ်သုံးပါး၌။ ရတနံ= နှစ်သက်ဖွယ်စုံ၊ ဂုဏ်ရည်ဝင်းသစ်၊ ရတနာ၏အဖြစ်ကို။ ဓာနံ= တရားမှန်ပြင်၊ ဖန်ဖန် တင်လျက်၊ ဆင်ခြင်တွေးမိ၊ သိရှိသည်ဖြစ်၍။ မာနံ=သတိမလပ်၊ ပဋိပတ်ဖြင့် ပေးအပ် မယွင်း၊

http://www.dhammadownload.com



လေးမြတ်ခြင်းကို။ သဒါကရေ=ဘယ်ခါမဆို၊ ရှင့်အလိုလိုက်၊ စရိုက်မွေးကာ၊ ပြုကျင့်ရာ၏။ အန္ဓော= သန္ဓေကပင်၊ မမြင်မစမ်း၊ စုံလုံးကန်းသူသည်။ ရတနံ= တန်ဖိုးထိုက်လျက်၊ နှစ်သက်ဖွယ်ရာ၊ ရတနာ ကောင်းကို။ လဒ္ဓါ= အခွင့်သင့်က၊ ရလာသည် ရှိသော်။ အနဂ္ဃတံ= အဖိုးကန့်သတ်၊ မပြတ်နိုင်သည်၏ အဖြစ်ကို။ ကိံဝိဇာနေယျ=ရေးရေးမျှပင် မမြင်မရှိ အဘယ်မှာ သိနိုင်ပါအံ့နည်း။'

... ဟုတ်ပြီလား။ မင်းသဘောပေါက်ပါတယ်နော်"

"ကျွန်တော် သဘောပေါက်ပါပြီ ဘဘ"

"ကဲ ဒါဖြင့် နိဂုံးရဲ့ နိဂုံးအနေနဲ့ ကျေးဇူးရှင် 'ဝေဘူ ဆရာတော်ဘုရားကြီး' ရဲ့ အတိုဆုံးသော ဆုံးမစကားကို မှတ်ထားကြရအောင်

'ကိုယ်နေရာမကျတာကို နေရာမကျမှန်းသိရင်နေရာကျပြီ။ ကိုယ်နေရာ မကျတာကို နေရာကျတယ်ထင်ရင် နေရာမကျတော့ဘူး' တဲ့"

သုခီ အတ္တာနံ ပရိဟရန္တု။

သုခ

http://www.dhammadownload.com

# အာစရိယကဂုဏ်တော်နိဒါန်း

စိတ်သည် အလွန်မြန်၏။ အဘယ်မျှမြန်သနည်း။ မိမိရောက်ဖူးသော မြို့ရွာသာဖြစ်ပါစေ၊ မိုင် အရာ, အထောင်မျှ ဝေးကွာ စေကာမူ စိတ်ဖြင့် တစ်မုဟုတ်ချင်း ရောက်သွားနိုင်၏။ ထို့အတူ လူချင်း တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံ ပြောဆို ဆက်ဆံရဖူးလျှင်(အကြောင်း အရာကို လိုက်၍) ထိုပုဂ္ဂိုလ်အား ရုပ်နှင့်တကွ မှတ်မိ နေတတ်၏။ အစဉ်အမြဲ မဟုတ်စေကာမူ တစ်ခါတစ်ရံ စိတ်က အောက်မေ့ သတိရလိုက်သည်နှင့် စိတ်အာရုံတွင် ပြန်လည် ထင်မြင်လာတော့သည်။

ယနေ့ ဦးချမ်းသာသည် ဒေါ်တင်မွှေးအား သတိရနေသည်။

အချိန်ကား လွန်ခဲ့သော သုံးလခန့်က ဖြစ်သည်။

ဦးချမ်းသာထံ မသိမကျွမ်းသေးသော ဧည့်သည်တစ်ယောက် မခေါ်ပင့်ချေ ရောက်လာသည်။ ရုပ်ရည်က ဖြူဖြူသန့်သန့်၊ မွန်မွန် ရည်ရည်၊ ကြည်ကြည်လင်လင်၊ တည်တည်ငြိမ်ငြိမ် ရှိသည်။

အသက် ၆၀ ကျော်လောက် ရှိလိမ့်မည် ဟု ဦးချမ်းသာက ခန့် မှန်းမိသည်။ သူ၏ ဥပဓိရုပ်နှင့် ဣန္ဒြေတို့ကြောင့် ဦးချမ်းသာ မှာ နှစ်လို့ကြည်ညိုလိုက်မိသည်။

"ကျွန်မ ဦးချမ်းသာဆီ အကူအညီလေးတစ်ခု လိုချင်လို့ လာခဲ့ တာပါ"

သူ၏ အသံမှာ အေးဆေးသော်လည်း လေးနက်,ချိုသာလှပါ၏။ ရင်းနှီးဖော်ရွေပုံလည်း ပြပါသည်။

"ဟုတ်ကဲ့ အမိန့်ရှိပါ"

http://www.dhammadownload.com



"ကျွန်မ စာရေးဆရာ'ကိုကျော်မောင်' ရဲ့အမေ ဒေါ်တင်မွေး ပါ"

"ကိုကျော်မောင်" ဟု မေးခွန်းသံလိုလို အာမေဍိတ်သံ လိုလို ဦးချမ်းသာ ရေရွတ်လိုက်မိပါသည်။

"ဟုတ်ပါတယ်၊ စာရေးဆရာ 'ကျော်မောင်' လေ၊ တက္ကသိုလ် ဘာသာပြန်ဌာနမှာ အလုပ်လုပ်ပါတယ်။ အပြင်မှာလည်း စာရေး တယ်လေ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့။ ကျွန်တော်သိပါတယ်။ လူချင်းမရင်းနှီး ပေမယ့် သူ့စာတွေ အများကြီး ဖတ်ရပါတယ်။ သူ့အရေးအသား အယူအဆတွေကို ကျွန်တော်အနေနဲ့ နှစ်သက်မြတ်နိုးခဲ့ပါတယ်။ ဩော် ... အစ်မကြီးက ကိုကျော်မောင့် အမေကိုး"

"ဟုတ်ကဲ့၊ သူကလည်း ဦးချမ်းသာကို ကောင်းကောင်းသိပါ တယ်"

"အစ်မကြီးကနေတော့ ... "

"ဒီရပ်ကွက်ထဲက ( ) လမ်းမှာ သားအကြီးနဲ့ နေပါတယ်။ ဒါ့ ကြောင့် နီးလည်းနီးလို့ ဦးချမ်းသာဆီ အကူအညီ လာတောင်း တာပါ"

"ဩော် ... ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကိစ္စကို အမိန့်ရှိပါဦး"

"ဒီလိုလေ ဦးချမ်းသာရဲ့၊ အခု ကျွန်မ အသက် ၈၀ ရှိပါပြီ"

(သူ့စကား မဆက်မီကလေးအတွင်း၊ အသက် ၆၀ လောက်ဟု ခန့်မှန်းရသော အရွယ်တင်ပုံကို အံ့ဩလိုက်မိသည်နှင့်အမျှ ဦးချမ်း သာ က 'အစ်မကြီး' ဟု ပဋိသန္ထာရ ပြုမိသည်ကိုပင် ဝမ်းသာ သွားရ ပါသည်။)

"ကျွန်မက သေခါနီးပြီလေ၊ 'သေခြင်းတရား' ဆိုတာ 'ကွေး သော လက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင်' အဲသလောက် မြန်တယ်မဟုတ်လား။ ဒီတော့ ကျွန်မ သေရင် ကျွန်မရဲ့ ရှာပနမှာ

http://www.dhammadownload.com



'ဓမ္မဒါန' ပြုဖို့ 'ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ' နဲ့ 'ဓာရဏ ပါဠိတော် (အာဝေဏိကဂုဏ်တော်)' စာအုပ်ကလေး ၅၀၀ လောက် ရိုက်ထားနှင့် ချင်ပါတယ်"

ဦးချမ်းသာမှာ ထူးထူးဆန်းဆန်း ကြားရ၍ အံ့သြရခြင်းထက် ချီးမွမ်းကြည်ညိုစိတ် ဖြစ်ပေါ်လာရသည်။

"ကောင်းပါတယ် အစ်မကြီး၊ သိပ်ကောင်းပါတယ်၊ ကိုကျော်မောင့် သာ ဒီကိစ္စပြောလိုက်ရင် အလွယ်ဆုံးပေါ့။ သူက စာအုပ်စာပေနဲ့ပတ်သက်သမျှ အားလုံးဝင်ဆံ့နေတာပဲ"

"သူက မလုပ်ချင်ဘူးတဲ့ရှင့်"

"ဩော် ... သူက နိမိတ်မရှိဘူးလို့ ထင်ချင်လည်း ထင်မယ်၊ မလုပ်ရက်တာလည်း ဖြစ်ချင်ဖြစ်မယ်၊ တစ်ခုတော့ ရှိတာပေါ့ အစ်မကြီးရယ်။ သား,သမီးတွေကလည်း ဉာဏ်ပညာ,သဒ္ဓါတရား ရှိကြသားပဲ၊ အမေသေရင် အမေ့အတွက် 'ကောင်းမှုရှင်အမေ့နာမည်' နဲ့ ဒီစာအုပ်ကလေးတွေ ရိုက်နှိပ်ကမ်းလှမ်း 'ဓမ္မဒါန' ပြုပေးကြပါကွယ်လို့ မှာထားရင် အပြီးသားပဲ မဟုတ်လား"

ဦးချမ်းသာ၏ စကားကို ဒေါ်တင်မွေးက တဖြည်းဖြည်း ခေါင်းယမ်းပြပါသည်။

"ဒီလို မဖြစ်စေချင်လို့ ကျွန်မအသက်နဲ့ ခန္ဓာမြဲနေတုန်းမှာ ကွယ်လွန်သူ ကျွန်မရဲ့ နာမည်နဲ့ စာတန်းထိုးပြီး ရိုက်ထားနှင့်ချင်တာပေါ့"

"အဲ ... အစ်မကြီးက ဒီလိုလုပ်ချင်တာကိုး။ ဒါ့ကြောင့် ကိုကျော်မောင် တို့က သဘောမတူညီနိုင်တာ ဖြစ်မှာပေါ့"

"သူတို့ သဘောမတူလို့, သူတို့ရိုက်မပေးချင်ဘူးဆိုလို့ အခု ဦးချမ်းသာဆီ အကူအညီ လာတောင်းရတာပါ၊ သူတို့က မသိကြဘူးလေ။ အသက်ဝိညာဉ်ကင်းနေတဲ့ဥတုဇရုပ်ကြီးက ကောင်းမှု ကုသိုလ်

http://www.dhammadownload.com



လုပ်လို့ ရနိုင်ပါ့မလား။ 'ကွယ်လွန်သူ' ကိုရည်စူး၍ လှူပါသည်၊ ပြုပါသည် ဆိုရုံမျှနှင့် ယထာဘူတ ကျနိုင်ပါ့မလား၊ ကုန်ကုန် ပြောရရင် အသုဘအလောင်းကောင်ကြီးမှာ သရဏဂုံတောင် မတည်နိုင်တော့ဘူးလေ။ ဟုတ်တယ် မဟုတ်လား ရှင့်"

"ဟုတ်ပါတယ် အစ်မကြီး။ သရဏဂုံ ပျက်ခြင်း အကြောင်း ၂ ပါးရှိပါတယ်။ ဗုဒ္ဓဘာသာမှ မိစ္ဆာဒိဋ္ဌိအယူ သို့ ပြောင်းလဲသွားခြင်း၊ ဒါက အပြစ်နဲ့တကွ သရဏဂုံပျက်ခြင်းပေါ့။ နောက်တစ်ခုက ဗုဒ္ဓဝါဒီ အဖြစ်နှင့် ကွယ်လွန်သွားခြင်း။ အဲဒါကတော့ အပြစ်မရှိဘဲ သရဏဂုံ ပျက်ခြင်းပေါ့လေ"

"အဲဒါကို မသိတဲ့လူတွေက အလောင်းကောင်ကြီးကို သရဏဂုံ တင်နေကြတယ်။ ဒါ့ကြောင့် သူတို့ကို ပြောတယ်။ အမေသေရင် အမေ့အလောင်းကို သရဏဂုံ မတင်ကြနဲ့။ မင်းတို့တစ်တွေ ဒါန၊ သီလ လုပ်ဖို့သာ သရဏဂုံယူကြလို့။ တည်ဆောက်ကြလို့"

ဒေါ်တင်မွေးက ပြတ်ပြတ်သားသား ပြောနေပေရာ ဦးချမ်းသာမှာ ဒေါ်တင်မွေး၏ ဘာသာရေးအဆင့်အတန်းကို ချင့်မှန်း တွက်ဆလိုက်မိသည်။

"သရဏဂုံ သုံးပါးဆိုတာ ဗုဒ္ဓဘာသာရဲ့ အရင်းအမြစ် အခြေခံတရားကြီး မဟုတ်လား ဦးချမ်းသာရယ်၊ ဒါန၊သီလ၊ဘာဝနာ ဆိုတဲ့ အကြောင်း သုံးပါး၊ လုပ်ငန်းသုံးခုပြုတဲ့နေရာမှာ သရဏဂုံနဲ့ ကင်းလျှင် ဗုဒ္ဓဝါဒလိုရင်းကို ရောက်လိမ့်မယ်မထင်ပါဘူး။ ကျွန်မ ပြောတာ မှားရင် ဦးချမ်းသာ ပြင်ပေးပါနော်"

ဦးချမ်းသာသည် ဒေါ်တင်မွေးအား ရုပ်ရည်အရွယ်တင်ရုံမျှ မကသာသနာ့ဗဟုသုတနှင့် သီလရနံ့ပါ မွေးကြိုင်သင်းပျံ့နေသည် ဟု ထင်မိသည်။

"အစ်မကြီး စကားမမှားပါဘူး ခင်ဗျား။ ဒါနဆိုရာမှာ ဗုဒ္ဓဝါဒီ

http://www.dhammadownload.com



မဟုတ်တဲ့ ကမ္ဘာ့သူဌေးကြီးများက အလှူအတန်း အမျိုးမျိုး တို့ကို သိန်းနဲ့သန်းနဲ့ ရက်ရက်ရောရော လှူနေကြတာပဲ။ သို့ပေမယ့် ဘုရားကို ယုံကြည်,ကိုးကွယ်ခြင်း၊ တရားကို ယုံကြည်,ကိုးကွယ်ခြင်း၊ သံဃာကို ယုံကြည်, ကိုးကွယ်ခြင်းဆိုတဲ့ သရဏဂုံအရင်းအမြစ်နဲ့ ဒိဋ္ဌိဇုကမ္မ မဖြစ်လေတော့ သာသနာပမှာ လှူရတာနဲ့ မခြား ညောင်ပင် ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်သာ အကျိုးရမှာပေါ့။ အကျိုးပေးရင်တောင် သံသရာနယ်ရဲ့ အကျိုးများသာ ရကြမှာပေါ့။ 'သီလ' ဆိုပြန်တော့လည်း သူ့အသက်ကိုမသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးခြင်း၊ ကာမ ဖောက်ပြန်မှု မရှိခြင်း၊ မမှန်သောစကားကို မပြောခြင်း၊ မူးယစ်သေစာကို မသောက်,မစားခြင်း စတဲ့ ကိုယ်ကျင့်တရားများဟာ ဘာသာတရားတိုင်းမှာ လိုလို ပညတ်ချက်တွေ ရှိကြပါတယ်။ မကျူးမလွန်တဲ့ ပုဂ္ဂိုလ်များလည်း ရှိသင့်သလောက် ရှိကြပါတယ်။ သို့ပေမယ့် သူတို့ရှောင်ကြတာက လောကရဲ့ ကိုယ်ကျင့်တရားလောက်သာ ကျင့်ကြတာ ဖြစ်တယ်။ သာသနဗာဟိ လောကီသီလ လို့ဆိုကြပါစို့။ သရဏဂုံနှင့်တကွ သိက္ခာပုဒ်ရယ်လို့ ရှောင်ကြဉ်ကြတာမျိုး မဟုတ်ပါဘူး။ ဒီတော့ အဓိသီလ မဖြစ်နိုင်ပါဘူး။

'ဘာဝနာ' ဆိုရာမှာလည်း သရဏဂုံနှင့် ကင်းကွာနေလျှင် လောကီ သမထ အဋ္ဌကိလမထာနုယောဂမျိုးသာ ဖြစ်နိုင်စရာ ရှိပါတယ်။ အဓိစိတ္တ, အဓိပညာ မဖြစ်နိုင်ပါဘူး။ အဲသလို စာထဲပေထဲမှာ ဖတ်ရ, မှတ်ရပါတယ် အစ်မကြီးရယ်"

"အင်း..ဦးချမ်းသာတို့က ကျွန်မတို့ထက် ပိုလို့ ဟောနိုင်, ပြောနိုင်ပါတယ်၊ ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့ အခု အသက်နဲ့ ကိုယ်နဲ့ မြဲနေတုန်း၊ သတိနဲ့ ကိုယ်နဲ့ မြဲနေတုန်း၊ သရဏဂုံတည်နေတုန်း ကျွန်မရဲ့ကိုယ်ပိုင်ပိုက်ဆံကလေးနဲ့ ကျွန်မကိုယ်တိုင်စာအုပ်ကလေး တွေ ရိုက်ထားချင်ပါတယ်"

http://www.dhammadownload.com



"ဆရာ ကိုကျော်မောင်ကို ကျွန်တော်က ဖျောင်းဖျ ပြောဆိုပေးရင်ကော"

"အမလေး ... မပြောနဲ့ ... မပြောနဲ့၊ အခု ဦးချမ်းသာဆီ ကျွန်မလာတာတောင် သူ မသိစေချင်ပါဘူး။ ကလေးများဟာ တယ် ခက်တယ်၊ မရှက်ရမယ့် နေရာမှာ ရှက်ပြီး မကြောက်ရမယ့် နေရာမှာ ကြောက်နေတယ်။ သင်္ချိုင်းကို ခြေတစ်ဖက်လှမ်းနေတဲ့အရွယ်မို့ သေဖို့ပြင်တာဟာ မင်္ဂလာမရှိဘူး၊ နိမိတ် မရှိဘူး လို့ ယူဆထားကြဟန် တူပါရဲ့။ တချို့ဆရာတော်ကြီးများ ပျံလွန်တော်မမူမီ ကျန်းကျန်းမာမာ ရှိစဉ်ကတည်းက 'ခေါင်း' လုပ်ပြီး အိပ်ရာ ခုတင်နား ယှဉ်ထားသတဲ့။ အဲဒီတော့ 'ခေါင်း' ကိုမြင်နေတိုင်း စိတ်မချမ်းသာကြတဲ့ ဒကာ,ဒကာမ အရင်းအချာ များကို ဆရာတော်က 'သူ့မှာ မရဏာနုဿတိ ကမ္မဋ္ဌာန်း ပွားများနိုင်တဲ့ အတွက် 'ခေါင်း' လှူတဲ့ လူတွေမှာ ကုသိုလ်ရပါတယ်' – လို့ အမိန့်ရှိဖူးသတဲ့"

"ဟုတ်ပါတယ်။ အဲဒါက အမရပူရမြို့အနီးက စတုဂီရိ တောင်လေးလုံး ဆရာတော်ကြီး ဖြစ်ပါတယ်။ ညောင်လေးပင် တောရဆရာတော်ဘုရား ရေးသားတော်မူတဲ့ ဝိသုဒ္ဓိမဂ် အရသာကျမ်း မှာ ဖတ်ဖူးပါတယ်"

"ကဲ ... အဲဒီတော့ ဦးချမ်းသာရယ် ကျွန်မကို ဒီစာအုပ်လေးဖြစ်မြောက်အောင် အကူအညီ မပေးနိုင်ဘူးလား"

ဦးချမ်းသာမှာ အဖြေပေးဖို့ ခက်နေရသည်။ လောကမှာ မှန်ပေမယ့် မသင့်တာတွေ ရှိတတ်သည်။ ယခုပင် ကြည့်ပါ။ ဒေါ်တင်မွေး၏ အယူအဆ သဘောတရားများ နှင့် ပြုလိုသည့် ကိစ္စမှာ အမှန်တရားများ ဖြစ်ပါသည်။

သို့သော်။ ထို'သို့သော်' မှာ သူ့သား,သမီးများနှင့် စပ်ဆိုင်နေပါသည်။ ဦးချမ်းသာထံလာ၍ ပြောသည်ကိုပင် 'သား,သမီးများအား

http://www.dhammadownload.com



မသိစေချင်' ဟုဆိုထားပေရာ စာပေနယ်တွင် ထူးဆန်းထွေလာသော ကောင်းမှုရှင်၏လုပ်ရပ်မှာသား,သမီးများထံပေါက်ကြားမည်မှာမလွဲ။

စာရေးဆရာ ကိုကျော်မောင်အနေနှင့် သူ့မိခင်ကြီး၏ ဓမ္မဒါနကို ဦးချမ်းသာက ကူညီလိုက်သည် ဟု ဝမ်းပန်းတသာရှိလျှင် တော်ပါ၏။ ယူကျုံးမရ,သောက ဖြစ်လျှင် ဦးချမ်းသာကို ဘယ်လို ထင်မည်နည်း။

ထို့ကြောင့် 'ရှဥ့်လည်း လျှောက်သာ၊ ပျားလည်း စွဲသာ' ဖြစ်အောင်ပြောလိုက်ရသည်။

"ကျွန်တော် ကူညီချင်ပါတယ် အစ်မကြီး။ အစ်မကြီးရဲ့ စေတနာကိုလည်း ကျွန်တော် 'သာဓု' ခေါ်ပါတယ်။ အဲ .. စာပေနယ်မှာ အခက်အခဲလေးတွေရှိတာကိုတော့ အစ်မကြီးကို ပြောပါရစေ။ ဘယ်စာအုပ်ကို ဖြစ်ဖြစ် ရိုက်နှိပ်ရာမှာ ပထမဦးဆုံး ထုတ်ဝေခွင့် မှတ်ပုံတင်ရရှိထားသူ ဖြစ်ရပါမယ်။ ဒီမှာလည်း နှစ်မျိုး,နှစ်စား ရှိပါတယ်၊ ကိုယ်ရေးတဲ့ စာမူကို ထုတ်ဝေခွင့်ရတာက တစ်မျိုး၊ သူတစ်ပါးစာမူ၊ သူတစ်ပါးကောင်းမှုကိုပါ ထုတ်ဝေခွင့်ရထားသူက တစ်မျိုး၊ အဲသလိုရှိပါတယ်။ နောက်တစ်ဆင့်က ကိုယ်ရိုက်လိုတဲ့ စာမူကို စာပေစိစစ်ရေးအဖွဲ့သို့တင်ပြရပါတယ်။ သူတို့ရဲ့ခွင့်ပြုချက်ရမှ ပုံနှိပ်စက်က ရိုက်နှိပ်ပေးကြရပါတယ်။ အဲ ... နောက် တစ်ခုက စက္ကူရဖို့ ကိစ္စပါပဲ။ ဒါကတော့ အရေးကြီးလှတယ် မဆိုနိုင်ပါဘူးလေ။ အပြင်မှာ ဝယ်ရင် ရပါတယ်။ ဒါကြောင့် စာအုပ် ဖြစ်လာအောင် အချိန်တော့ ယူရပါလိမ့်မယ်"

ဦးချမ်းသာ စကားကြောင့်ဒေါ်တင်မွေးမှာ နှုတ်လေးသွားဟန်ရှိသည်။ စာအုပ် စာပေနှင့် ဆိုင်ရာ အရာရှိတစ်ဦး၏ မိခင်ဖြစ်သော်လည်း စာအုပ်ထုတ်ဝေရေး အကြောင်းကို သိပုံမရ။ ထို့ကြောင့် ဖြည်းဖြည်းလေးလေး ညည်းတွားလိုက်သည်။

http://www.dhammadownload.com



"စာအုပ်က ငယ်ငယ် သေးသေးလေးပါတော်"

"ကြီးကြီး,ငယ်ငယ်,ထူထူ,ပါးပါး ဒီအတိုင်းပဲ လုပ်ကြရပါတယ် အစ်မကြီး"

"အင်းလေ .. ဦးချမ်းသာ ဆောင်ရွက်နိုင်သမျှ အကူအညီတော့ ပေးပါဦး"

ထိုအတွင်း ဒေါ်မြမေက 'ကာဖီလင်ပန်း' ကလေးနှင့် ဧည့်ခန်းသို့ ရောက်လာသည်။

"ကာဖီလေး သုံးဆောင်လိုက်ပါဦး အမေ"

"အို ... အို ဒုက္ခရှာလို့ သမီးရယ်"

"ကရိကထ မများပါဘူး အမေ၊ အမေ့ကို မြင်မြင်ချင်း အမေရင်းလို ပြုစုချင်လို့ပါ"

"အင်း ... ဒီလိုဆိုတော့လည်း သမီးဒါန မြောက်သွားအောင် တစ်ဝက်လောက်တော့ သောက်လိုက်ပါ့မယ်လေ"

ဒေါ်တင်မွေးက ကော်ဖီကို တစ်ဝက်လောက်သာ သောက်ပြီး 'သာဓု' ခေါ်၍ ဆုများ ပေးပါသည်။

"ဘယ်ရိပ်သာကို အမေ တရားဝင်တတ်ပါသလဲ"

"( ) ရိပ်သာ ဝင်ဖူးပါတယ် သမီးရယ်။ ဒါပေမဲ့ အမြဲတော့ မသွားနိုင်ပါဘူး၊ အိမ်မှာပဲ ဆင်ခြင်မှု သတိလေးတော့ အမြဲရှိအောင် ကြိုးစားနေရပါတယ်၊ ကဲ- အမေပြန်ပါဦးမယ်ကွယ်"

ဤသို့ဖြင့် ဒေါ်တင်မွေး နှုတ်ဆက်၍ ပြန်သွားရာ ဦးချမ်းသာတို့က ခြံဝင်းအပြင် ရောက်သည်အထိ လိုက်ပို့လိုက်ရသည်။

"ဒီ အဘွားကြီးကို တွေ့ရတာ စိတ်ချမ်းသာလိုက်တာ အဖေကြီးရယ်"

"အင်း ... သာသနာ့ဗဟုသုတနဲ့ဓမ္မရသ ရှိတန်သလောက် ရှိနေတာ အကဲခတ်နိုင်သားပဲ၊ သားတွေ,မြေးတွေနဲ့ နေ,နေရပေမယ့်

http://www.dhammadownload.com



လည်း သတိသမ္ပဇဉ်ရှိရင် ဝိပဿနာ ဖြစ်နိုင်ပါသတဲ့။ ပါရမီဆိုရင် 'နည်းရောင်း,များရောင်း တောင်းပြည့်အောင်' ဆည်းပူးယူရတဲ့အလုပ်မျိုးပဲကွယ့်၊ ဈေးသည်များဟာ နည်းနည်းလေးလာဝယ်လည်း ရောင်းလိုက်တာပဲ၊ များများလာဝယ်လည်း ရောင်းလိုက်တာပဲ၊ဒါနဲ့ ပိုက်ဆံတောင်းပြည့်သွားတာပဲ မဟုတ်လား။ ဒီလိုပဲ၊ သူတော်ကောင်းကြီးများဟာ ကမ္ဘာအသချေ် ဘဝအသချေ် ပါရမီ ဖြည့်ခဲ့ကြရတယ်"

"တစ်မဂ်,တစ်ဖိုလ်ရဖို့ အဲသလောက် အကြာကြီး လုပ်ခဲ့ကြ ရတာကိုးနော်"

"လောကမှ ထွက်မြောက်နိုင်တဲ့ 'ပရမတ္ထသစ္စာ' ဆိုတဲ့ လောကုတ္တရာ ရတနာရဲ့ အမွန်အမြတ် ဖြစ်ပုံလည်း သတိထားဦးဟေ့၊ တို့ရဲ့ သဒ္ဒါမြတ်နိုးစိတ်က 'လျှော့လျှော့ရဲရဲ' ဖြစ် လို့သာ အကြာကြီး ကြာတယ်လို့ ထင်ကြတာ။ ရဲရဲတောက် ပုဂ္ဂိုလ်ကြီးများကျတော့ နောင်လာလတ္တံ့သောကမ္ဘာတစ်သိန်းကာလ ပွင့်တော်မူမယ့် မြတ်စွာဘုရားထံတော်မှာ 'အာသဝေါ ကင်းကွာတဲ့ ရဟန္တာ၊ ရဟန္တာမ ဖြစ်လိမ့်မယ်' လို့ ဗျာဒိတ်ခံရလျှင် ယနေ့,နက်ဖြန် ရတော့မလောက် ဝမ်းအသာကြီး သာကြသတဲ့။ မြတ်စွာဘုရား အလောင်းတော်ကြီး သုမေဓာရှင်ရသေ့ကိုပဲ ကြည့်။ ဒီပင်္ကရာ မြတ်စွာဘုရားက 'နောင်ဖြစ်လတ္တံ့သော လေးသချေ်နှင့် ကမ္ဘာတစ်သိန်းကာလ 'ဘဒ္ဒကမ္ဘာ'မှာ 'ဂေါတမ ဗုဒ္ဓ' ဟူ၍ ဘုရား စင်စစ် ဧကန် ဖြစ်လိမ့်မယ်' လို့ နိယတ ဗျာဒိတ်ပန်း ဆင်မြန်းလိုက်ရတဲ့အချိန်မှာ ဝမ်းအသာကြီးသာလို့ ပီတိတွေ ရွှမ်းရွှမ်းဝေသွားပါသတဲ့"

"အင်း .. ပါရမီဆိုတာ ဒီလောက် ဖြည့်ခဲ့ကြရတာကိုးနော်"

"ဖြည့်ကြရတာပေါ့၊ အဲသလို ဘဝပေါင်းများစွာ ဖြည့်ခဲ့ကြလို့ စုပြီး, ဆောင်းပြီး အဆောက်အအုံကြီး ဖြစ်လာခဲ့တယ်။ အဲဒါကို ပါရမီ သမ္ဘာရ လို့ ခေါ်တာပေါ့၊ 'အရေအတွက်မှ အရည်အချင်းသို့'

http://www.dhammadownload.com



ဆိုတာ ဒါမျိုးကိုပြောတာ ၊ ပါဠိလိုဆိုရင် 'ဘာဝိတာ ဗဟုလီကတာ' တဲ့။ ကိုယ့်အဆင့်နဲ့ ကိုယ် အချိန်ကာလ အပိုင်းအခြားနှင့် ဆည်းပူးခဲ့ရတာချည်းပါ။ အဲသလို မိမိတို့ ဆည်းပူးခဲ့ကြရတဲ့ ဘဝ,ဘဝတွေကို ပုဗ္ဗေနိဝါသဉာဏ် အဘိညာဏ်ရတော်မူတဲ့ ရဟန္တာထေရာ,ထေရီမများက သူတို့ သူတို့ရဲ့ ပါရမီတွေကို ပြန်လည် ဟောပြလို့ သိကြရပါတယ်။ ပါရမီ သမ္ဘာရ ကြီးမား ပြည့်စုံလာတဲ့အခါ တစ်မင်္ဂ, တစ်ဖိုလ်ကို သက်သက်သာသာ,လွယ်လွယ်ကူကူနဲ့ ရနိုင်ပါသတဲ့၊ ကျောင်းအမကြီး ဝိသာခါတို့များ ခုနစ်နှစ် သမီးအရွယ် သောတာပန်ဖြစ်ခဲ့ပါသတဲ့။

အနာထပိဏ်သူဌေးရဲ့ ကျွန်မကလေး 'ပုဏ္ဏိကာ' ဆိုလည်း အိမ်အမှုတွေ လုပ်ရင်း တရားထူးကို ရသွားပါသတဲ့၊ အဲ ... 'ထေရိကာ' ဆိုတဲ့ ခတ္တိယမင်းသမီးတို့များ ထမင်းအိုး,ဟင်းအိုး တည်ရင်း သောတာပန်က သကဒါဂါမ်၊ အနာဂါမ်အထိ မီးဖိုထဲမှာပင် တရားထူးရသွားပါသတဲ့ကွယ်"

"အို...ဟုတ်ရဲ့လား၊ ကြားစမ်းပါရစေ အဖေကြီးရယ်၊ ဆက်ပြောပါဦး။"

"ထေရီ အပဒါန် ဝတ္ထုတော်ကြီးများမှာ ပါ,ပါတယ်။ ဝေသာလီပြည်မှာ ခတ္တိယ မင်းသမီးကလေး တစ်ဦးရှိပါတယ်။ သူ့အမည်က 'ထေရိကာ'တဲ့။ ငယ်ငယ်ကတည်းက ရသေ့မကလေးလို ရဟန်းမကလေးလို၊ သိမ်သိမ်မွေ့မွေ့ သီလရှင်ကလေးလို နေတတ်လို့ အဲဒီနာမည်ရခဲ့ပါသတဲ့။ အရွယ်ရောက်တဲ့အခါမှာ ခတ္တိယမျိုးနွယ်ထဲက မင်းသားတစ်ပါးနဲ့ ထိမ်းမြား လက်ထပ်ပါသတဲ့။ တစ်နေ့တော့ မြတ်စွာဘုရားဟာ ဝေသာလီပြည်ကို ကြွလာတော်မူပါတယ်။ အဲဒီ အချိန်မှာ 'ထေရိကာ' မင်းသမီးဟာ မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်ကို နာယူနှစ်ခြိုက်ပြီး ရဟန်းမိန်းမ ပြုလိုစိတ် ပေါ်ခဲ့တယ်။

http://www.dhammadownload.com



လင်ယောကျ်ားက ချစ်မြတ်နိုး လွန်းတဲ့အတွက် ရဟန်းမိန်းမပြုခွင့် မပေးဘူးတဲ့"

"ဒါကတော့ မောင်တို့ ယောကျ်ားများ မတရားဘူး။ အနိုင် ကျင့်ရာလည်းရောက်တယ်။ စီးပိုးရာလည်း ဖြစ်တယ်"

"ဘာများတုံးဗျ၊ အမေကြီးရ ..."

"ဘယ်နှယ့်တော် ဇနီးမယားက သာသနာ့ဘောင်ဝင်ချင်တာ လင့်ဆီက အခွင့်မရရင် မဝင်ရတော့ဘူးတဲ့လား၊ သူတို့ယောကျ်ား တွေကျတော့ မယားထံက အခွင့်တောင်းဖို့ မလိုဘူးတဲ့။ မိဘရှိရင်, မိဘထံမှအခွင့်ရရင် ပြီးရောတဲ့။ ဝိနည်းတော်ကလည်း ဆိုပြန်သတဲ့၊ လင်နဲ့ မယားဟာ ဆွေမျိုးမဟုတ်ဘူး။ မိဘ,ဘိုးဘွားနဲ့ သား, မြေး, မြစ်တို့သာ ဆွေခုနစ်ဆက် စာရင်းဝင်သတဲ့ လေ၊ မိန်းမ ဖြစ်ရတာ များ တစ်ပန်းရှုံးတယ်"

"ဟဲ...ဟဲ ဒေါ်သလည်း ဒီလောက်မကြီးနဲ့လေ။ ဒါကတော့ ဒီလို ရှိပါတယ်ဗျာ။ လင်နဲ့ မယားဆိုတာက တည်တည်မြဲမြဲ မကွဲ မကွာ ညားနေကြတုန်းသာ 'လင်မယား' လို့ အမည်ခံ နေကြရတာ မဟုတ်လား။ အခိုက်မသင့်လို့ အိမ်ထောင် ကွဲပြားသွားကြတာနဲ့ သူစိမ်း ပြင်ပြင်ဖြစ်သွားကြတာမမှတာမို့ဆွေမျိုးမဟုတ်ဘူးလို့ပြောရတာပါ။ သာသနာ့ဘောင်ဝင်လို့မိဘထံအခွင့်တောင်းရတာကတော့ယောကျ်ား သားများလည်း တောင်းရတာပဲ၊ မိန်းမသားများလည်း တောင်းရတာ ပါပဲဗျာ။ သူတို့က အုပ်ထိန်းသူတွေ မဟုတ်လား။ အဲ- မိန်းမသား ကျတော့ လင်သားရပြီ ဆိုကတည်းက ထို ခင်ပွန်းလင်ယောကျ်ား သာလျှင် ထိုမိန်းမ၏အုပ်ထိန်းသူ ဖြစ်သွားပါသတဲ့။ ဒါ့ကြောင့် အနုး အညွတ်ခွင့်တောင်းရတာပါ။နောက်တစ်ခုကထိုမိန်းမမှာ သာမဏေရီ တို့ ထေရီတို့ ဖြစ်နေခါမှ ထိုယောကျ်ားက'က ဖျက်, ယ ဖျက်'အနိုင့် အထက် ပြန်ခေါ်နေရင် အရပ်ဆိုး ကုန်မှာပေါ့၊ မဟုတ်ဘူးလား"

http://www.dhammadownload.com



"ဒါကြောင့် ပြောတာပေါ့။ မိန်းမဘာဝများ တစ်ပန်းရှုံးတယ်လို့"

" 'ဣတ္ထိတံထွာ ဓမ္မတာ' လို့သာ သဘောထားကြီးကြီး ထားလိုက် ပါတော့ အမေကြီးရယ် ဟဲ ... ဟဲ"

ဒေါ်မြမေက မျက်စောင်း တစ်ချက် ပစ်ထိုးလိုက်သဖြင့် ဦးချမ်းသာ ရယ်သွမ်းသွေးပြီးမှ စကားဆက်ပြောရသည်။

"ဒီတော့ 'ထေရိကာ' ဟာ မယားဝတ္တရားအရ အိမ်မှာ အိမ်မှုကိစ္စတွေကိုလုပ်ရင်း ရုပ်,နာမ်တို့ကို သိမ်းဆည်း၍ ဝိပဿနာရှုနေတယ်။

တစ်နေ့တော့ ထမင်းချက်တဲ့ မီးဖိုထဲမှာ ဂရုတစိုက် ဝိပဿနာရှုနေတုန်း ပူရှိန်ပြင်းတဲ့ ထင်းမီးကြောင့် ဟင်းရွက်တို့ ညှိုးနွမ်း သွားတာ ကြေကျက်သွားတာကိုမြင်ရတယ်။ ဒါကို မြင်တဲ့အခါမှာ 'ဖြစ်ခြင်း, ပျက်ခြင်း' သဘောကို ဆင်ခြင်မိပြီး သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်တို့ကို ကာလ မခြားဘဲ ပစ္စဝေက္ခဏာမျှသာ ခြားလျက် မဂ် ၃ ပါးကို တစ်ဆက် တည်း ရလေတယ်။

အနာဂါမ် တည်ပြီးသည်အထိ ဆိုက်ရောက်သွားတဲ့ မင်းသမီးထေရိကာဟာ ကာမ, ရာဂ, ဗျာပါဒတို့ကို အကြွင်းမရှိ လုံးဝစွန့်ပစ်ခြင်း ပြုပါတယ်။ မိမိကိုယ်၌ အလှအပ အဝတ်တန်ဆာဆင်ခြင်း, နံ့သာလိမ်းကျံ, ပန်းပန်ခြင်းတို့ကို မပြုလုပ်တော့ပါဘူး။

အဲဒီအခါ လင်ယောကျ်ားဖြစ်တဲ့ မင်းသားက 'အဘယ့်ကြောင့် နံ့သာပန်းမန် မလိမ်းကျံဘဲ နေသလဲ' မေးတဲ့အခါ 'ထေရိကာ' မင်းသမီးက 'အနာဂါမိဖိုလ်၌တည်သော အရိယာတို့ မည်သည် လူတို့ အသုံးအဆောင်ဖြစ်သော ကာမဂုဏ်အာရုံဖြင့် ပျော်မြူးခြင်းကို အလိုမရှိပါ'ဟုပြောကြားပါသတဲ့။ ဒီအခါ လင်ယောကျ်ားဖြစ်တဲ့ မင်းသားက ဝမ်းသာအားရဖြစ်လွန်းလှ၍ 'ထေရိကာ'မင်းသမီးကို ရွှေထမ်းစင်ဖြင့် တင်ပြီး မိထွေးတော် ဂေါတမီဘိက္ခုနီအရင်မကြီးထံသို့ ပို့ခဲ့ပါတယ်။ 'ထေရိကာ'မင်းသမီးဟာ အနာဂါမ်တည်ပြီး ဖြစ်လေတော့

http://www.dhammadownload.com



သိက္ခာမန်အကျင့်ကို ကျင့်စရာမလိုဘဲ ရဟန်းအဖြစ် ပြုစေပါတယ်။ အဲဒီနောက် မကြာခင်ဘဲ ရဟန္တာမ ဖြစ်သွားပါရောကွယ်"

"အင်း ... ကျွန်မတို့ တစ်တွေဖြင့် ထမင်းအိုး,ဟင်းအိုး တည်လာခဲ့ကြတာ အိုပြီး သေတောင် သေကြတော့မယ်။ ဒီလို တရားမျိုး မတွေးမိပါဘူး။ လူဖြစ်ရှုံးလိုက်တာ လွန်ပါရော"

"ဒါ့ကြောင့် ပါရမီသမ္ဘာရ ဆိုတာ အရေးကြီးတယ် လို့ ပြောတာပေါ့။ 'ထေရိကာ' အမျိုးသမီးလေးရဲ့ ပါရမီကိုလည်း ကြည့်ဦးလေ။ ကောဏာဂုံမြတ်စွာဘုရား လက်ထက်ကတည်းက ပါရမီတွေကို ဆည်းပူးခဲ့သူဖြစ်တယ်။ ကဿပမြတ်စွာဘုရားလက်ထက်ကျတော့ ဘိက္ခုနီမ ပြုပြီး အနှစ်နှစ်သောင်း ကာလပတ်လုံး ရဟန်းတရားကို အားထုတ်ခဲ့ဖူးတယ်။ မင်းတို့,ငါတို့မှာက အဲသလောက် ပါရမီ တွေ မရှိခဲ့သေးလို့ ဖြစ်မှာပေါ့။ အေး ... လုံးဝမရှိခဲ့ဘူးလို့တော့ မပြောနိုင်ဘူးကွ။ ဘာဖြစ်လို့လဲ ဆိုတော့ ယခုဘဝမှာ တို့ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ခဲ့ရတယ်၊ သရဏဂုံ ၃ ပါးကို ဆောက်တည်နေကြတယ်။ ဒါန, သီလ,ဘာဝနာ ဆိုတဲ့ ကောင်းမှု ကုသိုလ်များကို တတ်နိုင်သလောက် လုပ်နေကြတယ်။ လောကုတ္တရာတရားနဲ့ ပတ်သက်ပြီးတော့လည်း ကြားဖူးနားဝနာကြားနေကြရတယ်။ ဒီတော့ 'နည်းရောင်း,များရောင်း တောင်းပြည့်' ဆိုသလို ပါရမီ ဖြည့်ရမှာပေါ့ကွယ်"

ဦးချမ်းသာသည်ဒေါ်တင်မွှေး၏အကြောင်းနှင့်စကားစပ်၍ သူတို့ လင်မယား စကားဆွေးနွေးနေကြသည် ကို အမှတ်ရနေမိသည်။ ထိုအတွင်း ဦးချမ်းသာရှိရာ စာဖတ်ခန်းထဲသို့ ဒေါ်မြမေ ဝင်လာ၍ ကြည်ကြည်ရွှင်ရွှင်နှင့် ပြောလိုက်သည်။

"အဖေကြီးရေ ... အမေဒေါ်တင်မွှေး ရောက်နေတယ်"

"ဟောဗျာ ... တိုက်တိုက်ဆိုင်ဆိုင် အခုပဲ ငါ သူ့အကြောင်း တွေးနေသေးတာ"

http://www.dhammadownload.com



ဦးချမ်းသာနှင့် ဒေါ်မြမေတို့ ဧည့်ခန်းသို့ ဝင်လာကြသည်။

"ဩော် ... ဦးချမ်းသာ အားမှ အားရဲ့လားမသိပါဘူး" ဟု ဒေါ်တင်မွေး က အားနာပြုံး ပြုံး၍ ပြောလိုက်လေသည်။

"အားပါတယ် အစ်မကြီး၊ အားပါတယ်၊ အခုပဲ အစ်မကြီး အကြောင်း စဉ်းစားနေမိပါသေးတယ်"

"ကျွန်မလည်း ဦးချမ်းသာကို ဝမ်းသာအားရ ပြောချင်လို့ လာခဲ့တာပါ။ ကျွန်မလိုချင်တဲ့ စာအုပ်လေး ရပြီလေ။ ကျွန်မတို့ အိမ်နားက ( )ကျောင်းဆရာတော်က တာဝန်ယူပြီး ရိုက်နှိပ်ပေးတော်မူပါတယ်။ အဲဒါ သား,သမီးတွေကိုတောင် အသိမပေးသေးပါဘူး။ ဦးချမ်းသာကိုတော့ ဦးဦးဖျားဖျား ဓမ္မဒါနလုပ်ချင်လို့ လာပေးတာပါ"

ဒေါ်တင်မွေးက စာအိတ်ဖြူကလေးနှင့် တရိုတသေထည့် ယူလာသော စာအုပ်ငယ်တစ်အုပ်ကို လက်နှစ်ဖက်နှင့်စုံကိုင်၍ အမြတ်တနိုး ပေးပါသည်။ ဦးချမ်းသာကလည်း လေးလေးစားစား လက်ခံယူ၍ သူ့စာအုပ်ကို ကြည့်လိုက်ပါသည်။ စာမျက်နှာ ၃၄ မျက်နှာ ရှိသည်၊ အဖုံးတွင် ပဋ္ဌာန်းစက်ဝန်း သာသနာ့တံဆိပ်နှင့် တကွ .....

ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်

နှင့်

ဓာရဏာပရိတ်ပါဠိတော် (အာဝေဏိကဂုဏ်တော်)

**ဟူ၍ စာတန်းရိုက်နှိပ်ထားသည်။ နောက်ကျောဘက်တွင်ကား ...**

**ကွယ်လွန်သူ ဒေါ်တင်မွေး**

**အသက် ( ....... ) နှစ်**

**ကောင်းမှု**

ဟု ပါရှိပါသည်။

http://www.dhammadownload.com



ဦးချမ်းသာက ကြည်ညိုလေးစားစွာ ကြည့်လိုက်မိသည်။ ဒေါ်တင်မွေးမှာ 'ဣစ္ဆိတံ ပတ္တိတံ လိုအပ်သော အရာကို ရလိုက် သဖြင့်' ရွှန်းရွှန်းမြနေသော ပီတိသုခ မျက်နှာထားဖြင့် ပြုံးလျက်သာ ရှိနေပါတော့သည်။

http://www.dhammadownload.com

# အာဝေဏိကဂုဏ်တော်

"ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ တထာ မေ ဟောတု"

"အဖေကြီးရေ ... 'ဓာရဏာပရိတ်' လို့ ဘာကြောင့် ခေါ်တာတုံး"

" 'ဓာရဏာ' ဆိုတာ 'အမြဲဆောင်ထားအပ်သော' လို့ အဓိပ္ပာယ်ရတယ်။ ဒီတော့ 'မြတ်စွာဘုရား၏ အာဝေဏိကဂုဏ်တော် ၁၈ ပါးကို အမြဲဆောင်မှတ်ထားရန်ဖြစ်သော ပရိတ်တော်ရယ်' လို အဓိပ္ပာယ်ယူပေါ့ကွယ်"

"ဒါနဲ့ 'ဓာရဏာပရိတ်' က ပရိတ်ကြီး ၁၁ သုတ်မှာ မပါဘူးနော်"

"ဘယ်လိုများ တွေးမိရလာလဲ အမေကြီးရဲ့"

"ဩော် ... မနေ့က အမေ ဒေါ်တင်မွေး ဓမ္မဒါန ပေးသွားတဲ့ စာအုပ်ကလေးကို သတိရလို့ပါ"

"အင်း ...ပရိတ်ကြီး ၁၁ သုတ်မှာ 'ဓာရဏာပရိတ်' အနေနဲ့ တော့ မပါပါဘူး။ အခုန မင်းရွတ်တဲ့ 'ဗုဒ္ဓါနံ=မြတ်စွာဘုရားတို့၏။ ဇီဝိတဿ=အသက်တော်၏။ အန္တရာယော= အန္တရာယ်ကို။ ကေနစိ = တစ်စုံတစ်ယောက်သော သူမျှပင်။ ကာတုံ=ပျက်စီးလေအောင် ကြံဆောင်, အားထုတ် ပြုလုပ်စီရင်ခြင်းငှာ။ န သက္ကာ= မတတ်နိုင်။ တထာ=ထို့အတူ။ မေ=ကျွန်ုပ်အား။ ဟောတု=ဖြစ်ပါစေသတည်း။' ဆိုတဲ့ 'ဓာရဏာပရိတ်' ဟာ မြတ်စွာဘုရား ရဲ့ 'အာဝေဏိကဂုဏ်တော် ၁၈ ပါး' ကို ရည်ညွှန်းပြီး သစ္စာဆိုတာ ဖြစ်ပါတယ်"

" 'အာဝေဏိကဂုဏ်တော်' ၊ ဟုတ်လား"

"ဟုတ်ပါတယ်"

http://www.dhammadownload.com



" 'အာဝေဏိက' ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ အဖေကြီး"

" 'အာဝေဏိက' ဆိုတာ 'သီးခြားဖြစ်သော ဂုဏ်တော်' လို့ အဓိပ္ပာယ်ရပါတယ်။ ဒီထက်ရှင်းအောင် ပြောရရင် 'မြတ်စွာဘုရားတို့၌သာ ရအပ်သော ဂုဏ်တော်တို့' ပေါ့ကွယ်။

"နေပါဦး။ 'မိန်းမတို့၏ အာဝေဏိက' လို့လည်း ကြားဖူးသလားလို့"

"အေး ... 'မိန်းမတို့၏ဒုက္ခ' ဆိုတာလည်း ရှိပါတယ်။ အဓိပ္ပာယ်က 'လူယောကျ်ား၊ လူမိန်းမ'၊ 'အဖို၊ အမ'ရယ်လို့ ရှိကြတဲ့အနက် ယောကျ်ားများနဲ့ မပတ်သက်ဘဲ မိန်းမများသာလျှင် တသီးတခြား ခံစားရတဲ့ ဒုက္ခများကို 'မိန်းမတို့၏ အာဝေဏိက ဒုက္ခ' လို့ခေါ်ကြတာ ဖြစ်ပါတယ်။ အဲဒီ ဒုက္ခတွေက ငါးမျိုး ရှိတယ်။

(၁) အရွယ်ရောက်လာသော အပျိုဘော်ဝင်စမှစ၍ တစ်လ တစ်ခါ ရာသီပန်းပွင့်ရခြင်း။

(၂) လင်,ယောကျ်ားရယ်လို့ ရလာတဲ့အခါ မိဘရဲ့ အရိပ်အာဝါသအောက်မှ ထွက်၍ လင့်နောက်သို့ လိုက်ရခြင်း။

မိဘရဲ့ အရှိန်အဝါ,ဂုဏ်သိန်,ဥစ္စာ တို့ကို စွန့်၍ လင်၏ အရှိန်အဝါ,ဥစ္စာ တို့ကိုသာ အားကိုးရခြင်း။

(၃) မိမိလင်ကို ပြုစု,ယုယ၍ အလုပ်အကျွေး ဖြစ်ရခြင်း။

(၄) သန္ဓေ,ကိုယ်ဝန်ဆောင်ရခြင်း။

(၅) ပင်ပန်း,ဆင်းရဲစွာ သန္ဓေသားကို မွေးဖွားရခြင်း။

အဲဒီ ဒုက္ခငါးပါးက ဘယ်မိန်းမမှ မကင်းနိုင်ကြပါဘူးတဲ့။ ကုန်ကုန်ပြောရရင် စကြာမင်းကြီးရဲ့သမီးပင်ဖြစ်လင့်ကစား ထိုဒုက္ခငါးပါးကို တသီးတခြား ခံစားရမှာပဲတဲ့။

ဒါ့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးက ...

http://www.dhammadownload.com



'ကာလရှယ်သင့်၊ ချိန်မလင့်ဘဲ၊ ပန်းပွင့်ယုတ်မာ၊
စကြာမင်း သမီး၊ ဖြစ်တပြီးလည်း၊ တောင်ကြီး ဖဝါး
အောက်၊ လင် နောက်လိုက်ရ၊ ဂုဏ်နိမ့်ချလျက်၊ ယုယ
လုပ်ကျွေး၊ သူ့သွေးသန္ဓေ၊ ဆောင်ထွေ စွဲကပ်၊
မီးယပ် သားဖွား၊ ဤငါးပါးတည့်။'

... လို့ ရေးသားတော်မူခဲ့တာ ဖြစ်တယ်"

"ဪ ...ဪ မိန်းမတွေမှာ ဖြစ်ရတာက 'အာဝေဏိက ဒုက္ခ'၊ မြတ်စွာဘုရားမှာ ရှိတာက 'အာဝေဏိကဂုဏ်တော်' ပေါ့လေ"

"ဟုတ်ပါတယ်၊ အာဝေဏိကဂုဏ်တော် ၁၈ ပါး ရှိပါတယ်။

(၁) အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ တဲ့။

အဓိပ္ပာယ်က အတိတ်ကာလ၌ ဉာဏ်တော်ကို (ရေးရှုရာ၌) အပိတ်အပင်, အတားအဆီး မရှိခြင်း။ သဗ္ဗညုတ ဉာဏ်တော်အရာမှာ အပိတ်အပင်, အတား အဆီး ရယ်လို့ မရှိခဲ့ဖူးခြင်း။

(၂) အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိ ဟတံ ဉာဏံ။

နောင် အနာဂတ် ကာလအဖို့၌လည်း သဗ္ဗညုတ ဉာဏ်တော်ကို အတားအဆီး, အပိတ်အပင် မရှိခြင်း။

(၃) ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ။

ယခုမျက်မှောက်ကာလ၌လည်း သဗ္ဗညုတ ဉာဏ် တော်ကို တားဆီး,ပိတ်ပင်နိုင်မှု မရှိခြင်း။

(၄) သဗ္ဗံ ကာယကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

ကာယကံမှု အလုံးစုံ၌ ဉာဏ်တော်သာလျှင် ရှေ့ သွားရှိခြင်း။ (ဦးဆောင်ခြင်း) မည်သည့် အမှုကို ပြု

http://www.dhammadownload.com



သည်ဖြစ်စေ၊ ဉာဏ်တော်နှင့် မကင်းခြင်း။ ယုတ်စွအဆုံး 'သွား,ရပ်,ထိုင်,လျောင်း' ဣရိယာပုတ်ပြောင်းသည့်အချိန် ကလေးမှာပင် ဉာဏ်တော်ဖြင့်သာ ပြုမူခြင်း။

(၅) သဗ္ဗံ ဝစီကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

မည်သည့်ဝစီကံမှုကို နှုတ်မြွက်သည်ဖြစ်စေ၊ ဉာဏ်တော်အစဉ်အတိုင်း မိန့်မြွက်တော်မူခြင်း။ တရား ဓမ္မနှင့် လွတ်ကင်း၍ သိမ်ဖျင်းသော စကား, ပေါ့ပျက်သော စကား၊ ပြက်ရယ် ပြုသော စကား, အပိုဖြစ်စေသော စကားတို့ မပြောခြင်း ပေါ့ကွယ်။

(၆) သဗ္ဗံ မနော ကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

မနောကံမှု တို့၌လည်း သတိ သမ္ပဇဉ် မကင်း၊ ဉာဏ်တော်အစဉ်အတိုင်းသာ တွေးခေါ်,ကြံဆတော်မူခြင်း။

(၇) နတ္ထိ ဆန္ဒဿ ဟာနိ။

အလိုဆန္ဒ၏ ယုတ်လျော့ အားနည်းမှု မရှိခြင်း။ သတ္တဝါများအား ကယ်တင် စောင်မတော်မူလိုသော ဆန္ဒပြုရာတွင် ယုတ်သွားခြင်း၊ လျော့သွားခြင်း မရှိ။

(၈) နတ္ထိ ဓမ္မဒေသနာယ ဟာနိ။

သတ္တဝါတို့အား တရားဟောရာ၌ ချွတ်, လွဲ, ယုတ်လျော့ခြင်း မရှိ။

(၉) နတ္ထိ ဝီရိယဿ ဟာနိ။

သတ္တဝါတို့အတွက် ဆောင်ရွက်ရမည်ဆိုလျှင် အားထုတ်မှု ဝီရိယ ယုတ်လျော့သွားသည် ဟူ၍ မရှိခြင်း။

http://www.dhammadownload.com



(၁၀) နတ္ထိ သမာဓိဿ ဟာနိ။

မြတ်စွာဘုရားသခင်သည် မည်သည့်အခါမျှ သမာဓိယုတ်လျော့သည် ဟူ၍ မရှိခြင်း။ အဆိုး, အကောင်း, လောကဓံနှင့် တွေ့သည်ဖြစ်စေ မတုန်လှုပ်ခြင်း။ အဘိညာဉ်တရားတို့ကို ပွားစည်းရာ၌လည်း အခြေခံဖြစ်သော တည်ကြည်မှုတရား၌ ခိုင်ခံ့တော်မူခြင်း။

(၁၁) နတ္ထိ ပညာယ ဟာနိ။

ပညာအရာ၌လည်း ချွတ်, လွဲ, ယုတ်လျော့ခြင်း မရှိ။

(၁၂) နတ္ထိ ဝိမုတ္တိယာ ဟာနိ

ဝိမုတ္တိရသ အရဟတ္တဖိုလ်စိတ်ကို ဝင်စားရာ၌ ယုတ်လျော့ခြင်းမရှိ။ ယုတ်စွအဆုံး တရားဟော နေတော်မူစဉ် လူ,နတ်တို့က 'သာဓု ... သာဓု ... သာဓု' ဟုအနုမောဒနာပြုကြသည့်လစ်လပ်သွားသောအချိန်ကလေး၌ပင်လျှင် ဝိမုတ္တိရသကိုဝင်စားမှုမကင်းကွာခြင်း။

(၁၃) နတ္ထိ ဒဝါ။

ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော ကံသုံးပါးစလုံး၌ ပြက်ရယ်မှုမပြု၊ မြူးထူးမှု မရှိခြင်း။

(၁၄) နတ္ထိ ရဝါ။

ပညာရှိ ပုဂ္ဂိုလ်တို့ အပြစ်တင်ဖွယ် ဖြစ်သော အဆောတလျင် အလောသုံးဆယ် ပြုမှုသည် ဟူ၍ မရှိခြင်း၊ ကပျာကယာ ကမန်းကတန်း ပြုမှုသည် ဟူ၍ မရှိခြင်း။

http://www.dhammadownload.com



(၁၅) နတ္ထိ အပ္ပဋိဝေဒိ ။

ဉာဏ်တော်နှင့် မတွေ့မထိ လစ်ဟင်းသော အရာ ဟူ၍ မရှိ၊ မတတ်တာမရှိ၊ မသိတာ မကျန်၊ ပရမတ်၊ ပညတ်မှန်သမျှ မတွေ့၊မသိ၊မထိ ဟူ၍ မရှိခြင်း။

(၁၆) နတ္ထိ ဝေဂါယိတတ္တံ။

ကိုယ်ကျင့် နှုတ်ကျင့် လွန်လွန်ကဲကဲ အမူမျိုး မရှိ ခြင်း။

(၁၇) နတ္ထိ အဗျာဝဋမနော။

သတ္တဝါတို့အပေါ် အမှတ်တမဲ့ နေခြင်း မရှိ။ ကြောင့်ကြမဲ့နေခြင်း မရှိ။

(၁၈) နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

စက္ခု၊သောတ အစရှိသော ဒွါရခြောက်ပါးနှင့် အာရုံခြောက်ပါးတို့ကို အမြဲတမ်း ဆင်ခြင်နေခြင်း ကြောင့် အမှတ်တမဲ့လျစ်လျူရှုသည်ဟူ၍ မဖြစ်ခြင်း။

အဲဒီဂုဏ်တော်တွေဟာ အာဝေဏိက ဂုဏ်တော် ၁၈ ပါး ဖြစ်ပါ တယ်ဗျာ"

ဦးချမ်းသာက စကားကို ရပ်နားလိုက်သည့်အခါ ဒေါ်မြမေ မှာ လေးလေးနက်နက် စဉ်းစားနေသကဲ့သို့ တိတ်ဆိတ်လျက်ရှိသည်။

"မင်း သဘောပေါက်တယ် မဟုတ်လားကွဲ့၊ အမေကြီး"

"အင်း ပေါက်တန် သလောက်တော့ ပေါက်ပါရဲ့၊ အကြမ်းဖျင်း လောက် ဆိုပါတော့လေ"

"တို့တစ်တွေရဲ့ ဉာဏ်၊ တို့တစ်တွေရဲ့ ပညာအတိုင်းအတာနဲ့ ပြောရရင် သမုဒ္ဒရာရေပြင်ကို ယုန်သူငယ် ခြေ၊ထောက်လို့ မမီအောင် ဖြစ်နေမှာကတော့ အားမရစရာပေါ့ကွယ်။ သို့ပေမယ့် ထိုသမုဒ္ဒရာရေ တစ်စက်တစ်ပေါက်မျှ သောက်ကြည့်လို့ ငန်တဲ့အရသာကို သိလိုက်

http://www.dhammadownload.com



ရင်တော့ မြတ်စွာဘုရား၏ ဓမ္မရသကို ခံစားမိသူရယ်လို့ ပြောနိုင်ပါသတဲ့ဗျာ။

'ပါရမီ' ဆိုတာ တစ်နေ့မှ တစ်နေ့သို့ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ အဆက်မပြတ် ပြုလာမှ 'နုရာက ရင့်' နိုင်ကြမှာ မဟုတ်လား။ ဒီတော့ ဖတ်ရင်း, မှတ်ရင်း, မေးရင်း, မြန်းရင်း ဆည်းပူးကြရမှာပေါ့ကွယ် ။ ကဲ ... အခုန ငါပြောခဲ့တဲ့ 'အာဝေဏိကဂုဏ်တော် ၁၈ ပါး'ကို အကြမ်းအားဖြင့် သိပြီ ဆိုတယ်နော်"

"ဟုတ်ကဲ့"

"အဲဒီတော့ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက ၄င်းဂုဏ်တော် ၁၈ ပါးကို အနည်းငယ် အကျယ်ချဲ့ပြီး ရေးသား တော်မူခဲ့တဲ့ ဘုရားရှိခိုးအနက်မြန်မာပြန်ကို ကြိုးစားပြီးဖတ်ကြည့်ပါဦး အမေကြီးရယ်။ ဟောဒီ တိပိဋကဓရ မင်းကွန်း ဆရာတော်ဘုရားကြီးရဲ့ မဟာဗုဒ္ဓဝင်မှာ ကြည့်ညိုရအောင် ဖော်ပြထားပါတယ်"

ဦးချမ်းသာက ဒေါ်မြမေအား မဟာဗုဒ္ဓဝင် ပဌမတွဲကို ပေးလိုက်သည်။ ဒေါ်မြမေ အမှတ်အသား ပြုထားသော စာမျက်နှာ ၇၅၂ ကို လှန်၍ ရိုသေစွာ ပုဆစ်ဒူးတုပ်လျက် အသံထွက်အောင် တဖြည်းဖြည်း ဖတ်လိုက်ပါသည်။

"ဗုဒ္ဓနံ=သဗ္ဗညု မြတ်စွာ ဘုရားရှင်တို့၏။ ဓိဝိတသ=ပွင့်ရာ တမ်းမှတ်၊ အာယုကပ်ကို၊ ငါးရပ်စုပုံ၊ လေးခုဆုံးတိုင်၊ ရှည်ခိုင်တည်နေမြဲဖြစ်သောအသက်တော်၏။ အန္တရာယော= လေးခုလုံးလုံး၊ မဆုံးမီခင်၊ အလယ်တွင်၌ ဝင်၍လတ်လတ် ဖျက်ဆီးတတ်သော အန္တရာယ်ကို။ ကေနစိ=ဒေဝဒတ်နှင့်၊ မာရ်နတ် စစ်မှူး၊ ဘီလူးအာဠာဝက၊ စသည်အပုံ၊ တစ်စုံတစ်ယောက် သောသူမျှပင်။ ကာတုံ= ပျက်စီးလေအောင်၊ ကြံဆောင် အားထုတ်၊ ပြုလုပ်စီရင်ခြင်းငှာ။ နသက္ကာ= မတတ်နိုင်။

http://www.dhammadownload.com



ဗုဒ္ဓါနံ = သဗ္ဗညု မြတ်စွာဘုရားရှင်တို့၏။ သဗ္ဗညုတ ဉာဏာသ = အပရိယန္တ၊ ဥေယျအထု၊ တရားစုဝယ်၊ တစ်ခု မကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံကို၊ အကုန်အစင်၊ သိမြင်နိုင်သော သဗ္ဗညုတရွှေဉာဏ်တော်မြတ်၏။ အန္တရာယော=ဉာဏ်ကြီး သဗ္ဗဉ်၊ မထင်သာအောင်၊ ကွယ်ကာဖျက်ဆီးတတ်သော အန္တရာယ်ကို။ ကေနစိ =မဟောသရ၊ ဗကဗြဟ္မာ၊ အသုရာနှင့်၊ များစွာလူတွင် တစ်ယောက် ပင်မျှ။ ကာတုံ = မမြင်သာအောင် ကြံဆောင်အားထုတ်၊ ပြုလုပ်စီရင်ခြင်းငှာ။ နသက္ကာ= မတတ်နိုင်။

ဘဂဝတော=ခြောက်ပါးရှစ်သွယ်၊ ဘုန်းတော်ကြွယ်သော။ ဗုဒ္ဓဿ= သဗ္ဗညု မြတ်စွာဘုရား၏။ ဉာဏံ=သဗ္ဗညုတရွှေဉာဏ်တော်မြတ်သည်။ အတီတံသေ= အတိတ်သံသရာ၊ ကမ္ဘာဘာလျှင်၊ စ,ရာမထင်၊ ရှေ့တစ်ပြင်က၊ လွန်ကုန်ကြသော၊ ဥေယျ သတ္တာ၊ များစွာအထု၊ တရားစု၌။ အပ္ပဋိဟတံ=ပရမာမြူဏ၊ တစ်ခုမျှပင်၊ မြင်ခွင့်မပေး၊ အရေးကန့်လန့်၊ တားဟန့် ပိတ်ပင်နိုင်သော ပဋိပက္ခတရားမှ ကင်းတော်မူ၏။

ဘဂဝတော=ခြောက်ပါးရှစ်မျိုး၊ ဘုန်းတော်ဖြိုးသော။ ဗုဒ္ဓဿ=သဗ္ဗညုမြတ်စွာဘုရား၏။ ဉာဏံ= သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်သည်။ အနာဂတံသေ= အနာဂတ်သံသရာ၊ ကမ္ဘာဘာတွင်၊ ဆုံးရာမထင်၊ နောက်တစ်ပြင်၌၊ အစဉ်ရှည်ဝေး၊ လာအံ့သေးသော၊ ဥေယျသတ္တာ၊ များစွာအထု၊ တရားစု၌။ အပ္ပဋိဟတံ= ပရမာမြူဏ၊ တစ်ခုမျှပင်၊ မြင်ခွင့်မပေး၊ အရေး ကန့်လန့်၊တားဟန့်ပိတ်ပင်နိုင်သောပဋိပက္ခတရားမှကင်းတော်မူ၏။

ဘဂဝတော = ခြောက်ပါးရှစ်မြောက်၊ ဘုန်းတော် တောက်သော။ ဗုဒ္ဓဿ=သဗ္ဗညုမြတ်စွာဘုရား၏။ ဉာဏံ= သဗ္ဗညုတ

http://www.dhammadownload.com



ရွှေညဏ်တော်မြတ်သည်။ ပစ္စုပ္ပန္နံသေ=ဧကတိံသ၊ ဘုံဘဝနှင့်၊ အနန္တစကြဝဠာ၊ ရပ်ရွာဝန်းကျင်၊ နယ်တစ်ပြင်၌၊ မျက်မြင်မစဲ၊ ဖြစ်မြဲ,ပျက်မှု၊ ယခုတည်လစ်၊ လောလောဖြစ်သော၊ ဥဒယျ သစ္စာ၊ များစွာအထု၊ တရားစု၌။ အပ္ပဋိဟတံ=ပရမာမြူဏု၊ တစ်ခုမျှပင်၊ မြင်ခွင့်မပေး၊ အရေးကန့်လန့်၊ တားဟန့် ပိတ်ပင် နိုင်သော ပဋိပက္ခတရားမှ ကင်းတော်မူ၏။

ဣမေဟိ တီဟိ ဓမ္မေဟိ=ဤသုံးဖြာသော၊ အသာဓာရဏ၊ ဓမ္မပြန့်ပြူး၊ ဂုဏ်ကျေးဇူးတော်တို့နှင့်။သမန္နာဂတဿ=လောကဲ လွှေ့ကုန်င၊ ပြည့်စုံလှသော။ ဘဂဝတော=ခြောက်ပါး, ရှစ်တန်၊ ဘုန်းတော်လျှံသော။ဗုဒ္ဓဿ=သဗ္ဗညုမြတ်စွာဘုရား၏။ သဗ္ဗံ= တစ်ခုမကြွင်း၊ ခပင်း ဥဿုံ၊ အလုံးစုံသော။ ကာယကမ္မံ= သွား, ရပ်,ထိုင်,လျောင်း၊ ရှေ့,နောင်း,တက်,ဆုတ်၊ ဆန့်,ရုပ်,ချီ, ကြွ၊ စသည်များပြား၊ လှုပ်ရှားပြုပြင်သမျှသော ကိုယ်အမှုအရာတော် သည်။ ဉာဏပုဗ္ဗင်္ဂမံ=သာတ္ထကသမ္ပဇဉ်,သပ္ပါယသမ္ပဇဉ်,ဂေါစရ သမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ်၊ ပညာလေးပါး၊ ရှေ့သွား ရှေ့ ဆောင် ရှိတော်မူပေ၏။ ဉာဏာ နုပရိဝတ္တံ=သမ္ပဇဉ်ဉာဏ်၊ စီမံ တိုင်းပင်၊ အစဉ်တစိုက်လိုက်ကာ ဖြစ်တော်မူပေ၏။

သဗ္ဗံ = တစ်ခုမကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံသော။ ဝစီကမ္မံ = နှုတ်,လျှာ အိန့်၍၊ မိန့်ဖော်ကျူးရင့်၊ လှစ်ဖွင့်သမျှသော နှုတ် အမှုအရာတော်သည်။ဉာဏပုဗ္ဗင်္ဂမံ=သာတ္ထကသမ္ပဇဉ်, သပ္ပာယ သမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ်၊ ပညာ လေးပါး၊ ရှေ့သွား,ရှေ့ဆောင်ရှိတော်မူပေ၏။ ဉာဏာနုပရိဝတ္တံ= သမ္ပဇဉ် ဉာဏ်၊ စီမံတိုင်းပင်၊ အစဉ်တစိုက်လိုက်ကာ ဖြစ်တော်မူပေ၏။

သဗ္ဗံ=တစ်ခုမကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံသော။ မနောကမ္မံ= ကြံ,ကြံသမျှသော စိတ်အမှုအရာတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ =

http://www.dhammadownload.com



သာတ္ထကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မောဟ သမ္ပဇဉ်၊ ပညာလေးပါး၊ ရှေ့သွား,ရှေ့ဆောင်ရှိတော်မူပေ၏။ ဉာဏာနုပရိဝတ္တံ= သမ္ပဇဉ်ဉာဏ်၊ စီမံတိုင်းပင်၊ အစဉ်တစိုက် လိုက်ကာဖြစ်တော်မူပေ၏။

ဣမေဟိဆဟိဓမ္မေဟိ=ဤခြောက်ဖြာသော အသာဓာရဏ၊ ဓမ္မပြန့်ပြူး၊ ဂုဏ်ကျေးဇူးတော်တို့နှင့်။သမန္နာဂတသ=လောက လွှေ့ကုန်င၊ ပြည့်စုံလှသော။ ဘဂဝတော=ခြောက်ပါး ရှစ်တန်၊ ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ=သဗ္ဗညု မြတ်စွာဘုရား အား။ ဆန္ဒဿ=စကြဝဠာပေါင်း၊ တစ်သောင်းတိုက်နေ၊ မိုလ် ခြေ များ စွာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ငါဆောင်ပို့မည်၊ ရည် သန် တောင့်တသော၊ ဘုရားအလျာ၊ သုမေဓာရှင်ရသေ့ သန္တာန်၌ ဖြစ်သော အာဂမဆန္ဒတော်။ ဘုန်းခြောက်ဖြာတွင်၊ ကာမာ မည် သီး၊ လိုတိုင်းပြီးသော အဓိဂမဆန္ဒတော် ၂ ပါး၏။ဟာနိ= ရည် သန် သလောက်၊ မပြောက်မပြီး၊ ပျက်စီးချို့ငဲ့ခြင်း မည်သည်။ နတ္ထိ= အဏုမြူမျှ ရှိတော်မမူ။

ဓမ္မဒေသနာယ= ဝဋ္ဋသုံးဖြာ၊ သံသရာမှ၊ နိယျာနိက၊ နိဿရဏစစ်၊ ဖြစ်စေခြင်းငှာ၊ စိတ်ဖြာ ဝေဖန်၊ ခွဲပြည့်ကန်သော၊ အမွန်ထွေလာ၊ ဒေသနာတော်မြတ်၏။ ဟာနိ= နိယျာနိက နိဿရဏာဟု၊ ဖလကျိုးကြီး၊ မပြီးစီးဘဲ၊ ချွတ်လွဲ ယုတ်လျော့ ခြင်း မည်သည်။ နတ္ထိ= အဏုမြူမျှ ရှိတော်မမူ။

ဝီရိယဿ=ယူဇနာဝန်းညီ၊ သုံးလီသန်းပေါင်း၊ ခြောက် သိန်း လောင်းလျက်၊ တစ်သောင်းသုံးရာ၊ ငါးဆယ်သာတည့်၊ စကြဝဠာတွင်း၊ ဝင်းဝင်းထိန်ညီး၊ မီးကျီးလုံသွား၊ အပြည့် ထား လျက်၊ တစ်ဖက်ကမ်းတိုင်၊ ရောက်ပေနိုင်မူ၊ အကြင်သူကား၊ ဘုရားဖြစ်မည်၊ စင်စစ်ဟူက၊ ဆံမြူမတွန့်၊ ဝံ့ဝံ့စားစား၊ ဘူးသွား

http://www.dhammadownload.com



နိုင်မျှ၊ ရဲရင့်လှသည့်၊ ပယတ္တမည်သော အာဂမဝီရိယတော်။ အသာခာရဏာ၊ ကိစ္စလေးတန်၊ ကုန်လောက်ငံ၍၊ သမ္မပ္ပဓာန် ကိစ္စ၊ တတ်စွမ်းလှသော အာဂမဝီရိယတော်။ နေ့တိုင်းစတော၊ ငါးထွေကိစ္စ၊ မလပ်ရအောင်၊ ထာဝရ အားသစ်၊ ပြုမြဲဖြစ်သော အဓိဂမဝီရိယတော် သုံးပါး၏။ ဟာနိ= ယုတ်လျော့ခြင်း မည်သည်။ နတ္ထိ= အလျှမြူမျှ ရှိတော်မမူ။

သမာဓိဿ= အဋ္ဌဒိသာ၊ ရှစ်မျက်နှာမှ၊ လာလာသရွေ့၊ မုန်တိုင်းရေ့လည်း၊ မရွေ့မယိုင်၊ မြင်းမိုရ်ခိုင်သို့၊ တစ်ပြိုင်နက်သား၊ ရှစ်ပါးလောကဓံ၊ ဝန်းရံပတ်ဆုံ၊ တွေ့ခိုက်ကြုံလည်း၊ တုန်မလှုပ်ဘဲ၊ အမြဲတည်တံ့တော်မူသော ပကတိသမာဓိတော်။ ဝသီငါးရပ်၊ ကမ်းဆုံးခတ်လျက်၊ ထူးမြတ်လွန်ကဲသော ဣဒ္ဓိဝိဓ အဘိညာဉ်၊ ဒိဗ္ဗစက္ခု အဘိညာဉ်၊ ဒိဗ္ဗသောတ အဘိညာဉ်၊ စေတော ပရိယ အဘိညာဉ်၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၊ ယထာကမ္မူပဂ အဘိညာဉ်၊ အနာဂတံသ အဘိညာဉ်မျိုး တန်ခိုးဣဒ္ဓိပါဒ်တော်တို့၏အခြေဖြစ်သော အပ္ပနာသမာဓိတော် နှစ်ပါး၏။ ဟာနိ=ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ= အလျှမြူ မျှ ရှိတော်မမူ။

ပညာယ = စကြဝဠာပေါင်း၊ သောင်းတိုက်အပြင်၊ ဘုံသုံးခွင်ဝယ်၊ သင်္ခါရဓမ္မဟူသမျှကို၊ တစ်စမကြွင်း၊ လင်းလင်း ထင်ထင်၊ အဆုံးမြင်လျက်၊ နေ့စဉ်မစဲ၊ ရှုစမြဲ အစဉ်ဖြစ်သော ကုဋေနှစ်သန်း လေးသိန်း အရေအတွက်ရှိသော မဟာဝဇိရ ဉာဏ်တော်မြတ်၏။ ဟာနိ= ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ= အလျှမြူမျှ ရှိတော်မမူ။

ဝိမုတ္တိယာ=ကုဋေတစ်သိန်း၊ ပျက်ကိန်းတူစွ၊ စကြဝဠာဝယ်၊ ဗြဟ္မာ,လူ,နတ်၊ လေးရပ်ပါယ်ဘုံ၊ အကုန်မကြွင်း၊ ခပင်း

http://www.dhammadownload.com



ရုံးပေါင်း၊ လွှမ်းမွမ်းညှောင်းအောင်၊ သွန်းလောင်းဖြန့်ဖြူးတော်မူ အပ်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟု ဆိုအပ်သော ဗြဟ္မဝိဟာရစေတော ဝိမုတ္တိ တရားလေးပါး၊ ဗြဟ္မာ, လူ, နတ်၊ ပရိသတ်အား၊ တရားဟောစဉ်၊ အခိုက်တွင်မျှ၊ မလပ်ရအောင်၊ နေ့,ညမစဲ၊ ဝင်စားမြဲအစဉ်ဖြစ်သော၊ ကုဋေနှစ်သန်း လေးသိန်း မျှလောက်သော၊ အရဟတ္တဖလ၊ စတုတ္ထဈာန်၊ အမွန်ရတနာ၊ ချမ်းသာသုခ၊ ထူးမြတ်လှသော၊ ဝိမုတ္တိတရား၊ ဤငါးပါး၏။ ဟာနိ= ယုတ်လျော့ ခြင်းမည်သည်။ နတ္ထိ= အလျှမြူမျှ ရှိတော် မမူ။

ဣ္ကမေဟိ ဒွါဒသဟိ ဓမ္မေဟိ=ဤတစ်ဆယ့်နှစ်ဖြာသော အ သာဓာရဏ၊ ဓမ္မပြန့်ပြူး၊ ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာ ဂတဿ = လောက်လွှေ့ကုန်င၊ ပြည့်စုံလှသော။ ဘဂဝတော= ခြောက်ပါး, ရှစ်တန်၊ ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ= သဗ္ဗညု မြတ်စွာ ဘုရား အား။ ဒဝါ=သတိသမ္မဇဉ်၊ မယှဉ်မဖက်၊ အပြက် အချော်၊ သရော်ဖျင်းပေါ့၊ အသော့ အသွမ်း၊ ရွှင်လန်း မြူးရယ်၊ ကျီစယ် သမှု၊ ပြုအပ်,ဆိုအပ်,ကြံစည်အပ်သော ကိုယ်အမူအရာ, နှုတ် အမူအရာ,စိတ်အမူအရာတော်များသည်။ နတ္ထိ= အလျှမြူမျှ ရှိတော်မမူ။

ရဝါ=သတိသမ္မဇဉ်၊ မတင်မဆေး၊ အရေးတကြီး၊ ကပြီး, ကပြန်း၊ ကရန်း,ကရင်း၊ မစဉ်း,မစား၊ ပြုမိငြားချ၍၊ ယွင်းမှား လျှော့မေ့၊ မစေ့,မစပ်၊ လစ်လပ်ဟင်းဟာသည်ဟု ပညာရှိပုဂ္ဂိုလ် တို့ ပြောဆို,ပြစ်တင်ရန်အမူသည်။ နတ္ထိ=အလျှမြူမျှရှိတော်မမူ။

အပ္ပဋ္ဋ=စဉ်းစဉ်းစားစား၊ ပြုပါငြားလည်း၊ ဉာဏ်အားသေး ၍၊ အရေးအခွင့်၊ မြင်သင့်သမျှ၊ တကွလုံးစုံ၊ ကုန်အောင်မပြန့်၊ မနှံ့မစပ်၊ လစ်လပ်ဟာဟင်း၊ ကျန်ကြွင်းသော အရာရှိသည်ဟု

http://www.dhammadownload.com



ပညာရှိပုဂ္ဂိုလ်တို့ ပြောဆို ပြစ်တင်ရန် အမှုသည်။ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

ဝေဂါယိတတ္တံ=စိတ်မာန်အလျောက်၊ကြောက်လန့်တကြား၊ ကစားရွှင်မြူး၊အလွန်ကြူး၍၊ကိုယ်ကျူး,နှုတ်ကျွံ၊လွန်လွန်ကဲကဲ၊ လွဲလွဲချော်ချော်၊ မတော် မှားယွင်းသည်ဟု ပညာရှိ ပုဂ္ဂိုလ်တို့ ပြောဆိုပြစ်တင်ရန် အမှုသည်။ နတ္ထိ= အဏုမြူမျှ ရှိတော် မမူ။

အဗျာဝဋမနော= ကိုယ်တော်မြတ်၏၊ အတ္တဟိတ၊ ကြီးလှ စီးပွား၊ တစ်သောင်းတိုက်နေ၊ ဗိုလ်ခြေများစွာ၊ သတ္တဝါတို့၏၊ ချမ်းသာစီးပွား၊ နှစ်ပါးအကျိုး၊ ဖြိုးဖြိုးမယုတ်၊ အားထုတ်,ကျင့် ဆောင်တော်မူမည်၊ ရွယ်ရည်ရှေးရှု၊ တည်နေတော်မူသော မဟာ ဥဿာဟ ဗျာပါရအမှုအရာမှ၊ ရံခါကင်း၍ဖြစ်သော၊ ဇော စိတ္တုပ္ပါဒ်တော်မည်သည်။ နတ္ထိ= အဏုမြူမျှ ရှိတော်မမူ။

အပ္ပဋိသင်္ခါနုပေက္ခာ=စက္ခု,သောတ၊ဃာန,ဇိဝှါ၊ကာယ, မန၊ ခြောက်ဒွါရတွင်၊ ထင်ထင်သမျှ၊ ရူပ,သဒ္ဒ၊ ဂန္ဓ,ရသ၊ ဖောဋ္ဌဗ္ဗနှင့်၊ ဓမ္မာဟူသည်၊ ခြောက်မည်အာရုံ၊ အလုံးစုံကို၊ မစုံ မစမ်း၊ ကြောင်းလမ်းပြတ်ပြတ်၊ သက်သက်မသိ၊ သတိမမူ၊ လျစ်လျူရှုခြင်း မည်သည်။ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ=ဤတစ်ဆယ့်ရှစ်ဖြာသော အသာဓာရဏ၊ ဓမ္မပြန့်ပြူး၊ ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာ ဂတဿ=လောက်လွှ,ကုန်င၊ ပြည့်စုံလှသော။ ဘဂဝတော= ခြောက်ပါး,ရှစ်တန်၊ ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ= သဗ္ဗညုတ မြတ်စွာဘုရားအား။ ကေနစိ=တစ်စုံတစ်ယောက်သောသူသည်။ အန္တရာယော= အသက်တော်နှင့်၊ ဉာဏ်တော်ဂုဏ်ရှိန်၊ မေးမှိန် ပျက်စီးကြောင်း အန္တရာယ်ကို။ ကာတုံ =နည်းပေါင်း များစွာ ဆင်ကာအားထုတ်၊ ပြုလုပ်စီရင်ခြင်းငှာ။ နသက္ကာ=မတတ်နိုင်။

http://www.dhammadownload.com



တဒေဝ ဝစနံ သစ္စံ၊
ဘဂဝန္တံ နမာမဟံ။
ဧတေန သစ္စ ပုညေန၊
စိန္တာ မယှံ သမိဇ္ဈတံ။

တဒေဝ ဝစနံ=တစ်ဆယ့်ရှစ်ဖြာ၊ အာဝေဏိက၊ ဘုရာ့ ကျေးဇူး၊ ဂုဏ်အထူးတို့ကို၊ ချီးကျူးကြည်ညို၊ ဖွင့်ဆိုမြွက်ကြား၊ ထိုစကားသည်သာလျှင်။ သစ္စံ= မတိမ်းမစောင်း၊ ကောင်းမြတ်ဧကန်၊ စင်စစ်မှန်၏။ ဘဂဝန္တံ= အာဝေဏိက၊ ဓမ္မဘုန်းဟုန်၊ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ=ကျွန်ုပ်သည်။ နမာမိ=ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးဦးညွှတ်ပါ၏ ဘုရား။ ဧတေန သစ္စပုညေန= ဗုဒ္ဓ,ဓမ္မ၊ ဠာရသကို၊ ထုတ်ဆိုသစ္စာ၊ရိုသေမြတ်နိုး၊ရှိခိုးဦးညွှတ်ရပါသောကောင်းမှုကုသိုလ်ကံ စေတနာ ကြောင့်။ မယှံ=အကျွန်ုပ်၏။ စိန္တာ= လောကီ, လောကုတ်၊ ပစ္စုပ်သံသာ၊ နှစ်ဖြာအကျိုး၊ ပွားတိုးရန် တောင့်တအပ်သမျှ ကောင်းမြတ်သော အကြံသည်။ သမိဇ္ဈတံ သမိဇ္ဈတု= ကြံသည့်အတိုင်း၊မဆိုင်းလျင်စွာ၊ပြည့်စုံအောင်မြင်ပါစေသတည်း။

http://www.dhammadownload.com

# အာဝေဏိကဂုဏ်တော်အဖွင့်(၁)

"အဖေကြီးရေ၊ လယ်တီဆရာတော်ဘုရားကြီးရဲ့ 'အာဝေဏိက ဂုဏ်တော် ဘုရားရှိခိုး' ကို ဖတ်လိုက်ရတာ သဒ္ဓါကြည်ညိုစိတ်တွေ 'တဖွားဖွား' ပေါ်လာပါတယ်"

"သာဓုဗျာ ... သာဓု ... သာဓု၊ ဘုရားရှိခိုးတဲ့အခါမှာ မိမိရွတ်ဆို နေတဲ့ ပါဠိ,ပါဠိသား,စာသား အဓိပ္ပာယ်တို့ကို အာရုံစိုက် ထားလျှင် သဒ္ဓါမြတ်နိုးတဲ့ ပီတိဆိုတာမျိုး 'တဖွားဖွား' ပေါ်လာတတ်တာပေါ့"

"ဟုတ်ကဲ့၊ ကိုယ်သိတဲ့ စကားလုံးတွေ ဖြစ်ရင် ကိုယ်နားလည် လို့ အာရုံပြုနိုင်ပါရဲ့။ တချို့အဓိပ္ပာယ်တွေကျတော့ လုံးဝ နားမလည် တာရှိတယ်။ တချို့ကျတော့လည်း ကြားဖူး,နားဝတော့ ရှိပါရဲ့၊ ရှင်း ရှင်းလင်းလင်း, ပြတ်ပြတ်သားသား မသိတာတွေလည်း ရှိနေပြန်ပါ တယ်။ အဲဒီလိုအခါမှာ 'အခုငါဆိုနေတာ အဓိပ္ပာယ်သိရရင် သိပ် ကောင်းမှာပဲ' လို့ တောင့်တလာမိတယ်"

"အေး ... အဲဒီလို တောင့်တလာတာဟာ သမ္မာဆန္ဒ ဖြစ်တာပေါ့ ကွယ်။ 'သုတ ကာမ' လို့လည်း ခေါ်တယ်။ ရတနာသုံးပါးနဲ့ ပတ် သက်တဲ့ အကြားအမြင်မျိုးကို လိုချင်တဲ့ ပုဂ္ဂိုလ် ပေါ့ကွယ်၊ ကျေးဇူး ရှင် ဆရာတော်ကြီးများရဲ့ အနက်မြန်မာအဖွင့်မျိုး ဆိုရင် သိသင့်, သိထိုက်တဲ့ အကြောင်းအရာကိုပါ ဗဟုသုတ ဖြစ်စေဖို့ မကျဉ်း မကျယ် ဖွင့်ဆို,ရေးသားပေးတော်မူကြတယ်။

ဥပမာ ... 'ဗုဒ္ဓါနံ= သဗ္ဗညု မြတ်စွာဘုရားရှင်တို့၏။ ဓိဝိတဿ= ပွင့်ရာတမ်းမှတ် အာယုကပ်ကို ငါးရပ်ပုံစု လေးခုဆုံးတိုင် ရှည်ခိုင် တည်နေမြဲဖြစ်သော အသက်တော်၏။'-တဲ့။အဲဒီအပိုဒ်ကိုပဲ အဓိပ္ပာယ်

http://www.dhammadownload.com



ဖွင့်ရရင် မြတ်စွာဘုရားတို့၏ ဗုဒ္ဓ ဓမ္မတာ ၃၀ အနက်က ဓမ္မတာ တစ်ခုဖြစ်တဲ့ ဗုဒ္ဓသက်တမ်းကို ဖွင့်ဆိုလိုက်တာ ဖြစ်တယ်"

"သြော် .... သြော် ပြောပါဦး၊ အဖေကြီးရယ်"

"မြတ်စွာဘုရားတို့မည်သည် မိမိတို့ပွင့်တော်မူသော ကပ်ကမ္ဘာ ကာလ အပိုင်းအခြား, လူ့သက်တမ်းကို ငါးပုံ,ပုံပြီး လေးပုံသာလျှင် ခန္ဓာဝန် ထမ်းဆောင်တော်မူလေ့ရှိကြတယ်။ မင်း နားလည်အောင် ရှင်းရဦးမယ် ဆိုရင် ယခု ဘဒ္ဒကမ္ဘာမှာ ကဿပမြတ်စွာဘုရားဟာ လူ့သက်တမ်း အနှစ် နှစ်သောင်းမှာ ပွင့်တော်မူခဲ့တယ်။ ထိုကဿပ မြတ်စွာဘုရားဟာ အနှစ် ၂ သောင်းကို ၅ ပုံ,ပုံလျှင် ၄ ပုံမျှဖြစ်သော သက်တော်တစ်သောင်းခြောက်ထောင်မှာ ပရိနိဗ္ဗာန်ပြုတော်မူတယ်။ အခုငါတို့ရဲ့ ဂေါတမမြတ်စွာဘုရားကျတော့ လူတို့ရဲ့ အသက် ၁၀၀ တမ်းမှာ ပွင့်တော်မူခဲ့တာမို့ အနှစ် ၁၀၀ ကို ၅ ပုံ,ပုံ ၄ ပုံမျှ ဖြစ်သော သက်တော် ၈၀ မှာ ပရိနိဗ္ဗာန် ပြုတော်မူတယ် မဟုတ်လား"

"သြော် ... သြော် ဒါကြောင့် 'အာယုကပ်ကို ငါးရပ်ပုံစု လေးခု ဆုံးတိုင်' လို့ အနက်ဖွင့်တာကိုး။ အဲဒီ ဗုဒ္ဓရဲ့ ဓမ္မတာ ၃၀ ဆိုတာကို အကုန်သိချင်လိုက်တာရင်"

"ဟိုး ... ဟိုး။ လောမကြီးနဲ့ အမေကြီး။ ဆရာတော်ဘုရားရဲ့ အဖွင့်,အဆိုနှင့် စကားစပ် ကွာသွားလိမ့်မယ်။ နောင် အလျှဉ်းသင့် တော့ ပြောကြတာပေါ့"

"ဟုတ်ပါပြီ။ ပြောလက်စသာ ဆက်ပါတော့"

"ဆက်ပြောရမယ်ဆိုရင် 'မြတ်စွာဘုရား၏ သက်တမ်း မပြည့် မချင်း မည်သူတစ်ဦးတစ်ယောက်ကမျှ လုပ်ကြံ,သတ်ဖြတ်ခြင်း မပြု နိုင်ကြပါဘူး'တဲ့။ ဆရာတော်က ဥပမာ ပြထားတာကိုကြည့်။ ဗောဓိ ပင်နှင့် ရွှေပလ္လင်ကို လာရောက်တိုက်ခိုက်သော မာရ်နတ်မင်းရဲ့ စစ်ခင်းသမှုဟာလည်း မြတ်စွာဘုရားရဲ့ အသက်အန္တရာယ်ကို မပြု

http://www.dhammadownload.com



နိုင်ဘူး မဟုတ်လား။ ရှင်ဒေဝဒတ်က အဇာတသတ်နဲ့ပေါင်းပြီး နာဠာဂိရိ ဆင်နှင့် တိုက်၍ သေကြောင်းကြံ ခဲ့တယ်။ နောက်တစ်ခါ လေးသမားကို လွှတ်ပြီးတော့ သေကြောင်းကြံစည်ခဲ့တယ်။ ဒါလည်း မအောင်မြင်ဘူး။ သူများကိုခိုင်းတာ မအောင်မြင်တော့ သူကိုယ်တိုင် ဝေဘာရတောင်စောင်းက ကျောက်မောင်းဆင်ပြီး ဖြုတ်ချတယ်။ သို့ပေမယ့် မြတ်စွာဘုရား၏ အသက်အန္တရာယ်ကို မဖြစ်စေခဲ့ပါဘူး။ သို့ကလိုပဲ အာဠာဝကဘီလူးကလည်း သူ့ဗိမာန်ထဲမှာ ကြွလာသီတင်းသုံးနေတဲ့ မြတ်စွာဘုရားကို လက်နက်ကြီးကိုးပါးနဲ့ ညဥ့်သုံးယံ ပတ်လုံး တိုက်ခိုက်ခဲ့တယ်။ သို့ပေမယ့်လည်း မြတ်စွာဘုရား၏ အသက်အန္တရာယ်ကို မဖြစ်စေခဲ့ပါဘူး။ အဲဒါကို လယ်တီ ဆရာတော် က

"အန္တရာယော=လေးခုလုံးလုံး မဆုံးမီခင် အလယ်တွင်၌ ဝင်၍ လတ်လတ် ဖျက်ဆီးတတ်သော အန္တရာယ်ကို။ ကေနစိ= ဒေဝဒတ်နှင့် မာရ်နတ်စစ်မှူး ဘီလူးအာဠာဝက စသည်အပုံ တစ်စုံတစ်ယောက်သော သူမှုပင်။ ကာတုံ= ပျက်စီးလေအောင် ကြံဆောင်အားထုတ် ပြုလုပ်စီရင်ခြင်းငှာ။ နသက္ကာ= မတတ်နိုင်။"... လို့ ရေးသားတော်မူခဲ့တာပေါ့"

"ဟုတ်လိုက်တာ။ ဟုတ်လိုက်တာ၊ ဥပမာ, သာဓကများနဲ့ ပြထားတော့ ပိုပြီးတော့လည်း သဘောပေါက်တယ်။ အာရုံပြုရတာလည်း ပေါ်ပေါ်လွင်လွင် ဖြစ်လာတယ်။ ကဲ... ကျွန်မ ဆက်ဖတ်ပါဦးမယ်။ ရှင်းပြတန်တာလေးကို ရှင်းပြပါဦး။

'ဗုဒ္ဓါနံ=သဗ္ဗညု မြတ်စွာဘုရားရှင်တို့၏။ သဗ္ဗညုတ ညာဏာ သႆ= အပရိယန္တ ဉေယျအထု တရားစုဝယ် တစ်ခုမကြွင်း ခပင်းဥသုံ အလုံးစုံကို အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်၏။ အန္တရာယော= ဉာဏ်ကြီးသဗ္ဗဉ် မထင်သာ

http://www.dhammadownload.com



အောင် ကွယ်ကာဖျက်ဆီးတတ်သော အန္တရာယ်ကို။ ကေနစိ= မဟောသရ ဗကဗြဟ္မာ အသူရာနှင့် များစွာလူတွင် တစ်ယောက် ပင်မျှ။ ကာတုံ= မမြင်သာအောင် ကွဲဆောင် အားထုတ် ပြုလုပ် စီရင်ခြင်းငှာ။ နသက္ကာ= မတတ်နိုင်။' ... "

"အဲဒီအပိုဒ်ကတော့ မြတ်စွာဘုရားတို့၏ ဥဒ္ဒေယျခံတရား ၅ ပါး နှင့်တကွ သဗ္ဗညုတဉာဏ်တော်ကို မှေးမှိန်အောင်, ကွယ်ပအောင်, မထင်ရှားအောင်, ပေါ့တန်အောင်, ချွတ်လွဲအောင်, အနိုင်ရအောင်, မည်သည့် တန်ခိုးရှင်မျှ ဖျက်လို့,ဖျက်ဆီးအန္တရာယ် မပြုနိုင်ပါဘူး' တဲ့။ ဆရာတော်ဘုရားက သာကေပြထားတယ်လေ။

ဥပမာ ၊ 'ရာဟု'လို့ အမည်ရတဲ့ အသုရိန်နတ်မင်းကြီးဟာ အမြင့် ယူဇနာလေးထောင့်ရှစ်ရာရှိလို့ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ အနက် ကိုယ်ခန္ဓာ အတ္တဘော အကြီးဆုံး ပုဂ္ဂိုလ်ရယ်လို့ ဘုရားကိုယ်တော် မြတ်ကပင် ဧတဒဂ် ပေးထားရတယ်။ နေနဲ့လ ကိုတောင် ခံတွင်းမှာ ငုံပြီး ကစားနိုင်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တယ်။ 'အသူရိန် ရာဟု နတ်ကြီး' လို့လည်း ခေါ်ကြတယ်"

"ဩော်...ဩော် နေတို့, လတို့ကို ရာဟုဖမ်းတယ်ဆိုတာ ဟာ သူ့ကြောင့်ကိုး"

"အေး .. ဟုတ်ပါ့ဗျာ"

"နေပါဦး၊ 'ဧတဒဂ်' ပေးတယ်ဆိုတာဟာ သာဝက ရဟန်းတော် တွေကိုသာ မြတ်စွာဘုရားက 'ဧတဒဂ်' ပေးတယ်လို့ ဆိုတယ် မဟုတ်လား"

"မဟုတ်ပါဘူး။ 'ဧတဒဂ်' ဆိုတဲ့ ပါဠိစကားက 'ထူးကဲခြင်း၊ သာလွန်ခြင်း' လို့ အဓိပ္ပာယ် ရပါတယ်။ ဘယ်အကြောင်းအရာ မှာ မဆို သူများထက် ထူးတဲ့ ပုဂ္ဂိုလ်ကို အသိအမှတ်ပြုတော်မူတာမျိုး ဖြစ်ပါတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက –

http://www.dhammadownload.com



'ဘိက္ခဝေ=ရဟန်းတို့။ အတ္တဘာဝဝိနံ=ကိုယ်ခန္ဓာအတ္တဘော ရသော ကြီးသောသူတို့တွင်။ ရာဟု=ရာဟုအသူရိန်သည်။ အဂ္ဂံ= အမြတ်ဆုံးတည်း။ (ဝါ) အထွတ်အဖျားဆုံးတည်း။ အသာဆုံးတည်း။' လို့ ဟောတော်မူကြောင်း စတုက္ကဂုံတ္တရ ပါဠိတော်မှာ ပါပါသတဲ့။ သေက္ခတောင် ဆရာတော် ဦးတိလောက ရဲ့ 'ပဏ္ဍိတ ဝေဒနိယကျမ်း' မှာ ဖတ်ဖူးပါတယ်"

"ဩော် .. ဒီလိုလား"

"အေး ထိုပုဂ္ဂိုလ်ကြီးက လူသားမျှသာဖြစ်သော ဗုဒ္ဓ ကိုယ်တော်က လောကသုံးပါးမှာ အကြီးဆုံး,အမြတ်ဆုံးလို့ ကြေညာထားတာကို မခံချင်ဘူးတဲ့။ ဒီတော့ ဘုရားကိုပြိုင်ရအောင် ကိုယ်တိုင်လာပြီး ဖူးမြော်တဲ့အခါ မြတ်စွာဘုရားကသူ့ထက် အပြန် ၁၀၀ လောက်တောင် ကြီးမားသပ္ပာယ်စွာ ဖန်ဆင်းပြတော်မူလိုက်ရပါသတဲ့။ အဲဒီနောက်မှ တရားနာရလို့ မာန်ချပြီး ပြန်ကြွသွားတော်မူတယ်။ အဲ ဗကဗြဟ္မာကြီးကတော့ သူ့သက်တမ်းက အန္တရကပ် ၆၄ ကပ်၊ အသင်္ချေယျကပ် တစ်ကပ်အထိ အသက်ရှည်လွန်းလို့ အနိစ္စ ဆိုတဲ့ တရားကို လုံးဝ မထင်မြင်နိုင်အောင် ဖြစ်နေတဲ့ ပုဂ္ဂိုလ်လေ။ သူ့ကိုယ်သူ နိစ္စဓူဝ လို့ သက်သေပြပြီးတော့ မြတ်စွာဘုရားရဲ့ အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ တရားတွေကို ကန့်ကွက် ဖျက်ဆီးနေပါသတဲ့။ အဲဒါကို မြတ်စွာဘုရားကိုယ်တော်မြတ်က ဗကဗြဟ္မာကြီးစံရာ ပထမဈာန်ဗြဟ္မာ့ဘုံသို့ ကြွရောက်တော်မူပြီး အနိစ္စ, ဒုက္ခ, အနတ္တ တရား တို့ကို ဟောကြားပြသ ခြေချွတ်တော်မူရတယ်။ အဲဒါကို ဆရာတော်ကြီးက သာဓကပြပြီး 'ဘုံသုံးပါးမှာ ခန္ဓာအကြီးမားဆုံးပုဂ္ဂိုလ်ပဲဖြစ်စေ၊ သက်တမ်း အရှည်ဆုံးပဲဖြစ်စေ ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်တော်ကို ထိပါး, ပုတ်ခတ်ခြင်း၊ ဖျက်ဆီးခြင်းငှာ မတတ်နိုင်လို့' – ဖွင့်ဆိုတော်မူတာဖြစ်တယ်"

http://www.dhammadownload.com



"အင်း ... ပိုပြီးရှင်းပါတယ်။ ပိုပြီး နားလည်ရပါတယ်။ ပိုပြီး ကြည်ညိုရပါတယ်အဖေကြီးရယ်။ နောက်အပိုဒ်တွေလည်း ဆက် ရှင်းပါဦး။ ကျွန်မ ဖတ်ပြပါ့မယ်"

"ဘဂဝတော=ခြောက်ပါးရှစ်သွယ် ဘုန်းတော်ကြွယ်သော။ ဗုဒ္ဓဿ=သဗ္ဗညုမြတ်စွာဘုရား၏။ ဉာဏံ=သဗ္ဗညုတဉ္ဉာဏ်တော်မြတ်သည်။ အတီတံသေ=အတိတ်သံသရာ ကမ္ဘာဘာဝတွင် စ,ရာ မထင် ရှေ့တစ်ပြင်က လွန်ကုန်ကြသော ဧယျသစ္စာ များစွာ အထုတရားစု၌။ အပ္ပဋိဟတံ=ပရမာမြူကော တစ်ခုမျှပင် မြင်ခွင့်မပေး အရေးကန့်လန့် တားဟန့်ပိတ်ပင်နိုင်သော ပဋိပက္ခတရားမှ ကင်းစင်တော်မူ၏"

"ကဲ... မြတ်စွာဘုရား၏ ဘုန်းတော် ၆ ပါးကို မင်းသိတယ် မဟုတ်လား"

"ဟုတ်ကဲ့။ 'ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ မဟုတ်လား"

"ဟုတ်ပါတယ်။ အဓိပ္ပာယ်ကော မင်းသိရဲ့လား"

"ဣဿရိယ=ဆိုတာ လောက ၃ ပါးကို အစိုးရခြင်း။ ဓမ္မ= ဆိုတာက လောကုတ္တရာတရား ကိုးပါးကို ပိုင်ခြင်း။ ယသ= အခြွေအရံ အကျော်အစော ဂုဏ်သတင်းပျံ့နှံ့ခြင်း။ သိရီ=ယောက်ျားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံသပ္ပာယ်ခြင်း။ ကာမ= သူ့ကျိုး,ကိုယ်ကျိုး အလိုတော်ပြည့်ရာ မှန်သမျှ ပြည့်စုံလာခြင်း။ ပယတ္တ= လူ,နတ်တို့အား နိဗ္ဗာန်ရောက်ရာ တရားဟောပြသဖြင့် လောကအားလုံး ကိုးကွယ်ရာ ဆရာဖြစ်တော်မူခြင်း။ အဲသလို ဟုတ်တယ် မဟုတ်လား"

"အေး၊သည်လောက်အကျဉ်းအားဖြင့်သိရင်အာရုံပြုနိုင်ပါတယ်"

"ဘုန်းတော် ၆ ပါးသာ သိတယ်။ ဘုန်းတော် ၈ ပါးဆိုတာ တော့ ကျွန်မ မသိဘူး။ ပြောပါဦး"

http://www.dhammadownload.com



"ကျေးဇူးရှင် ကျီးသဲလေးထပ်ဆရာတော်ဘုရားရဲ့ 'အစိန္တေယျ ဘုရားရှိခိုးကြီး' ကို အလွတ်ရထားရင် မင်းတွေ့မှာပေါ့ကွာ။ အဲဒီ ဘုန်းတော် ၈ ပါးကို မကျဉ်းမကျယ် အဓိပ္ပာယ်ဖွင့်ထားတဲ့ ကျေးဇူး ရှင် မင်းကွန်း တိပိဋက ဆရာတော်ရဲ့ အဆိုအမိန့်ကို ဖောက်သည်ချ ပါ့မယ်။

(၁) အဏိမာ ဘုန်းတော်တဲ့။

ငယ်စေလိုက ကိုယ်တော်မြတ်ကို သပ်သပ် ပါယ် ပါယ် အဏုမြူသဖွယ်မျှ ငယ်စွာ ဖန်ဆင်း တော်မူ နိုင်ခြင်း၊ မုန်ညင်းစေ့လောက် မြေမှုန့် အတွင်းမှာ စင်္ကြံကြွနိုင် လောက်အောင် ကိုယ်တော်ကို အဏုမြူ ပမာ ငယ်အောင် ဖန်ဆင်းနိုင်ခြင်း။

(၂) မဟိမာ ဘုန်းတော်။

ကြီးစေလိုက မြင်းမိုရ်ဘစ်ပြေး ထို့ထက်လွန်လို သေးလျှင်လည်း လေးကျွန်းပတ်ဝိုက် တိုက်စကြဝဠာ နရက်ရှာနှင့် ဘဝဂ်ပါကျုံး လောကဓာတ်ကြီး တစ်ခု လုံးကို (ထိုထက် ကြီးစေလိုကလည်း အလိုတော်ရှိ သလောက်ပင်) ဖုံးအုပ်နိုင်အောင် မြင့်ခေါင် ကြီးမား သောကိုယ်တော်မြတ်ကိုသပ္ပာယ်စွာဖန်ဆင်းတော်မူ နိုင်ခြင်း။ ခုန ငါပြောခဲ့တဲ့ အသူရိန်နတ်ကြီးနဲ့တန်ခိုး ပြိုင်တဲ့အခါမှာအဲဒီဘုန်းတော်ကိုပြတော်မူခဲ့တယ်လေ။

(၃) လဃိမာ ဘုန်းတော်။

စိတ်တော်၏ ပေါ့ပါးခြင်းကဲ့သို့ ရူပကာယ ကိုယ် တော်ကို ပေါ့ပါးအောင် ဖန်ဆင်းတော် မူနိုင်ခြင်း၊ ကောင်းကင်၌ မြေပြင်မှာကဲ့သို့စင်္ကြံကြွတော်မူသော အခါ စသည်တို့၌ အသုံးပြုတော်မူတယ်။

http://www.dhammadownload.com



(၄) ပတ္တိဘုန်းတော်။

အလိုတော်ရှိရာ အရပ်မျက်နှာသို့ လျင်စွာ ခေါက်ခေါက် ရူပကာယ ကိုယ်တော်ပါ ကြွရောက် တော်မူနိုင်ခြင်း။ ခုန ငါပြောတဲ့ ဗကဗြဟ္မာကြီးရှိရာ ဗြဟ္မာ့ဘုံကို တစ်ခဏချင်း ကြွသွားတော်မူနိုင်တဲ့ သဘောပေါ့။ ဣဒ္ဓိမရှိသူ သာမန်လူတို့မှာ ထိုထိုဝေးခြားအရပ်တစ်ပါးသို့ စိတ်ကသာ သွားရောက်နိုင်ကြ၍ ရူပကာယ ခန္ဓာကိုယ်ကား မပါနိုင်၊ မရောက်နိုင်ပါဘူးတဲ့။ မြတ်စွာဘုရားရှင်ကတော့ ဤ ပတ္တိဘုန်းတော်ရှင် ဖြစ်တော်မူသောကြောင့် စိတ်သွားရာ ကိုယ်ပါ အလိုရှိရာ အရပ်မျက်နှာသို့ လျင်စွာ အခေါက်ခေါက် ရူပကာယကိုယ်ပါ ကြွရောက် နိုင်သတဲ့။ စိတ္တက္ခဏအတွင်းမှာ ရူပကာယ ကိုယ်တော်ပါ နတ်ပြည်၊ဗြဟ္မာ့ပြည်သို့ရောက်အောင် ပတ္တိဘုန်းတော်ကို အသုံးပြုတော်မူပါသတဲ့။

(၅) ပါကမ္မဘုန်းတော်။

အဓိဋ္ဌာန်ရှင်ကြည် စိတ်သန်ရည်တိုင်း မည်သည့်အရာမဆို အလိုတော်ရှိတိုင်း ပြီးစီးစေနိုင်ခြင်း။ ပရိသတ် ရှစ်မျိုးကို ဟောကြားတော်မူရာမှာ၊ အခြားစကြဝဠာ တိုက်သို့ ကြွရောက် ဟောကြားတော်မူရာမှာ ထိုစကြဝဠာရှိ မင်းတို့၏ အသွင်အပြင်, ပုံပန်းသဏ္ဌာန်, အသံအနေအထား တို့ဖြင့် တရား ဟောကြားနိုင်ပါသတဲ့။

(၆) ဤသိတာဘုန်းတော်

သတ္တဝါတို့ကို အစိုးရတော်မူခြင်း။ ကိုယ်တော်၏

http://www.dhammadownload.com



အလိုသို့လိုက်ပါစေနိုင်ခြင်း။ ဤသိတာ ဘုန်းတော်ကြောင့် ဗုဒ္ဓကိစ္စဘုရားဝမ္မတာ ပြုဆောင်တော်မူရာမှာ ဝေနေယျသတ္တဝါတို့ဟာ ဘုရားရှင် ကိုယ်တော်မြတ်၏အလိုအကြိုက်သို့လိုက်ပါလာကြရပါတယ်။

(၇) ဝသိတာဘုန်းတော်။

တန်ခိုးအဘိညာဉ် ဈာန်သမာပတ် အရပ်ရပ် တို့၌ လေ့လာနိုင်တော်မူခြင်း။ ဥရုဝေလ နဂါးကြီး ကို ဆုံးမတော်မူရာမှာ အခါကာလစသည်တို့၌ နဂါးထက် အလျင်စောစွာ ကြီးမားသော အခိုးလွှတ်ခြင်း, အလျှံလွှတ်ခြင်း ပြုတော်မူနိုင်ပါတယ်။

(၈) ယတ္ထကာမဝသာဝယိတာ ဘုန်းတော်။

ဈာန်ဝင်စားခြင်း,တန်ခိုးတော်ပြခြင်းစသော ကိစ္စဟူသမျှကို ပြုတော်မူစဉ် ပြီးဆုံးစေလိုသော အချိန်ကာလ,ဌာနတို့မှာ ပြီးစေလိုတာနဲ့တစ်ပြိုင်နက် ပြီးစီးစေနိုင်ခြင်း။ မြတ်စွာဘုရားရှင်ဟာ ရေ,မီး အစုံစုံ တန်ခိုး ပြာဋိဟာ ပြတော်မူစဉ်အခါမှာ အထက်ပိုင်း ကိုယ်တော်မှ မီးအလျှံ၊ အောက်ပိုင်း ကိုယ်တော်အစိတ်မှ ရေအလျဉ် (တစ်ဖန် ဝေနေယျတို့ ဖူးမြော်နေစဉ် တစ်ခဏ အတွင်း မှာပင်) အောက်ပိုင်း ကိုယ်တော်အစိတ်မှမီးလျှံ၊ အထက်ပိုင်းကိုယ်တော်အစိတ်မှ ရေအလျဉ် တသွင်သွင် ပြောင်းလဲ၍နေအောင် ဖန်ဆင်းတော်မူနိုင်ပါသတဲ့။

အဲဒီ ၈ ပါးစုကို ဘုန်းတော် ၈ ပါးလို့ ကျမ်းဂန်များမှာ ပြတယ်"

"ဘုန်းတော် ၆ စုံ ဂုဏ်တော် အနန္တလို့ ဘုရားရှိခိုးရာမှာ ဆိုကြတာ များတယ်။ ဘုန်းတော် ၈ ပါးတော့ အခုမှပဲ ကြားဖူးပါတယ်"

http://www.dhammadownload.com



"အေး ... ဆက်ပြောရမယ် ဆိုရင် အာဝေဏိကဂုဏ်တော် ၁၈ ပါးကို ယခုမှစ,၍ မှတ်ရမှာ ဖြစ်တယ်။ အဲသည်လို ဘုန်းတော် ၆ ပါး၊ ဘုန်းတော် ၈ ပါးနဲ့ ပြည့်စုံတဲ့ ဘုရားရဲ့ ဉာဏ်တော်ဟာ

(၁) လွန်ခဲ့သော အတိတ်ကာလများ၌လည်း အဏုမြူ လောက်မျှ ပဋိပက္ခ တရား မရှိပါဘူးတဲ့။

(၂) အခုပစ္စုပ္ပန်ကာလမှာလည်းပဲ ထိုနည်းလည်းကောင်း။

(၃) လာလတ္တံ့သော အနာဂတ်ကာလမှာလည်းပဲ ထိုနည်း လည်းကောင်း၊ အဏုမြူလောက်မျှ ဟန့်တားနိုင် သော ပဋိပက္ခတရား မရှိပါဘူးတဲ့။

တို့နားလည်နိုင်သမျှ စကားစုတွေကိုတော့ အဲသလို အတိုချုပ် လိုက် ကြပါစို့ရဲ့။

သဗ္ဗညုတဉာဏ်တော်မှာ အင်္ဂါသုံးပါး (အတိတ်,ပစ္စုပ္ပန်, အနာ ဂတ်)နဲ့ ပြထားပြီးတဲ့နောက် ကာယကံမှု, ဝစီကံမှု, မနောကံမှု တည်း ဟူသော ဂုဏ်တော် သုံးပါးကို ဆက်လက်ဖော်ပြထားပါတယ်။

မြတ်စွာဘုရားသခင်ဟာ အမှုကိစ္စ မှန်သမျှတို့မှာ ဉာဏ်တော် အစဉ်ကိုသာ လိုက်ပါသတဲ့။ သတိသမ္ပဇဉ်တရားအမြဲပဲ ရှိပါသတဲ့။

အဲဒီ သမ္ပဇဉ်မှာ 'သာတ္ထကသမ္ပဇဉ်, သပ္ပာယသမ္ပဇဉ်, ဂေါစရ သမ္ပဇဉ်, အသမ္မောဟ သမ္ပဇဉ်ရယ်' လို့ သမ္ပဇဉ် ၄ ပါးကို ဆရာတော် ကြီးက ဖော်ပြထားတယ် မဟုတ်လား။

(က) သာတ္ထကသမ္ပဇဉ် ဆိုတာ ပစ္စုပ္ပန် သံသရာ၌ အကျိုး ရှိ၏၊ မရှိ၏ ဟု သိတတ်ခြင်း။

(ခ) သပ္ပာယသမ္ပဇဉ်ကတော့ ပစ္စုပ္ပန် သံသရာ၌ လျှောက် ပတ်, မလျှောက်ပတ်(သင့်တော်သည်၊မတော်သည်) ကို သိတတ်ခြင်း။

(ဂ) ဂေါစရ သမ္ပဇဉ် – ဣရိယာပုတ် ကမ္မဋ္ဌာန်းကို မပြတ်

http://www.dhammadownload.com



မလတ် အာရုံပြုရမည်ကို သိတတ်ခြင်း။

(ဃ) အသမ္မောဟ သမ္ပဇဉ် – ဣရိယာပုတ် ၄ ပါး၌ ရုပ်၊ နာမ် စသည်ကိုသိတတ်ခြင်းလို့အဓိပ္ပာယ်ရပါတယ်။ မင်းသဘောပေါက်ရဲ့ မဟုတ်လား”

“ရိပ်မိသလောက်တော့ ရှိပါတယ် အဖေကြီးရယ်”

“(၄) မြတ်စွာဘုရားသခင်ဟာ ကာယကံမှုနဲ့ စပ်ဆိုင်သမျှ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ရှေ့၊ နောင်း၊ တက်၊ ဆုတ်၊ ဆန့်၊ ရုပ်၊ ချီ၊ ကြွ စသည် များပြား လှုပ်ရှား ပြုပြင်သမျှသော ကိုယ်အမူအရာတော်တွေမှာ ဉာဏ်တော်နှင့် မကင်းပါဘူးတဲ့။ အထက်က ပြောခဲ့တဲ့ သတိသမ္ပဇဉ် ၄ ပါး နဲ့ မကင်းပါဘူးတဲ့။

(၅) ပြောဆို,မိန့်မြွက်တော်မူရာမှာလည်း အခုပြောခဲ့တဲ့ ဉာဏ်တော်နဲ့ သတိသမ္ပဇဉ် ၄ ပါးနဲ့ ကင်းလွတ်ပြီး ပြောဆို,မိန့်မြွက်တော်မူခြင်း မရှိပါဘူးတဲ့။

(၆) မြတ်စွာဘုရား၏ ‘စိတ်အစဉ်’ မှာလည်း အထက်က ပြောခဲ့သလိုပဲ ဉာဏ်တော်နဲ့ သမ္ပဇဉ်နဲ့ ကင်းကွာတယ်ရယ် လို့ ဘယ်တော့မှ မရှိပါဘူးတဲ့။

မင်းနဲ့ငါ ပြောခဲ့ကြတာ အာဝေဏိက ဂုဏ်တော် ၆ ပါး ရှိသွားပြီ။ ဣမေဟိဆဟိ ဓမ္မေဟိ ပေါ့ကွယ်။ ဤ ၆ ပါးအစုနှင့်။ သမန္နာဂတဿ=ပြည့်စုံတော်မူသော။ ဘဂဝတော= မြတ်စွာဘုရားတို့ သည် လို့ စာထဲမှာ မင်းတွေ့ရမှာပေါ့။ နောက် ၆ ပါးစုံကို နက်ဖြန်မှ ဆက်ကြပါစို့ကွာ”

http://www.dhammadownload.com

# အာဝေဏိကဂုဏ်တော်အပွင့်(၂)

"ကဲ ... အာဝေဏိက ဂုဏ်တော်ကို ဆက်ကြရအောင်။ မနေ့က ၆ ပါး ပြီးခဲ့တော့ ဒီနေ့ ၇ က စရမှာပေါ့"

(၇) နတ္ထိဆန္ဒဿဟာနိ။

မြတ်စွာဘုရား၏ အလိုဆန္ဒတော်ဟာ ဘယ်အခါမျှ ယုတ်လျော့ သည် မရှိပါဘူးတဲ့။

ဘယ်လို ဆန္ဒတော်လဲ။ သတ္တဝါအများကို ၃၁ ဘုံမှ လွတ်မြောက်စေလိုသော အလိုဆန္ဒတော်ပေါ့။ အဲဒီဆန္ဒတော်ဟာ ဘယ်အချိန်က စ,တင် ဖြစ်ပေါ်လာခဲ့သလဲ။ အလောင်းတော် သုမေဓာ ဘဝကတည်းကပေါ့။ အဲဒီမှာ ဆန္ဒတော် သုံးမျိုးကို တွေ့ရလိမ့်မယ်။ (၁) ကိုယ်တော်တိုင် သစ္စာ ၄ ပါးတရားကို သိအောင်ကြိုးစားမယ်။ သိပြီးတဲ့နောက် သတ္တဝါများလည်းမိမိသိသလိုသိစေရမယ်။ (၂) ဝဋ် ၃ ပါးမှ ကိုယ်တော်တိုင် လွတ်မြောက်အောင်ကြိုးစားမယ်။ မိမိလွတ်လျှင် သတ္တဝါများလည်း လွတ်စေရမယ်။ (၃) သံသရာကမ်းတစ်ဖက်သို့ ကိုယ်တော်တိုင် လှမ်းတက်ကူးမြောက်နိုင်အောင် ကြိုးစားရမယ်။ မိမိကူးမြောက်ပြီးလျှင် သတ္တဝါများလည်း ကူးမြောက်စေရမယ်။

အဲဒီဆန္ဒတော်များဟာ 'အာဂမဆန္ဒတော်' လို့ခေါ်တယ်။ ဗုဒ္ဓအလောင်းတော်ကြီးများရဲ့ ဖြစ်ပေါ်လာရိုးဆန္ဒတော်ပေါ့။ ပါဠိလိုတော့ 'ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏောတာရေယျံ' ပေါ့ကွယ်။ မင်းနားလည်ပါတယ်နော်"

"နားလည်ပါတယ် အဖေကြီး"

http://www.dhammadownload.com



"အဲသည်လို ဗုဒ္ဓအလောင်းတော်ကြီးများရဲ့ ဆန္ဒတော်ဆိုတာကို လေးလေးနက်နက်,ကြည်ညိုပြီး သတိထားလိုက်ရင် ပစ္စေကဗုဒ္ဓါ အလောင်းတော်များ၊ အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာ အလောင်းတော်ကြီးများပင်လျှင် ထိုဆန္ဒမျိုး မဖြစ်မပေါ်တာ တွေ့ရလိမ့်မယ်။ ပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာလောင်းများက မိမိတစ်ကိုယ်ချင်းသာ သံသရာမှ ထွက်မြောက်ဖို့ ဆန္ဒပြုကြတယ် မဟုတ်လား။ ဘုရားအလောင်းတော်ကြီးကတော့မိမိတစ်ကိုယ်ချင်းလွတ်မြောက်ရုံသာမက သတ္တဝါဝေနေယျ အပေါင်း လွတ်မြောက်စေကြောင်း ထူးထူးခြားခြား ဆန္ဒပြုတော်မူခဲ့တယ်၊ ဒါကြောင့် 'ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗ ပါဏိနံ' လို့ ပညာရှိများက ဆိုတာပေါ့။ အဓိပ္ပာယ်က သတ္တဝါများ အကျိုး အလို့ငှာ မြတ်စွာဘုရားရယ်လို့ ပေါ်ထွန်းခဲ့ပါသတဲ့"

"ဟုတ်ပါရဲ့ ရှင်။ ကျွန်မတို့လို သတ္တဝါတွေအတွက် ဆန္ဒပြုတော်မူခဲ့တာပဲနော်"

"အဲဒီဆန္ဒပြုခြင်းရဲ့အကြောင်းရင်းတရားကသတ္တဝါတွေအပေါ်မှာ မေတ္တာကရုဏာ စစ်စစ်ကြီး ဖြစ်တော်မူတဲ့ အကြောင်းရင်း တရားကြီးပေါ့။ ထို ဆန္ဒတော်ကြီးကို အကြောင်းပြုပြီး နှိုင်းတုရှ မရနိုင်တဲ့ မဟာကရုဏာက ဂုဏ်တော်ကြီးတွေ ဖြစ်လာတယ်။ 'မဟာဝီရ' ဆိုတဲ့ နှိုင်းတုရှမရနိုင်သည့်လုံ့လဥဿာဟတော်ကြီးတွေဖြစ်လာတယ်၊ ဒီလိုပဲ မြတ်စွာဘုရားရဲ့ဂုဏ်တော်၊ ကျေးဇူးတော်များဟာ အကြောင်းတစ်ခုက တစ်ခုကို ဆက်သွယ်နေတယ်။ ပိုက်ကွန်၊ သံကွန်ချာများလိုပေါ့။ ဒါ့ကြောင့် 'ရွှေဉာဏ်တော် ကွန်ယက်' လို့ သုံးနှုန်းတော်မူခဲ့ကြတာ ဖြစ်ကောင်း စရာ ရှိပါတယ်။ အခုလို မြတ်စွာဘုရား၏ ဆန္ဒတော်ကြီးကို ကြည်ညိုမိမှ အခြားသော ဂုဏ်တော်တို့ကို တို့တစ်တွေ အနေနဲ့ သဘောပေါက်တန် သလောက် သဘောပေါက်နိုင်မှာ ဖြစ်တယ်။

http://www.dhammadownload.com



အေး ... အဲဒီဆန္ဒတော်ကြီးဟာ ပါရမီဖြည့်တော်မူရာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြစ်လေရာ ဘဝတိုင်း မှာ မေ့ပျောက်သွားခြင်း၊ ယုတ်လျော့သွားခြင်း မရှိပါဘူးတဲ့။ ဒါနပါရမီ ပြုတော့လည်းသဗ္ဗညုတဉာဏ်တော်ကို ရပါစေကြောင်း ဆုတောင်း တာပဲ။ ကျန်တဲ့ ပါရမီတွေ ဖြည့်တော့လည်း ထိုအတိုင်းပေါ့ကွယ်။ မင်းရိပ်မိရဲ့လား"

"ဩော် ... သဗ္ဗညုတဉာဏ်တော်ရလို့ ဘုရားဖြစ်မှ သတ္တဝါတွေကို ကယ်တင်နိုင်မှာပေါ့ အဖေကြီးရဲ့"

"ဟုတ်ပြီ၊ ဘုရားဖြစ်လာတော့ကော ဒီဆန္ဒတော်ဟာ ယုတ်လျော့ သွားမလား"

"ဘယ် ယုတ်လျော့နိုင်မလဲ။ ပို,သထက်သာ ပိုသွားတော့မပေါ့ အဖေကြီးကလဲ"

"အေး ... အဲဒီဆန္ဒတော်ကျတော့ 'အဓိဂမ ဆန္ဒတော်' ဖြစ်လာတယ်။ 'အဓိဂမ' ဆိုတာ သဗ္ဗညုတဉာဏ်တော်ရပြီးမှ 'အဓိက' ဖြစ်တဲ့ ဆန္ဒတော်ပေါ့"

"ဟုတ်ပြီ ဟုတ်ပြီ။ ဒါ့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက

'ဗုဒ္ဓဿ=သဗ္ဗညု မြတ်စွာဘုရားအား။ ဆန္ဒဿ=စကြဝဠာပေါင်း တစ်သောင်းတိုက်နေ ဗိုလ်ခြေများစွာ သတ္တဝါကို ခေမာသောင်သို့ ငါဆောင်ပို့မည် ရည်သန်တောင့်တသော ဘုရားအလျာ သုမေဓာ ရှင်ရသေ့သန္တာန်၌ဖြစ်သော အာဂမ ဆန္ဒတော်, ဘုန်းခြောက်ဖြာတွင် ကာမာမည်သီး လိုတိုင်းပြီးသော အဓိဂမ ဆန္ဒတော်နှစ်ပါး၏။ ဟာနိ=ရည်သန်သလောက် မပြောက်မပြီး ပျက်စီးချို့တဲ့ခြင်း မည်သည်။ နတ္ထိ=အလျာမြူမျှ ရှိတော်မမူ။' ...လို့ ရေးခဲ့တာပဲ"

"အေး ... နောက် ရစ်ခုမြောက်ကို ပြောကြစို့။

http://www.dhammadownload.com



(၈) နတ္ထိ ဓမ္မဒေသနာယ ဟာနိ။
မဂ်,ဖိုလ်,နိဗ္ဗာန်ရောက်ကြောင်းဖြစ်သောတရားတော်များကိုဟောကြားရာ၌ မည်သည့်အခါမျှ ယုတ်လျော့သည်ဟူ၍ မရှိတဲ့။

ဒါလည်း အစပြုခဲ့တဲ့ ဆန္ဒတော်နဲ့ ဆက်စပ်,ယှက်နွယ်နေတယ် မဟုတ်လား။ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်တော်မူပြီးတဲ့ အချိန်က စပြီး ပဉ္စဝဂ္ဂီ ၅ ဦးတို့အား 'ဒွေမေ ဘိက္ခဝေ ... ' အစရှိတဲ့ ဓမ္မစကြာတရားကို ဟောတော်မူခဲ့တယ်။ ထို့နောက် လေးဆယ့်ငါး၀ါ ကာလပတ်လုံး အနယ်နယ်, အရပ်ရပ် လူ,နတ်,ဗြဟ္မာတို့အား လှည့်လည်တရားဟောတော်မူလိုက်တာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ရှိသတဲ့။ နောက်ဆုံး ကုသိနာရုံ ပြည်တွင် ပရိနိဗ္ဗာန် ပြုတော်မူမယ့်ဆဲဆဲ အချိန်ကလေးမှာတောင် 'အပ္ပမာဒေန သမ္ပာဒေထ' လို့ ဟောတော်မူသွားသေးတယ် မဟုတ်လား။ အဲသလို ဟောတော်မူခဲ့သမျှ တရားတော်ရဲ့ အကျိုးများဟာ မဂ်, ဖိုလ်, နိဗ္ဗာန် ရောက်ရာရောက်ကြောင်း ကျေးဇူးများမှ အနည်းငယ်မျှပင် ယုတ်လျော့သွားခြင်း မရှိသည့်နည်းတူ ထိုဓမ္မဒေသနာရဲ့ အကျိုးများဟာလည်း ယုတ်လျော့ခြင်း မရှိဘူးလို့ မှတ်သားထိုက်ပါတယ်။ ကဲ ... ဆရာတော်စာနဲ့ ညှိပြီး ဖတ်ကြည့်လိုက်ပါဦး"

"ဓမ္မဒေသနာယ=ဝဋ်သုံးဖြာ သံသရာမှ နိယျာနိက နိဿရဏာ စစ် ဖြစ်စေခြင်းငှာ စိတ်ဖြာ ဝေဖန် စွဲပြည့်ွန်သော အမွန်ထွေလာ ဒေသနာတော်မြတ်၏။ ဟာနိ=နိယျာနိက နိဿရဏာဟု ဖလ ကျိုးကြီး မပြီးစီးဘဲ ချွတ်လွဲယုတ်လျော့ခြင်း မည်သည်။ နတ္ထိ=အကျာမြူမျှ ရှိတော်မမူ။ ..."

"အဲ ဟုတ်ပြီ၊ ရှေ့ကိုဆက်မယ်။
(၉) နတ္ထိ ဝီရိယဿ ဟာနိ။

http://www.dhammadownload.com



လုံ့လ,ဝီရိယရှိတော်မူရာ၌ ဘယ်အခါမျှ ယုတ်လျော့ခြင်း မရှိပါဘူးတဲ့။

အဲဒီနေရာမှာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ အနက်ပြန်ရာမှာ သိသင့်သိထိုက်တဲ့ ကျမ်းဂန်ဗဟုသုတတွေ အတော်ကလေး ပါဝင်နေပါတယ်။ အနည်းငယ် ချဲ့မိအောင် မင်းကို ပြောပြရမယ်ဆိုရင် ပထမဦးစွာ ဝီရိယသုံးမျိုးကိုစ,ပြောရမှာ ဖြစ်တယ်။ အဲဒီ သုံးမျိုးက–

ပဓာနအာဂမဝီရိယတော် –ဘုရားဖြစ်အောင်ကျင့်တော် မူတဲ့အခါမှာ ယူဇနာပေါင်းသုံးသန်းကျော်ရှိတဲ့ စကြဝဠာကြီး တစ်တိုက်လုံး အလျှံညီးညီး မီးကျီး,မီးခဲများ ဖုံးလွှမ်းနေပါစေတဲ့။ စကြဝဠာကြီး တစ်တိုက်လုံး သန်လျက်ဓားများ ထောင်ထားစိုက်ထူနေပါစေတဲ့၊ ထိုခရီးကို ဖြတ်ကူးနိုင်မှ ဘုရားဖြစ်ရမယ်ဆိုရင်လည်း မကြောက်မရွံ့ နည်းနည်းလေးမှ မတွန့်ဘဲ ဖြတ်ကူးရဲတဲ့ ဝီရိယတော်ဖြစ်ပါတယ်တဲ့။

ဒါလည်း ဆန္ဒတော်နဲ့ ဆက်နွယ်နေတယ် မဟုတ်လားကွယ်။ နောက်တစ်မျိုးက ...

သမ္မပ္ပဓာန် အာဂမဝီရိယတော် – သမ္မပ္ပဓာန်လေးပါးကို လုံ့လပြုရာ မှာ မဆုတ်မနစ်ရှိတော်မူတဲ့ ဝီရိယလို့ ဆိုတော်မူပါတယ်။

သမ္မပ္ပဓာန် လေးပါးတော့ မင်းသိတယ်မဟုတ်လား။ ဗုဒ္ဓတ္တ စရိယ ကျင့်တော်မူတဲ့အခါမှာ လုံ့လရှိတော်မူတဲ့ အဲကြောင်းပေ"

"ဗောဓိပက္ခိယတရားမှာပါတဲ့ သမ္မပ္ပဓာန် လေးပါး မဟုတ်လား၊

- ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်နိုင်အောင် လုံ့လပြုခြင်း၊
- မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်နိုင်အောင် လုံ့လပြုခြင်း၊

http://www.dhammadownload.com



- မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လပြုခြင်း၊
- ဖြစ်ပြီးသော ကုသိုလ်တရားကို ကြီးပွားစည်ပင်အောင် လွန်စွာ လုံ့လပြုခြင်း

... အဲဒီ ၄ မျိုးမဟုတ်လား"

"ဟုတ်ပါတယ်။ အဲ ...နောက်တစ်ခုက အဓိဂမဝီရိယတော် တဲ့။ အဲဒါကတော့ မြတ်စွာဘုရားကိုယ်တော်ဟာ နေ့စဉ်ပြုမြဲဖြစ်တဲ့ ဗုဒ္ဓကိစ္စငါးပါးကို ဖော်ပြတာဖြစ်တယ်"

"အဲဒီငါးပါးကိုတော့ အဖေကြီးပြောမှ သိမယ်"

"မြတ်စွာဘုရားမှာ နေ့စဉ် အမြဲပြုလေ့ရှိတဲ့ ကိစ္စ ငါးပါးဆိုတာ..

- ပုရေဘတ္တကိစ္စ တဲ့။ နံနက်ပိုင်း၌ ဆွမ်းခံကြွတော်မူခြင်း၊ အဲသည်အခါမှာ အလှူရှင်တို့အား အခွင့်အားလျော်စွာ အနုမောဒနာပြု၍ တရားဟောပါတယ်။
- ပစ္ဆာဘတ္တကိစ္စ တဲ့။ နေလွဲအခါမှစ၍ ညနေပိုင်းမှာ ဖူးမြော်,ပူဇော်ရန် လာကြတဲ့ ဒါယကာ, ဒါယိကာမတွေရဲ့ အပူဇော်ကို ခံယူပြီး အခွင့်အားလျော်စွာ တရားဟောတော်မူပါတယ်။
- နောက်..ပုရိမယာမကိစ္စ။ ညဉ့်ဦးယံမှာရဟန်းတွေကို တရားဟောရတယ်။ ကမ္မဋ္ဌာန်းပေးရတယ်။
- မဇ္ဈိမ ယာမကိစ္စ။ သန်းခေါင်ယံမှာ စကြဝဠာ တိုက်တစ်သောင်းက လာကြတဲ့ နတ်,ဗြဟ္မာတွေကို တရားဟောရတယ်။
- ပစ္ဆိမယာမကိစ္စကျတော့ မိုးသောက်ယံအချိန်ကို သုံးပုံ, ပုံ၊ တစ်ပုံမှာ စင်္ကြံကြွ၊ ဒုတိယအပုံမှာ လက်ယာ နံတောင်းဖြင့် လျောင်းစက်တော်မူတယ်။

http://www.dhammadownload.com



တတိယ အပုံက ဖလသမာပတ် ဝင်စားပြီးတော့ အရဏ်တက်ခါနီးမှာ ယနေ့ချွတ်ထိုက်သော သတ္တဝါတွေကို ဗုဒ္ဓစက္ခုဉာဏ်တော် သမန္တစက္ခု ဉာဏ်တော်နဲ့ လောကသုံးပါးကို ကြည့်တော်မူတယ်။"

"အို ... ဒီလိုဆိုတော့ မြတ်စွာဘုရားသခင်ဟာ ကြာကြာ ကျိန်းစက်တော် မမူရဘူး နော်"

"အေး၊ တို့တစ်တွေ နာရီနဲ့သာ ပြောရမယ်ဆိုရင် တစ်နေ့နဲ့ တစ်ည နှစ်ဆယ့်လေးနာရီရှိတဲ့အထဲက အရဏ်တက်ခါနီး တစ်နာရီနဲ့ မိနစ် နှစ်ဆယ်လောက်သာ ကျိန်းစက်တော်မူပါသတဲ့။ ဒါ့ကြောင့် ကျေးဇူးရှင် ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက ...

'ဓမ္မဘောရီ မေဒနီကို နာရီမလပ် လူနှင့်နတ်အား မပြတ်တိုက်ကျွေး ပေးတော်မူတတ်သော သုံးရပ်လုံးဆရာ ...'

လို့ ဖွဲ့ဆို၊ကြည်ညိုတော်မူခဲ့တာပေါ့ကွယ်။ ကဲ ... လယ်တီ ဆရာတော်ဘုရားရဲ့ မြန်မာပြန်ကိုလည်း ဖတ်ကြည့်လိုက်ပါဦး"

"ဝီရိယဿ=ယူဇနာ ဝန်းညီ သုံးလီသန်းပေါင်း ခြောက်သိန်းလောင်းလျက် တစ်သောင်းသုံးရာ ငါးဆယ်သာတည့် စကြဝဠာတွင်း ဝင်းဝင်းထိန်ညီး မီးကျီးလုံ့သွား အပြည့်ထားလျက် တစ်ဖက်ကမ်းတိုင် ရောက်ပေနိုင်မှု အကြင်သူကား ဘုရားဖြစ်မည့် စင်စစ်ဟူက ဆံမြှုမတွန့် ဝံ့ဝံ့စားစား ကူးသွားနိုင်မျှ ရဲရင့်လှသည့် ပယတ္တမည်သော အာဂမဝီရိယတော်။

အ သာဓာရဏ ကိစ္စလေးတန် ကုံလောက်ငံ၍ သမ္မပ္ပတန် တတ်စွမ်း လှသော အာဂမ ဝီရိယတော်။

နေ့တိုင်း စတေ ငါးထွေကိစ္စ မလပ်ရအောင် ထာဝရ အားသစ်ပြုမြဲဖြစ်သော အဓိဂမ ဝီရိယတော် သုံးပါး၏။ ဟာနိ=ယုတ်လျော့ခြင်း မည်သည်။ နတ္ထိ=အံဏုမြူမျှ ရှိတော်မမူ။"

http://www.dhammadownload.com



"ကဲ ... ဆရာတော်ကြီးရဲ့ အဖွင့်အဆိုကို ကြည်ညိုပြီးသည့်နောက် ၁၀ ခုမြောက် ဖြစ်တဲ့ အာဝေဏိကဂုဏ်တော်ကို ဆက်ကြစို့ရဲ့။

(၁၀) နတ္ထိ သမာဓိဿ ဟာနိ။

သမာဓိတော်၏ ယုတ်လျော့, အားနည်းမှု မရှိခြင်း။

အဲသည်နေရာမှာလည်း ဆရာတော်ဘုရားကြီးက သမာဓိတရားနှစ်ပါးကို ခွဲခြား၍ ပြထားတော်မူပါတယ်။ တစ်မျိုးက 'ပကတိသမာဓိတော်' တဲ့။ နောက်တစ်မျိုးက 'အပ္ပနာသမာဓိတော်' တဲ့။

ပကတိသမာဓိတော်ဆိုတာက လောကဓံတရား ရှစ်ပါးနဲ့ တွေ့, ဆုံ,ကြုံကြိုက်တဲ့အခါမှာ အရပ်ရှစ်မျက်နှာမှ လေပြင်းမုန်တိုင်းကြီး တိုက်ခိုက်သည့်တိုင်အောင် တစ်ဆံခြည်မျှ ယိမ်းယိုင်,လှုပ်ရှားခြင်း မရှိသည့် မြင်းမိုရ်တောင်ကြီးကဲ့သို့ တည်ကြည်နိုင်ခဲ့တဲ့ သမာဓိတော် ရှိပါတယ်တဲ့။ လောကဓံရှစ်ပါး ဆိုတာတော့ မင်း သိပါတယ်နော် အမေကြီး"

"သိပါတယ်ရှင့်၊ 'လာဘ-အလာဘ၊ ယသ-အယသ၊ နိန္ဒာ-ပသံသာ၊ သုခ-ဒုက္ခ' မဟုတ်လား။"

"အေး သာမန်ပုဂ္ဂိုလ်တို့အနေနဲ့ဆိုလျှင် အကောင်းလေးပါး လောကဓံတရားနဲ့တွေ့တဲ့အခါ သာယာခြင်း၊ ဝမ်းမြောက်ခြင်း၊ တက်ကြွခြင်း စတဲ့ လှုပ်ရှားမှုမျိုးဖြစ်တတ်သလို လက်ခံနိုင်ဖွယ်မရှိတဲ့ လောကဓံအဆိုးတရားလေးပါးနှင့် တွေ့,ဆုံ,ကြုံကြိုက်တဲ့အခါမှာလည်း တုန်လှုပ်,ချောက်ခြားကာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ဖြစ်ကြရတာပေါ့။ အဲ ...တည်ကြည်သော 'တာဒိဂုဏ်' နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားသခင်အဖို့မှာတော့ အကောင်း,အဆိုး လောကဓံ ၂ မျိုးလုံးမှ နည်းနည်းကလေးမျှ တုန်လှုပ်,ဖောက်ပြန်ခြင်း ရှိတော်မမူပါဘူးတဲ့။ ဥပမာပြောရရင်ကွယ် ...အရဟံ ဆိုတဲ့

http://www.dhammadownload.com



ဂုဏ်တော်အရ လူသာမန်တို့သာမက လူအပေါင်းတို့၏ အသက်ဦးဆံကို ပိုင်တဲ့ ရေ,မြေ အရှင် ဖြစ်သော လူမင်း၊ ထို့နောက် နတ်သာမန်တို့မျှမက နတ်တို့၏ဘုရင်ဖြစ်တဲ့ နတ်မင်း၊ ထိုမျှမက ဗြဟ္မာတို့၏ အကြီးအကဲဖြစ်တဲ့ ဗြဟ္မာမင်းတို့ရဲ့ ရှိခိုး,ပူဇော်, အရိုအသေပြုခြင်းကို ခံယူတော်မူတဲ့အခါလည်း 'ငါမှ ငါ' တဲ့လို့ပုထုဇဉ် လူတန်းစားတွေလို တက်ကြွခြင်းမရှိသကဲ့သို့ တိတ္ထိတို့ရဲ့ ဆဲရေး,ပုတ်ခတ်ခြင်း၊ ဗြာဟ္မဏပဏ္ဍိတ်တို့ရဲ့ အပုပ်ချခြင်း၊ အရက်သမားတို့ရဲ့ ရန်စစော်ကားခြင်း၊ လူလယ်ခေါင်မှာစိဉ္စမာဏကလက်သိုးတငေါက်ငေါက် ထိုးပြီး စွပ်စွဲ,ပြောဆိုသမျှ စသည်တို့ကို တွေ့ကြုံတဲ့အခါမှာလည်း 'ဆုတ်နစ်ခြင်း'မရှိဘဲ ပကတိတည်ငြိမ်တော်မူနိုင်ပါပေတယ်။ အဲဒါက ပကတိသမာဓိတော်ဖြစ်ပါတယ်။ ဒါကိုတော့ မင်း နားလည်ပါတယ်နော်"

"ကျွန်မ ကြားဖူး,မှတ်ဖူးပါတယ်"

"ကဲ ... နောက် 'အပ္ပနာသမာဓိတော်' ဆိုတာက ဣဒ္ဓိဝိဓ=တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်း။ ဒိဗ္ဗစက္ခု=နတ်မျက်စိကဲ့သို့ မြင်ခြင်း။ ဒိဗ္ဗသောတ=နတ်တို့ကဲ့သို့ကြားခြင်း။ စေတောပရိယ=သူတစ်ပါး၏စိတ်ကို သိခြင်း။ ပုဗ္ဗေနိဝါသာနုဿတိ= လွန်ခဲ့သော အတိတ်ကာလမှ အကြောင်းအရာများကို သိခြင်း။ ယထာကမ္မူပဂ=ကံအတိုင်းဖြစ်နေကြသော သတ္တဝါတို့ကို မြင်ခြင်း။ အနာဂတံသ-နောင်ဖြစ်လတ္တံ့ ကာလတွေကို မြင်ခြင်း ... တဲ့။

ထိုအဘိညာဉ် ခုနစ်ပါးကိုဆောက်တည်တဲ့နေရာမှာ အခြေခံဖြစ်တဲ့ သမာဓိတရားကို 'အပ္ပနာသမာဓိ' လို့ ခေါ်ပါသတဲ့။ အဲဒီ သမာဓိတရားကို အလေ့အကျင့်ဖြစ်စေတဲ့ ဝသီဘော် ၅ ပါးရှိတဲ့ အကြောင်း ဆရာတော်ကြီးက ဖွင့်ဆိုထားပါသေးတယ်။"

"'ဝသီဘော်' ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ အဖေကြီးရယ်"

http://www.dhammadownload.com



" 'ဝသီဘော်' ဆိုတာ ဈာန်ကို အထူးသဖြင့် နိုင်နင်းစေရန် အလေ့ အကျင့်ပြုမှုကို ခေါ်ပါသတဲ့။ အဲဒါက ငါးမျိုးရှိတယ်လို့ မှတ်သား ရဖူးတယ်။

(၁) အာဝဇ္ဇနဝသီ – ထပ်ကာ,ထပ်ကာ ဆင်ခြင်ခြင်း အလေ့အကျင့်။

(၂) သမာပဇ္ဇနဝသီ – ထပ်ကာ,ထပ်ကာ ဝင်စားခြင်း အလေ့အကျင့်။

(၃) ပစ္စဝေက္ခဏာဝသီ– အဖန်ဖန် သုံးသပ်ခြင်း အလေ့ အကျင့်။

(၄) အဓိဋ္ဌာနဝသီ – ဈာန်မှထရန် ဆောက်တည်ခြင်း အလေ့အကျင့်။

(၅) ဝုဋ္ဌာနဝသီ – သတ်မှတ်ချိန်တိုင်း ဈာန်မှ ထခြင်း အလေ့အကျင့်။

အဲသလိုကျမ်းဂန်များမှာတွေ့ရပါတယ်။ ဒါကြောင့်လောကခံ အဆိုး, အကောင်းကို မတုန်လှုပ်သော ပကတိသမာဓိနှင့် ဈာန်အဘိညာဉ် တရားတို့ကို ပွားများရာ၌ တည်ကြည်,ခိုင်ခံ့သော အပ္ပနာသမာဓိ ဆိုတဲ့ သမာဓိ ၂ မျိုး စလုံး ဗုဒ္ဓမြတ်စွာမှာ ယုတ်လျော့သည်ဟူ၍ ဘယ်တော့မှ မရှိပါဘူးတဲ့။ ကဲ ... ဆရာတော်ကြီးရဲ့ အဖွင့်ကို ကြည်ညိုကြရအောင်ကွယ်"

"သမာဓိသ=အဋ္ဌဒိသာ ရှစ်မျက်နှာမှ လာလာသရွေ့ မုန်တိုင်း ဇော့လည်း မရွေ့မယိုင် မြင်းမိုရ်ခိုင်သို့ တစ်ပြိုင်နက်သား ရှစ်ပါး လောကခံ ဝန်းရံပတ်ဆုံ တွေ့ခိုက်ကြုံလည်း တုန်မလှုပ်ဘဲ အမြဲ တည်တံ့တော်မူသော ပကတိ သမာဓိတော်။

ဝသီငါးရပ် ကပ်ဆုံးခတ်လျက် ထူးမြတ် လွန်ကဲသော ဣဒ္ဓိဝိဓ အဘိညာဉ်, စေတော ပရိယ အဘိညာဉ်, ပုဗ္ဗေ နိဝါသာ နုဿတိ

http://www.dhammadownload.com



အဘိညာဉ်, ယထာ ကမ္မုပဂ အဘိညာဉ်, အနာဂတံသ အဘိညာဉ် မျိုး တန်ခိုးဣဒ္ဓိပါဒ်တော်တို့၏ အခြေဖြစ်သော အပ္ပနာ သမာဓိတော် နှစ်ပါး၏။ ဟာနိ=ယုတ်လျော့ခြင်း မည်သည်။ နတ္ထိ= အလျှမြူမျှ ရှိတော်မမူ။

(၁၁) နတ္ထိ ပညာယဟာနိ။

ပညာတော်အရာ၌ ယုတ်လျော့အားနည်းမှု မရှိတဲ့။

အေး– ကာမ,ရူပ,အရူပဆိုတဲ့ ဘုံသုံးပါးမှာ အတုမရှိသော သဗ္ဗညုတ မြတ်စွာဘုရားသခင်၏ဉာဏ်တော်အစဉ်နှင့်ဥယျာဉ်ငါးပါးကိုဆီးကာ, ပိတ်ပင်ခြင်း မရှိ တဲ့။ ပညာတော်အရာမှာ ကုဋေ နှစ်သန်း လေးသိန်း အရေအတွက်ရှိသော အရဟတ္တဖိုလ်စိတ် မဟာဝဇိရ ဉာဏ်တော်က အမြဲသုံးသပ်လေ့ကျက်တော်မူခြင်းကြောင်း ထိုဉာဏ်တော်အရာမှ ယုတ်လျော့ အားနည်းမှု မရှိ ဟူ၍ ဆရာတော်ဘုရားက ဖွင့်ဆိုတော်မူ ထားတာဖြစ်တယ်။

'မဟာဝဇိရ'ဆိုတဲ့အဓိပ္ပာယ်က ဝရဇိန်လက်နက်ကဲ့သို့ ထက် မြက်ခြင်းဆိုတဲ့ အဓိပ္ပာယ်လည်း ရတယ်။ ဝဇီရာဆိုတဲ့ တောက်ပ သော စိန်ရတနာ လို့လည်း အဓိပ္ပာယ်ရနိုင်တယ်"

" 'ဥယျာဉ် ၅ ပါး' ဆိုတာကိုတော့ သိချင်သေးတယ် အဖေကြီး ရဲ့"

" 'ဥယျာဉ် ၅ ပါး' ဆိုတာ

(၁) သဏ္ဍာန -ဥပါဒ်, ဌီ, ဘင် မကင်းသော စိတ်, စေတ သိက်ဟူသောနာမ်တရားနှင့်နိပ္ဖန္နရုပ်များ။

(၂) ဝိကာရ -ရုပ်တရားတို့၏ အမူအရာဖြစ်သော ဝိကာရ ရုပ်ငါးပါး။

(၃) လက္ခဏာ-ဥပါဒ်,ဌီ,ဘင် ဖြစ်သော လက္ခဏာ ရုပ် လေးပါး။

http://www.dhammadownload.com



(၄) နိဗ္ဗာန် – ရုပ်, နာမ်, ပညတ် မှတစ်ပါး ငြိမ်းအေးသော နိရောဓ ဓာတ်ကြီး။

(၅) ပညတ် – ခေါ်ဝေါ်,သမုတ်သည့် အမည် အမျိုးမျိုး။

အဲသလို မှတ်သားရပါတယ်ကွယ်။ ကဲ ... ဆရာတော်ကြီးက ဖွင့်ဆိုထားတော်မူတဲ့အနက် မြန်မာပြန်ကို ဖတ်ကြည့်လိုက်ပါဦး"

"ပညာယ = စကြဝဠာပေါင်း သောင်းတိုက်အပြင် ဘုံသုံးခွင်ဝယ် သင်္ခါရဓမ္မ ဟူသမျှကို တစ်စမကြွင်း လင်းလင်းထင်ထင် အဆုံးမြင်လျက် နေ့စဉ်မစဲ ရှုစမြဲ အစဉ်ဖြစ်သော ကုဋေနှစ်သန်း လေးသိန်း အရေအတွက်ရှိသော မဟာဝဇီရဉာဏ်တော်မြတ်၏။ ဟာနိ= ယုတ်လျော့ခြင်း မည်သည်။ နတ္ထိ=အကျမြူမျှ ရှိတော် မမူ။

(၁၂) နတ္ထိ ဝိမုတ္တိယာ ယာနိ။

လွတ်မြောက်ခြင်းတရား၌ ယုတ်လျော့ခြင်းမရှိ။

ဒီအပိုဒ်ကို ပြောတဲ့နေရာမှာ 'ဝိမုတ္တိ' ဆိုတဲ့ အဓိပ္ပာယ်ကို မင်းတို့ငါတို့ ပထမဦးဆုံးသိဖို့ လိုလိမ့်မယ်။ 'လွတ်မြောက်ခြင်း' တဲ့။

ဘယ်က လွတ်မြောက်ရမှာလဲ။ 'တစ်ထောင့်ငါးရာ ကိလေသာတို့မှ လွတ်မြောက်ခြင်း'လို့ မှတ်ယူရမယ်တဲ့။ ကိလေသာ ၁၀ ပါးကိုတော့ တို့တစ်တွေ ကြားဖူး, နာဖူး, ဖတ်ဖူး နေကြပါတယ်။ အဲဒါတွေက ဘာတွေတုံး။...

(၁) လောဘ – လိုချင်,တပ်မက်ခြင်းသဘော။

(၂) ဒေါသ – ကြမ်းတမ်း,ဖျက်ဆီး,ပြစ်မှား ခြင်းသဘော။

(၃) မောဟ – အကြောင်း,အကျိုးကို မသိ၊ တွေဝေ, မိန်းမောခြင်း သဘော

(၄) မာန – စိတ်ထောင်လွှား,တက်ကြွခြင်းသဘော။

http://www.dhammadownload.com



(၅) ဒိဋ္ဌိ – အယူမှားခြင်း၊ အမှားကို သိ,မြင်, စွဲလမ်းခြင်း သဘော။

(၆) ဝိစိကိစ္ဆာ – တွေးတော ယုံမှားခြင်းသဘော။

(၇) ထိန – ကုသိုလ်ထဲ၌ စိတ်မခန့်ခြင်း၊ လျှော့ပါး ဆုတ်နစ်ခြင်း သဘော။

(၈) ဥဒ္ဓစ္စ – စိတ်၏ကောင်းမှုမှပျံ့လွင့်တုန်လှုပ်ခြင်းသဘော။

(၉) အဟိရိက – မကောင်းမှုမှ မရှက်ခြင်း သဘော။

(၁၀) အနောတ္တပ္ပ – မကောင်းမှုမှ မလန့်ခြင်းသဘော။

ဒီလို မဟုတ်လား"

"ဟုတ်ကဲ့"

"ရုပ်,နာမ်တရား ၅၃ ရယ်၊ နိပ္ဖန္နရုပ် ၁၈ ရယ်၊ လက္ခဏာရုပ် ၄ ရယ် ပေါင်းတော့ ၇၅ ရယ်။ အဲဒီ ၇၅ ကို အဇ္ဈတ္တ, ဗဟိဒ္ဓ ၂ ပါးနဲ့ ဆ,ပွားကြည့်။ ၁၅၀ ဖြစ်ကရော။ အဲဒီ ၁၅၀ ကို ကိလေသာ ၁၀ ပါးနဲ့ ဆ,ပွားလျှင် ၁၅၀၀ ကိလေသာ ဖြစ်ပါရောတဲ့ဗျား"

"အဲသည်လောက်အထိတော့ ကြားဖူးသာ ကြားဖူးတယ်၊ ဂဃနဏ နားမလည်နိုင်ပါဘူးရှင်"

"ဒီလိုဆိုရင် အရင်းခံဖြစ်တဲ့ ကိလေသာ ၁၀ ပါးသာ မှတ်ထားကွာ၊ သူက အချုပ်ပဲ"

"ကိလေသာ ၁၀ ပါးတော့ ကျွန်မသဘောပေါက်ပါတယ်"

"အေး .... အဲသလောက် ဆိုရင် ပြောလို့ရပါပြီ။ 'ဝိမုတ္တိ' ဆိုတဲ့ စကားအဓိပ္ပာယ်ဟာ အခုန ပြောခဲ့သလို ကိလေသာ ၁၀ ပါးကို အရင်းခံတဲ့ ကိလေသာ ၁၅၀၀ မှ လွတ်မြောက်တာဖြစ်တယ်"

"ဟုတ်ကဲ့။ အဲသလောက်တော့ နားလည်ပါပြီ"

http://www.dhammadownload.com



"ကဲ ... ဒါဖြင့် ဆက်ပြောမယ်။ အဲသလို 'ဝိမုတ္တိ' က ၅ ပါး၊ ၅ မျိုး ရှိပြန်ပါတယ်။

(၁) တဒင်္ဂဝိမုတ္တိ – ကာမကုသိုလ်ဖြင့် ကိလေသာမှ အခိုက်အတန့်မျှ လွတ်မြောက်မှု။

(၂) ဝိက္ခမ္ဘနဝိမုတ္တိ – မဟဂ္ဂုတ်ကုသိုလ်ဖြင့် ကိလေသာကို ပယ်ခွာ လွတ်မြောက်မှု။

(၃) သမုစ္ဆေဒဝိမုတ္တိ – မဂ်ဖြင့် ကိလေသာမှ အကြွင်းမဲ့ လွတ်မြောက်မှု။

(၄) ပဋိပဿမ္ဘနဝိမုတ္တိ – ဖိုလ်ဖြင့် ကိလေသာမှ ထပ်မံလွတ်မြောက်မှု။

(၅) နိဿရဏဝိမုတ္တိ – ကိလေသာမှ လုံးဝလွတ်မြောက်မှု။

အဲသလို ဝိမုတ္တိ ၅ မျိုးရှိတဲ့အနက်က သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်ဟာ အရဟတ္တဖိုလ်ပေါက် လွတ်မြောက်သော နိဿရဏဝိမုတ္တိ တရားကို စိုးပိုင်တော်မူပါတယ်။ ဒီထက်ရှင်းအောင် ပြောရရင် 'ကိလေသာ' ဟူသရွေ့ မြူငွေ့မျှမကျန် ဝါသနာ အငုတ်အရင်းနှင့်တကွ ခုတ်ရှင်းဖြတ်တောက်ပြီးသော မြတ်စွာဘုရားလို့ မှတ်လိုက်ကွာ"

"ဟုတ်ကဲ့၊ ကျွန်မသဘောပေါက်ပြီ"

"အဲသလို 'ဝိမုတ္တိ' ကို ရှင်းလင်းပြောပြနေရတာက ဆရာတော်ဘုရားရဲ့ 'ဝိမုတ္တိအဖွင့်' ကို အထောက်အကူ ဖြစ်စေချင်လို့ပါကွာ။ ဘယ်လိုလဲ ဆိုတော့ စောစောကပြောခဲ့တဲ့ ဝိမုတ္တိ ၅ မျိုးမှာ အခေါင်အချုပ်ဖြစ်တဲ့ 'နိဿရဏ ဝိမုတ္တိအရှင်' တို့ မြတ်စွာ ဘုရား သခင်ရဲ့

http://www.dhammadownload.com



အာဝေဏိက ဝိမုတ္တိဂုဏ်တော် ၅ ပါးနဲ့ ကွဲပြားခြားနားစေလို၍ ပြော ခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီ အာဝေဏိက ဝိမုတ္တိဂုဏ်တော် ၅ ပါးက လူ၊နတ်၊ဗြဟ္မာ သတ္တဝါတို့အပေါ်မှာ ထားရှိတဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ လို့ဆိုတဲ့ ဗြဟ္မစိုရ်တရား ၄ ပါးတို့ဟာ ဘယ်သော အခါမှ ယုတ်လျော့ အားနည်းသွားသည် ဟူ၍ မရှိပါဘူး တဲ့။

နောက်တစ်ပါးက အထက်ကငါတို့ပြောခဲ့ကြတဲ့ ကုဋေ ၂ သန်း၊ ၄ သိန်းမျှလောက်သော သမာပတ်ဉာဏ်တော် စိတ်အစဉ်ဟာ တစ်ရံ တစ်ဆစ် လစ်လပ်၊ကင်းကွာ၊ယုတ်လျော့၊အားနည်း သွားသည် ဟူ၍ မရှိပါဘူးတဲ့။ ကုန်ကုန်ပြောရရင် တရားဟောတော်မူရာမှာ ပရိသတ် ၄ ပါးက 'သာဓု-သာဓု-သာဓု' လို့ သုံးကြိမ် ခေါ်နေတဲ့ကြားကာလ မတ္တကလေး အတွင်းမှာတောင် လစ်ဟင်းသွားတယ်လို့မရှိပါဘူးတဲ့။ မင်းနားလည်ပါတယ် နော်"

"အဲဒါကတော့ ကျွန်မကောင်းကောင်း နားလည်ပါတယ်ရှင်။ ကဲ ... ဆရာတော့်စာကို အရသာခံပြီး ဖတ်ကြည့်လိုက်ဦးမယ်။

ဝိမုတ္တိယာ=ကုဋေတစ်သိန်း ပျက်ကိန်းတူစွာ စကြဝဠာဝယ် ဗြဟ္မာ၊လူ၊နတ် လေးရပ်ပါယ်ဘုံ အကုန်မကြွင်း ခပင်းရုံးပေါင်း လွှမ်းမိုးညောင်းအောင် သွန်းလောင်းဖြန့်ဖြူးတော်မူအပ်သောမေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟု ဆိုအပ်သော ဗြဟ္မဝိဟာရ စေတော ဝိမုတ္တိ တရား ၄ ပါး၊ ဗြဟ္မာ၊ လူ၊ နတ် ပရိသတ်အား တရားဟောစဉ် အခိုက်တွင်မျှ မလပ်ရအောင် နေ့၊ညမစဲ ဝင်စားမြဲ အစဉ်ဖြစ်သော ကုဋေ ၂ သန်း ၄ သိန်းမျှလောက်သော အရဟတ္တဖလ စတုတ္ထဈာန် အမွန်ရတနာ ချမ်းသာသုခ ထူးမြတ်လှသော ဝိမုတ္တိတရား ဤ ငါး ပါး၏။ ဟာနိ=ယုတ်လျော့ခြင်း မည်သည်။ နတ္ထိ=အကျမြူမျှ ရှိ တော်မမူ။

ဣမေဟိ ဒွါဒသဟိ=ဤတစ်ဆယ့်နှစ်ဖြာသော အ သာဓာရဏ

http://www.dhammadownload.com



ဓမ္မပုံ့ပျူး ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္တာဂတဿ=လောက်လွှ့ကုံ ပြည့်စုံလှသော။ ဘဂဝတော=ခြောက်ပါးရှစ်တန် ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ=သဗ္ဗညုမြတ်စွာဘုရားအား။ ဒဝါ=သတိသမ္ပဇဉ် မယုဉ်မဖက် အပျက်အချော် သရော်ဖျင်းပေါ့ အသော့အသွမ်း ရွှင်လန်းမြူးရယ် ကျီစယ်သမှု ပြုအပ်,ဆိုအပ်,ကြံစည်အပ်သော ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတော်များသည်။ နတ္ထိ=အလျှာမြူမျှ ရှိတော်မမူ။..."

"အေး ... အဲသည်မှာ ခဏရပ်ဦး။ တို့ပြောလာခဲ့ကြတာ အာဝေဏိက ဂုဏ်တော် ၁၈ ပါးအနက် ၁၂ ပါး ပြီးခဲ့ပြီ။ အခု ၁၃ ပါး မြောက်ဖြစ်တဲ့ 'နတ္ထိ ဒဝါ'ဆိုတဲ့ဂုဏ်တော်ကို ကြည်ညိုကြရအောင်-

(၁၃) နတ္ထိ ဒဝါ-တဲ့

'ဒဝါ' ဆိုတဲ့ ပါဠိက 'မြူးထူးခြင်း' လို့ အဓိပ္ပာယ် ရတယ်။

မြူးထူးတယ်ဆိုတာ စိတ်ရွှင်လန်း တက်ကြွတဲ့အခါမှာသော် လည်းကောင်း၊ ကျေနပ်,နှစ်သိမ့်လို့ ပျော်ရွှင်တဲ့အခါမှာသော်လည်းကောင်း၊ တိရစ္ဆာန်ကအစ လူ့ဘုံနဲ့ နတ်ပြည်ခြောက်ထပ် အပါအဝင် ပုထုဇဉ်တိုင်း ကာယကံမှု, ဝစီကံမှုတို့မှ ပေါ်လွင်အောင်ပြုတတ်ကြတဲ့ အမူအရာမျိုးဖြစ်တယ်။ အထူးသဖြင့် 'ကလေးသူငယ်လူမမယ်'တို့အရွယ်မှာ ပို၍ ထင်ရှားတယ် မဟုတ်လား"

"ဟုတ်ပါတယ်။ လူကြီးတွေလည်း မကင်းတတ်ကြပါဘူး။ ဣန္ဒြေ အနေ,အရင့်၊ သိက္ခာ အဆင့်ဆင့်လိုက်ပြီး အနည်းနဲ့အများ ကွာခြားကြတာပဲ ဖြစ်လိမ့်မယ် ထင်ပါတယ်။ ဒါဟာလည်း စိတ်ကသာ မူလ လို့ပြောရမယ် ထင်တယ်နော် အဖေကြီး"

"ဟုတ်တာပေါ့။ အရာရာမှာ စိတ်ကသာ ဦးဆောင်တယ် မဟုတ်လား။ သတိနှင့် ဉာဏ်ပညာတို့ဟာလည်း စိတ်နှင့်အတူဖြစ်တဲ့ စေ

http://www.dhammadownload.com



တသိက်တွေပဲ။ ဒါ့ကြောင့် ဆရာတော်ဘုရားက 'သတိသမ္ဗောဇ္ဈင်' ကို ညွှန်ပြတော်မူခဲ့တယ်လေ။ သတိလစ်ဟင်းလို့ စိတ်ရွှင်လန်းတဲ့ အခါမှာ ကိုယ်အမူအရာကလည်း ဖောက်ပြန်လာတတ်တယ်"

"ဘယ်လို ဖောက်ပြန်တာလဲ အဖေကြီး"

"လက်ဖျောက်တီးတာတို့၊ လက်ခုပ်တီးတာတို့၊ က,ခုန်တာတို့၊ လက်ခမောင်း ခတ်တာတို့၊ လက်သီး,လက်မောင်းတန်းတာတို့၊ ခုန်ပေါက်တာတို့၊ ကျွမ်းထိုးတာတို့၊ အဲသလို အနေစား,အကြမ်းစား တွေ ပေါ်လာတယ် မဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်"

"ကာယကံမှုနဲ့ပြုတတ်ကြသလို ဝစီကံမှုတွေလည်းဖြစ်ပေါ်လာတတ်ကြသေးတယ်။ ဟေးလား ဝါးလား အော်ဟစ်တာတို့၊ သီချင်းဆိုတာတို့၊ စကားပေါက်ကရ ပြောတာတို့၊ အပေါ့,အသွမ်း, ရယ်ရွှန်း, ဖတ်ရွှန်း, နောက်ပြောင်,ကျီစယ်တဲ့စကားတွေဆိုတာတို့၊ ဟက်ဟက် ပက်ပက် ခွက်ထိုး,ခွက်လန်ရယ်တာတို့၊ အဲသလို ဝစီကံမှုမျိုးတွေ ပေါ်တတ်တယ်"

"နေပါဦး အဖေကြီး၊ စာထဲ,ပေထဲမှာ မြတ်စွာဘုရားက ပြုံးတော်မူတယ် ဆိုတာတော့ တွေ့ဖူး,ဖတ်ဖူးပါတယ်"

"အေး ... မင်းက အဲသလို ဆိုတော့ 'ဟသိတ' ဆိုတဲ့ ရယ်ခြင်းခြောက်မျိုးကို ပြောရဦးမှာပေါ့ကွာ"

"ပြောပေါ့ အဖေကြီးရဲ့။ ဒါမှ ဗဟုသုတ ဖြစ်မှာ"

"အောက်တန်းစားလူမျိုးတွေ ရယ်ခြင်းက နှစ်ပါးရှိတယ်။

(၁) အတိ ဟသိတ – ခြေပစ်, လက်ပစ် မရျုံ့မရှိုက်နိုင်အောင် ရယ်ခြင်း၊ အူတတ်မတတ် ရယ်ခြင်း။

(၂) အပ ဟတိတ – မျက်ရည်ထွက်အောင် ရယ်ခြင်း၊

http://www.dhammadownload.com



ချောင်း တဟွတ်ဟွတ်ဆိုးလာအောင် ရယ်ခြင်း၊ တံတွေးသီးအောင် ရယ်ခြင်း။

အဲသလို ရယ်တာမျိုးဟာ အောက်တန်းစား လူများရယ်လေ့,ရယ်ထရှိကြပါသတဲ့။ အဲ ... ဂုဏ်သရေသိက္ခာရှိတဲ့ လူတန်းစားများကတော့

(၃) ဥပ ဟသိတ - ပခုံး,ဦးခေါင်း လှုပ်အောင်ရယ်ခြင်း။

(၄) ဝိဟသိတ - အသံညင်းညင်းထွက်ရုံလောက် တသိမ့်သိမ့်ရယ်ခြင်း။

အဲသလို ရယ်တတ်ကြပါသတဲ့။ အဲ ... ပညာရှိသူတော်ကောင်းများ ရယ်ပုံကတော့

(၅) ဟသိတ - သွားကလေး စဉ်းငယ်မျှ ပေါ်ရုံကလေး ပြုံးခြင်း။

(၆) သိတ - မျက်စိပွင့်ရုံမျှ ရယ်ခြင်း

အဲသလို ရှိကြတယ်ကွဲ့။ ဒါ့ကြောင့် မြတ်စွာဘုရားကိုယ်တော် မြတ်က ပြုံးတော်မူတဲ့အခါ စဉ်းငယ်မျှ သွားပေါ်ရုံသာပြုံးတော်မူပါတယ်။

ဒါလည်း အကြောင်းမဲ့ပြုံးတော်မူခြင်း မဟုတ်ပါဘူးတဲ့။ နောက်ပါးမှ အမြဲပါလေ့ရှိတဲ့ အာနန္ဒာက မေးလျှောက်တဲ့အခါ သက်ဆိုင်ရာ အဋ္ဌုပ္ပတ္တိနှင့် တရားဒေသနာ တစ်ခုခုကို ဟောတော်မူလို၍သာ ပြုံးတော်မူခြင်းဖြစ်ပါသတဲ့"

"နေပါဦး အဖေကြီးရယ်။ စပ်စုတယ်လည်း မအောက်မေ့ပါနဲ့။ ရှေ့က မြတ်စွာဘုရားပြုံးတော်မူတာကို နောက်မှနေတဲ့အရှင်အာနန္ဒာက ဘယ်လိုလုပ်ပြီး သိတော်မူလိုက်တာလဲ"

"အေး ... မင်းမေးတာ နေရာကျသကွယ်။ မြတ်စွာဘုရားမှာ ရောင်ခြည်တော် ခြောက်သွယ်ရှိတယ် မဟုတ်လား။ 'ဩဒါတ' ဆိုတဲ့

http://www.dhammadownload.com



ဖြူသော ရောင်ခြည်တော်ဟာ ပွတ်တိုက်ထားအပ်သော ပုလဲလုံးများကဲ့သို့ သွားတော်များက လှစ်ခနဲ ပေါ်လိုက်တဲ့အခါ ရှေ့တူရူမှာ လက်ခနဲ ဝင်းသွားပါတယ်။ အဲဒီတော့ အရှင်အာနန္ဒာ သိလိုက်တာပေါ့ကွယ်"

"သြော် ... သြော် ဒီလိုလား။ သဘာဝကျပါတယ်။ မြတ်စွာဘုရားက ပြုံးတော်မူတာတောင် အကြောင်းမဲ့ မဟုတ်ပါလား နော်"

"အေး ... အဲဒီအချက်ကို တို့တစ်တွေက စဉ်းစားကြည့်လိုက်ရုံနဲ့ သတိသမ္ပဇဉ်နှင့် ဣန္ဒြိယသံဝရသီလ စိုးပိုင်တော်မူတဲ့ မြတ်စွာဘုရားဟာ 'ဒဝါ' ဆိုတဲ့ စိတ်၏ မြူးထူးခြင်း၊ ကိုယ်၏မြူး ထူးခြင်း၊ နှုတ်၏မြူးထူးခြင်းမျိုး ရှိပါတော့မလားကွယ်"

"လုံးဝ မရှိနိုင်ပါဘူး အဖေကြီး။ ကဲ ၁၄ ခမြောက်ဖြစ်တဲ့ ဂုဏ်တော်ကိုပြောပါ"

(၁၄) နတ္ထိ ရဝါ–တဲ့

'ရဝါ' ဆိုတဲ့ ပါဠိက ချွတ်ယွင်း၊ချွတ်ချော်မှုတဲ့။ 'နတ္ထိ ရဝါ' ဆိုတော့ ချွတ်ယွင်း၊ ချွတ်ချော်မှု မရှိပေါ့။

ဘာတွေကို ချွတ်ယွင်း ချွတ်ချော်မှု မရှိတာလဲ။ ဆရာတော်ကြီးရဲ့ အနက် ဖွင့်ပုံကို ဖတ်ကြည့်ပါ"

"ရဝါ=သတိသမ္ပဇဉ် မတင်မဆေး အရေးတကြီး ကပြီး၊ကပြုန်း ကရုန်းကရင်း မစဉ်းမစား ပြုမိငြားရှိ ယွင်းမှားလျော့မေ့ မစေ့မစပ် လစ်လပ်ဟင်းဟာသည် ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆိုပြစ်တင်ရန် အမှုသည်။ နတ္ထိ=အလျှာမြူမှု ရှိတော်မမူ။"

"အဲဒါက ကာယကံမှုဖြစ်စေ၊ ဝစီကံမှုဖြစ်စေ ပညာရှိ သူတော်ကောင်းကြီးများ ပြစ်တင်၊ကဲ့ရဲ့မှု ဖြစ်အောင် သတိသမ္ပဇဉ် ကင်းပြီး အဆောတလျင် အလျင်စလို မစဉ်းမစား ပြုတော်မူခြင်း ဟူ၍ ဘယ်အခါမှ မရှိပါဘူးတဲ့။

http://www.dhammadownload.com



ဒါကြောင့် စကားကျွံ နှုတ်လွန်ခြင်းမျိုး မရှိသလို ကြွင်းကျန်ခဲ့ခြင်း မပြည့်စုံခြင်းတို့လည်း မရှိပါဘူး။ ဥပမာ – တရား ဟောတော်မူရာ၌ နည်းနာနိဿယတို့ ပိုလွန်သွားသဖြင့် တစ်ဖန် နုတ်ပယ်ခြင်း၊ ကြွင်းကျန်သွားသဖြင့် တစ်ဖန်ဖြည့်စွက်ရခြင်းစတဲ့ ချွတ်ချော် တိမ်းပါးမှုတွေ မရှိပါဘူး။ ကာယကံမှုမှာလည်း မလုပ်သင့်, မလုပ်ထိုက်သေးသောကိစ္စများကို သတိမေ့ပြီးမပြုလုပ်မိဘဲလစ်ဟင်းသွားတယ်လို့ မရှိပါဘူးတဲ့။ အဲဒါဟာ 'နတ္ထိ ရဝါ' အဖွင့်ပေါ့ကွယ်။

ကဲ .... နောက်တစ်ခုက

(၁၅) နတ္ထိ အပ္ဖုဋ္ဌံ မဟုတ်လား"

"ဟုတ်ပါတယ် အဖေကြီး"

" 'အပ္ဖုဋ္ဌံ' ဆိုတာက 'မနှံ့စပ်ခြင်း၊ မထင်ရှားခြင်း၊ မပေါ်လွင်ခြင်း' ဆိုတဲ့ အဓိပ္ပာယ် ရတယ်။ 'နတ္ထိအပ္ဖုဋ္ဌံ' ဆိုတော့ 'မနှံ့စပ်တာ မရှိခြင်း၊ မထင်ရှားတာ မရှိခြင်း၊ မပေါ်လွင်တာ မရှိခြင်း' ပေါ့။ ဘယ်လိုမပေါ်လွင်ပုံလဲ။ အဲသည်နေရာမှာ ဆရာတော်ကြီးရဲ့ အနက်ဖွင့်ပုံက တို့ တစ်တွေအတွက် ဗဟုသုတ ပြည့်နက်ပြီး အလွန် လေးနက်သောအသိဉာဏ်ကို ရေးပြလိုက်တာဖြစ်တယ်။ ဆရာတော်ကြီးရဲ့ အနက် ဖွင့်ပုံကို သေသေချာချာ, ဂရုတစိုက် စာပိုဒ်တိုင်း လေ့လာမှ လောက၏သဘာဝကို ခြုံငုံမိမှာ ဖြစ်ပါတယ်။ ကဲ ... မင်း နားရှင်းအောင် ထောက်ပြပေါ့မယ်။ ပြီးခဲ့တဲ့ 'နတ္ထိရဝါ' ဂုဏ်တော်ဖွင့်မှာ သတိသမ္ပဇဉ် မတင်မဆေး ဆိုတဲ့သဘော၊ သတိသမ္ပဇဉ် ကင်းပြီး အဆောတလျင် အလျင်စလိုလုပ်လို့ ချွတ်ယွင်းသွားတဲ့ဟာမျိုး မရှိပါဘူးတဲ့။

အခု 'အပ္ဖုဋ္ဌံ' ဆိုတဲ့ ဂုဏ်တော်ကို ဆရာတော်ကြီး ဖွင့်ပြထားတာကတော့ သတိသမ္ပဇဉ်မကင်းဘဲနဲ့ ပြုမှု,ပြောဆိုသည့်တိုင်အောင် ဉာဏ်မမီ၍ နှံ့စပ်,ကျွမ်းကျင်မှု မရှိသဖြင့် ပေါ့တန် လစ်ဟင်း ချို့ယွင်းခြင်းမျိုးလည်း လုံးဝ မရှိပါဘူး။ တို့လောက သဘာဝ လုပ်ကိုင်

http://www.dhammadownload.com



နေကြပုံကိုကြည့်။ လူတစ်ဦး တစ်ယောက်ဟာ သတိ,ပညာ မရှိဘဲနဲ့ အဆောတလျင်ပြုလို့,ပြောလို့ မှားယွင်းချွတ်ချော်သွားတယ်။ နောက် လူတစ်ဦးကတော့ သတိသမ္ပဇဉ်တော့ ရှိပါရဲ့။ 'အသိ' ဆိုတဲ့ ဉာဏ် ပညာက နှံ့နှံ့စပ်စပ် ကျွမ်းကျွမ်းကျင်ကျင် မရှိလေတော့ ကိုယ်လုပ် တဲ့ အမှုမှာ ချွတ်ချော်တာတွေ ဖြစ်နေတတ်တယ်။ နှံ့စပ်ခြင်း၊ ထင် ရှားခြင်း၊ ပေါ်လွင်ခြင်း မရှိဘူးပေါ့"

"ဩော် ... ကျွန်မသိပြီ။ 'ရဝါ' က သတိကင်းပြီး အမှုမဲ့ အမှတ်မဲ့ လုပ်လို့ မှားယွင်းသွားတာမျိုးကို ဆိုလိုတယ်။ အခု 'အပ္ပဋိ' ကတော့ ပညာမရှိတဲ့အတွက် သတိဘယ်လောက်ပဲ ထားထား ပြုလုပ်လေ သမျှဟာ မှားယွင်း ချွတ်ချော်သွားကြတာသာဖြစ်တယ်။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကတော့ 'နတ္ထိ ရဝါ၊ နတ္ထိ အပ္ပဋိ' ဆိုတော့ ဘယ်ပုံဘယ်နည်းနဲ့မျှ ချွတ်ယွင်းတိမ်းချော်တယ်လို့ ရှိတော် မမူပါဘူး။ ဒီလို မဟုတ်လား၊ အဖေကြီး"

"ဟုတ်လိုက်လေဗျာ၊ ကဲ ... မင်း ... ဆရာတော်ကြီးရဲ့ အဖွင့်ကို ဆက်ဖတ်ကြည့်ကွာ။ ကွဲပြားတာကို ပေါ်လာလိမ့်မယ်"

"အပ္ပဋိ=စဉ်းစဉ်းစားစား ပြုပါငြားလည်း ဉာဏ်အားသေး၍ အရေးအခွင့် မြင်သင့်သမျှ တကွလုံးစုံ ကုန်အောင်မပျံ့ မနှံ့မစပ် လစ်လပ်ဟာဟင်း ကျန်ကြွင်းသောအရာရှိသည်ဟု ပညာရှိပုဂ္ဂိုလ် တို့ ပြောဆို,ပြစ်တင်ရန်အမှုသည်။ နတ္ထိ=အကျာမြူမျှ ရှိတော်မမူ။"

"အေး ... 'နတ္ထိ ရဝါ' အပိုဒ်က 'သတိသမ္ပဇဉ် မတင်မဆေး' လို့ ပါတယ်။ နတ္ထိအပ္ပဋိ က 'စဉ်းစဉ်းစားစား ပြုပါငြားလည်း ဉာဏ်အား သေး၍' ဆိုတဲ့ စကားပါတယ် မဟုတ်လား။ ဒါကြောင့် သာမန် ပုထုဇဉ် ပုဂ္ဂိုလ်တွေလို သတိကင်းပြီး လုပ်မိလို့ ချွတ်ချော် တိမ်းပါးမှု မျိုးလို မြတ်စွာဘုရား ကိုယ်တော်မြတ်၌ မရှိသကဲ့သို့ သတိရှိပါငြား လည်း ပညာမရှိလို့ ချွတ်ချော် တိမ်းပါးမှုမျိုး ဖြစ်သလို မြတ်စွာ

http://www.dhammadownload.com



ဘုရား ကိုယ်တော်မြတ်ကြီး၌ လုံးဝမဖြစ်ပါဘူးတဲ့။ အဲဒါဟာ နတ္ထိ ရဝါနဲ့ နတ္ထိ အပ္ပဋိဂုဏ်တော် ၂ ခုရဲ့ ကွဲပြားခြားနားခြင်းပါပဲဗျာ"

"ဟုတ်ပါပြီ အဖေကြီး"

"အေး ... ၁၆ ခုမြောက်ဖြစ်တဲ့ 'ဝေဂါယိတတ္တံ' ဂုဏ်တော်ရဲ့ အဖွင့်ကို ဆက်လက် ဖတ်ကြည့်ရအောင်။

(၁၆) ဝေဂါယိတတ္တံ။

စိတ်မာန်အလျောက် ကြောက်လန့်တကြား ကစား ရှင်မြူး အလွန်ကြူး၍ ကိုယ်ကျူးနှုတ်ကျွံ လွန်လွန် ကဲကဲ လွဲလွဲချော်ချော် မတော်မှားယွင်းသည်ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆို ပြစ်တင်ရန် အမှုသည်။ နတ္ထိ= အကျုမြူမှု ရှိတော်မမူ။

အဲဒါကတော့ ပညာနှင့်သတိ အမြဲကပ်လျက် ရှိတာကို ဖွင့်ဆိုတာ ဖြစ်တယ်။

ဒါဟာ ရဝါနဲ့ အပ္ပဋိကို နှီးနွယ်ပေါင်းစပ်ပြီးမှ ဖွင့်ဆိုတဲ့ ဂုဏ်တော်ဖြစ်တယ်။ ဝေဂ ဆိုတဲ့ ပါဠိစကားက အရှိန်အဟုန် ပြင်းထန်တာကို ပြောတာဖြစ်တယ်။ အဲဒီဂုဏ်တော်ကို ဆရာတော်ကြီး ဖွင့်ဆိုပြထားတာက ပညာနဲ့ သတိ ကင်းကွာတော်မမူတဲ့ ဂုဏ်ကို ဖွင့်ဆိုတာဖြစ်တယ်။ လောကမှာ တို့ ကိုယ်တွေ့တွေရှိပါတယ်။ 'ပညာရှိ သတိဖြစ်ခဲ' တဲ့။ အသိပညာ ရှိပါငြားလည်း တက်ကြွတဲ့ ဒေါသနဲ့ မာန်ထပြီး ဝုန်းခနဲ ဒိုင်းခနဲ လုပ်မိတာနဲ့ သူတော်ကောင်းကြီးများက အပြစ်တင် ကဲ့ရဲ့စရာ ဖြစ်ရတယ်။

နောက်တစ်မျိုးက ဆုတ်နစ်တဲ့ ဒေါသကြောင့် ကြောက်လန့် တကြား ခြေမကိုင်မိ လက်မကိုင်မိ လုပ်မိ လုပ်ရာ လုပ်မိတဲ့အတွက် သူတော်ကောင်းကြီးများ အပြင်တင်ကဲ့ရဲ့စရာ အလုပ်မျိုး လုပ်မိ တတ်တယ်။

http://www.dhammadownload.com



အဲ ... နောက်တစ်မျိုးကတော့ အလုပ်တစ်ခုကို ကိုယ်ပိုင်လုပြီ၊ ကိုယ်နိုင်နင်းလုပြီ၊ ကိုယ်ကျွမ်းကျင်လုပြီဆိုပြီး ပေါ့တိပေါ့တန် ပျက်တိ ပျက်ချော် သရော်မော်ကား အလေးအနက် မထားဘဲ အဆောတလျင် ပြုလိုက်မိတဲ့အတွက် သူတော်ကောင်းကြီးများ ဖြစ်တင်ကဲ့ရဲ့စရာ အမှားမျိုး ဖြစ်တတ်ပါတယ်တဲ့။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကတော့ ဤပြစ်မျိုးဟူ၍ အဏုမြူမျှ ရှိတော်မမူပါဘူးတဲ့။ မင်းနားလည်ပါတယ်နော်"

"ဒါကတော့ ကျွန်မတို့ကိုယ်တွေ့တွေမို့ သဘောပေါက်တာပေါ့"

"ဒါ့ကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးမှာတက်ကြွလွန်း၍ အဆောတလျင် ပြုမိတာလည်း မရှိဘူး။ ကြောက်လန့်၍ ကပျာကယာ ပြုခဲ့ခြင်းမျိုးလည်း မရှိဘူး၊ ပေါ့ပေါ့ပျက်ပျက် ပြုမိခဲ့ခြင်းမျိုးလည်း မရှိဘူးတဲ့။ အဲသလို မှတ်ရပါတယ်။ ကဲ ... ၁၇ ခု မြောက်ဂုဏ်တော်ကို ဆက်ကြရအောင် ကွယ်။

(၁၇) နတ္ထိ အဗျာဝဋ္ဋ မနော။

ကိုယ်တော်မြတ်၏ အတ္တ,ဟိတ ကြီးလှစီးပွား၊ တစ်သောင်းတိုက်နေ ဗိုလ်ခြေများစွာ သတ္တဝါတို့၏ ချမ်းသာစီးပွား၊ နှစ်ပါးအကျိုး ဖြိုးဖြိုးမယုတ် အားထုတ်ကျင့်ဆောင်တော်မူမည် ရည်ရွယ်ရေးရှု တည်နေတော်မူသော ရုံခါကင်း၍ဖြစ်သော ဇောစိတ္တုပ္ပါဒ်တော် မည်သည်။ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

အေး ... အဗျာဝဋ္ဋမနော ဆိုတာက လုံ့လမပြုသောစိတ်၊ အားမထုတ်သောစိတ်၊ ကြောင့်ကြ မရှိသောစိတ်လို့ အဘိဓာန်မှာ ပြပါတယ်။ အဲသည် ဂုဏ်တော်ဟာ အထက်က တို့တစ်တွေ ရွတ်ဆိုကြည့်ညိုနဲ့ကြတဲ့ နတ္ထိဆန္ဒဿဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ အဲဒီ ဂုဏ်တော် ၂ ပါးကို အားပြု ပေါင်းစပ်ထားတယ်လို့ သဘောရ ပါ

http://www.dhammadownload.com



တယ်။ သတ္တဝါဝေနေယျတို့ကိုကယ်တင်တော်မူသည့်ဆန္ဒနှင့် ထိုသို့ ကယ်တင်နိုင်အောင် မိမိကိုယ်တိုင် သစ္စာ ၄ ပါးသိရန် (ဝါ) သံသရာမှ ကူးမြောက်ပြီးဖြစ်အောင်ကျင့်တော်မူရာမှာ အတုမရှိ လုံ့လ ဥဿာဟ အားထုတ်ခဲ့ရတယ် မဟုတ်လား။ ဒါ့ကြောင့် အတ္တ ဟိတ= ကိုယ့်အကျိုး၊ ပရဟိတ=သတ္တဝါတို့အကျိုး ဆောင်ရွက်တော်မူတဲ့ ကိစ္စမှာ ဘယ်သောအခါမှ တစ်ရံတစ်ဆစ်မျှ ကြောင့်ကြမဲ့သော စိတ်၊ အားမထုတ်လိုသောစိတ်၊ လုံ့လမပြုလိုသော စိတ် ဆိုတဲ့ ဇော စိတ္တုပ္ပါဒ်မျိုး အကျမြူမျှ ရှိတော်မမူပါဘူးတဲ့။ ဒါကြောင့် နတ္ထိ ဆန္ဒဿဟာနိနဲ့ နတ္ထိ ဝီရိယဿဟာနိ ပါဠိ ၂ ရပ်ပေါင်းသဖြင့် 'နတ္ထိ အဗျာဝဋမနော' ဆိုတဲ့ ဂုဏ်တော်ကြီး ဖြစ်လာတယ်လို့ မှတ်သား လက်ခံရပါတယ်။ ဒါဟာ ဆရာတော်ကြီးရဲ့ အနက်ဖွင့်ပုံ ကျေးဇူးကြောင့်ပါပဲ"

"ဟုတ်ပါရဲ့နော်။ ပါဠိတစ်လုံးကိုအကျယ်ဝိတ္ထာရဖွင့်ပြမှ ကျွန်မတို့က နားလည်နိုင်ကြတာပဲ။ ဒါထက် တစ်ခုတော့ ကျွန်မ စဉ်းစားမိတယ်။ 'အတ္တဟိတ– ပရဟိတ' ဆိုတဲ့ စကားအတိုင်း ကျွန်မတို့တစ်တွေဟာ ကိုယ်အကျိုးကို အရင်ကြည့်နေကြတာပဲနော်"

"ဟိုး ... ဟိုး အမေကြီး။ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ အတ္တဟိတ ဆိုတဲ့ သဘောတရားနဲ့ တို့တစ်တွေ သုံးနှုန်း ကျင့်ကြံနေကြတဲ့ အတ္တဟိတသဘောတရားဟာ နှိုင်းယှဉ်စံထားပြီး တွေးတောင် မတွေးကောင်းပါဘူး။ သတ္တဝါများအပေါ်မှာထားတဲ့ မဟာကရုဏာတော်ဟာ ပစ္စေကဗုဒ္ဓါနဲ့ရဟန္တာကိုယ်တော်မြတ်ကြီးများ သန္တာန်မှာတောင် မပေါ်မဖြစ်တဲ့ မြတ်စွာဘုရားတစ်ဆူတည်းရဲ့ ကိုယ်ပိုင် ဉာဏ်တော် အသာဓာရဏတရား ဖြစ်ပါတယ်။ အဲဒီတော့ သုမေဓာ ရှင်ရသေ့ဘဝက 'ငါဘုရားဖြစ်လိုပါ၏'လို့ ပြုတော်မူခဲ့တဲ့ဆန္ဒဟာ တို့စွဲ သလို အတ္တစွဲကြီးနဲ့ အတ္တဟိတ သဘောမျိုးမဟုတ်ဘူး။ တို့ရဲ့ အတ္တဟိတနဲ့ ဘယ်လောက် ကွာသွားပြီလဲ စဉ်းစားကြည့်တော့"

http://www.dhammadownload.com



"အဲ ကျွန်မသဘောပေါက်ပါပြီ။ ကျွန်မတို့ရဲ့ အတ္တဟိတက 'ဘယ်သူသေသေ ငတေ မာရင်ပြီးရော'ဆိုတဲ့ အတ္တဟိတပဲ"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့။ တို့တစ်တွေက 'တစ်ယောက်ချမ်းသာ ကိုယ်ဖို့ရှာ၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်း' ဆိုတဲ့ အတ္တဟိတပဲ။ ကဲ...ကဲ နောက်ဆုံးအပိုဒ်ဖြစ်တဲ့ဂုဏ်တော်ကိုသာဖတ်ပါတော့ကွယ်"

"အပ္ပဋိသင်္ခါ နပေက္ခာ=စက္ခု,သောတ ဃာန,ဇိဝှာ ကာယာ,မန ခြောက်ဒွါရတွင် ထင်ထင်သမျှ ရူပ,သဒ္ဒ ဂန္ဓ,ရသာ ဖောဋ္ဌဗ္ဗာနှင့် ဓမ္မာဟူသည် ခြောက်မည်အာရုံ အလုံးစုံကို မစုံမစမ်း ကြောင်းလမ်း ပြက်ပြက် သက်သက်မသိ သတိမမူ လျစ်လျူရှု ခြင်းသည်။ နတ္ထိ= အလျှာမြူမျှ ရှိတော် မမူ။"

"အေး ... အဲဒီဂုဏ်တော်ကြီးက ပစ္စဝေက္ခဏာဉာဏ်တော်နှင့် ဘယ်အရာမှာ ဖြစ်စေ၊ ဘယ်အခါမှာဖြစ်စေ ကင်းတော်မမူတဲ့ ဂုဏ်တော်ကြီးဖြစ်တယ်။ ဆရာတော်ကြီးအနက်ပြန်ဆိုထားတာက သိလွယ်ပါပြီ။ တို့တစ်တွေမှာ ဒွါရ ၆ ပါး၊ တံခါး ၆ ခုရှိနေကြတယ်။

(၁) မြင်မြင်သမျှ အထင်ကရဖြစ်အောင် ဆောင်ရွက်ပေးနေတဲ့ စက္ခုတံခါးပေါက်။

(၂) ထိခတ်,လှုပ်ရှား အသံဟူသမျှ ကြားနေရတဲ့ သောတ တံခါးပေါက်။

(၃) လေရှိသမျှ ရှူ,ရှိုက်,သွင်း,ယူ အနံ့ဟူသမျှ ခံစားရတဲ့ ဃာန တံခါးပေါက်။

(၄) လျက်,စား,ဝါး,မျို အချို,အချဉ် အဖန်,အခါး ခံစားနိုင်တဲ့ ဇိဝှာ တံခါးပေါက်။

(၅) အတွေ့,အထိ အိစက် မာကြော ကောင်းသော, မကောင်းသော ဖောဋ္ဌဗ္ဗ အာရုံကို ခံစားနိုင်တဲ့ ကာယ တံခါးပေါက်။

http://www.dhammadownload.com



(၆) အကောင်း,အဆိုး အမျိုးမျိုး အထွေထွေ အလေလေ အလွှင့်လွှင့် ဖွင့်ချင်တိုင်း ဖွင့်နိုင်သော မန တံခါး ပေါက်။

အဲသလို ရှိကြတယ် မဟုတ်လား။ သတ္တဝါတိုင်း သတ္တဝါတိုင်း တံခါး ၆ စုံ၊ အာရုံ ၆ ပါးနဲ့ ကျက်စား,လူးလာနေကြရတယ် မဟုတ်လား"

"ဟုတ်ပါတယ် အဖေကြီး"

"အေး...တို့ရဲ့ တံခါး ၆ ပေါက်က တံခါးစောင့်တွေ မရှိကြဘူး ကွဲ့၊ အပေါက်ကို ပိတ်စရာ တံခါးရွက်လည်းမရှိ။ တံခါးစောင့်တဲ့ လူလည်း မရှိ။ အဲဒါမျိုးကို 'တံခါးမရှိ၊ ဓားမရှိ' လို့ တို့ ပြောတတ် ကြတယ်လေ။ ဓားဆိုတာ တံခါးစောင့်ကို တင်စားပြီးပြောတာ။ တံခါးစောင့် မရှိရုံ မကဘူး။ တံခါးတွေကို ဟာလာဟင်းလင်း ဖြစ် အောင် ဖွင့်လည်း ထားလိုက်သေးတယ်။ အဲ ... ဖွင့်ထားရုံလားတဲ့။ မဟုတ်သေးပါဘူး။ 'ကြိုဆိုပါ၏' ဆိုပြီး ဖိတ်ခေါ်ထားပြန်တော့ သက်ဆိုင်ရာ တံခါးပေါက်တစ်ခုချင်းကနေပြီး အလျှို အလျှို ဥဒဟို ဝင်လာ လိုက်ကြတာတွေလေ။ စက္ခုဒွါရက အမြင်အကုသိုလ်တွေ၊ သောတဒွါရက အကြားအကုသိုလ်တွေ၊ ဃာနဒွါရက အနံ့ အကု သိုလ် တွေ၊ ဇိဝှာဒွါရက အရသာ အကုသိုလ်တွေ၊ ကာယ ဒွါရက အထိအတွေ့ အကုသိုလ်တွေ၊ မနောဒွါရက အတွေးအကုသိုလ် တွေ၊ စက္ကန့်မလပ် နာရီမလပ် တင်းကြမ်း ဝင်နေတယ် မဟုတ်လား"

"ဟုတ်ပါရဲ့ အဖေကြီးရယ်။ တစ်ခါတလေ ဒီလို တွေးကြည့် လိုက်မှ ကိုယ့်ဟာကိုယ် သိတော့တယ်။ သိတယ်ဆိုတာ ကလည်း အမြဲသတိမကပ်နိုင်ပါဘူးရှင်"

"အဲ တို့တစ်တွေက တစ်ခါတစ်ရံမှ လှစ်ခနဲသတိရတယ်။ လက် ခနဲ ဆင်ခြင်လိုက်နိုင်တယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး မှာ

http://www.dhammadownload.com



တော့ လှစ်ခနဲလက်ခနဲ တစ်ချက်တည်းသော်မှ 'ပစ္စဝေက္ခဏာ' ဉာဏ်တော်ကင်းတယ်လို့ မရှိပါဘူးတဲ့။ ဣန္ဒြေခြောက်ပါးကို တားမြစ်, ပိတ်ပင်,အုပ်စိုးနိုင်တဲ့ ဣန္ဒြိယသံဝရ သီလကြီးက အမြဲရှိနေတယ်လေ။ အဲသလို နာရီမလပ် စောင့်ကြပ်, ဆင်ခြင်လျက်ရှိနေတာကို အပ္ပဋိသင်္ခါနုပေက္ခ ဂုဏ်တော်ကြီးလို့ ခေါ်သတဲ့ဗျာ။ ကဲ...ဆရာတော်ရဲ့ နိဂုံးသာ ကြည်ညိုကြပါစို့."

"ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ=ဤ တစ်ဆယ့်ရှစ်ဖြာသော အသာဓာရဏ ဓမ္မ ပြန့်ပြူး ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာ ဂတဿ=လောက်လွှေ့ကုန်င ပြည့်စုံလှသော။ ဘဂဝတော= ခြောက်ပါး ရှစ်တန် ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ=သမ္ဗုဒ္ဓ မြတ်စွာ ဘုရား အား။ ကေနစိ=တစ်စုံတစ်ယောက်သောသူသည်။ အန္တရာယော= အသက်တော်နှင့် ဉာဏ်တော်ဂုဏ်ရှိန် မေးမှိန်ပျက်စီးကြောင်း အန္တရာယ်ကို။ ကာတုံ=နည်းပေါင်းများစွာ ဆင်ကာအားထုတ် ပြုလုပ်စီရင်ခြင်းငှာ။ နသက္ကာ=မတတ်နိုင်။

တာဒေဝ ဝဇနံ သစ္စံ၊
ဘဂဝန္တံ နမာ မဟံ။
ဧတေန သစ္စ ပုညေန၊
စိန္တာမယံ သမိဇ္ဈတု။

တာဒေဝ ဝဇနံ=တစ်ဆယ့်ရှစ်ဖြာ အာဝေဏိက ဘုရားကျေးဇူးဂုဏ်အထူးတို့ကို ချီးကျူး,ကြည်ညို ဖွင့်ဆို,မြွက်ကြား ထိုစကားသည် သာလျှင်။ သစ္စံ=မတိမ်းမစောင်း ကောင်းမြတ် ဧကန် စင်စစ်မှန်၏။

ဘဂဝန္တံ=အာဝေဏိက ဓမ္မ ဘုန်းဟုန်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ=အကျွန်ုပ်သည်။ နမာမိ=ရိုသေမြတ်နိုး လက်စုံ မိုး၍ ရှိခိုးဦးညွတ်ပါ၏ ဘုရား။

http://www.dhammadownload.com



ဧတေန သစ္စပုညေန=ဗုဒ္ဓ,ဓမ္မ ဩရသကို ထုတ်ဆိုသစ္စာ ရှိသေ မြတ်နိုး ရှိခိုးဦးညွတ်ရပါသောကောင်းမှုကုသိုလ်ကံစေတနာကြောင့်။ မယှံ=အကျွန်ုပ်၏။ စိန္တာ= လောကီ,လောကုတ် ပစ္စုပ်သံသာ နှစ်ဖြာ အကျိုး ပွားတိုးဖို့ရန် တောင့်တအပ်သမျှ ကောင်းမြတ်သော အကြံ သည် သမိဇ္ဈတု= ကြံစည်သည့်တိုင်း မဆိုင်းလျင်စွာ ပြည့်စုံ အောင် မြင်ပါစေသတည်း။

ဤတွင် ကျေးဖူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ အာဝေ ဏိက ဂုဏ်တော်ဖွင့် ဘုရားရှိခိုး ပြီးပါပြီ။

သုခီ အတ္တာနံ ပရိဟရန္တု

သုခ

http://www.dhammadownload.com

# ရတနသုတ်ပါဠိတော်

ပဏိဓာနတော ပဋ္ဌာယ
တထာဂတဿ ဒသ ပါရမိယော,
ဒသ ဥပပါရမိယော
ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိံသ ပါရမိယော
ပဉ္စ မဟာပရိစ္စာဂေ
လောကတ္ထစရိယံ
ဉာတတ္ထစရိယံ
ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော
ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ ဇာတိံ
အဘိနိက္ခမနံ ပဓာနစရိယံ
ဗောဓိပလ္လင်္ကေ မာရဝိဇယံ
သဗ္ဗညုတညာဏပ္ပဋိဝေဓံ
ဓမ္မစက္ကပ္ပဝတ္တနံ
နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေ ပိ မေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ –

http://www.dhammadownload.com

ကောဋိသတသဟဿေသု၊
စက္ကဝါဠေသု ဒေဝတာ။
ယဿာ’ ဏံ ပဋိဂ္ဂဏှန္တိ၊
ယဉ္စ ဝေသာလိယာ ပုရေ။

ရောဂါမနုဿဒုဗ္ဘိက္ခ -
သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ’ မန္တရဓာပေသိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

*ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

*တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

*ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

---

* ခု ၁-၄-၅၁၂။

http://www.dhammadownload.com

*ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

*ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ' မာနန္တရိက' ည' မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

*ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

*ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

---

* ခု ၁-၄-၅-၃၁၂။

http://www.dhammadownload.com

ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဘိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ’ မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

*သဟာဝ’ဿ ဒဿနသမ္ပဒါယ၊
တယ’ဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

*စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

---

* ခု ၁-၆-၃၁၃-၄။

http://www.dhammadownload.com

*ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

*ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

*ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

*ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ’ ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

---

* ခု ၁-၆-၇-၃၁၄။

http://www.dhammadownload.com

*ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

*ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

*ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတနသုတ္တံ နိဋ္ဌိတံ။

---

* ခု ၁-၇-၈-၃၀၅။